
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## အသည်းနှလုံးများမီးလောင်နေသည်

စာမူခွင့်ပြုချက်အမှတ် — ၅၀၀၄၀၉၀၄၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် — ၅၀၀၅၇၄၀၅၁၀
၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ
ပထမအကြိမ်
တန်ဖိုး — ၁၀၀/-
အုပ်ရေ — ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET
အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃
လမင်းမိုမို
အသည်းနှလုံးများမီးလောင်နေသည်/လမင်းမိုမို-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၂၈၈- စာ၊ ၁၂×၁၈ စင်တီ။
(၁) အသည်းနှလုံးများမီးလောင်နေသည်

BURMESE CLASSIC .com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# လမင်းမိုမို


## အသည်းနှလုံးများ
## မီးလောင်နေသည်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







BURMESE CLASSIC .com

## အပိုင်း(၁)

စူးစိုက်ကြည့်နေကြတဲ့ မျက်ဝန်းနှစ်စုံတို့က အသီးသီး ဒဏ်ရာဗရပွနှင့် နာကျင်လျက် မျက်ရည်ကြည် အသီးသီး ရစ်ဝိုင်းခြံသိုင်းလျက်သား။

ဖွေးဥနုထွတ်တဲ့ "သက်လယ်"ရဲ့ပါးပြင်လေးနှစ်ဖက်ဟာ ဒေါသဇောအရှိန်နှင့် သွေးရောင်နီမြန်းနေလေသည်။ တဆတ်ဆတ် တုန်နေတဲ့ နှုတ်ခမ်းသားလေးကို တင်းတင်းဆွဲဖိစေ့ကပ်ထားကာ အတွင်းသားကို အံကြိတ်ဖိကိုက်မိတဲ့အတွက် ငန်ကျိကျိသွေးအရသာကိုပင် ခံစားရလာသည်။

မျက်နှာချင်းဆိုင်မှာ ရပ်နေတဲ့ တစ်ဦးတည်းသောဘဝနဲ့ထပ်တူ မြတ်နိုးရတဲ့ချစ်သူ "ကောင်းစစ်သွေး"ကို မျက်ဝန်းလွှဲဖယ်မပစ်နိုင်အောင် နာကျင်ကြေကွဲစွာ ငေးကြည့်နေမိတာပါ။ သူ့မှာအပြစ်မရှိပါဘူးလို့ ဘယ်လိုပင် မိမိကိုယ်ကို သတိပေးနှစ်သိမ့်သော်ငြား အဖြစ်အပျက်ကို ဘယ်လိုမှ မခံစားနိုင်ခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်လည်း ပူလောင်ပြင်းပြအောင် ခံစားနေရမှာပဲ ဆိုတာကိုလည်း သက်လယ် ကိုယ်ချင်းစာ ခံစားနိုင်ပါသည်။ တကယ်တော့ ကိုယ်တွေရဲ့အဖြစ်က မြေဇာမြက်ပင်ငယ်တွေလိုလေ။ ကြားကနေ စိစိညက်ညက်ကြေကြေရတော့မယ့်ဘဝပါ။ ကိုယ့်အတွက် ကိုယ်ရှက်ရွံ့သိမ်ငယ်နာကျင်မှု၊ သူ့အတွက် ကိုယ်ချင်းစာတွေးပေးနိုင်တဲ့ သူ့ရဲ့ရှက်ရွံ့သိမ်ငယ်နာကျင်မှု။

လက်မခံနိုင်အောင် ခါးသည်းစရာကောင်းတဲ့ ဒီအဖြစ်အပျက်ဟာ သူတို့ချစ်သူနှစ်ဦးရဲ့ ပတ်သက်မှုအကြားမှာ ဘာကြောင့် ဖြစ်ပွားခဲ့ရတာလဲ။ သူတို့နှစ်ယောက်ဟာ တကယ်ကို မေတ္တာစစ်နဲ့ မြတ်မြတ်နိုးနိုး ကြင်ကြင်နာနာ ချစ်ခဲ့ကြသူတွေပါ။

"သက်လယ်"

"........."

"သက်လယ်"

အရဲစွန့်ပြီးခေါ်တဲ့ ကောင်းစစ်သွေးရဲ့ အသံကတုန်ယင်နေခဲ့ပါသည်။ သူကိုယ်တိုင် ယောကျ်ားတစ်ယောက်တန်မယ့်ခုလောက် ခံစားနေရရင် သက်လယ် ခမျာ ဘယ်လိုများနေရှာမှာလဲလို့ ချစ်သူအတွက် နောက်တစ်မျိုး ထပ်တိုးရင်နာရပါသည်။

မာန်ဖီနေတဲ့ ကျားသစ်မလေးလို အဆုံးစွန်ပေါက်ကွဲပူလောင်နေတဲ့ သက်လယ်က လက်သီးလေးဆုပ်ကာ အသက်ရှူသံတွေလည်း မြန်ဆန်ပြင်းထန်နေသည်။ ကိုယ်တိုင်နာကျင်နေတဲ့ကြားက ချစ်သူကို ဤသို့တွေ့မြင်ရတာ ပင်ပန်းဆင်းရဲလှပါသည်။





"သက်လယ် ... ငါတို့ ခေါင်းအေးအေး ထားကြရအောင်ပါ"

သက်လယ်က ခေါင်းကို ကြေကြေကွဲကွဲ ယမ်းခါလိုက်ပါသည်။ မျက်ဝန်းအိမ်ထဲ ပြည့်လျှံနေတဲ့ မျက်ရည်စက်တို့က ဘေးတစ်ဖက်တစ်ချက်ကို လွှင့်စဉ်ထွက်ကုန်သည်။

"ဟင့်အင်း ... ခေါင်းအေးအေး မထားနိုင်ဘူး"

"နင် အရမ်းပင်ပန်းနေပြီ၊ စိတ်ကို အဲသလောက်အထိ ချုပ်နှောင်မပစ်ပါနဲ့ဟာ"

"နင်ကျတော့ရော မခံစားရလို့လား"

"ငါလည်း ခံစားရပါတယ်၊ ဒါပေမဲ့ ဒီကိစ္စက ငါတို့ဘာတတ်နိုင်တဲ့ကိစ္စမို့လဲ၊ ငါတို့ပယောဂကြောင့် ဖြစ်ရတာမှ မဟုတ်တာ"

"မုန်းတယ်၊ ငါ အရမ်းမုန်းတယ်"

သက်လယ်က ခါးခါးသီးသီး နာနာကြည်းကြည်း အော်ဟစ်လိုက်ပါသည်။

"ဘယ်သူ့ကို မုန်းတာလဲ"

"အဖြစ်အပျက်ကိုလည်း မုန်းတယ်"

"ငါ့ကိုကော"



www.burmeseclassic.com

www.burmeseclassic.com



တုန်ယင်တဲ့ ကောင်းစစ်သွေးရဲ့ မေးခွန်းကြောင့် သက်လယ်က မျက်နှာကို လက်ဝါးပေါ်မှောက်အပ်ကာ ကြွေကြွေကွဲကွဲ ငိုချလိုက်ပါသည်။

ဒီလောက်ချစ်တဲ့ ချစ်သူကို သူ့မှာလည်း အပြစ်မရှိဘဲနဲ့ သက်လယ်က ဘယ်လိုလုပ်ပြီး မုန်းနိုင်ပါ့မလဲ။

"ဟင့်အင်း ... နင့်ကို ငါ အရမ်းချစ်တယ် ကောင်း"

"သက်လယ် ... ငါလည်း နင့်ကိုသိပ်ချစ်တယ်၊ ငါတို့သိပ်ချစ်ခဲ့ကြတာလေ၊ ဘာတွေ ဘယ်လိုပဲဖြစ်ဖြစ် ..."

"ဟင့်အင်း ... ဟင့်အင်း"

သက်လယ်ရဲ့ခေါင်းအယမ်းဟာ အားလျော့ဆုတ်နစ်နေပါသည်။

"နင့်ကို ဘယ်လောက်ပဲချစ်ချစ် ငါတို့ လမ်းခွဲကြမယ် ကောင်း၊ အနုကစပြီး နှောက်ဆုတ်မယ်"

သက်လယ်က ရပ်နေတဲ့ ခြေအစုံကို တစ်လှမ်းစ, ဆုတ်လိုက်ပါသည်။

"နှောက်ဆုတ်ပြီးရင် ငါတို့ ကျောခိုင်းလိုက်ကြမယ်၊ ငါတို့နှစ်ယောက် ဘယ်တော့မှပြန်ပြီး မျက်နှာချင်းမဆိုင်ကြတော့ဘူး"

"သက်လယ် ... ဘာဖြစ်လို့ ငါတို့ ကျောခိုင်းရမှာလဲ၊ ဘာကြောင့် မျက်နှာချင်းထပ်မဆိုင်ရမှာလဲ၊ နင် ငါ့ကိုအရမ်းချစ်တာဆို"





"ဟုတ်တယ်၊ နင့်ကို အရမ်းချစ်တယ်၊ ဒါပေမဲ့ နင့်မျက်နှာကို ငါ မကြည့်ရဲတော့ဘူး ကောင်း၊ ကြည့်လည်း မကြည့်ချင်တော့ဘူး"

"ငါ့ကို တကယ်ချစ်တယ်ဆိုရင်"

"နင့်ကို ဘယ်လောက်ချစ်ချစ် နင့်အမေကို ငါမုန်းတယ်၊ နင့်အမေကို ရွံတယ်၊ နင့်အမေကို ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး သိလား၊ နင် မြဲမြဲမှတ်ထား"

သက်လယ်က စကားအဆုံးမှာ ကောင်းစစ်သွေးကို ချာခနဲ ကျောခိုင်းကာ ခွဲခွာသော ဆန့်ကျင်ခြေလှမ်းကို စတင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁

ဤအဖြစ်အပျက်တို့ မစတင်ခင် နှစ်လလောက်နီး ပါးက ဖြစ်ပါသည်။ စီအီးအိုသူဌေးရဲ့ရုံးခန်းထဲက ပြန်ထွက်လာတဲ့ ကိုနေအောင်ရဲ့မျက်နှာကို ကောင်းစစ်သွေးက အမှတ်တမဲ့ သတိပြုမိကာ ...

"ကိုနေအောင် ဘာဖြစ်လို့လဲဗျ"

ကိုနေအောင်က ကောင်းစစ်သွေးနှင့်ယှဉ်လျက် ကပ်လျက်က သူ့စားပွဲပေါ် ဖိုင်လ်ပါးပါးတစ်ချပ်ကို ဖျတ်ခနဲ ပစ်တင်လိုက်ရင်း ဝှူးခနဲ လေပူကြီးမှုတ်ထုတ်လိုက်ပါသည်။ သူ့ကုလားထိုင်မှာ သူ ဝင်ထိုင်လိုက်ရင်း သက်ပြင်းတစ်ချက် ထပ်ဆင့်ချလိုက်ပြန်ရာ ...

"ကိုနေအောင် ဘာအဆင်မပြေလို့လဲ"

"မင်းဘိုးတော်တော့ ငါ့ကို ထုပြီကွ"

"ဗျာ"





မင်းဘိုးတော် ဆိုတာဟာ ကုမ္ပဏီပိုင်ရှင် အကြီးအကဲ ဦးကောင်းမြတ်ကို ပြောတာဆိုတာကို ကောင်းစစ်သွေး နားလည်ပါသည်။

"ဘာဖြစ်လို့လဲ ကိုနေအောင်"

"သေပြီပေါ့ကွာ"

"ကိုနေအောင်ကလည်းဗျာ၊ ဘာလဲဆိုတာ ပြောပြစမ်းပါဦး"

ကိုနေအောင်က ဆံပင်တွေထဲ လက်ထိုးဖွရင်း ကောင်းစစ်သွေးကို စေ့စေ့ကြည့်ကာ ...

"ငါ့ကို မင်းဘိုးတော်က နယ်စပ်က '......' လမ်းပိုင်းကို ပို့လိုက်ပြီကွ"

"ဗျာ"

"အေး ... မဲဇာ ပို့လိုက်တာလေကွာ"

ကောင်းစစ်သွေးက အံ့အားသင့်နေမိပါသည်။ နေရာစုံမှာ ဆောက်လုပ်ရေးလုပ်ငန်းတွေ အများအပြား လုပ်ကိုင်နေတဲ့ ဦးကောင်းမြတ်မှာ နယ်စပ်က လမ်းပိုင်းတစ်ခုကိုလည်း ကန်ထရိုက်ဖောက်လုပ်ခွင့် ရထားပါသည်။ မြို့မနီးရွာမနီး လမ်းခုလတ်မှာ အအိပ်အနေ အစားအသောက် ဆင်းဆင်းရဲရဲနှင့် ပင်ပန်းလှတဲ့ နေရာပါ။

"ဟင် ... ကိုးမိုင်က အိမ်ရာစီမံကိန်းက ကိုနေအောင်နဲ့ စ,ထားတဲ့ဟာ၊ ကိုနေအောင်ရှိမှ ဖြစ်မှာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုနေအောင်က ပခုံးတစ်ချက်တွန့်ကာ မချိပြုံး ပြုံးသည်။

"သူ့ဆီမှာ အင်ဂျင်နီယာတွေ ရိက်သတ်မကုန်ပါဘူးကွာ၊ ငါနဲ့စ,ထားပေမယ့် တကယ်တော့ ငါမရှိလည်း ဘယ်သူ့ကိုမဆို လုပ်ငန်းအခြေအနေ အဆင့်ဆင့် ရှင်းပြပြီး လွှဲလို့ရတဲ့ဟာပါ"

"အင်းလေ၊ ဒါပေမဲ့ ဒီလို သူများကိုလွှဲပြီး ကိုနေအောင် တခြားသွားမယ့်အစား အဲဒီသူများကို လမ်းပိုင်းဖောက်လုပ်ရေးဆီ ပို့လို့ဖြစ်တာပဲဟာ"

"ဖြစ်တာက ဖြစ်တာ၊ သူ့သဘောက သူ့သဘောကွ"

"သူ့သဘောက ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲ"

"ဒါတော့ မင်းယောက္ခမ မင်းကိုယ်တိုင်ပဲ သွားမေးကြည့်"

ကောင်းစစ်သွေးက မျက်နှာနည်းနည်းပူမိပါသည်။ ကောင်းစစ်သွေးဟာ ဦးကောင်းမြတ်ရဲ့ တစ်ဦးတည်းသောသမီး "မြတ်သက်လယ်"ရဲ့ ချစ်သူဆိုတာ ဝန်ထမ်းတွေအားလုံးသိ အကုန်သိ ဦးကောင်းမြတ် ကိုယ်တိုင်လည်း သိပြီးသားပါ။ ဦးကောင်းမြတ်က သူ့သမီးကို ကောင်းစစ်သွေးနှင့် ကြည်ကြည်ဖြူဖြူ သဘောတူတယ် ဆိုတာကိုလည်း ကုမ္ပဏီရဲ့လုပ်ငန်းခွဲအားလုံးက ဝန်ထမ်းပေါင်း သောင်းခြောက်ထောင် အားလုံးသိထားကြပြီးသားပါ။

"အကြောင်းတစ်ခုခု ရှိမယ်ထင်တယ်ဗျာ ကိုနေအောင်"





"ဟင်း ဟင်း ဟင်း"

"အကြောင်းမယ့်သက်သက်တော့ ဘိုးတော်က ဒီလိုဘလိုင်းကြီး မလုပ်ပါဘူးဗျာ"

"ဒါပေါ့ကွာ၊ အကြောင်းရှိပါသော်ကော ကောင်းစစ်သွေးရာ"

"ဘာအကြောင်းလဲ ကိုနေအောင်"

"မပြောချင်တော့ပါဘူးကွာ၊ ရှိပါစေတော့"

"ဟာ ... ပြောပါဗျ ကိုနေအောင်၊ ကျွန်တော် သိပါရစေ"

"မသိချင်ပါနဲ့ ကောင်းစစ်သွေးရာ၊ ငါမပြောချင်ပါဘူး"

"ပြောလို့မကောင်းတာမျိုး ရှိလို့လား"

"ဒါပဲပေါ့ကွာ"

ကောင်းစစ်သွေးက အသည်းတယားယား မချင့်မရဲ ဖြစ်ရပါသည်။ သူ ဇွတ်အတင်းလည်း မမေးလို့။ မေးလည်းဖြေချင်မည်မထင်။ ဘာကြောင့်လဲဆိုတော့ သူက ဦးကောင်းမြတ်ရဲ့ သမက်လောင်း ဖြစ်နေ၍ပင်။

ကိုနေအောင်က ကောင်းစစ်သွေးတို့ထက် စီနီယာကျသည်။ သို့ပေမဲ့ အလွန်ရင်းနှီး ခင်မင်ပါသည်။ ဒီကုမ္ပဏီမှာ အလုပ်ဝင်တာကျတော့လည်း မရှေးမနှောင်း။ သက်လယ်နှင့်လည်း ကိုနေအောင်က ရင်းနှီးသူ။ သက်လယ်ဟာ ကုမ္ပဏီပိုင်ရှင်သူဌေးရဲ့ သမီးဖြစ်ပေမယ့် ဒီကုမ္ပဏီမှာပဲ အင်ဂျင်နီယာတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အဖြစ် အများနည်းတူ အလုပ်ဝင်ကာ လုပ်ဖော်ကိုင်ဖက်တို့နှင့် ရင်းနှီးခင်မင်တဲ့သူလေး ဖြစ်ပါသည်။

ကိုနေအောင်လို လုပ်သက်ရင့် အရည်အချင်းပြည့်ဝန်ထမ်းကောင်းတစ်ဦးကို ဟိုးတောကြိုအုံကြား နေရာတစ်ခုကို လွှင့်လိုက်တယ်ဆိုတာဟာ ခိုင်လုံတဲ့ အကြောင်းရင်းတစ်ခုခု မရှိပဲနဲ့တော့ မဖြစ်နိုင်ဆိုတာကိုသာ တွေးသိနိုင်လျက် အသေးစိတ်တော့ဖြင့် ဘယ်သူမှ မခန့်မှန်းနိုင်။

ကိုနေအောင်ဟာ အိမ်ထောင်ကျထားတာလည်း တစ်နှစ်သာသာပဲ ရှိသေး၍ ဘယ်လိုမှ ဇနီးတို့ မိသားစုတို့ခေါ်မဖြစ်တဲ့ နေရာမျိုး ပြောင်းရွှေ့ရမည်ဆိုတဲ့အခါ ကြားရတဲ့သူတိုင်း စိတ်မကောင်း ဖြစ်ရပါသည်။

အတင်းအကျပ် မေးမကောင်းလို့သာ လိပ်ခဲတည်းလည်း ဖြစ်နေရသော်လည်း နောက်ထပ်တစ်ပတ်အကြာမှာတော့ ကိုနေအောင်ထံက ပေါက်ကွဲသံကို ထပ်ကြားရပြန်သည်။

"ငါကွာ အလုပ်သာ ထွက်ပစ်ချင်တော့တယ် ကောင်းစစ်သွေးရာ"

"ဘာဖြစ်လို့လဲ ကိုနေအောင်ရာ"

"မနေ့က မိန်းမကို ဆရာဝန်က ကွန်ဖမ်းမ်လုပ်လိုက်ပြီကွ၊ ကိုယ်ဝန်သုံးလ ရှိနေပြီ၊ သေချာပြီ"

"ဟာ ... ဟုတ်လား"





"တောက် ... ငါကွာ"

ကောင်းစစ်သွေး ကိုနေအောင့်ကို ကိုယ်ချင်းစာစွာ စိတ်မကောင်း လက်မကောင်း ဖြစ်ပေးရုံကအပ ဘာမှမတတ်နိုင်။ ကိုနေအောင်နှင့် ကိုနေအောင့်ဇနီး မသီဂီတို့ရဲ့ ဆွေမျိုးတွေဟာ အညာမြို့လေးတစ်မြို့မှာ နေကြပါသည်။ ကိုနေအောင်သာ လခကောင်း ဝင်ငွေကောင်းတဲ့ အလုပ်အကိုင်နှင့်မို့ လင်မယားနှစ်ယောက်တည်း ရန်ကုန်မှာ တိုက်ခန်းကျဉ်းလေးတစ်ခန်း လာဝယ်ပြီး နေကြတာပါ။

မိန်းမတစ်ယောက်တည်း ကိုယ်လေးလက်ဝန်နှင့် ကျန်ရစ်မှာ ဘယ်ယောက်ျားက စိတ်ဖြောင့်နိုင်ပါမည်နည်း။ နံဘေးအနီးမှာ ဆွေတွေမျိုးတွေလည်းမရှိ။ အညာပြန်နေခိုင်းဖို့ကလည်း ကလေးမီးဖွားဖို့ကိစ္စ၊ ဆရာဝန်ပြဖို့ ဘာဘာညာညာတွေကို ရန်ကုန်မှာသာ စိတ်ချင်မှာမလွဲ။

"ဒါဖြင့် ကိုနေအောင် ဘယ်လိုလုပ်မလဲ၊ မသီဂီကို ဘယ်လိုထားခဲ့မလဲ"

"ဘယ်လိုမှ စဉ်းစားလို့ မရဘူး"

"သူ့ဌေးကို အကျိုးအကြောင်း အခြေအနေ တင်ပြကြည့်လိုက်ပါ ကိုနေအောင်ရာ၊ သူက သဘောတော့ကောင်းပါတယ်၊ နားလည်မှုလည်း ရှိပါတယ်"

"သဘောလည်း ကောင်းတယ်၊ နားလည်မှုလည်းရှိတယ် မှန်တယ်၊ ဒါပေမဲ့ အခုဟာမှာတော့ တင်ပြလို့သည်း မရ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ လုံးဝလက်ခံမှာ မဟုတ်ဘူးကွာ၊ ဟိုတစ်နေ့ကလည်း ငါက အမ်ဒီဆီက စာထွက်လာတာကို အမ်ဒီဆီ တစ်ခါ ဝင်တောင်းပန်၊ သူက မရဘူးငြင်းတာကို ငါ့ဟာငါ သူဌေးဆီ ဖွတ်ဝင်ပြီး အသနားခံတာကွ ...

တကယ်တော့ ငါလုပ်တာက စည်းတောင်ကျော်တယ်၊ ဒါပေမဲ့ မသွားချင်လွန်းအားကြီးလို့ အရဲစွန့်ဝင်တွေ့ကြည့်တာ၊ ပြောတာဆိုတာကတော့ ပညာသားပါပါ ပါးပါးနပ်နပ် နူးနူးညံ့ညံ့ပဲ၊ သူဌေးလုပ်စားနေတာပဲကွာ၊ မနပ်ပဲ ဘယ်ရှိပါ့မလဲ၊ ဒါပေမဲ့ ဘယ်နည်းနဲ့မှ ငြင်းလို့မရဘူး၊ မပြင်ဆင်ပေးဘူးဆိုတာကို သိသာစေတယ်၊ အပြုံးလေးနဲ့ပဲ အမိန့်ပေးတာ၊ သူ့စကားက လွှတ်တဲ့နေရာသွားပြီး တာဝန်မထမ်းဆောင်နိုင်ရင် ထွက်လို့ရတယ်လို့ တဲ့ကြီး မပြောရုံတမယ်ပဲ ...

ဒီသဘော ဒီအဓိပ္ပာယ်ကိုလည်း ညင်သာသိမ်မွေ့စွာ သာယာညင်းပျောင်းစွာ ပြောလိုက်တာ စကားကုန်ပြီပြီ ကောင်းစစ်သွေးရ"

"ဒါပေမဲ့ ခုဟာက"

"ခုဟာက ကိုယ်ရေးကိုယ်တာလေ၊ ကိုယ်ရေးကိုယ်တာအပေါ်နင်းပြီး အခွင့်အရေးမတောင်းယူရဘူးဆိုတာ ဝန်ထမ်းစည်းမျဉ်းထဲ ပါပြီးသားပဲ၊ နောက်ပြီး မလုပ်ချင်ရင် မသွားချင်ရင် မကျေနပ်ရင် ထွက်လို့ရတာပဲ၊ ဒါပေမဲ့ သူ





က တစ်ဖက်က ရိုက်ချပြီး တစ်ဖက်က ဆွဲပင့်ထားသေးတယ်၊ ငါ့ကို အခြေခံလစာရော ခံစားခွင့်တွေရော တိုးထားတယ်ကွ"

ဦးကောင်းမြတ်ရဲ့ကုမ္ပဏီဟာ ဝန်ထမ်းတွေကို ထိုက်တန်သောလုပ်ခလစာပေးရာမှာတော့ နာမည်ကောင်း ထွက်သောကုမ္ပဏီပါ။ ကောင်းစစ်သွေးတို့ဟာ ဘယ်ဆောက်လုပ်ရေးကုမ္ပဏီက အင်ဂျင်နီယာတွေနဲ့ပဲယှဉ်ယှဉ် မျက်နှာပွင့်လှတဲ့ အထက်စီးလစာတွေ ခံစားကြရတာပါ။ ဒီလစာအပြင် အပိုခံစားခွင့်တွေပါ ထပ်တိုးထားသေးတယ်ဆိုတော့ ကိုနေအောင်အဖို့ ပစ်ရမှာလည်း အဆီနင့်တဝင်းဝင်း ဖြစ်နေမှာပေါ့။

"အဘိုးကြီး ဘာများခုသွားပါလိမ့်ဗျာ"

"ခုသွားတာပေါ့ကွာ၊ အကြီးအကျယ် ခုသွားလို့ပေါ့"

"ကိုနေအောင်က ဘာများသွားလုပ်မိလို့လဲဗျာ"

"ငါ ဘာမှမလုပ်ရပါဘူး ကောင်းစစ်သွေးရာ၊ ကိုယ့်စည်းကိုယ့်ဘောင်က မကျော်ပဲ တာဝန်ကျေတဲ့ ဝန်ထမ်းပါ၊ ဘာပြစ်ချက်မှမရှိအောင် တကူးတကကို ကြိုးစားပြီးနေတဲ့ကောင်မျိုးဆိုတာ မင်းလည်း သိသားပဲ"

"ဟုတ်တယ်လေ၊ ဒါကြောင့် စဉ်းစားမရတာပေါ့"

"သူငါ့ကို သူ့ပတ်ဝန်းကျင်နား မထားချင်လောက်အောင် ဖြစ်တာဟာ ငါ့အားနည်းချက်ကြောင့် မဟုတ်ဘူးဆိုရင် ဘာဖြစ်မလဲ၊ သူ့အားနည်းချက်ကြောင့်ပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အားနည်းချက် !!"

"အေး ... ဟိုနေ့ကတော့ မပြောဘူးလို့ပါပဲကွာ၊ ဒါပေမဲ့ သိင်္ဂီကိုယ်ဝန်ရှိတာ မနေ့ကသိလိုက်တော့ လူက ပိုပြီးမာတ်ပျက်လာတာရယ်၊ မင်းက သူနဲ့ ပတ်သက်ကို ပတ်သက်ရတော့မယ့်လူ ဖြစ်နေတဲ့အတွက် မင်းအကြမ်းဖျဉ်းတော့ သိထားသင့်တယ်လို့ ထင်တဲ့အတွက်ရယ်၊ ငါ မင်းကိုပြောပြတော့မယ်ကွာ"

"ဟုတ်ကဲ့ ... ပြောပြပါ ကိုနေအောင်၊ ကျွန်တော်လည်း သိပ်သိချင်နေတယ်"

"မင်းလည်း ကြည့်ကျက်နေ ပေါ့ကောင်"

"ဟုတ်"

"ကိုယ်တော်ရမယ့် ယောက္ခမအကြောင်း နည်းနည်းပါးပါး သိထားတော့ မင်းလည်း အကျိုးရှိတာပေါ့"

"ဟုတ်"

"မင်းယောက္ခမက ဓယားရှိတယ်ကွ"

"ဓယား ... !"

"အေး... ဓယားတွေရှိတယ်ကွာ၊ ဒါဆို သဘောပေါက်တော့"

ကောင်းစစ်သွေးက ငိုင်ငေးသွားရပါသည်။

"ဖြစ်ချင်တော့ လွန်ခဲ့တဲ့ ရက်နှစ်ဆယ် သုံးပတ်လောက်ကပေါ့ကွာ၊ သူတို့စုံတွဲနဲ့ ငါနဲ့ တည့်တည့်ကြီး သွားတိုးနေတာပဲ ကောင်းစစ်သွေးရေ"





"ဩော်"

ကောင်းစစ်သွေး ဘာမှမပြောနိုင်တော့ပါ။ မယုံကြည်နိုင်သလိုလည်း ဖြစ်သွားရကာ၊ စိတ်ထဲလည်း နင်တင်တင် ဖြစ်သွားရပါသည်။ ဦးကောင်းမြတ်ကို ဒီလိုလူစားလို့ ထင်မထားပါ။ သူက အထင်ကြီးလေးစားမှု ရှိထားတာ ဖြစ်ပါသည်။

ဒီစကား ကြားသိလိုက်ရတဲ့အတွက် သက်လယ်အတွက်လည်း စိတ်မကောင်းမိသလိုလို ဖြစ်ရပါသည်။

"ခပ်လှမ်းလှမ်းကဆိုရင် ငါ ရှောင်သွားပါတယ်ကွာ၊ ဒီကိစ္စဆိုတာကလည်း ရှောင်ကိုရှောင်သွားမှပဲဖြစ်မှာ၊ မသိတာမမြင်တာ ကိုယ့်အတွက် အကောင်းဆုံး မဟုတ်လား၊ ရှောင်လို့ကမရဘူး၊ ငါကလည်း ဒီသွားဆရာဝန်အခန်းထဲပဲဝင်မှာ၊ အဲဒီကတစ်ယောက်အထွက် ငါက ငါ့အလှည့်မို့ဝင်ဖို့အထ၊ အဘိုးကြီးက သူ့မဒီကို လက်မောင်းလေးတစ်ဖက် ပခုံးလေးတစ်ဖက် တယုတယကိုင်ပြီး အခန်းထဲကထွက်လာတာကွ"

"သက်လယ်အမေ မဟုတ်တာ သေချာတယ်နော်"

"သေချာလို့ပေါ့ကွာ၊ ငါက သက်လယ်အမေပဲ ပထမထင်လိုက်ပြီး ပါးစပ်ကနေ ဆရာကတော် ဘာဖြစ်လို့လဲခင်ဗျာလို့တောင် ထုတ်မေးလိုက်မိတာ၊ နှစ်ယောက်လုံး မျက်စိမျက်နှာပျက်သွားမှပဲ ငါလည်း သက်လယ်အမေ မဟုတ်ပါလားလို့ သတိပြုမိတာ၊ သက်လယ်အမေကို သေချာကို



www.burmeseclassic.com

www.burmeseclassic.com



သိပါတယ်ကွာ၊ '......'ကျောင်း ဆွမ်းစားဆောင် သူတို့ ဆောက်လှူတုန်းက ငါပဲ အဲဒီမှာ တာဝန်ယူတော့ သက် လယ်အမေက ခဏခဏ လာစစ် လာကြည့်တာ၊ ငါနဲ့ ဆယ်ကြိမ်နီးပါး စကားပြောဆိုဖူးပါတယ်"

"......"

"ငါလည်း သွားပါပြီလို့တော့ စိတ်ပျက်သွားတာပဲကွာ၊ သိလည်းမသိချင် မြင်လည်းမမြင်ချင်ပါဘူးကွာ၊ ဒီလိုကိစ္စ မျိုးက ကိုယ်နဲ့မပတ်သက်လေ ကောင်းလေ၊ တည့်တည့် ကြီး ရှောင်မရတာတော့ ငါ့အပြစ်လားကွာ၊ ငါကိုက ကံ ဆိုးတာပါ၊ ဘာကြာလဲကွာ၊ အမ်ဒီကို သူ ဘိုင်နိမ်းမ်းတတ် ညွှန်ကြားလိုက်မှာပေါ့၊ ငါ့ကိုမှရွေးပြီး စာထွက်လာတော့ တာပဲ"

"ဒုက္ခပါပဲဗျာ"

"အေး ... ငါအတွက် ဒုက္ခ၊ သူ့အတွက်တော့ သုခပေါ့ ကွာ ... ဟား ဟား"

"ယုံတောင် မယုံချင်ဘူးဗျာ"

"ဩော် ... ငါတောင် ငါ့မျက်စိနဲ့ မြင်တာမဟုတ်ဘဲ သူ များပြောရင် ယုံမယ်မထင်ဘူး၊ သေချာလွန်းလို့ ယုံရတာ၊ မင်းလည်း သိထားတာ ကောင်းတယ်၊ ဘာပဲဖြစ်ဖြစ်ကိုယ် နဲ့ မငြိအောင် ရှောင်လို့ရတာပေါ့၊ မင်းကတော့ လုံးဝငြိ လို့ မဖြစ်ဘူးနော် ကောင်းစစ်သွေး၊ မင်းက သူ့သမက်တော်





ရမှာ၊ ငါလွှင့်တာက တော်သေးတယ်၊ မင်းသာလွှင့်ရင် မင်းတို့လပ်ဖ်စတိုရီလေးလည်း နိဂုံးချုပ်ပြီ မှတ်ပေတော့"

"ဟင်း ..."

ကောင်းစစ်သွေးက ရင်မောလှတဲ့ သက်ပြင်းကြီး တစ်လုံး မှုတ်ထုတ်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂

သက်လယ်နှင့် အန်တီလေး စားနေတဲ့ Breakfast ဝိုင်းသို့ မေမေ ရောက်လာတာမြင်လျှင် အန်တီလေးက ...

"မမရွှန်း နိုးပြီလား၊ နေကောင်းလား"

"ကောင်းပါတယ် သင့်သင့်"

မေမေက သူ့ပုံစံလေးအတိုင်း ခပ်ယဲ့ယဲ့ နေးကွေးနူးညံ့သော လှုပ်ရှားမှုနှင့် ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်ပါသည်။ နေမကောင်း ဖြစ်နေတာတော့ မဟုတ်ပေမယ့် မေမေက နလုံးရောဂါရှိသူဖြစ်ရာ သက်လယ် တစ်သက် မေမေ့ကို မှတ်မိသလောက် ဟိုးတုန်းကတည်းက ခုလိုပဲ လှုပ်လီလှုပ်လဲ့လေးပင်။

မေမေက အန်တီလေး ငှဲ့ပေးလိုက်တဲ့ လက်ဖက်ရည်ပန်းကန်ကို ဆွဲယူလိုက်ရင်း အန်တီလေးရှေ့သို့ ဘူးလေးတစ်ခု လှမ်းချလိုက်သည်၊





"သင့်သင့်ဖို့ လုပ်ထားတာ"

"ဟင် ... ဘာလဲ၊ မမရွှန်းကလည်း လုပ်ပြန်ပြီ၊ တော်ပြီ မမရွှန်းရဲ့၊ တစ်ခေါက်လာ တစ်ခါလက်ဆောင်ပေးနဲ့ တော်ပါပြီ"

"ဒီတစ်ခါက ကာလာပါတဲ့ နီလာလေးတွေ ရတာ၊ နီလာအစစ်နော် သင့်သင့်၊ ဖွင့်ကြည့်ပါဦးကွယ် အရောင်ကို"

သင့်မြတ်က ဘူးလေးကို အားနာပါးနာ စိတ်ကျဉ်းကျပ်မှုနှင့် ငြင်းလည်းမငြင်းချင်သလို ဖွင့်ကြည့်လိုက်ပါသည်။

"တွေ့လား"

"ဟုတ်ပါရဲ့ဟယ်၊ ပန်းရင့်လိုလို ဆီးရောင်လိုလို ဘယ်လိုလေးလဲ၊ လှလိုက်တာ မမရွှန်းရယ်"

"အင်း၊ အဲဒီနီလာ ကာလာအထုပ်လေးတွေရလို့ မမ အတွက်ကော သင့်သင့်တူမဖို့ရော၊ ပြီးတော့ သင့်သင့်ဖို့ပါ အထည်လေးတွေ ခတ်လိုက်တာ"

"တော်ပါပြီ မမရွှန်းရယ်၊ နေပါစေ၊ သင့်သင့် မယူတော့ပါဘူး၊ သက်လယ်ပဲ ပေးလိုက်ပါ"

"ဆင်တူပဲဟာကို၊ သူ့အတွက်လည်း ရှိပြီးသားလေ"

"ဟုတ်တယ် အန်တီလေးရဲ့၊ ဆွဲသီး လက်စွပ် နားကပ်လေးတွေ ဆင်တူပဲ၊ သက်လယ်ဟာက နားကပ်မဟုတ်ဘဲ နားဆွဲလေး လုပ်ထားတာပဲ ကွာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိန်လေးတွေကလည်း ပါသေးတယ်၊ မမရွှန်း လုပ်ပေးတာတွေ ယူယူနေရတာ အားနာတယ် မမရဲ့၊ သင့်သင့် မနေတတ်ဘူး၊ ဒါကြောင့်ပါ"

"စိန်လေးတွေက ၃-၄၀ စီး အမှုန်လေးတွေပါကွယ်"

"ဒါပေမဲ့ ဖြူသန့်နေတာပဲလေ၊ တန်ဖိုးမှမနည်းတာ"

"တန်ဖိုးတွေ ဘာတွေ တွက်မနေပါနဲ့ သင့်သင့်ရယ်၊ မမမှာ သက်လယ်ကလွဲရင် တခြားပေးစရာလူလည်း ရှိတာမဟုတ်ဘူး၊ သင့်သင့်ပဲ ညီမရယ်လို့ရှိတာ"

သင့်မြတ်သည် ဦးကောင်းမြတ်ရဲ့ တစ်ဦးတည်းသောညီမရင်း အပျိုကြီးဖြစ်ပါသည်။ ငယ်ကတည်းက မိဘတွေစောစောစီးစီး ဆုံးကြတာမို့ သူတို့မောင်နှမက ဦးလေး အဒေါ်တွေနှင့်နေကြရာမှ ဦးကောင်းမြတ်နှင့် ဒေါ်ရွှန်းအိတင် အိမ်ထောင်ကျတော့ သင့်မြတ်ပါ အစ်ကိုနှင့်အတူ ယောက်မအိမ်ပေါ် လိုက်နေပါသည်။

ဒီယောက်မက ကျိုကျိုတက် ချမ်းသာတဲ့ ဘိုးစဉ်ဘောင်ဆက် သူဌေးမျိုးရိုးက ဆင်းသက်တဲ့ တစ်ဦးတည်းသောသူဌေးသမီးဖြစ်ပေမယ့် သာမန်လူလတ်တန်းစား အဆင့်လောက်ရှိတဲ့ သင့်မြတ် အပေါ် အတော်ကိုကြည်ဖြူလိုက်လှဲတဲ့ ယောက်မကောင်းပင်။ ဟိုတုန်းက အတူနေစဉ်ကလည်း ဘာပြဿနာ ဘာအဖုအထစ်မှ မရှိခဲ့ရ။





သင့်မြတ်ကို ညီမရင်းလို မျက်နှာရိပ် မျက်နှာကဲကြည့်ပြီး အလိုက်တသိ ဖြည့်ဆည်းဆက်ဆံပေးတဲ့ ယောက်မရှာမှရှား။

သင့်မြတ်က ရွှန်းအိတင်ကို ချစ်ခင်ရိုသေပါသည်။ ငွေရှိန်ဂုဏ်ရှိန်တို့သာမက မေတ္တာ စေတနာ အရှိန်ကပါ အဟန့်ဖြစ်နေရာ သင့်မြတ် ဘယ်လိုမှ လှန်လို့မရ။ လှန်ဖို့လည်းစိတ်ကူးမရှိ။ စကားအဖြစ် ပြောတာသာပါ။ ဤယောက်မကို အကြောင်းကြောင်းတို့ကြောင့် ချစ်ကြောက်ရိုသေရပြီးသား ဖြစ်နေကာ အသက်ချင်း နှစ်နှစ်ခွဲ သုံးနှစ်လောက်သာ ကွာပေမယ့် ယောက်မစကားကို နာခံရိုကျိုးရတဲ့ အနေအထားပါ။

"သင့်သင့် ဘာစားမလဲ ဒေါ်ငယ်ကို ပြောနော်၊ ထုတ်ချက်ရုံပဲ၊ ဖရီဇာထဲမှာ အသားငါး အစုံရှိတယ်၊ ရောက်တုန်းစားချင်တာ ချက်ခိုင်း"

"တကူးတက စားချင်တာလည်း မရှိပါဘူး မမရွှန်းရယ်၊ အိမ်ကချက်တာကိုပဲ စားမှာပေါ့၊ ဘာမှလဲ ရှောင်တာမှမရှိတာ၊ ဟိုမှာလည်း သင့်က ဖြစ်သလိုပဲ စားတာပါ မမရာ"

သင့်မြတ်က "......"ရုံးမှာ ညွှန်မှူးအဆင့် တာဝန်ထမ်းဆောင်နေရသူဖြစ်ရာ ရုံးရှိရာ နေပြည်တော်မှာပဲ အိမ်ရပြီး အဲဒီမှာ နေပါသည်။ လက်အောက်က ဝန်ထမ်းတပည့် အပျိုနှစ်ဦး သုံးဦးကို သူနှင့်အတူနေဖို့ အဖော်ခေါ်ထားကာ နေပြည်တော်မှာရတဲ့ အိမ်မှာပဲ နေခဲ့တာ နှစ်နှစ်လောက်ရှိပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

"အင်းပေါ့ ... ဟိုမှာ ဖြစ်သလိုစားရတော့ ကိုယ့်မိသားစုဆီ ပြန်ရောက်တုန်း စားချင်တာလေး ချက်ခိုင်းမှပေါ့"

"သင့် အားလုံး စားပါတယ် မမရွှန်းအိရဲ့၊ ဒီအိမ်က ဒေါ်ငယ့်လက်ရာက ဖတ်စ်ကလပ်စ်ပဲဟာ၊ ဖွယ်ဖွယ်ရာရာ ဖြစ်တာထက်တောင် လွန်ပါသေးတယ်"

"အထူးတလည် စားချင်တာရှိရင် မပြောပဲ မနေနဲ့"

"ဟုတ်ကဲ့ပါ"

"သက်လယ်"

"ရှင် ... မေ"

"တစ်ရက်တလေ ခွင့်ယူပြီး အန်တီလေးကို စကော့ဈေးလေး ဘာလေး ပို့ပါလား၊ တခြားရှော့ပင်စင်တာတွေရောပေါ့၊ ရောက်တုန်း ဈေးဝယ်ရအောင်လေ"

သင့်မြတ်က ငါးရက်လောက် နေနိုင်သည်။ အလုပ်ကိစ္စပါပေမယ့် အတူလာတဲ့ လက်ထောက်ညွှန်မှူးက အမျိုးသားမို့ ကိုယ်က ဖုန်းနဲ့ပဲ စီစဉ်ညွှန်ကြားလို့ရသည်။ သွားလာဆောင်ရွက်စရာ အသေးစိတ်ကိုတော့ သူက လုပ်ပါလိမ့်မည်။

"သမီးလည်း စဉ်းစားနေတာ ဖေကြီး ဆူမလားလို့"

"မဆူပါဘူး ... ဘာလို့ဆူရမှာလဲ၊ တစ်ခါတလေပဲဟာ၊ အန်တီလေးကို ပို့လိုက်ပါ၊ ဒရိုင်ဘာနဲ့သွားရင် အဖော်ဘယ်ရမလဲ"

"ဒါဖြင့် သမီး ဖုန်းဆက်လိုက်ဦးမယ်"





"ဖေကြီးဆီလား"

"ဟင့်အင်း ... ကောင်းဆီ၊ အဟိ ဟိ"

သက်လယ်ရဲ့ အမူအရာနှင့် ဖုန်းကိုနှိပ်ရင်း ခုန်ပေါက်ပြေးထွက်သွားပုံကြောင့် သင့်မြတ်က ယောက်မကို မေးခွန်းထုတ်သလို ကြည့်လျှင် ...

"သူ့ကောင်လေးလေ သင့်သင့်ရေ"

"သြော် ... သက်လယ်က ချစ်သူရှိနေပြီပေါ့"

"သူတို့ ဆိမ်းဘက်ချ်တွေပဲ၊ ကောင်လေးလည်း အင်ဂျင်နီယာပဲ၊ သင့်အစ်ကိုဆီပဲ အလုပ်ခန့်ပေးထားတယ်၊ လူကောင်း လူတော် ဣန္ဒြေရရလေးပါ"

"ဘယ်သူ့သားသမီးလေးလဲ"

"အင်း ... သိပ်ကြီး ထင်ထင်ရှားရှားထဲကတော့ ဟုတ်ပုံမရပါဘူး၊ အမေတစ်ခု သားတစ်ခုလို့ ပြောတယ်၊ ပုံမှန်အနေထားလေးပါ သင့်သင့်ရယ်၊ ဒါပေမဲ့ ကိုယ်တွေအတွက်က ငွေကြေးဂုဏ်ဒြပ် ထပ်မှမလိုတာ၊ လူကောင်းလေးဖြစ်ဖို့နဲ့ သက်လယ်ကို နှစ်နှစ်ကာကာချစ်ဖို့ ဒါပဲလိုချင်တာပဲဟာ၊ ကောင်လေးကို သဘောကျပါတယ်၊ သက်လယ်ကိုလည်း သိပ်ချစ်တာပဲ"

"သြော်"

"သက်လယ်ကလည်း သိပ်ချစ်တယ်လေ၊ နှစ်ဦးနှစ်ဖက် အရူးအမူး ချစ်ကြတော့ သဘောတူလိုက်ပါတယ်၊ ခုဆို


www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မျက်စိအောက် ကိုယ်လက်အောက်ပဲလေ၊ သင့်အစ်ကို ဆိုလည်း ဒီကလေးကို သဘောကျတယ်"

"ဒါဆိုလည်း ကောင်းပါတယ် မမရယ်၊ သက်လယ်လည်း ငယ်မှမငယ်တော့ပဲ"

"နှစ်ဆယ့်ခြောက်ကျော်လေ၊ နောက်နှစ်ဆန်းလောက်တော့ လက်ထပ်ကြမယ် ပြောတာပဲ"

"မပြန်ခင် တူသမက်လောင်းကို ကြည့်သွားရဦးမယ်"

"သက်လယ်ကို မိတ်ဆက်ပေးနိုင်း"

အပြုံးလေးနှင့်ပြောသော ယောက်မကို သင့်မြတ်က ခင်မင်စိတ်နှင့် ငေးကြည့်နေမိပါသည်။ ဒီယောက်မဟာ ကောင်းလွန်းတာတွေ များတဲ့အတွက် တစ်ခါတလေတော့ ဟန်ဆောင်တာ တွေလားပင် သံသယဝင်ချင်ရတဲ့အထိ ဖြစ်တော့သည်။ ဒီလောက် စိတ်ထားသိမ်မွေ့ နူးညံ့ကောင်းမွန်ပြီး လူတစ်ဖက်သားအပေါ် ရာနှုန်းပြည့် ထာဝရကောင်းနိုင်တဲ့သူ ရှိသလားလို့ တစ်ခါတစ်ခါ အံ့ဩရသည်။

ကောင်းကင်ဘုံကလာတဲ့ နတ်သမီးတစ်ပါးအလား အဘက်ဘက် အစစအရာရာ ကောင်းနေတာဟာ အံ့ဩစရာပဲပေါ့။ ဒီလောက်ကောင်းပြီး ငွေကြေးကလည်း သူ့ဘက်ကသာ တောင့်တင်းနိုင်မာပါလာတဲ့ဇနီးကို ကိုကိုကသာ လေသံမာရင်မာရဲ၊ ဟိန်းဟောက်လားဟောက်ရဲ ကြားရတတ်ပြီး ယောက်မထံကတော့ ဘာသံမှ မကြားရတာလည်း အဆန်း။





"မေ့ ... ကောင်းကိုတော့ ဒီနေ့မလာတာ ပြောပြီးပြီ၊ မေကြီးကိုတော့ မေပဲပြောလိုက်တော့နော်"

"အင်းပါ ... အင်းပါ"

"ဒါဖြင့် သမီး ရေမိုးချိုး သွားပြင်တော့မယ်"

တစ်ခဏကြာရင်တော့ သက်လယ် မောင်းလာတဲ့ ငွေရောင်မာ့ခ်တူးကားပေါ်မှာ သက်လယ်နံဘေး၌ အန်တီလေးထိုင်လျက်သား လမ်းမပေါ် မောင်းလျက်သား ရှိလေပြီ။

"အန်တီလေး ဘာဝယ်ချင်လဲ"

"စားစရာ အခြောက်အခြမ်းတွေ ဝယ်သွားချင်တာကတော့ ဒေါ်ငယ်ကို စာရင်းရေးပေးပြီး ဒရိုင်ဘာနဲ့လွှတ်တဲ့၊ ကိုယ်တိုင် လိုက်မနေနဲ့တဲ့ မမရွှန်းက ပြောတယ်၊ ဒီတော့ အန်တီလေး လိုချင်တာက ညီလာခံတစ်ခု တက်စရာရှိလို့ ပိုးချိတ်ကောင်းကောင်းတွေ သုံးထည်လောက်လိုချင်တယ်၊ နောက် ပြန်ရင် ဟိုမှာ အထက်လူရော အောက်လူရောကို ပေးဖို့ လက်ဆောင်ပစ္စည်းလေးတွေပေါ့"

"ချိတ်ကတော့ ပိုးထည်တိုက်တစ်ခုခုကို သွားလိုက်ရင် သူတို့အဆင်တွေပဲပေါ့၊ ဈေးစရာလည်း ဒီဆိုင်ထဲပဲရှိမယ်၊ စကော့ဈေးသွားလိုက်ရင်တော့ ဆိုင်လည်းများတယ်၊ ဈေးစရာလည်း များတယ်၊ အပြိုင်အဆိုင်တွေများတော့ သူ့ထက်ငါ ဈေးလည်း လျှော့လျှော့ပေါ့ပေါ့ လုပ်ပေးကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် စကောဲ့ဈေးပဲ သွားပေါ့ဟယ်"

သက်လယ်မောင်းတဲ့ကားပေါ် ငြိမ်သက်ငေးမော ပါလာရင်းက သင့်မြတ်သည် တစ်စုံတစ်ရာကို ခပ်ငိုင်ငိုင်တွေး တောလာပါသည်။ ဒီကိစ္စကို သူ့စိတ်ထဲ တစ်မျိုးတစ်မည်ဖြစ်နေတာ နှစ်လတောင်ရှိပြီ။ ကိစ္စကတော့ အစ်ကိုဖြစ်သူ ဦးကောင်းမြတ်နှင့် ပတ်သက်ပါသည်။

ငယ်ငယ်ရွယ်ရွယ်နှင့် မိဘမရှိတော့တာမို့ သင့်မြတ်က သုံးနှစ်နီးပါးသာကြီးတဲ့ အစ်ကိုဖြစ်သူကို ငယ်ကတည်းက ကြောက်ရပါသည်။ ဒါကြောင့် အစ်ကိုရင်းရယ်လို့ တရင်းတနှီး တစွက်တဖျက်နှင့် ကိုယ်ကြားတာကို မမေးလိုက်ရဲပါ။ သို့ပေမဲ့ သတင်းကြားရတာကလည်း တစ်ယောက်တည်းထံက တစ်ကြိမ်တည်းမဟုတ်၊ နှစ်ယောက်ထံမှ နှစ်ကြိမ်နှစ်ခါ ရှိပြီမို့ လုံးဝမဖြစ်နိုင်ပါဘူးလို့ စိတ်ဒုံးဒုံးချလို့လည်းမဖြစ်။

အားလုံးအပေါ် ကောင်းလှတဲ့ ယောက်မကိုတော့ ဒီသတင်း မပေးရက် မမေးရက်။ မသေချာသေးပဲ ပြဿနာအစ မရှာလို။ သေချာရင်တော့ သတိပေးသင့်တယ် ထင်ပါသည်။ ကိုယ်က လင်ဘက်ကညီမမို့ ယောက်မကို ကိုယ်ပါရောယောင် ကျိတ်ဖုံးထားတာမျိုးက မတရားဘူးလို့ ထင်မိသည်။

သေချာတယ် မသေချာဘူးက ဘယ်လိုသိရနိုင်ပါ့မလဲ။ ဒီတူမကိုရော ဖွင့်ပြောလို့ ရမရ ဝေခွဲမရ။

"အန်တီလေး"





"ဟဲ့ ... ပလုတ်တုတ်"

"အဟင်း ဟင်း ... အန်တီလေးက ဘာတွေစဉ်းစားနေတာလဲ"

"ဩော် ... လန့်လိုက်တာ သက်လယ်ရယ်၊ နင်ကလည်း"

"တိုးတိုးလေးခေါ်တာ လန့်စရာလား၊ အန်တီလေး ဘာတွေစဉ်းစားနေလဲ"

"ဒီလိုပါပဲ ... ဟိုရောက် ဒီရောက်ပါ"

"ဘဲအကြောင်းလား"

"ဟဲ့ ... ဒီကောင်မလေး လူကြီးကို၊ ငါက ဘဲအကြောင်းတွေးစရာလား၊ ဘယ်မှာလဲ ဘဲ၊ ဒီချစ်ရေးချစ်ရာတွေ စိတ်ကုန်လွန်းလို့၊ ယောကျ်ားတွေဆိုတာ ကောင်းတဲ့ဟာကရှားရှား၊ နင်လည်း သေချာလေ့လာ အကဲခတ် ဆုံးဖြတ်နော် သက်လယ်"

"ကောင်းက နာမည်နဲ့လိုက်အောင် လူကောင်းလေးပါ အန်တီလေးရဲ့"

"လူဆိုးဆိုတာလည်း ဂျိုထွက်နေတာ မဟုတ်ဘူး သက်လယ်ရဲ့၊ ယောကျ်ားမှန်ရင် ညည်းစားရော သူငယ်ချင်းရော မောင်နှမရော ယုတ်စွအဆုံး ကိုယ့်အမေရော အနည်းနဲ့ အများ အဆိုးရှိကြတာချည်းပဲ၊ စင်းလုံးချောကောင်းတဲ့ ယောကျ်ား လောကမှာမရှိဘူး သက်လယ်ရေ၊ အားနည်းချက် ချို့ယွင်းချက် ပြစ်ချက် ရှိကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးအဖေ အန်တီလေးအစ်ကိုတောင် မကောင်းဘူးလား အဟီးဟီး"

"ငါပြောတာ စင်းလုံးချော မကောင်းဘူးလို့ ပြောတာ၊ ယောကျ်ားမှန်ရင် လူဆိုးလို့ မပြောပါဘူးဟယ်၊ ပြစ်ချက် ချို့ယွင်းချက်ရှိကြတယ်၊ ပြီးတော့ မျက်စိမှိတ်ယုံစားထား လို့ မရဘူး၊ အမြဲမျက်စိဖွင့် နားစွင့် သတိရှိရှိကြည့်နေ ရမှာ"

"ကောင်းနဲ့က မိုးလင်းက ညနေစောင်း ရုံးမှာ တစ်နေကုန် ကိုယ့်မျက်စိအောက် မြင်နေရတာ၊ သမီးကမပိုင်ဘူးလား အန်တီလေး ... ဟင်၊ ချစ်သူကို ဖေဖေ့ကို အလုပ်ခန့်ပေး ပါလို့ တောင်းဆိုလိုက်တာ ... အဟင်း"

"နင့်အဖေကလည်း သမက်လောင်းကို တစ်ခါတည်း ခန့် ပေးလိုက်ရော ဆိုပါတော့"

"ဟုတ်ပါတယ်ဆို၊ ဖေဖေ့ကို အဲဒီကိစ္စမှာတော့ အရမ်းကို ချစ်သွားတာပဲ ... အဟီး၊ ပြောလိုက်တာနဲ့ ချက်ချင်းခေါင်း ညိတ်လက်ခံလိုက်ပြီး ချက်ချင်းအလုပ်ဝင်ခိုင်းလိုက်တော့ ဆိုပြီး တန်းခန့်ပေးတာ၊ ကြည့်ရတာ ဖေဖေက သူ့သမီး ရဲ့ရည်းစားအဖြစ် သတင်းကြားဖူးကတည်းက နောက် ကြောင်းရာဇဝင်တို့ ဘယ်လိုကောင်လေးမျိုးလဲတို့ သူ့ဟာသူ ကျိတ်စုံစမ်းပြီးသားနေမှာ အန်တီလေးရဲ့"





"အင်းပေါ့လေ၊ ယောကျ်ားတစ်ယောက်က သူကိုယ်တိုင် ဆိုးဆိုးကောင်းကောင်း သူ့သမီးနဲ့ပေါင်းမယ့် သူ့သမက်ကို တော့ အဆိုးအတော အဖြစ်ခံနိုင်မှာ မဟုတ်ပါဘူး၊ ကိုယ့် သမက်ကျ အကျင့်ကောင်းကောင်း လိုချင်မှာချည်းပေါ့"

"ဟင် ... အန်တီလေး ပြောပုံကလည်း၊ ဖေကြီးကပဲ အကျင့်မကောင်းသလိုလို၊ သူကျမကောင်းပဲ သမက်ကျ အကောင်းလိုချင်တယ်ဆိုတဲ့ အဓိပ္ပာယ်ပေါက်နေတယ်"

"ညည်းအဖေ ငါ့အစ်ကို မကောင်းဘူးလို့ တစ်ခွန်းမှမပြော မိသေးပါဘူး သက်လယ်ရယ်၊ ယေဘုယျခြုံငုံပြီး ပြောနေ တာပါ၊ ကိုယ်မကောင်းရင်တောင်မှ သမက်ကျ အကောင်းပဲ လိုချင်မှာလို့ ပြောတာပါ"

"အန်တီလေး"

"အင်း"

"ဖေဖေနဲ့ မေမေက ငယ်ရည်းစား ဟုတ်ရဲ့လား"

"ဘာဖြစ်လို့လဲ"

"ဒီလိုပဲ မေးကြည့်တာပါ၊ ဖေကြီးနဲ့ မေမေ့ကို ကြည့်လိုက် ရင် ဖေကြီးက နည်းနည်းမာရေကျောရေဆန်ပြီး မေမေက လိုက်ချော့ အလျှော့ပေးရတာ များနေသလားလို့ပါ"

"ကားသေချာကြည့်မောင်းစမ်း သက်လယ်"

သင့်မြတ်က စကားကို မသိမသာလွှဲသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်မောင်းပါတယ် အန်တီလေးရဲ့၊ သမီး ကျွမ်းပါတယ်၊ သမီးသိသလောက် မေမေကသာ ဘိုးစဉ်ဘောင်ဆက် ကျိုကျိုတက် ချမ်းသာလာတာ မဟုတ်လား၊ ဒါနဲ့တောင် ဖေကြီးက ခပ်ကျောကျောနဲ့၊ ဖေကြီး အလုပ်အကိုင်တွေ အောင်မြင်တယ် ဆိုတာလည်း မေမေ့ငွေရင်းရှိလို့ပဲလေ ဟုတ်ဘူးလား၊ မေမေက လျှော့ရတာများပြီး ဖေဖေက နည်းနည်းအထက်စီးဆန်သလိုပဲ"

"ဟဲ့ ... သက်လယ်၊ ကိုကိုက ခနောက်ပိုင်း မမရွှန်းနဲ့ ရန်တွေဘာတွေရော ဖြစ်လား"

"ရန်တော့ သိပ်မဖြစ်လှပါဘူး၊ မေမေက စကားမာမာမှ ပြန်မပြောတာ၊ ဘယ်လိုလုပ် ရန်ဖြစ်လို့ရမလဲ၊ ဖေဖေက ဖြစ်ချင်ရင်တောင် မေမေက နူးနူးညံ့ညံ့လေး လုပ်နေတာနဲ့ ရှေ့တိုးလို့ မရဘူးပေါ့၊ ဖေဖေကတော့ ရန်လိုတယ် အန်တီလေးရဲ့၊ မေမေ့ကို သိပ်သည်းညည်းမခံဘူး၊ အလိုလည်းမလိုက်ဘူး"

သင့်မြတ်က ငိုင်၍စဉ်းစားနေမိပါသည်။ ကိုကိုဟာ မမရွှန်းအိအပေါ် စိတ်များကုန်လာတာလား။ ကိုယ်ကြားထားတဲ့ သတင်းနှင့် ဆက်စပ်စဉ်းစားကြည့်ရတာပင်။ ကိုယ့်အစ်ကိုပေမယ့်လည်း သင့်မြတ်က ဦးကောင်းမြတ်ကို သိပ်တော့နားမလည်ပါ။ ငယ်ကတည်းက ကိုယ်ကညီမငယ်မို့ ကိုကိုက တိုင်တိုင်ပင်ပင် ဆွေးဆွေးနွေးနွေးရှိတာမှ မဟုတ်တာ။





ကိုယ့်မျက်မြင်ထက် ဘာကိုမှ အတွင်းကျကျမသိ။ ကိုကို့စိတ်ထဲ ဘာရှိလဲမသိ။ မသိဆို တော်တော်ကို လွဲခဲ့တာ။ ကိုကို့ရည်းစားကိုပင် သင့်မြတ် ထင်ခဲ့တာကတစ်ယောက် ကိုကို တကယ်ကောက်ယူခဲ့တာကတစ်ယောက်။ မမရွှန်းအိနဲ့ ကိုကို မင်္ဂလာကိစ္စ စီစဉ်ကြတော့မှ သင့်မြတ်မှာ "ဟင်"ခနဲ အံ့အားသင့်ခဲ့ရတာ။

"ဘာပဲဖြစ်ဖြစ် သက်လယ်က သမီးမိန်းကလေးမို့လားတော့ မသိပါဘူး၊ ဖေဖေက ဗိုလ်ကျတယ် မေမေက သနားပါတယ်လို့ပဲ တွေးမိတယ်"

သက်လယ်က ဘုရားလမ်းပေါ်ကနေ ဗိုလ်ချုပ်လမ်းပေါ်ကို ချိုးကွေ့ဖို့ လိုင်းယူရှေ့တိုးရင်း ပါးစပ်ကလည်း တရစပ် ပြောလာသည်။

"ဟဲ့ ... ကားကြည့်ဦး"

"မကြောက်ပါနဲ့ အန်တီလေးရဲ့ ... ဟဲ ဟဲ"

"ရှေ့တိုးတော့လေ"

"သမီး ဟိုဘက်လိုင်းထဲ မျှောမလို့၊ စကော့ဈေးထဲဝင်မှာလေ၊ ဒီဘက်က ကပ်ကွေ့ရမယ် ... အဲ ... အဲ ... ရပြီ"

သက်လယ်က ဘယ်ဘက်လိုင်းထဲ မျှောဝင်လိုက်သည်မှာ ကျွမ်းကျွမ်းကျင်ကျင်ပင်။ ဘယ်ဘက်လိုင်းက ကားတန်းထဲ ကိုယ့်ကား ရောက်သွားတော့ နဂိုရပ်ခဲ့တဲ့ ညာဘက်လိုင်းတန်းထဲက ရှေ့နားက ကားတစ်စီးကို လှမ်းမြင်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အယ် ... ဟိုမှာ ဖေကြီးကား အန်တီလေး"

"ဟင် ... ဟုတ်လား"

ဦးကောင်းမြတ်ဟာ သူတို့ထက် တစ်နာရီကျော်စောကာ အိမ်ကထွက်သွားတာပါ။ သူ့ကားကလည်း သူ့လိုင်းမှာ အစဉ်လိုက် ရှေ့တိုးသွားကာ ကိုယ့်ကားကလည်း ကိုယ့်လိုင်းမှာ အစဉ်လိုက် ရှေ့တိုးကွေ့သွားတဲ့အခါ ကားချင်းက သုံးလေးစီးစာ ရှေ့ဆင့်နောက်ဆင့် ကွာလှမ်းသည်။

"ဟင် ... ဖေကြီးဘေးမှာ မိန်းမတစ်ယောက်ပါတယ် အန်တီလေး"

သင့်မြတ်က ဒီတ်ခနဲ ရင်တုန်သွားကာ ဦးကောင်းမြတ်ကားထဲ ပြူးပြူးပြဲပြဲ လိုက်ကြည့်မိသည်။ သေချာသည်။ ဘေးခုံမှာပါနေတဲ့သူဟာ မိန်းမတစ်ယောက်ပါ။ တံတောင်ဆစ်လေးကိုတောင် ဒီဘက်ပြတင်းပေါက်ပေါင်ပေါ် တင်ထားသေး၍ ပိုသေချာပါသည်။

"ဖေကြီးက စကားလှည့်ပြောရင်း ရယ်နေတယ် တွေ့လား"

မိန်းမရဲ့တစ်ကိုယ်လုံးကတော့ ထိုင်ခုံအမှီနှင့် လုံးလုံးကွယ်နေကာ ဦးကောင်းမြတ်ကိုတော့ နောက်ဘက်မှ ခပ်စောင်းစောင်း တစ်စွန်းတစ်စ လှမ်းမြင်နေရပါသည်။ ခုံနှစ်ခုံကြားအလယ်မှ ဖေဖေ ပြုံးရယ်စကားလှည့်ပြောလိုက်ဟန်ကို သေချာမြင်လိုက်ရတဲ့ သက်လယ်က ရင်ထဲတင်းသွားကာ ...

"ဘယ်သူလဲ မသိဘူး"





သူ့ကားကို ညာဘက်ထဲ ပြန်မျှောဝင်ဖို့ ပြင်သည်။ မရတော့ပါ။ မီးပွိုင့်ကိုကျော်ဖြတ် ကွေ့ချကာ ကိုယ့်လိုင်းနဲ့ကိုယ် ဗိုလ်ချုပ်လမ်းပေါ် ကားတွေရောက်ကုန်ပြီ။

"ဟဲ့ ... သက်လယ် ကိုယ့်လမ်းကိုယ်သွား၊ နင် စကော့ဈေးထဲဝင်မယ့်ဟာ၊ ဒီဘက်ပဲနေလေ သမီး"

"ဟိုမှာ ဖေဖေက ဘယ်ကမိန်းမနဲ့လဲမသိ သွားနေတာ"

"မီမှာ မဟုတ်ပါဘူး၊ ညည်းအဖေ ဒီလောက်ကားမောင်းမြန်တာ၊ ဟိုမှာကြည့် ဝေးသွားပြီ"

"ဟာ ... သိချင်တာကို"

"မသိချင်ပါနဲ့ သက်လယ်ရယ်"

"ဘာလို့မသိချင်ရမှာလဲ၊ ဘယ်ကမိန်းမက ကားပေါ်ပါနေတာလဲ၊ ဖေဖေ့ကားကို မေမေတောင် လိုက်စီးရတာ ခပ်နည်းနည်းရယ်၊ ဘယ်ကမိန်းမက တက်စီးနေတာလဲ၊ နောက်ခန်းကလည်း မဟုတ်ဘူး၊ ယှဉ်ရက်ကြီး"

"ကဲပါ ... ဖြောင့်ဖြောင့်သွားပါ"

"အန်တီလေး"

"အန်တီလေး ပြောပြပါ့မယ်"

"ဘာပြောမှာလဲ"

"ဝင်လိုက်ပါတော့ ဈေးထဲကို၊ အန်တီလေး ပြောစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



သက်လယ်သည် သက်ပြင်းတစ်ချက် ဆောင့်ကြီး အောင့်ကြီးချရင်း စကော့ဈေးထဲ ချိုးကွေ့ချလိုက်ရပါတော့သည်။ ပါ့ကင်ထိုးလို့ရမယ့် တစ်နေရာမှာ ဝင်ထိုးလိုက်ပြီး စက်သတ်ရပ်ကာ သင့်မြတ်ဘက် လှည့်လိုက်သည်။

"အန်တီလေး ... ပြော"

"နေပါဦး၊ နင့်မျက်နှာကြီးက အဲလိုကြီးဆိုရင် မပြောတော့ဘူး"

"ဟာ ... ပြောပါဆို အန်တီလေးက၊ တကယ်ပဲ၊ စိတ်တိုနေတာနော်"

"စိတ်မတိုနဲ့သမီး၊ နင့်အသက် မငယ်တော့ဘူး၊ ငါအခုပြောမယ့်စကားကို လူကြီးစိတ်မွေးပြီး နားထောင်စမ်း၊ ကလေးစိတ်နဲ့ နားမထောင်နဲ့"

သက်လယ် မျက်နှာလေးမှာ အရိပ်အယောင်မျိုးစုံ ဖြတ်ပြေးသွားရင်း ...

"သမီး ကလေးစိတ် မဟုတ်ပါဘူး အန်တီလေးကလည်း၊ အိမ်ထောင်တောင် ပြုတော့မှာပဲဟာ၊ လူကြီးစိတ် ရှိပါပြီ"

"အိမ်ထောင်ပြုတာနဲ့ လူကြီးစိတ်ရှိတာ ဘာမှမဆိုင်ဘူး၊ နင် တကယ်လူကြီးစိတ်မွေး၊ လူကြီးတွေး တွေးပြီး နားထောင် သမီး၊ ဒီစကားက သမီးကိုပဲ ပြောရမှာ၊ မမရွှန်း





ကိုလည်း ပြောလို့မဖြစ်သေးဘူး၊ ပြီးတော့ အန်တီလေးက သမီးကို ပြောပြတယ် ဆိုပေမယ့် ဒီကိစ္စက သေတော့သေချာသေးတာ မဟုတ်ဘူး"

"ပြောပါတော့ အန်တီလေး သိချင်လှပြီ၊ ရင်တုန်နေပြီ"

"စိတ်အေးအေး ထားစမ်းပါဟယ်"

"ပြောပါတော့"

"ငါ့ကိုပြောတာ နှစ်ယောက်ရှိပြီ သက်လယ်၊ ငါ့မိတ်ဆွေ အပေါင်းအသင်းထဲက ကိုကို့ကို ငါ့အစ်ကိုမှန်း သိထားကြတဲ့ သူတွေထဲကပေါ့၊ ကိုကို့ကို မိန်းမတစ်ယောက်နဲ့တွဲတွေ့တယ်ဆိုပြီး"

"ဟင် ... တကယ်လား"

"ကောင်းကောင်းနားထောင်ပါဆို"

သက်လယ်က မျက်နှာငယ်လေးနှင့် နှုတ်ပိတ်သွားပါသည်။

"ပထမတစ်ယောက်ကတည်းက အသေအချာပြောတာပဲ၊ သေချာတယ်တဲ့၊ ဒါပေမဲ့ ငါ မယုံဘူးပေါ့ဟယ်၊ ငါမြင်တာမှ မဟုတ်တာ၊ လူတူတာလည်း ဖြစ်နိုင်တာပဲ၊ သူတို့လည်း လူမှားနိုင်တာပဲ၊ အမျိုးမျိုး လွဲနိုင်တာပဲလေ"

သင့်မြတ်က သက်လယ်ရဲ့လက်လေးကို ဆုပ်ကိုင်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်လလောက်နေတော့ နောက်တစ်ယောက်က ထပ်ပြောတယ်၊ နင့်အစ်ကို ဒေါ်ရွှန်းအိတင် မဟုတ်တဲ့ မိန်းမတစ်ယောက်နဲ့ တွဲနေတယ်နော်တဲ့၊ သူကတွေ့တာ နှစ်ကြိမ်တောင် ရှိပြီတဲ့"

သက်လယ် မျက်နှာလေးက နီမြန်းလာကာ ...

"ဒါဖြင့် သေချာတာပေါ့"

"လောကကြီးမှာ ဘာကိုမှ သေချာတယ် မတွက်နဲ့၊ တစ်ကြိမ် နှစ်ကြိမ် ကြားတဲ့စကားကို သေချာတယ် ခိုင်လုံတယ်လို့ ယူဆနေရရင် ရှုပ်ကုန်မယ် သက်လယ်၊ နင်ကိုယ်တိုင် ဂဃနဏ မသိရသေးမချင်း ငါးဆယ် ငါးဆယ်လို့ပဲ တွက်ထားရမယ်"

"ဘာပဲဖြစ်ဖြစ် ဒီလူတွေက တကယ်မတွေ့တာကိုတော့ တွေ့ပါတယ်လို့ လုပ်ကြံပြောစရာ အကြောင်းမရှိတဲ့သူတွေ မို့လား"

"ဒါပေမဲ့ သူတို့တွက်သလို မရိုးမသား ပတ်သက်တာ မဟုတ်ဘူးလည်း ဖြစ်နိုင်တယ်လေ"

"ရိုးရိုး ... မရိုးရိုး ဘာပဲဖြစ်ဖြစ် တွဲတော့တွဲနေတယ်၊ ဟုတ်တယ် မဟုတ်လား"

သင့်မြတ်က လှည့်ပတ်ဖြေစရာ ရှာမရတော့၍ မဖြေဘဲ ငြိမ်နေလိုက်သည်။





"ဘာပဲဖြစ်ဖြစ် အန်တီလေးရယ်၊ ပြောတဲ့လူတွေကလည်း အန်တီလေးမိတ်ဆွေ သူငယ်ချင်းတွေ လူကြီးတွေပဲလေ၊ မိန်းမနဲ့ယောကျ်ား တွဲတွေ့လို့မှ ရိုးတယ် မရိုးဘူး အကဲမခတ်တတ်မယ့်သူတွေလည်း မဟုတ်ပါဘူး၊ မရိုးလောက်ဖူးထင်ရတဲ့ ပတ်သက်မှုအရိပ်အကဲကြောင့်သာ မိန်းမတစ်ယောက်နဲ့ တွဲနေတယ်လို့ ပြောတာပေါ့၊ တွဲနေတယ်ဆိုတာက နှုတ်ဆက်တာ၊ ခဏရပ်စကားပြောတာ မဟုတ်ဘူးလေ အန်တီလေး"

"အင်း ... ငါလည်း ကြားရတော့ စိတ်တော့ ရှုပ်သွားတယ်"

"အန်တီလေးလည်း မရိုးလောက်ဘူးထင်တယ် မဟုတ်လား"

"နင်ကလည်း ငါ့အစ်ကိုက လူရှုပ်မဟုတ်ပါဘူးဟယ်"

"ဝေ့မဖြေနဲ့လေ၊ ရိုးရိုးသားသား အလုပ်ကိစ္စနဲ့ မိန်းမတစ်ယောက်နဲ့တွဲပြီး သွားစရာရှိလို့ သွားလိုက်တာနေမှာပါဆိုတာမျိုးသာ အန်တီလေး ယုံကြည်ရင် မေမေ့ကိုမပြောချင်စရာ ဘာအကြောင်းရှိလဲ၊ ငါ့အစ်ကို မရိုးတော့ဘူးထင်တယ်လို့ တွေးလို့သာလျှင် မေမေ့ကို မျက်နှာပူပြီး ပြောမထွက်တာပေါ့"

"မသေချာပဲ အလကား ပြဿနာတွေ တက်ကုန်ကြမှာစိုးလို့ပါ သက်လယ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com

"သေချာတယ် မသေချာဘူးက ဖေဖေ့ကို ဖွင့်မေးလိုက်တာ အကောင်းဆုံး မဟုတ်လား အန်တီလေး"

"ဟဲ့ ... အဲလိုကြီး သွားမမေးနဲ့လေ၊ နင်နဲ့တော့ ပြဿနာပဲ"

"ဘယ်လို မေးရမှာလဲ"

"မေးဖို့ ဘယ်သင့်တော်ဦးမလဲ"

"ဘယ်တော့လောက်မှ သင့်တော်မှာလဲ"

သက်လယ်ရဲ့ စိတ်မရှည် လက်မရှည် ဒေါပွ ဒေါထလာပုံလေးကိုကြည့်ရင်း ...

"ငါတော့ နင့်ကို ပြောမိတာ မှားပြီလား မသိဘူး၊ နင်က သွေးဆူလိုက်တာဟယ်"

"အန်တီလေးကလည်း၊ သက်လယ်ရဲ့အဖေလေ၊ ကိုယ့်အဖေက ကိုယ့်အမေကွယ်ရာမှာ တခြားမိန်းမတစ်ယောက်နဲ့ ဇာတ်ရှုပ်နေတာကို သွေးအေးအေးနဲ့ စောင့်ကြည့်နေရမှာလား အန်တီလေးရဲ့"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ၊ ဒါပေမဲ့ နင် ... နင့်ဟာနင်တော့ အရင်စုံစမ်းရဦးမယ်လေ၊ အချိန်ယူ ဖြေရှင်းရမှာ၊ တကယ်ပဲ ဟုတ်နေတယ်ဆိုရင် ညည်းက ဖေဖေအခုပြတ်ဆိုတာနဲ့ ညည်းအဖေက တိခနဲပြတ်မယ် ထင်နေလား"

အင်း ... မထင်ပါဘူး။ ကြီးမှဝက်သက်ပေါက်တဲ့ ကိစ္စဆိုတော့ အဖျားဒီဂရီတွေ အရမ်းတက်ပြီး ထူမှန်နေမှာပေါ့။





"အကြမ်းပတမ်း ဖြေရှင်းရမယ့်ကိစ္စ မဟုတ်ဘူး သက်လယ်၊ နင့်ကို လူကြီးဆန်ပါလို့ပြောတာ အဲဒါပဲ၊ ခုကိစ္စက သမီး အမေကို ပြောလို့မဖြစ်သေးဘူး၊ မသေချာပဲနဲ့ စိတ်ဒုက္ခ မရောက်စေသင့်ဘူး၊ အခု သမီး မွန်ထူဒေါသဖြစ် ခံစားရတာထက် မမရွှန်းက ပိုခံစားရမှာလေ၊ သူက ဇနီးလေ ...

ဒီတော့ ဒီကိစ္စကို သမီးကပဲ လူကြီးဆန်ဆန် ကိုင်တွယ်ဖြေရှင်းရမယ်၊ အန်တီလေးက ခဏနေရင် မရှိတော့ဘူး၊ နေပြည်တော် ပြန်ရောက်သွားရမှာ၊ သမီးအလိမ္မာရှိမှ ဖြစ်မှာ"

သက်လယ်က သက်ပြင်းမောလေးနှင့်အတူ ဒေါသတွေကို ရောမှုတ်ထုတ်လိုက်ရင်း ...

"ဘယ်လို အလိမ္မာရှိရမှာလဲ အန်တီလေး"

"မျိုသိပ်နိုင်ရမယ်၊ မျိုသိပ်နိုင်ခြင်းဟာ လူတော်တွေ ပညာရှိတွေမှ ပြုမူကျင့်ကြံနိုင်တဲ့ အလုပ်မျိုး၊ အချိန်မတိုင်ပဲ မနိုင်လုံပဲ ပြဿနာတွေ မကြီးကျယ်ရဘူး၊ နိုင်လုံလို့ပြဿနာရှိပြီဟော့ဆိုရင်တောင်မှ အကြီးအကျယ် မပေါက်ကွဲပဲ ဘယ်လိုလေး ရောရောရှုရှု ကျော်ဖြတ်လိုက်လို့ ရသလဲဆိုတာ ဦးနှောက်သုံးရမယ်၊ မိသားစုဝင်တွေ စိတ်ဒုက္ခ စိတ်ဒဏ်ရာ အနည်းပါးဆုံးဖြစ်မယ့် ပုံစံမျိုးနဲ့ ဖြေရှင်းနိုင်ရမယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒီဟာတွေကို သမီးအမေအနေနဲ့ ပြုမူနိုင်ဖို့ မလွယ်ဘူး၊ သူက ပူပြင်းလောင်မြိုက်နေမှာ၊ သမီးကပဲ ကြည့်ရှုပြီး အကောင်းဆုံး ဖေးမရင်းနဲ့ ကိုင်တွယ်ဖြေရှင်းနိုင်ရမယ်၊ ဖေဖေက ဒီလိုလုပ်တယ်၊ ငါလည်း စိတ်နာတယ်ဆိုပြီး စိတ်လွတ်လက်လွတ်တွေ လျှောက်မလုပ်ရဘူး ...

ဒေါသကိုလည်းမျိုသိပ်၊ နာကျင်မှုကိုလည်းမျိုသိပ်၊ ဝမ်းနည်းမှုကိုလည်းမျိုသိပ်၊ ခံစားချက်တွေကို မျိုသိပ်ပြီး ဦးနှောက်နဲ့ ဖြေရှင်းရမယ် သမီး"

သက်လယ်သည် အန်တီလေးစကားတွေကို နားထောင်ရုံနှင့်ပင် မောသွားပါသည်။ ဒေါသတွေအစား ဝမ်းနည်းသလို ခံစားလာရကာ ...

"အန်တီလေး ... ဖေဖေက တကယ်ဖောက်ပြန်နေပြီပေါ့နော်"

"အတပ်မပြောနိုင်သေးပါဘူး သမီးရယ်"

"သက်လယ် အဲသလိုပဲ ခံစားရတယ် အန်တီလေးရယ်၊ ဒါကြီး တကယ်ဖြစ်နေပြီလို့ ဆဋ္ဌမအာရုံက သိနေသလိုပဲ၊ ဖေဖေ ရက်စက်တယ်"

"တကယ်ပဲ ဖောက်ပြန်နေပြီ ဆိုရင်တောင် ခုလိုဖြစ်သွားရတဲ့ အကြောင်းရင်း ဆိုတာတွေ ရှိဦးမှာပဲလေ သမီး၊ သမီးအဖေလို လူစားမျိုးက မိန်းမကိစ္စ အရှုပ်အပွေတွေ ဝါသနာပါပြီး ဖောက်ကိုဖောက်ပြန်မယ်ဆိုပြီး တကူးတက ရှာဖွေဖောက်ပြန်မယ့် သစ္စာမဲ့တဲ့ ယောကျာ်းစားတော့ မဟုတ်ဘူး၊ ခုလို ဖြစ်တယ်ဆိုရင် ဒါဟာ မကောင်းဘူးဆိုပေမယ့် အဲဒီ မကောင်းမှုကို ကျူးလွန်မိအောင် ဘယ်လို အချက်တွေက တွန်းပို့သလဲဆိုတာ ရှိသေးတယ်"

"........."

"သမီး အိမ်ကျရင်လည်း ဖေဖေ့အပေါ် အမူအရာမပျက်နဲ့နော်"

သက်လယ်က အင်တင်တင် ခေါင်းညိတ်လိုက်ပါသည်။

"မေမေလည်း ရိပ်မိမသွားစေနဲ့ဦး"

သက်ပြင်းမောကိုချရင်း သက်လယ် စိတ်တွေရှုပ်ထွေးခဲ့ရပါသည်။

❥○❥







www.burmeseclassic.com

www.burmeseclassic.com



## ၃

ကောင်းစစ်သွေးသည် မာလီအဘိုးကြီး ဖွင့်ပေးလိုက်တဲ့ ခြံတံခါးမှ ကားကိုဘီးလိမ့်မောင်းဝင်လာခဲ့ရင်း ပေါ်တီကိုအောက်မှာ ရှိနေတဲ့ ဒေါ်ရွှန်းအိတင်ကို လှမ်းမြင်လိုက်ပါသည်။ ထို့ကြောင့် ပေါ်တီကိုအောက်ထဲ မဝင်ခင်ပင် ကားကိုရပ်ကာ ကမန်းကတန်း ကားပေါ်မှ ဆင်းလိုက်ရင်း ...

"အန်တီ နေကောင်းပါလား ခင်ဗျာ"

"ြော် ... သား၊ အေး ... နေကောင်းပါတယ် သား၊ သက်လယ်ဆီ လာတာလား"

"ဟုတ်ကဲ့ပါ အန်တီ၊ သူ ဒီနေ့လည်း ရုံးလာမတက်တော့ အသစ်ဆောက်မယ့် နှစ်ထပ်ဆိုင်ခန်းတွဲပုံကြမ်း စီဒီလေး လာယူတာပါ၊ ပုံချောဆွဲရတော့မှာမို့ လိုနေလို့ပါ"

"ြော် ... အိမ်ပေါ်တက်သွားလေ သား၊ ရှိတယ် အိမ်မှာပဲ၊ သား ဖုန်းဆက်ထားသေးလား"





"သူ ဖုန်းပိတ်ထားတယ်ခင်ဗျ"

"ဟုတ်လား ... ဘာဖြစ်လို့ပါလိမ့်၊ မနေ့ကတော့ သူ့အန်တီလေးကို ဈေးဝယ်လိုက်ပို့ရတာလေ၊ ဒီနေ့ကတော့ သူ မလိုက်ရပါဘူး၊ သူ့အန်တီလေးက အလုပ်ကိစ္စလေး နည်းနည်းရှိလို့ နေ့တစ်ပိုင်းလောက် ရုံးသွားရတယ်၊ သူလည်း မလိုက်ရဘဲနဲ့ ရုံးမသွားပဲ အပျင်းထူနေတယ် ထင်တယ်၊ မနေ့ကလည်း အပြင်ကပြန်လာတော့ သူ ခေါင်းကိုက်လာတယ်၊ ပင်ပန်းသွားတယ် ထင်ပါရဲ့"

ဒေါ်ရွှန်းအိတင်က ဟိုဟိုဒီဒီ ငဲ့ကြည့်လိုက်ရင်း နောက်နား ခပ်လှမ်းလှမ်းမှာ ရပ်နေတဲ့ လိုတာလုပ်ပေးဖို့ ဒေါ်ရွှန်းအိတင်အနား အသင့်စောင့်ပေးနေဟန်တူသော အမျိုးသမီးကို ...

"မယဉ် ... သက်လယ်ကို ခေါ်လိုက်ပါဦး"

"ဟုတ်ကဲ့"

"သား ဝင်ထိုင်လေ၊ အန်တီက မိတ်ဆွေတစ်ယောက်တောင်းထားလို့ ဒီအပင်လေး အိုးခွဲပေးဖို့ မာလီနဲ့လုပ်နေတာ၊ ခဏနေမှ တက်ခဲ့မယ် သား ထမင်းစားပြီးပြီလား"

"မစားရသေးပါဘူးခင်ဗျ"

"ဆယ့်တစ်နာရီ ရှိနေပြီ၊ စားသွားပါလား"

"နေပါစေခင်ဗျ၊ ကြာနေမှာစိုးလို့ပါ၊ ရုံးပြန်ရောက်မှစားပါမယ်"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ရွှန်းအိတင်က အပြုံးနှင့်ခေါင်းညိတ်ပြ၍ ကောင်းစစ်သွေးကလည်း အိမ်တံခါးမကြီးမှ အိမ်ထဲလှမ်းဝင်လာခဲ့ပါတော့သည်။ သဘောကောင်းတဲ့ သူ့ရဲ့ယောက္ခမလောင်းများကို သူ ကျေးဇူးတင်လှပါသည်။

ဦးကောင်းမြတ် ဆိုလည်း သူ့အပေါ် ထင်မှတ်မထားလောက်အောင် ကောင်းပါသည်။ ဒေါ်ရွှန်းအိတင်လည်း နူးညံ့ဖော်ရွေလွန်းလှတာပင်။ တကယ်တော့ သက်လယ်နှင့် သူ ချစ်သူသက်တမ်း တစ်နှစ်ရှိတဲ့အထိ သက်လယ်ရဲ့အမေနှင့် သူ ရင်းနှီးတာ မဟုတ်ပါ။ အိမ်ကိုလည်း အဝင်အထွက် မပြုဖြစ်ခဲ့ပါ။

ကျောင်းတုန်းကတည်းက အတန်းတူကာ ရှိခဲ့ပြီး သားသံယောဇဉ်တွေနှင့် ကျောင်းပြီးတဲ့နောက်မှ သူတို့ချင်း ချစ်သူဖြစ်ခဲ့တာ။ ချစ်သူဖြစ်ပြီး မကြာမီ သက်လယ်က သူ့ကို သူလုပ်လက်စ ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုမှ ထွက်ခိုင်းကာ သူ့အဖေထံ ခေါ်ယူသည်။ ဦးကောင်းမြတ်ကို တောင်းဆိုတဲ့အခါ လွယ်လင့်တကူ လက်ခံကာ အလုပ်ခန့်ပေးလိုက်တာပါ။

အဲဒီနောက်မှာ ဦးကောင်းမြတ်နှင့်တော့ သူ အတော်အတန် ရင်းနှီးမှုရှိလာခဲ့ရကာ ဒေါ်ရွှန်းအိတင်နှင့်တော့ အတန်ကြာအထိ ရင်းနှီးခွင့်မရခဲ့။ ချစ်သက်တမ်း တစ်နှစ်ခွဲကျော်ခဲ့ပြီးတဲ့နောက် လွန်ခဲ့တဲ့ ငါးလ ခြောက်လလောက်ကမှ သက်လယ်က သူ့ကိုအိမ်ခေါ်ပြီး သူ့အမေနှင့် မိတ်ဆက်ပေးခဲ့တာ ဖြစ်ပါသည်။





ကောင်းစစ်သွေး ဧည့်ခန်းထဲ ထိုင်နေပြီး မကြာမီ သက်လယ်က အပေါ်ထပ် ကျွန်းလှေကားကြီးမှ ခပ်ဖြည်းဖြည်းဆင်းလာပါသည်။ မျက်နှာသာသာယာယာ မရှိလှတဲ့ ချစ်သူကို ကောင်းစစ်သွေးက ချစ်မြတ်နိုးစွာ လှမ်းကြည့်နေမိသည်။ ခုမှများ အိပ်ရာက ထ,လာတာလား။ တစ်ခါတစ်ရံ သက်လယ်ဟာ ညဉ့်နက်သန်းခေါင် On line တက်နေတတ်ကာ မနက် ဆယ်နာရီခွဲ ဆယ့်တစ်နာရီမှ ထ,တတ်တာမျိုးလည်း ရှိသည်။

အိပ်နေလို့ပဲ ဖုန်းပိတ်ထားတာလား။ ဖုန်းကပိတ်ထားခဲ့တော့ သူ ခေါ်လို့မရတဲ့အခါ စိတ်က မရိုးမရွ ဖြစ်လာပါသည်။ စီဒီခွေယူဖို့ဆိုတာ တကယ်တော့ အကြောင်းပြချက်သက်သက်ရယ်သာပါ။ သူ သက်လယ်နှင့် တွေ့ချင်လာလွန်းလို့ ဖွတ်ထွက်လာခဲ့တာပင်။

"သက်လယ်"

"အင်း ... ကောင်း စိတ်ပူပြီး လိုက်လာလား၊ ဖုန်းပိတ်ထားလို့လေ"

"အင်းပေါ့၊ ဒါပေမဲ့ စိတ်ပူတယ် ဆိုတာထက် တွေ့ချင်တာက ပိုပါတယ်ဟာ၊ ဒီနေ့ အန်တီလေးနဲ့လည်း လျှောက်မလိုက်ရပဲနဲ့ ဘာဖြစ်လို့ ရုံးမတက်တာလဲ"

အရင်ကတော့ နှစ်ယောက်လုံးဟာ တစ်နေ့မမြင်ရရင် မနေနိုင် မထိုင်နိုင် ဖြစ်မြဲမို့ နေမကောင်းနေတာတောင်မှ အိမ်ကို အသိမပေးပဲ ဖုံးထားပြီး ရုံးကိုမပျက်အောင် တက်နေကျပါ။



www.burmeseclassic.com

www.burmeseclassic.com



နေမကောင်းမှန်းသိရင် ရုံးမတက်ပဲ ခွင့်ယူခိုင်းမှာစိုး၍ အိမ်က လူကြီးမိဘကို ဖွင့်တောင်မပြောတာ။

"ငါ စိတ်တွေရှုပ်နေလို့ ကောင်းရယ်"

"ဘာဖြစ်လို့လဲ"

"နောက်တော့ ပြောပြမယ်"

"အခုပြော"

"ပြော် ... နောက်တော့မှပါဆိုမှ"

"စိတ်ပူလာပြီကွ၊ နင့်မှာ စိတ်ရှုပ်စရာ စိတ်ညစ်စရာဆိုတာ ဘာများရှိတာမို့လဲ၊ နင် စိတ်တွေရှုပ်နေတယ် ဆိုတော့ ထူးဆန်းတယ်လေ၊ ဘာတွေဖြစ်လို့လဲဟင် သက်လယ်၊ ဒီကြားထဲ ထူးခြားတာဆိုလို့ နင့်အန်တီလေး ရောက်လာတာ ပဲရှိတာ၊ အန်တီလေးနဲ့ ဘာဖြစ်လို့လဲ"

"အန်တီလေးနဲ့ဘာဖြစ်စရာရှိလို့လဲ၊ ဘာမှမဖြစ်ဘူး၊ ဒါပေမဲ့ အန်တီလေးဆီက သိရတဲ့ ကိစ္စတစ်ခုကြောင့် စိတ်ရှုပ်ရတာ၊ စိတ်လည်းညစ်တယ်၊ စိတ်လည်းတိုတယ်၊ လူက Mood မကောင်းဘူးကွာ၊ လုံးဝရာသီဥတု မကြည်လင်ဘူး ဖြစ်နေ တယ်၊ ကိုယ့်ဟာကိုယ် အခန်းအောင်းပြီး အတွေးနယ်ချဲ့ နေတာ၊ တွေးချင်လို့ကို ရုံးမလာတော့တာ"

"ငါ့ကိုလည်း မလွှမ်းဘူးပေါ့"

"နင်နဲ့တွေ့ချင်တာထက်ကို ဒီကိစ္စက ငါ့ခေါင်းကိုပူစေ နေတာ"





"ဘာကိစ္စလဲ"

"နောက်မှ ပြောမယ်"

"အခုပြောတော့ ဘာဖြစ်မှာမို့လဲဟ"

"မေမေကြားမှာစိုးလို့၊ အိမ်က တခြားလူတွေလည်း ကြား မှာစိုးလို့"

"ဟား ... အရမ်းသိချင်လာပြီဟာ၊ နင့်မျက်နှာက မှုန်သုန် နေတာပဲ၊ အဲဒါမျိုး ငါမမြင်ဖူးဘူး၊ မြင်လည်းမမြင်ချင်ဘူး"

"ကောင်း ... နင်ကပါ ရောပူလောင်မနေနဲ့၊ ငါ့မှာတခြား ပြောစရာ တိုင်ပင်စရာလည်း လူမရှိလို့၊ ငါ့ဘဝမှာ စိတ် ချင်း နှလုံးသားချင်း အရင်းနှီးဆုံးလို့ ငါယူဆတဲ့ နင့်ကို မပြောမဖြစ် ဖွင့်ပြောမှာ၊ တကယ်တော့ မပြောချင်ဘူးဟာ၊ တခြားတစ်ယောက်ကို ပြောရမှာ ငါ့ရင်တွေ နာနေတယ်"

"သက်လယ် ... ငါ အရမ်းစိုးရိမ်လာပြီဟာ၊ ငါတို့နှစ် ယောက်ရဲ့အချစ်နဲ့ ပတ်သက်လား၊ ဒီအတွက် အနှောင့် အယှက် တစ်ခုခုလား"

သက်လယ်က ပူထူစိုးရိမ်နေပုံရသော ကောင်းစစ် သွေးကို နှစ်သိမ့်တဲ့ အပြုံးလေး ပြုံးပြရင်း ...

"မဟုတ်ပါဘူး ကောင်းရယ်၊ ငါတို့နဲ့ မဆိုင်ပါဘူး"

"တော်ပါသေးရဲ့ဟာ"

"ငါတို့နဲ့ ဆိုတာထက် နင်နဲ့မဆိုင်ဘူးပေါ့၊ ငါနဲ့တော့ဆိုင် တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သက်လယ် မရတော့ဘူး၊ ငါ အရမ်းစိတ်ပူနေပြီ၊ အရမ်းသိချင်တာကို အချိန်ဆွဲမထားနိုင်ဘူး၊ အပြင်ခဏလိုက်ခဲ့ဟာ"

"အာ ... နင်ကလည်း"

"လိုက်ခဲ့ပါ၊ နင် အိမ်မှာ မပြောချင်ဘူးမို့လား"

"အင်း ... အိမ်မှာတော့ မပြောဘူး"

"ဒါဖြင့် အပြင်မှာ သွားပြောမယ်"

"မေမေက ဘာလဲ ညာလဲ မေးနေမှာပေါ့ဟ"

"နင် ရုံးကို ခဏလိုက်ရမယ်လို့ ပြောလိုက်ဟာ၊ ကိစ္စတစ်ခုရှိလို့၊ ပြီးရင် ငါ ပြန်ပို့မယ်လို့ အန်တီ့ကိုပြောလိုက်"

သက်လယ်က ဖွတ်တရွတ် တောင်းဆိုနေတဲ့ ကောင်းစစ်သွေးကို မျက်စောင်းလေးထိုးပြီး ခဏစဉ်းစားလိုက်ပါသည်။ သူ ကိုယ်တိုင်လည်း ရင်ဖွင့်ချင်တာပင်။ တစ်ယောက်တည်း တွေးတောခံစားနေရတာ မွန်းကျပ်သည်။

"ပြီးရော"

"ဒါဖြင့် လာလေ၊ အင်္ကျီလဲဦးမှာလား"

"ဩော် ... ရုံးကို လိုက်မယ်ပြောမှတော့ အင်္ကျီလဲရမှာပေါ့ဟဲ့၊ နင် ဘာလာလုပ်တယ်လို့ မေမေ့ကိုပြောထားလဲ"

"နင့်ဆီက Drawing အကြမ်းတွေပါတဲ့ CD တစ်ခွေလိုချင်လို့လို့ ပြောထားတယ်"





"ဒါဖြင့် အဲဒီအခွေ ရုံးမှာလိုက်ရှာပေးမယ်လို့ ပြောလိုက်မယ်၊ ခဏစောင့်"

"အင်း"

သက်လယ်က အပေါ်ထပ်ကို ပြန်တက်သွားပါသည်။ သက်လယ် ပြန်ဆင်းလာပြီး သူတို့နှစ်ယောက် ပြန်ထွက်မည်လုပ်တဲ့အခါ ဒေါ်ရွှန်းအိတင့်က ...

"ဘယ်လဲ သမီးလေး"

"ရုံးကိုခဏလိုက်သွားပေးလိုက်ဦးမယ် မေမေ၊ ခဏပဲ၊ သူ ပြန်ပို့ပေးလိမ့်မယ်၊ သူတို့ စီဒီတစ်ခွေရှာနေကြတာ မတွေ့လို့တဲ့"

"ဩော် ... အေး ... အေး ... လိုက်ရှာပေးလိုက်လေ သမီး"

သက်လယ် အမေကို နှုတ်ဆက်ပြီး ထွက်လာတဲ့အခါ ...

"နင့်အမေက သိပ်အေးဆေးနူးညံ့တာပဲဟာ၊ ညာပြောရတာတောင် စိတ်ထဲမှာ တစ်မျိုးကြီး နေရထိုင်ရ ခက်မိတယ်"

"ဟုတ်တယ် ကောင်း၊ မေမေက နူးညံ့တယ်၊ သဘောကောင်းတယ်၊ မေမေ့ကို သနားတယ် ကောင်းရယ်"

"ဘာကို သနားတာလဲ သက်လယ်ရဲ့"

"နင်အခု ဘယ်ကိုသွားမလဲ"

"ဒီနားက ဟက်ပီးပဲ သွားလိုက်မယ်"



www.burmeseclassic.com

နှစ်ယောက်သား ဟက်ပီးမှာ Light food ပဲ မှာပြီးချိန်တွင် ...

"ကဲ ... ပြောတော့လေ သက်လယ်"

သက်လယ်သည် တခြားလည်း ပြောစရာလူမရှိ၍သာ အားကိုးအားထား တိုင်တိုင်ပင်ပင် သဘောဆောင်ကာ ပြောဖို့ စဉ်းစားရသည်။ ပြောရမှာကို ဝမ်းပန်းတနည်း ရှက်ရွံ့နေပါသေးသည်။

သို့သော် ညက စဉ်းစားပြီးပြီ။ ကောင်းကို ပြောကိုပြောပြမည်ဟု။ တခြားလည်း စုံစမ်းထောက်လှမ်းနိုင်းစရာလူမရှိတော့ ကောင်းကိုပဲ နားစွင့်စုံစမ်းနိုင်းရမည် မဟုတ်လား။

"ကောင်း"

"အင်း"

"ကောင်း"

"ပြောလေ သက်လယ်"

"........."

"ဒီလောက် ပြောရခက်နေရအောင် ဘာများမို့လဲ သက်လယ်ရယ်၊ ဘာပဲဖြစ်ဖြစ် ပြောပါ၊ ဘာကိစ္စ ဘာအကြောင်းအရာပဲဖြစ်ဖြစ် နင့်စိတ်ကို ဒီလောက်တောင် ဖိစီးနေတဲ့အကြောင်းကိစ္စကို ငါ သိရမှဖြစ်မှာပေါ့"

"ကောင်းရယ် ... ဖေဖေလေ ..."





တုံ့ပြီး တိုးဝင်သွားတဲ့ အသံတွင် ကောင်းစစ်သွေးက ဒိန်းခနဲ ရင်ထဲဆောင့်ခုန်သွားပါသည်။ သွေးကြောတွေထဲ ပွသွားသလို ခံစားရကာ နားထင်နားရင်းတွေပါ တရှစ်ရှစ်မြလျက်ဆံပင့်တွေ ထောင်သွားတော့မလို လန့်ဖျပ်သွားတာပါ။

"ဖေဖေလေ"ဆိုတဲ့ စကားအစကြောင့် ကောင်းစစ်သွေး ခုလိုဖြစ်သွားရတာပင်။ သက်လယ် တစ်ယောက် သူ့အဖေနဲ့ ပတ်သက်ပြီး သတင်းတစ်ခုခု ကြားပြီဆိုတာ သူ ခန့်မှန်းနိုင်လိုက်ပါပြီ။

"ကောင်း ဒီကိစ္စကို ဘယ်သူ့မှမပြောပဲ နင့်စိတ်ထဲမှာပဲထားပါနော်"

"စိတ်ချပါ သက်လယ်ရယ်၊ ငါက ဘယ်သူ့ကို ပြောရမှာလဲ"

"ဖေဖေ ... ဖေဖေ မိန်းမတစ်ယောက်နဲ့ တွဲနေတယ်လို့ ငါထင်တယ် ကောင်း"

"........."

"အန်တီလေးကိုလည်း သူများက သတင်းပေးတယ်၊ ငါနဲ့ အန်တီလေးလည်း မနေ့က မျက်စိနဲ့တွေ့လိုက်တယ်၊ အဲဒီမိန်းမကို သေချာမမြင်ပေမယ့် ဖေဖေ့ဘေးမှာ မိန်းမတစ်ယောက် ပါသွားတာတော့ ရှင်းရှင်းလင်းလင်း တွေ့လိုက်တာ၊ သေချာတယ်ဟ"

"........."

www.burmeseclassic.com



"ကောင်း"

"………"

"ဟဲ့ … နင် ကြားလား"

ဘာစကားလုံး ပြန်ပြောရမည်ကို တွေးတောရင်း အဲဒီအတွေးထဲ ကြောင်ငေ နစ်မြုပ်သွားတဲ့ ကောင်းစစ်သွေးက ခေါင်းကို ဖြည်းဖြည်းညိတ်ရင်း …

"ကြားပါတယ်ဟ"

"ကြားရင် နင် ဘာဖြစ်လို့ အံ့သြမသွားတာလဲ"

"………"

"ကောင်း၊ နင် ဘာလို့ ငူငူကြီး ဖြစ်နေတာလဲ၊ ဟင် … နင် … နင်လည်း ဒီသတင်း သိထားပြီးပြီပေါ့၊ ဟုတ်လား"

ကောင်းစစ်သွေးရဲ့ အမူအရာကို သက်လယ်က အကဲခတ်နိုင်သွားပါသည်။

"မဟုတ်ပါဘူးဟ"

"ဘာမဟုတ်ပါဘူးလဲ၊ နင် ငါ့ကိုမညာနဲ့နော်၊ ငါတောင် နင့်ကို မလိမ်မညာ မဖုံးကွယ်ပဲ ပွင့်ပွင့်လင်းလင်း ပြောပြတာနော်၊ နင် ငါ့ကို မဖုံးကွယ်နဲ့၊ နင် သိထားတယ် မဟုတ်လား၊ ဟင် … ကောင်း"

"သိထားတာ မဟုတ်ပါဘူးဟာ"

"ဒါဖြင့် ဘာလဲ"

"ငါလည်း ကြားဖူးတာပါ"





"ဘာ … ကြားဖူးတာ"

သက်လယ်ရဲ့မျက်နှာလေးက ပျက်သွားကာ …

"ဒါဖြင့် ဒီသတင်းက လူတွေပါးစပ်ထဲ နားထဲ တော်တော် တောင် ပျံ့နှံ့နေတာပေါ့၊ ဟုတ်လား"

သက်လယ် အသံလေးက ကတုန်ကယင် ဖြစ်နေပါ သည်။

"အဲသလိုကြီး ပျံ့နှံ့နေတာမျိုးတော့ မဟုတ်ပါဘူး သက် လယ်ရယ်၊ ငါလည်း လူတစ်ယောက်ဆီကပဲ ကြားဖူးတာ ပါ"

"ဘယ်သူလဲ"

"နင်ကလည်း မပြောလို့ မရဘူးလားဟာ"

"မရဘူး ပြော၊ နင် ငါ့ကို စကားချန်တယ်နော် ကောင်း၊ အဲဒီလူဆီက သိသိရချင်း ငါ့ကိုပြောပါလား"

"ပြောလို့ ဘယ်ကောင်းပါ့မလဲ သက်လယ်ရယ်၊ နင် စိတ် ဆင်းရဲသွားမှာပေါ့"

"ဘာပဲဖြစ်ဖြစ် ငါ ကြိုသိခွင့်ရသင့်တာပေါ့"

"တစ်ယောက်ဆီကပဲ ကြားရတော့ သေချာလား မသေချာ လား ကိုယ်တိုင် စိတ်ထဲမတင်မကျ ဖြစ်နေမိတာ၊ နင့်ကို ပြောလို့ ဘယ်ကောင်းပါ့မလဲဟာ"

"နင့်ကိုပြောတာ ဘယ်သူလဲ ပြော"



www.burmeseclassic.com

www.burmeseclassic.com



သက်လယ်ရဲ့မျက်လုံးလေးများက ဝမ်းနည်းနာကျင်ခြင်းနှင့် ညှိုးနွမ်းဖျော့တော့နေကြပါသည်။

မျက်ရည်လေးတွေ စိုစွတ်ကာ ကောင်းစစ်သွေးကို စူးစူးလေးကြည့်လျက် ...

"ပြောလေ ကောင်း"

ကောင်းစစ်သွေးက သက်ပြင်းချလိုက်ရင်း ...

"ကိုနေအောင် ပြောတာဟာ"

"ဩော် ... သူ မပြောင်းခင်ကပေါ့၊ ဟုတ်လား"

"အင်း ... မပြောင်းရခင် တစ်လလောက်က သူတွေ့တာ၊ ပြီးတော့ တစ်လအတွင်း သူ နယ်စပ်ကိုရွှေ့ရတယ်"

"ဟင်"

သက်လယ်က မျက်ခုံးပင့်ရင်း ...

"နင်ပြောတဲ့ သဘောက ဖေဖေ့ကို အဲသလိုတွေ့တဲ့အတွက် သူ အဝေးကို လွှင့်ရတာဆိုတဲ့ သဘောလား"

"ကိုနေအောင်ကတော့ အဲဒီလို ထင်သွားတယ်ဟ"

"သူက ဖေဖေနဲ့ တည့်တည့်ကြီး တိုးတာလား"

"အေး ... သွားဆေးခန်းမှာ ဆရာဝန်အခန်းထဲက အဝင်နဲ့အထွက် ပက်ပင်းကြီး တည့်တည့်တိုးတာ၊ သူလည်းရှောင်မရလိုက်ဘူးပေါ့ဟာ၊ ပြီးတော့ ..."

"ပြီးတော့ ဘာဖြစ်လဲ၊ အကုန်ပြော"





"ကိုနေအောင်က နင့်အမေထင်ပြီး ဆရာကတော် လာပြတာလား ဘာညာ နှုတ်ဆက်လိုက်သေးတယ်၊ နှုတ်ဆက်ပြီးမှ သူတို့လည်း မျက်နှာတွေပျက်ကြတော့မှ မှားပြီဆိုပြီး နင့်အမေ မဟုတ်မှန်း သိလိုက်တာ"

"ဒီလောက်တောင် တည့်တည့်ကြီး တိုးမှတော့ သေချာတာပေါ့"

"........."

"ဒီလောက်သေချာတာ နင် ငါ့ကို ပြောသင့်တာပေါ့၊ နင် မကောင်းဘူးဟာ ကောင်း"

ငိုချတော့မလို ဖြစ်လာတဲ့ သက်လယ်ရဲ့လက်လေးနှစ်ဖက်ကို စားပွဲပေါ်မှာ လှမ်း၍ဆုပ်ကိုင်ကာ ကောင်းစစ်သွေးက ဆုပ်ညှစ်ထားလိုက်ရင်း ...

"သက်လယ် ဒီစကားကို ငါပြောလိုက်ရင် စိတ်ထိခိုက်သွားမယ့် နင့်မျက်နှာကို ငါ မမြင်ချင်ဘူး၊ နင့်ကို မခံစားရစေချင်ဘူး"

သက်လယ်သည် ပါးပေါ် မျက်ရည်ပေါက်လေးတွေ ထိန်းမနိုင် စီးကျလာကာ ဝမ်းပန်းတနည်း ကျိတ်ငိုမိပါသည်။

"နင် မမြင်ချင်လည်း မြင်ရမှာပဲ၊ ရှောင်လွှဲလို့မှမရတာ၊ နင် မခံစားစေချင်ပေမယ့်လည်း ငါခံစားရမှာပဲလေ၊ ခုမခံစားရလည်း နောက်ခံစားရမှာပဲ၊ အခုမသိလို့ စိတ်မထိခိုက်လည်း နောင်သိတော့ စိတ်ထိခိုက်ရတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"တိတ်ပါ သက်လယ်ရယ်၊ ငါ စိတ်မကောင်းဘူးဟာ"

"ငါ ဘာလုပ်ရမလဲဟင် ကောင်း၊ မေမေသိပြီး စိတ်ဆင်းရဲသွားမှာ ငါကြောက်လိုက်တာ၊ ဒီကိစ္စကြီး ရပ်တန့်သွားအောင် ငါ ဘာလုပ်လို့ရမလဲ ကောင်းရယ်"

ကောင်းစစ်သွေးသည် သူပဲ ရင်ထဲမချိမဆန့် နာကျင်လာပါသည်။ ကြေကြေကွဲကွဲ ငိုကြွေးနေတဲ့ ချစ်သူရဲ့မျက်နှာကို သူ မမြင်ရက်ပါ။

"နင် ဘာလုပ်လို့ ရမှာလဲ သက်လယ်ရယ်"

"ဒါဖြင့် ငါက ဒီတိုင်း လက်ပိုက်ကြည့်နေရမှာလား"

"စောင့်ကြည့်ပါဦး သက်လယ်ရယ်၊ နင်ပူပန်စရာမလိုတဲ့ အရေးမပါတဲ့ ဇာတ်လမ်းမျိုးလည်းပဲ ဖြစ်နိုင်ပါတယ်"

"အရေးမပါတဲ့ ဇာတ်လမ်းဆိုတာ ဘာလဲ"

"ဒီလိုလေဟာ"

ကောင်းစစ်သွေးက စကားလုံးရွေးရင်း ...

"ယောကျ်ားတွေ အပြင်မှာ အပျော်ရှာတယ်ဆိုတဲ့ ကိစ္စတိုင်းဟာ အရေးပါတဲ့ကိစ္စတွေ ဖြစ်မလာပါဘူး၊ တချို့က သာ ဟို ... ဟိုလေ ... မယားငယ်ဆိုတဲ့ အဆင့်မျိုးထိ ရောက်လာနိုင်တာပါ၊ များသောအားဖြင့်ကတော့ ဟိုဒင်းပေါ့၊ သူလိုတာနဲ့ ကိုယ်လိုတာ ဖလှယ်တဲ့သဘောပဲမို့ ပွဲပြီးမီးသေ ကိုယ့်လူမှုဘဝထဲအထိ ပါမလာပါဘူးဟာ"





သက်လယ်က ကောင်းကို မျက်စောင်းတစ်ချက်ရွယ်လိုက်ရင်း ...

"ဘာလဲ ... သူလိုတာနဲ့ ကိုယ်လိုတာ ဖလှယ်တယ်ဆိုတာ"

"ပြောရခက်လိုက်တာဟာ၊ နင်ကလည်း"

"ပြော ... လွယ်အောင်ပြော"

"တစ်ဖက်က ငွေကြေးလိုချင်တယ်ဟာ၊ တစ်ဖက်ကတော့ သာယာမှုလိုချင်တယ်၊ ဒါကို သဘောတူ ဖလှယ်ကြတယ်ပေါ့၊ ဒါပါပဲ"

"ဖေဖေက သာယာမှုကို လိုချင်တဲ့သူပေါ့"

"ငါက သဘောသဘာဝကို ယေဘုယျ ပြောပြတာပါ"

"ကောင်းရယ် ... ဖေဖေ့ကို အဲလိုလူလို့ ငါ ဘယ်တုန်းကမှ မထင်ခဲ့မိဘူး"

"သာယာမှုနောက် ကောက်ကောက်ပါတယ်ဆိုတိုင်းလည်း ယောကျ်ားဘက်က စ,ခဲ့တာ၊ ယောကျ်ားကဆိုးတာချည်း မဟုတ်ပါဘူးဟာ၊ မိန်းမက မြူဆွယ်သိမ်းသွင်း ဖြားယောင်းလို့ ဖြစ်သွားရတာမျိုးလည်း ပါပါတယ်"

"ဘယ်လောက် မြူဆွယ်ဆွယ် ကိုယ်တိုင်ပါမှ ဖြစ်တာပါ"

"ဒါကတော့ ယောကျ်ားဆိုတော့ဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... နှင်လည်း တစ်နေ့ကျ နှင့်ကို လာမြူဆွယ်နေမယ့် မိန်းမရှိလာရင် ပါရင်ပါသွားနိုင်တာပဲဆိုတဲ့ သဘောလား"

"ဘာလို့ ပါရမှာလဲ"

"ဟွန်း ... အေးပေါ့၊ ဖေဖေကရော ဘာလို့ပါလဲ၊ ဖေဖေ့အတွက်တစ်မျိုး၊ နှင့်အတွက်တစ်မျိုး မပြောစမ်းပါနဲ့၊ မနေ့ကအထိ ဒီမနက်အထိ ဟုတ်တယ်မဟုတ်ဘူးဆိုတာကို ဒွိဟတွေးနေမိသေးတယ်၊ အခုတော့ သေချာပြီပေါ့ဟာ၊ ကိုနေအောင်က ဒီလောက်တည့်တည့်တိုးတာ မှားပြောစရာအကြောင်းမှမရှိတာ"

" ......... "

"ဒါပေမဲ့ ငါ စဉ်းစားမိတယ်"

"အင်း"

"ဒီလိုမြင်လိုက် ကြုံလိုက်တာနဲ့ ကိုနေအောင့်ကို ဖေဖေက ဘာဖြစ်လို့ အဝေးလွှင့်လိုက်ရမှာလဲ၊ ကိုနေအောင်ကလည်း ဒီကိစ္စကို ဖွရဲပါ့မလား၊ လျှောက်ပွားရဲပါ့မလား"

"ဟုတ်တယ်၊ ငါ့ကိုတောင် သူ နယ်စပ်သွားခါနီးမှ ကြိတ်မနိုင် ခဲမရနဲ့ ပြောတာ"

"ကိုယ့်ဘော့စ်ရဲ့အတင်းအဖျင်းကို ကိုယ်ဖွမိရင် ကိုယ့်အတွက် အန္တရာယ်ဆိုတာတော့ ကိုနေအောင်လည်း သိတဲ့





သူပါဟာ၊ ဒီလောက် မအပါဘူး၊ ဒါနဲ့တောင် ဖေဖေက အဝေးပို့ပစ်တယ်နော်"

"ဘာလဲ၊ အဲဒီအမျိုးသမီးက ကိုနေအောင်သိတဲ့ အမျိုးသမီးလို့ နှင်ထင်တာလား"

"ကိုနေအောင် သိရင် ကိုနေအောင်က ထည့်ပြောမှာပေါ့၊ ကိုနေအောင် သိတဲ့ အမျိုးသမီးတော့ မဖြစ်နိုင်ဘူး၊ ကိုနေအောင် သိလာနိုင်တဲ့ အမျိုးသမီးတစ်ယောက် ဖြစ်လိမ့်မယ် ထင်တယ်ဟ"

"ဘယ်လို သိလာနိုင်တာလဲ"

"ဖေဖေနဲ့လည်း တွဲတွေ့တဲ့အပြင် တခြားမှာလည်း တွေ့ကောင်းထပ်တွေ့နိုင်တာမျိုးပေါ့၊ ဒီရုံးရဲ့လူသိအသိုင်းအဝိုင်းထဲကပဲဖြစ်မယ်"

သက်လယ်ရဲ့ ဆက်စပ်တွေးခေါ်မှုကို မဖြစ်နိုင်ဘူး မငြင်းနိုင်ပါ။ ကောင်းစစ်သွေးကလည်း ဖြစ်နိုင်ချေရှိတာပဲလို့သာ တွေးမိပါသည်။

"တကယ်လို့ မဟုတ်ဘူး ဆိုရင်တောင် ဖေဖေ့မှာ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဖုံးကွယ်အုပ်ဆိုင်းချင်တာ တစ်ခုခု ရှိကိုရှိမယ်၊ ပုံမှန်အားဖြင့်တော့ ဒီကိစ္စကြောင့် ဝန်ထမ်းတစ်ယောက်ကို အဝေးလွှင့်လိုက်တဲ့အထိ ဖြစ်မယ်မထင်ဘူး၊ ဒီအတိုင်းလွှင့်နေမယ်ဆိုရင် တခြားသူတွေလည်း မတော်တဆ



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့နေ့ တစ်ချိန်ချိန် ဆုံဖို့တွေ့ဖို့ ဖြစ်လာနိုင်တာပဲဟာ၊ တစ်ယောက်ပြီးတစ်ယောက် အဝေးပို့နေရတော့မလို ဖြစ်နေမှာပေါ့"

သက်လယ်က ကောင်းစစ်သွေးကို စေ့စေ့စိုက်ကြည့်လိုက်ရင်း ...

"ကောင်း"

"ပြောလေ သက်လယ်"

"ငါ့အတွက် ဒီကိစ္စက အရမ်းအရေးပါတယ် ကောင်း၊ မေမေနဲ့ တွေ့နေတဲ့ ဖောက်ပြန်နေတဲ့ မိန်းမက ဘယ်သူလဲဆိုတာ ငါ သိချင်တယ်၊ ငါ သိရမှုဖြစ်မယ်"

"နင် သိချင်တယ် ဆိုတာ သဘာဝကျပါတယ်၊ ဒါပေမဲ့ သိရရင် နင့်အတွက် ဘာထူးမလဲ၊ နင် ဘာလုပ်မှာလဲ သက်လယ်"

"ငါ ဘာလုပ်မယ်ဆိုတာတော့ မစဉ်းစားရသေးပါဘူး၊ ဒါပေမဲ့ သေချာတာကတော့ မိုက်မိုက်ရိုင်းရိုင်း သွားရမ်းကားတာမျိုးတော့ ကိုယ့်ကိုယ်ကိုယ် အောက်တန်းကျခံပြီး မလုပ်ပါဘူး ကောင်းရာ"

ကောင်းစစ်သွေးက သက်လယ် လက်ကလေးကို တစ်ချက်ညှစ်ရင်း နှစ်သိမ့်အားပေးပြုံးလေး ပြုံးပြလိုက်ပါသည်။





## ၄

ကောင်းစစ်သွေးသည် အိမ်ခန်းထဲ လှမ်းဝင်ဝင်လိုက်ချင်း တံခါးဝနှင့် အနီးဆုံး မေမေ့အလုပ်ခန်းအဖြစ် သတ်မှတ်ထားတဲ့ အခန်းထဲမှာ အလုပ်များနေသော မေမေ့ကို လှမ်း၍ ...

"မေမေ ... သားပြန်ရောက်ပြီ"

အထည်အပ်သူတွေကြားမှာ နစ်မြုပ်နေသည့် ဒေါ်ခင်ထားထွေးရဲ့ မော့ကြည့်လိုက်သော မျက်နှာက အမောပြေသွားသလို ကြည်လင်ဝင်းပသွားကာ ...

"အေး ... သား၊ သား ဗိုက်ဆာလာလား"

"သိပ်မဆာပါဘူး မေမေ"

"မမဝင်းမေဆီ ဂျူစ်တောင်းလိုက်ဦးလေ သား"

"ဟုတ်"

ကောင်းစစ်သွေးက အထဲဆက်ဝင်လာခဲ့ကာ ဒေါ်ခင်ထားထွေးကတော့ သူ့ရဲ့ကပ်စ်တမ်မာတွေကြားထဲ အာရုံပြန်ရောက်သွားပါသည်။ ဒေါ်ခင်ထားထွေးက ဟိုးအရင် နှစ်နှစ်ဆယ်ကျော်


www.burmeseclassic.com

www.burmeseclassic.com



ကတည်းက အောင်မြင်တဲ့ အကျီချုပ်ဆိုင်တစ်ဆိုင် ဖြစ်ခဲ့ကာ ဒီ ဘက်ခေတ်မှာတော့ ပြောင်းလဲခေတ်မီလာတဲ့ ခေတ်နဲ့အညီ အောင် မြင်တဲ့ ဒီဇိုင်နာတစ်ယောက်အဖြစ် ရပ်တည်နေပါသည်။

ဒီဇိုင်နာအဖြစ် ရပ်တည်နိုင်ဖို့လည်း ကောင်း ဆယ် တန်းအောင်ပြီး နောက်နှစ်လောက်မှာ မေမေက စင်ကာပူကိုထွက် ခွာကာ ခေတ်မီနည်းစနစ်တွေနှင့် Tailoring ဘာသာရပ်ကို တစ် နှစ်ထပ်တက်ပြီး ဒီပလိုမာတစ်ခု ယူခဲ့ပါသည်။ စင်ကာပူမှာ မေမေ့အစ်မရင်းမိသားစုရှိ၍ နေထိုင်စရာ ဆွေမျိုးအိမ်လည်းရှိကာ ကိုယ်သင်ယူစရာရှိတာကို အချိန်တိုတိုနှင့် ဖိဖိစီးစီး လက်မှတ်ယူ လာနိုင်ခဲ့တာပင်။

အဲဒီတုန်းက ကောင်းကို မေမေတို့အဒေါ်မိသားစုနှင့် ထားခဲ့ပါသည်။ မေမေ စင်ကာပူကပြန်လာပြီးတဲ့နောက် လုပ်ငန်း ကလည်း ပိုပြီးတွင်ကျယ်ကာ အောင်မြင်လာခဲ့ပြီး လွန်ခဲ့တဲ့ လေးနှစ်လောက်ကတော့ Sq-ft 2000 ကျော်ရှိတဲ့ ဒီကွန်ဒိုတိုက် ခန်းကျယ်ကြီးကို ဝယ်ယူနိုင်ခဲ့ကာ ပြောင်းရွှေ့လာခဲ့တာ။

အခန်းကျယ်ကြီးတစ်ခန်းကို မေမေ့ရဲ့စက်တွေ ပိတ်စ တွေ ဝတ်စုံချိတ်တဲ့ ဇီရိုတွေနှင့် အလုပ်ခန်း လုပ်ထားတဲ့အတွက် အိုးမကွာ အိမ်မကွာ။ ကောင်းတစ်သက် မေမေ့ကို အမြဲတမ်း အလုပ်ကြိုးစားနေတာချည်းသာ မြင်တွေ့ခဲ့ရလျက် လိုအပ်တဲ့ပစ္စည်း ဝယ်တာ ခြမ်းတာကလွဲလို့ အပြင်ကို အလကားလည်တာပတ် တာလည်း မတွေ့။





သူငယ်ချင်းမိတ်ဆွေလည်း နည်းတဲ့မေမေဟာ ရှိ သလောက် အသိမိတ်ဆွေလေးနဲ့ ဖုန်းပြောတာလောက်သာ အပန်း ဖြေမှုရှိတာ။ မေမေ့မှာ ပျော်ဖြေရေးဆိုတာ မရှိလွန်း၍ ကောင်း စစ်သွေးက အနားယူဖို့ ခရီးထွက်ဖို့ မကြာခဏ တိုက်တွန်းရပါ သည်။ သို့ပေမယ့် မသွားပါ။

မေမေဟာ ကောင်းစစ်သွေးကို လိုအပ်သမျှ အလျှံ ယ် ဖြည့်ဆည်းပံ့ပိုး အရိပ်ကြည့်နေရခြင်းအပေါ်၌သာ ပီတိဖြစ် နေတတ်သူပါ။ ကောင်းငယ်ငယ်လေးကတည်းက ဖေဖေဆုံးသွား ဘယ်ဆိုတော့ မေမေသာ အဖေနေရာရော အမေနေရာပါ ရောနှော ဘာဝန်ကျေရရှာတာ ဖြစ်ပါသည်။

ထို့ကြောင့် မေမေ့ကို ကောင်းက ချစ်လည်းချစ်၊ အားလည်းကိုး၊ သနားလည်းသနား၊ လေးလည်းလေးစား။ မေမေ ဟာ ကောင်းဘဝရဲ့ အဖိုးမဖြတ်နိုင်သော မိခင်မျိုးပါ။ မသိတဲ့သူ တွေအဖို့တော့ ဒေါ်ခင်ထားထွေးဟာ အပြုံးအရယ်နည်းသည့် အနည်းငယ် ခက်မာသည်လို့ ထင်တတ်ကြပါသည်။

မေမေ့စိတ်ထဲမှာ အချိန်ပြည့် အလုပ်အကိုင်အောင် မြင်ဖို့ ဒီသားတစ်ယောက် မျက်နှာမငယ်ရဖို့ ဘဝအဆင့်အတန်း အခြေအနေကို မြင့်သည်ထက်မြင့်ဖို့ ဒါတွေသာ ဦးတည်ဆန္ဒပြင်းပြ ကာ ဒီအတွက် မာန်တင်းထားရတာလို့ ကောင်းစစ်သွေးက းလည်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားတင်းချင်ပေမယ့် မေမေ့စိတ်နေသဘောထားက ဘယ်လောက်ပြည့်ဝပြီး ဘယ်လောက်ကောင်းမွန်တယ်ဆိုတာ ကောင်းစစ်သွေးက အသိဆုံးပါပင်။ သက်လယ်တောင်မှ အိမ်ကို ပထမဆုံးအကြိမ် လိုက်ပါလာတုန်းက မေမေက သူ့အပေါ်ကြည်ဖြူကျေနပ်ပါရဲ့လားလို့ သံသယဖြစ်ခဲ့ဖူးသေးသည်။

ဟက်ဟက်ပက်ပက် လိုက်လိုက်လှဲလှဲ မရှိပဲ မျက်နှာထားတည်တယ်လို့ ယူဆကာ ထိတ်လန့်စိတ်မကောင်းဖြစ်ခဲ့ပါသေးသည်။ နောင်တော့မှ ကောင်း ပြောပြတဲ့ မေမေ့အကြောင်းတွေ စိတ်နေစိတ်ထားတွေကို တဖြည်းဖြည်း အကဲခတ်ကောက်ချက်ချနိုင်လာကာ ခုတော့လည်း မေမေနှင့် သက်လယ်ကကြည်ဖြူခင်မင်ရင်းနှီးနေကြပါပြီ။

မျက်နှာထားတည်တည်အောက်က ဖြူစင်သိမ်မွေ့တဲ့ မေမေ့နှလုံးသားကို သက်လယ်လည်း နားလည်သဘောပေါက်လာပြီပေါ့။

ကောင်းစစ်သွေးက ရေကမန်းကတန်းချိုး အဝတ်လဲပြီး ထွက်လာကာ ထမင်းစားခန်းမှာ မမဝင်းမေကို အဆာပြေစားဖို့ ပူတင်းလေးထည့်ခိုင်းပြီး ကိစီသီးဖျော်ရည်နှင့် သောက်နေပါသည်။

"သား"

"ဟုတ် မေမေ"





"ဒီတနင်္ဂနွေနေ့ ဘုန်းကြီးဆွမ်းကျွေးမယ်ဆိုတာ သက်လယ်ကို ဖိတ်ပြီးပြီလား"

"ဟုတ်ကဲ့ .. မေမေ၊ ဒီနေ့ပဲ ပြောခဲ့ပါတယ်၊ လာမယ်တဲ့"

"ဟိုလေ ... မေမေတို့က အကျဉ်းရုံးလေးလုပ်တာမို့လို့ တခြားဧည့်သည်တွေလည်း မဖိတ်တာမို့လို့ သူ့လူကြီးသူမတွေကိုတော့ အားနာလို့ မခေါ်သေးပါဘူး ဆိုတာရောနားလည်အောင် သားလေးပြောခဲ့ရဲ့လား"

"ဟုတ်ကဲ့ပါ မေမေရဲ့။ သားက လူတွေတော့မဖိတ်တော့ဘူးဆိုလို့ သူကတောင် ဒါဆို သူကလူမဟုတ်ဘူးပေါ့လို့ ရစ်နေသေးတယ် ဟား ဟား၊ ဆင်းရဲတဲ့ဘုန်းကြီးကျောင်းလေးကို တမင်သက်သက် ဆွမ်းကျွေးရင်း လိုတာတွေအလှူလုပ်တာ ပကာသနမပါဘူး၊ ဆွေမျိုးဆယ်ယောက်လောက်ပဲဆိုတာ သေချာပြောပြပါတယ်၊ သူ့အဖေအမေ ခေါ်မလာပါဘူး"

"ကျောင်းကလည်း ကျဉ်းကျဉ်းကျုတ်ကျုတ်လေးနဲ့ ပွဲကြီးလမ်းကြီးလည်း မဟုတ်တော့လေ၊ ဒါကြောင့် မေမေကအားနာတာပါ"

ကောင်းစစ်သွေးက ထမင်းစားပွဲမှထ,ကာ သူ့အရုပ်ကြီးမားမားနှင့် မေမေ့ပခုံးကို ငုံ့ဖက်ရသည်။ ခေါင်းထားတွေးကအရုပ်ငါးပေကျော်တယ်ဆိုရုံ သေးသေးပြတ်ပြတ်လေးပါ။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လည်း နဂိုရှိရင်းစွဲအသက် လေးဆယ့်ခုနစ်နှစ်ထက် ငယ်နုတယ် ထင်ရပါသည်။

"မေမေ မနားသေးဘူးလား၊ မပူစူးတို့နဲ့ပဲ ထားလိုက်တော့လေ"

"ဒီနေ့ မပင်ပန်းပါဘူး သားရဲ့"

"မေမေပြောလိုက်ရင် ဘယ်နေ့များ ပင်ပန်းတယ်ရှိလို့လဲ၊ တစ်နေ့ တစ်နေ့ ဝင်ချည်ထွက်ချည် ကပ်စ်တမ်မာတွေသာ ပြောင်းသွားတယ်၊ မေမေက ဒိုင်ခံဆိုတော့ ပင်ပန်းတာပေါ့ မေမေရဲ့"

"ဒါဖြင့် အရောင်းဆိုင်ဖွင့်ထားတဲ့ လူတွေကျ ဘယ်လိုလုပ်မလဲ၊ တစ်ယောက်ဝင် တစ်ယောက်ထွက် ခုထက်ဆိုးတာပေါ့၊ မဝယ်ပဲဝင်လာတဲ့သူလည်း ရှိတာပဲ၊ မေမေ့ဆီကမှ အိမ်ရောက်လာတာတွေက တကယ်အကျီအပ်မယ့်သူတွေရယ်၊ အပ်ထားတာကို ရွေးမယ့်လူတွေရယ်ပဲ လာတာ၊ ဘာမှ မလုပ်ဘဲ ဟိုကြည့် ဒီကြည့် တက်လာတဲ့လူမျိုးမရှိဘူး၊ မပင်ပန်းပါဘူး သားရယ်၊ လူများများလာလေ အောင်မြင်လေ ဝင်ငွေကောင်းလေဆိုတော့ မေမေက လူစည်မှ ကြိုက်တယ်"

"ဝင်ငွေကောင်းတာလည်း ကောင်းတာပေါ့၊ ဒါပေမဲ့ မေမေ အပင်ပန်းခံပြီး သိပ်မလုပ်ပါနဲ့တော့၊ မေမေက အသက်ကြီးလာပြီ"





"အမယ်လေး သားရယ်၊ လေးဆယ့်ခုနစ် လေးဆယ့်ရှစ်က ဘာကြီးသေးလို့လဲ၊ မေမေက ကျန်းမာပါတယ်သားရဲ့၊ ဝင်းမေ ... ငါ့ကိုလည်း ဂျူ့စ်လေးတစ်ခွက်လောက်"

မေမေက ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်၍ ကောင်းစစ်သွေးကလည်း ပြန်ထိုင်ရင်း ...

"သက်လယ်အမေလည်း မေမေနဲ့ အသက်တူတူပဲလေ မေမေရဲ့၊ သူဆိုရင် ရောဂါတွေနဲ့၊ မေမေလည်း ကိုယ့်ကိုယ်ကိုယ် ကျန်းမာတယ်ဆိုပြီး မရဲတင်းပါနဲ့၊ ရောဂါဆိုတာက အသက်အရွယ် ဘယ်လောက်ဖြစ်ဖြစ် ဝင်ချင်ဝင်လာမှာပဲ"

"သက်လယ်အမေက ရောဂါတွေနဲ့တဲ့လား"

"ဟုတ်တယ် မေမေ၊ သက်လယ် ပြောပြနေကျပဲ"

"ဘာရောဂါတွေလဲ"

"နှလုံးတို့ သွေးတိုးတို့ပေါ့ မေမေ"

"ဪ ... ဪ၊ သူ့ကို ဒီလိုရောဂါဝေဒနာတွေနဲ့လို့ မေမေက ထင်မထားဘူး"

"မေမေက အန်တီရွှန်းအိတင်ကို တွေ့ဖူးလို့လား သိလို့လား"

ဒေါ်ခင်ထားထွေးက ကောင်းစစ်သွေးကို စေ့စေ့ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မေမေ သူ့ကို သိပါတယ်၊ မေမေတို့ ငယ်ငယ်ကတည်းက တစ်နှစ်တည်း ဆယ်တန်းအောင်ကြတာပဲဟာ၊ သူက ကိုကိုတက်ချမ်းသာတဲ့ သူဌေးသမီးဆိုတော့ လူသိများတယ်၊ နာမည်ကျော်ကြားတယ်"

"ခုနောက်ပိုင်း အသက်ကြီးတော့ရော မေမေတွေ့လို့လား"

"အင်း ...၊ တစ်ခါနှစ်ခါ တွေ့ပါတယ်၊ လှလှပပကြော့ကြော့ မော့မော့ပဲဟာ ရောဂါသည်လို့ မထင်ရပါဘူး"

"သူ့ရောဂါတွေက လှကိုအလှပျက်လောက်အောင် ဝေဒနာသည်ရုပ်ကြီး ပေါက်တတ်တဲ့ ရောဂါတွေမှ မဟုတ်တာ မေမေရဲ့၊ ဒါပေမဲ့ သူ့ကြည့်လိုက်ရင် မလှုပ်တလှုပ်နဲ့ နေးနေးကွေးကွေး သိမ်သိမ်မွေ့မွေ့လေး ခပ်ယဲ့ယဲ့ပဲ လှုပ်ရှားရတာ"

ဒေါ်ခင်ထားထွေးက စောဒကထပ်မတက်ပဲ အာရုံက တခြားအကြောင်းအရာတစ်ခုသို့ ရောက်သွားသလို တွေးတွေးဆဆနှင့် ...

"ဒါနဲ့ သားတို့မင်္ဂလာကိစ္စနဲ့ ပတ်သက်ပြီး သက်လယ်အဖေ အမေဆီက ဘာပြောသံကြားလဲ"

"ထူးထူးထွေထွေ ဘာမှမပြောပါဘူး မေမေ၊ သူ့အဖေက သားကို ဟက်ဟက်ပက်ပက် ကြည်ကြည်ဖြူဖြူပဲ"

"အင်း ... အဲဒါတော့ သိတယ်၊ အဲဒါ သားပြောမှုပြီးသားမို့လေ၊ သူ့အမေကကော"





"သူ့အမေကလည်း သားကို ဖော်ရွေပါတယ် မေမေ၊ ဘာဖြစ်လို့လဲ"

"ဘာမှတော့ဖြစ်လို့ မဟုတ်ပါဘူး၊ မေးကြည့်တာပါ၊ သားတို့မင်္ဂလာကိစ္စတို့ ဘာတို့ကတော့ မနီးသေးဘူးမို့လား"

"လူကြီးတွေ နှစ်ဖက်လုံး ခွင့်ပြုရင်တော့ မြန်မြန်လက်ထပ်ချင်တာပေါ့ မေမေရ ... ဟား ဟား၊ သားတို့နှစ်ယောက်လုံး အသက်အစိတ်ကျော်ပြီလေ"

ဒေါ်ခင်ထားထွေး မျက်နှာက စိတ်ခပ်ရှုပ်ရှုပ်ဖြစ်သွားသလို တစ်မျိုးလေး ညစ်နွမ်းနောက်ကျိသွားပါသည်။ ဘာမှ စကားမပြန်ပဲ ခေါင်းကိုသာ တဆတ်ဆတ် ညိတ်နေရင်း တစ်စုံ ဘစ်ရာကို စဉ်းစားခန်းဝင်သယောင်။ သက်လယ်ရဲ့ မြင့်မားလှတဲ့ အသိုင်းအဝိုင်းနှင့် ဂုဏ်ဒြပ်တို့ကြောင့် မေမေ နည်းနည်းစိတ်ပင်ပန်းမှုရှိတယ်လို့ ကောင်းစစ်သွေး ထင်မိသည်။ တကယ်တော့ သက်လယ်တို့မိသားစုက မာန်မာနကင်းလှ၍ မေမေ ပူပန်စရာ မရှိတာ ကောင်းသာ အသိဆုံးပါ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစစ်သွေးက အခန်းတံခါးကိုခေါက်ကာ တစ်စကာစောင့်ပြီးမှ လှည့်ဖွင့်ဝင်လိုက်ရင်း ...

"အန်ကယ် ကျွန်တော့်ကို ခေါ်တယ်ဆိုလို့"

"အေး ... လာ"

မဟော်ဂနီရောင် ကျွန်းစားပွဲအကြီးကြီးရဲ့နောက်ထဲမှာ ပြုံးချိုနူးညံ့တဲ့ မျက်နှာထားနှင့် ထိုင်နေသော ဦးကောင်းမြတ်ရဲ့ရှေ့မှာ ကောင်းစစ်သွေးက ဝင်မထိုင်သေးပဲ လက်နှစ်ဖက်နောက်ပစ်ရပ်နေပါသည်။

"ထိုင် ... ကောင်းစစ်သွေး"

"ဟုတ်ကဲ့ ခင်ဗျ"

ဦးကောင်းမြတ် ပြောမည့်စကားကို စောင့်စားနားစွင့်ရင်း ဦးကောင်းမြတ် မျက်နှာကို ကြည့်နေရသည်ဖြစ်ရာ သူ့ကို နူးညံ့ကြင်နာသော မျက်နှာထားနှင့် နွေးထွေးစွာ ပြုံး၍ကြည့်နေသော ဦးကောင်းမြတ်ကို တွေ့နေရပါသည်။



"မင်းဓမ္မလမ်းမှာ ဟိုတယ်လောက သုံးထပ်တစ်လုံးဆောက်ပါရောလား"

"ဟုတ်ကဲ့ အန်ကယ်"

"အဲဒီမြေကွက်နားမှာပဲ တစ်ရာပတ်လည် မြေကွက်တစ်ကွက် ရှိတယ်"

"ဟုတ်ကဲ့"

"ရော့ ... ဒီဟာက မြေကွက်နေရာအကွက်အကွင်းကို မြေပုံဆွဲထားတာ"

"ဟုတ်ကဲ့"

ကောင်းစစ်သွေးက ဦးကောင်းမြတ် ရှေ့ထိုးပေးလိုက်တဲ့ မိတ္တူကူး မြေပုံစာရွက်ကို လှမ်းယူ၍ သေချာ ကြည့်လိုက်ပါသည်။ နေရာကောင်း မြေတစ်ကွက်ပင်။

"အဲဒီမှာ အိမ်တစ်လုံး ဆောက်ဖို့ရှိတယ်"

"ဟုတ်ကဲ့"

"အမြန်ဆုံးဆောက်မယ်၊ တတ်နိုင်သမျှ အချိန်တိုအတွင်းပေါ့"

"ဟုတ်ကဲ့ပါ အန်ကယ်၊ နှစ်ထပ်လား သုံးထပ်ပဲလား အန်ကယ်"

"ပုံကတော့ မင်းပဲ အိုက်ဒီယာ ထုတ်လိုက်ပေါ့၊ စိတ်တိုင်းကျ ပုံတစ်ပုံ စဉ်းစားပြီး စိတ်ကြိုက်ဆောက်ပေါ့၊ မင်းပဲ သွားဆောက်ရမှာပေါ့ ကောင်းစစ်သွေး၊ အခု မင်းသွားနေ

www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ ဆိုက်ကိုရော အဲဒီ မင်းမေမွလမ်းကိုရော နှစ်ခုစွပြီး တာဝန်ယူလိုက်”

“ဟုတ်ကဲ့ပါ အန်ကယ်”

“အဲဒီခြံနဲ့တိုက်က ...”

“ဟုတ်ကဲ့”

“သမီးအတွက် သက်လယ်ဖို့ အန်ကယ်ဝယ်ထားပေးတာ၊ အခုတော့ မင်းတို့မင်္ဂလာကိစ္စပြီးရင် မင်းတို့နေဖို့အိမ်ပေါ့။ ဒါကြောင့် မင်းစိတ်တိုင်းကျ ဆောက်ပါလို့ ပြောတာ”

“ခင်ဗျာ”

ကောင်းစစ်သွေးသည် မျက်နှာပူသွားရသလိုလို ဝမ်းပဲသာရမလိုလို မဝံ့မရဲ အိုးတိုးအမ်းတမ်း ဖြစ်သွားရပါသည်။

“ပုံကိုတော့ မင်းတို့နှစ်ယောက် တိုင်ပင်ပြီး ဆွဲရင်လည်း ဆွဲ၊ စဉ်းစားပေါ့၊ အချိန်တော့ သိပ်မယူနဲ့ မြန်မြန်လုပ်၊ ဒီတစ်မိုးမဝင်ခင် ပြီးအောင်တွန်းဆောက်”

“ဟုတ် ... ဟုတ်ကဲ့ပါ အန်ကယ်”

“တူ တူ ... တူ တူ”

ရုတ်တရက် ဟန်းဒ်ဖုန်းသံတစ်ခု မြည်လာ၍ ဦးကောင်းမြတ်က စားပွဲပေါ်ကဖုန်းကို ကောက်ယူကြည့်လိုက်ပါသည်။ ကောင်းစစ်သွေးက မြေပုံကို ငုံ့ကြည့်နေလိုက်ပါသည်။ အဘိုးကြီး ဖုန်းပြောတာကို ဆက်ထိုင်နေရမလား ထွက်သွားရမလား ဝေခွဲမရ။ တော်ကြာ မကြိုက်မှာလည်း စိုးရပါသည်။ အင်း





လေ သွားစေချင်ရင် သူနှင်မှာပါလို့တွေးပြီး သူ့ထံအာရုံမစိုက်သလို နေလိုက်ရပါသည်။

“ဟယ်လို ... အင်း ... ပြော”

“.........”

“ဘယ်နေ့လဲ...ဆန်းဒေး၊ ဒီဆန်းဒေးလား သန်ဘက်ခါပေါ့”

“.........”

“သြော် ... နောက်ဆန်းဒေးလား၊ ကိုယ်လာမှာပေါ့၊ အားတာပေါ့”

“.........”

“သွားက တော်တော်ဆိုးနေလို့လား၊ အခု စားလို့သောက်လို့ကော ရရဲ့လား၊ ဒီဆရာဝန်က စနေတနင်္ဂနွေပဲထိုင်တော့ မြန်မြန်ပြလို့ရအောင် တခြားတစ်ယောက်ပြောင်းပြချင်ပြပါလားကွာ၊ တနင်္ဂနွေနေ့က ကိစ္စရှိတော့ စနေကကော”

“.........”

“စနေနေ့ အလုပ်ရှုပ်နေမယ် ဆိုပေမယ့်လည်း ဆရာဝန်ဆီ ခဏတဖြုတ် ထွက်တာလေးပဲကွာ၊ ဟင် ...၊ အင်း... အင်း ကဲပါလေ၊ တစ်ပတ်စောင့်နိုင်လည်း ပြီးတာပါပဲ၊ ရတယ်၊ ကိုယ်မှတ်ထားလိုက်ပါပြီ၊ သြော် ... နောက်တနင်္ဂနွေဆိုတော့ ကန်တော်ကြီးမှာ စာအုပ်ဈေးပွဲတောင်ရှိတယ်၊ ဟိုတစ်ခါ သွားချင်တယ်ဆို”



www.burmeseclassic.com

www.burmeseclassic.com



"………"

"ဆေးခန်းကပြီးရင် ခဏသွားလိုက်ပေါ့၊ လူများလည်းဘာဖြစ်လဲ ဂရုစိုက်စရာ မရှိပါဘူးကွာ၊ လိုချင်တဲ့စာအုပ် ရှာဝယ်ပြီး ပြန်တာပေါ့၊ ဆေးခန်းက ဘယ်အချိန်လောက်လဲ၊ ဆယ့်တစ်နာရီ ဟုတ်လား၊ တိုကင်ယူပြီးပြီပေါ့၊ အင်း … အင်း"

"………"

"ဗိုက်နည်းနည်းဖြည့်ခဲ့ဦး၊ သွားလုပ်ပြီးရင် ချက်ချင်းစားလို့ သောက်လို့ ရချင်မှ ရမှာ မမေ့နဲ့၊ အင်း … အင်း … ကောင်းပြီ … ဆီးယူ"

တော်တော်ကို အောက်သက်ကြေနေတာပါလား။ ကောင်းစစ်သွေး ကျိတ်၍သက်ပြင်းချမိသည်။ တယုတယ ကြင်နာနေလိုက်တာ။ ဤအရေးကိစ္စထဲမှာ ဘယ်လောက် အလေးအနက်ရှိနေသလဲဆိုတာ လေသံထဲမှာပင် ပေါ်လွင်နေပါသည်။ ဖြစ်ကတတ်ဆန်း ပြောဆိုနေတာ မဟုတ်ပဲ တစ်ဖက်ကို ဂရုတစိုက် ကြင်နာစွာ ပြောဆိုနေတာ။

တစ်ဖက်အမျိုးသမီးအပေါ် လေးစားမှုရှိတာလည်း လေသံမှာ ပေါ်လွင်သည်။ မလေးမစားမရှိ။ တကယ်ဆို ကိုယ့်ကိုအိမ်ထောင်သည် သမီးပျိုဖားဖားကြီး အဖေမှန်း သိသိနှင့်(မသိစရာ အကြောင်းမှမရှိတာ) ခုလို ပတ်သက်နေတဲ့ မိန်းမစားတစ်



ယောက်ရဲ့ ကိုယ်ကျင့်သိက္ခာကို ဒီလောက် တလေးတစားရှိနေဖို့မှ မလိုတာ။ လက်ခုပ်ထဲကရေလို ဆက်ဆံလို့ ရနေတာပဲ။

သွားဆေးခန်း ဆိုကတည်းက ကိုနေအောင် စကားကို ပြေးပြီးကြားယောင်သည်။ အဲဒီသွားဆရာဝန်ဆီပဲ ဖြစ်မှာပေါ့။

"ကောင်းစစ်သွေး"

"ခင်ဗျာ … ဟုတ်ကဲ့"

"ဒီထဲမှာလည်း လိပ်စာပါရေးထားတာပဲ၊ မင်း အခုအားလား"

"ကျွန်တော် ဆိုက်အတွက် လိုတဲ့ပစ္စည်းလုမ်းမှာပြီး ပို့ဖို့ ချိတ်ပေးပြီးရင်တော့ နည်းနည်းအားပါတယ် အန်ကယ်၊ ဆိုက်ထဲကို နည်းနည်းနောက်ဆုတ်ပြီး ပြန်ဝင်ရင်ဖြစ်ပါတယ်"

"ဒါဖြင့် အဲဒီမြေကွက်ဆီ အရင်သွားကြည့်လိုက်ပါကွာ၊ မြေကွက်ရဲ့အကွက်အကွင်း အနေအထား ကြည့်ခဲ့ပြီး စိတ်ကူးလို့ ရတာပေါ့"

"ဟုတ်ကဲ့ပါ"

"အေး … သွား"

ကောင်းစစ်သွေးကထိုင်ရာမှ ထရပ်လိုက်စဉ် …

"အင်း … ဒါနဲ့ကွာ …"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းမြတ်က နဖူးစွန်းကို လက်ညှိုးနှင့်ကုတ်ခြစ် စဉ်းစားရင်း ...

"ခုတလော မင်းနဲ့သက်လယ် ပြဿနာတစ်ခုခုရှိလား"

"ခင်ဗျာ၊ ဘာပြဿနာမှ မရှိပါဘူး ခင်ဗျ"

"ဟုတ်လား၊ အေး ... ဒီကောင်မလေး ဂျစ်တိဂျစ်ကန်နဲ့ ခုတလော ဘာကိုအလိုမကျ ဖြစ်နေမှန်းမသိ ဖြစ်နေလို့၊ တွေ့ကရာလူ ဘုကျနေတာ၊ အဖေတောင်စက်ကွင်းမလွတ်ဘူး ဖြစ်နေပြီ"

တကယ်တော့ အဖေက စက်ကွင်းမလွတ်တာ မဟုတ်ပဲ ဒီကိစ္စကြီးက အဖေ့ကိုသာ ဦးတည်ဖြစ်ပွားနေတာဆိုတာ သူ ဘယ်လိုပြောရပါ့။

"အေး ... အေး၊ မင်းတို့ ပြဿနာမရှိရင် ပြီးတာပဲ"

"ဟုတ်ကဲ့ ... ခွင့်ပြုပါဦး အန်ကယ်"

"အေး ... သွား၊ သွား"

သား ... တဲ့။ ကောင်းစစ်သွေးက ရင်ထဲတောင် နွေးကနဲ ရှိန်းမြခဲ့ရပါသည်။

❥○❥





## ၃

ထမင်းစားခန်းထဲကို ဦးကောင်းမြတ် ဝင်လာတာမြင်လိုက်တာနှင့် သက်လယ်က ပန်းကန်ထဲ သုံးလေးလုပ်စာ ကျန်သေးသည့် ညစာထမင်းကို ဆက်မစားတော့ပဲ ဇွန်းကိုချကာ ရေဖန်ခွက်ကို ကောက်မော့ပြီး ထမင်းစားပွဲမှ ထ,ထွက်လိုက်ပါသည်။

သက်လယ်ရဲ့အပြုအမူကို ဒေါ်ရွှန်းအိတင်ကလည်း အံ့အား.သင့်နေကာ ဦးကောင်းမြတ်ကတော့ ထမင်းစားပွဲမှာ ဝင်ဆိုင်လိုက်ရာက မျက်မှောင်ကုတ်သွားရပြီး ...

"သမီး"

"........."

"ပြန်ထိုင်စမ်း"

ဦးကောင်းမြတ် အသံက တင်းနေသည်။ သက်လယ်ကလှည့်ထွက်မည့် ခြေလှမ်းကိုရပ်ကာ ပြန်တော့မထိုင်သေးပဲ ပေရပ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သက်လယ် ... ပြောစကား မကြားဘူးလား၊ ပြန်ထိုင်ခိုင်းနေတယ်လေ"

"သမီး ထမင်းပြီးပြီ"

"ဒီမှာ အများကြီးကျန်သေးတာ ဘယ်မှာပြီးလို့လဲ"

"ဗိုက်ပြည့်သွားပြီ"

"ဗိုက်ပြည့်လည်း ထမင်းစားကိုရပ်ပြီး ပြန်ထိုင်ဦး"

သက်လယ်က မျက်လုံးကို ကြမ်းပေါ်စိုက်ထားပါသည်။

"ထမင်းစားပွဲကို ဖအေတစ်ယောက်လုံး ဝင်ထိုင်လိုက်ကာမှ ထမင်းကို ရောက်တဲ့နေရာကရပ်ပြီး ထထွက်သွားတာ ဗိုက်ပြည့်လို့ ဟုတ်ကိုမဟုတ်ဘူး"

ဒေါ်ရွှန်းအိတင်က ခင်ပွန်းကိုတစ်လှည့် သမီးကိုတစ်လှည့်ကြည့်ရင်း ...

"သက်လယ်က ခုနကမှ စထရော်ဘယ်ရီလက်ဖျော်စားချင်တယ်ဆိုပြီး ဒေါ်ငယ့်ကို လုပ်ခိုင်းပြီးတော့ စားသေးတယ်၊ ရှင်အလာနဲ့ တိုက်ဆိုင်သွားတာပါ၊ တကယ်ဗိုက်ပြည့်တာနေပါလိမ့်မယ်"

"ဗိုက်တစ်ကယ်ပြည့်တယ်ပဲ ထားလိုက်တော့၊ ကဲ ... ပြန်ထိုင်၊ အဖေလာမှ ထ,ထွက်မသွားနဲ့"

"သမီး ပုံစံတစ်ခုထုတ်တာ လက်စသတ်ဖို့ ရှိသေးတယ်"





"မလုပ်နဲ့၊ နောက်မှလုပ်၊ အဲဒီလုပ်ငန်း ပျက်ရင်ပျက်သွားပစေ"

"........."

"သမီး ဒီလောက် ဖွတ်ပေပြီး ဆန့်ကျင်ပြောနေကတည်းက ရိုးရိုးသားသား ထ,ထွက်သွားတာ မဟုတ်တော့ဘူး၊ သေချာတယ်၊ အခုပြန်ထိုင် သက်လယ်"

"သမီးလေး ထိုင်လိုက်လေ"

"မင်း ဝင်မပြောနဲ့ ရွှန်းအိတင်"

သက်လယ်က ခုံမှာ ဝုန်းခနဲ ပြန်ထိုင်ချလိုက်ရင်း ...

"မေမေက ဖေဖေ့ဘက်ကနေ အကောင်းဝင်ပြောပေးတာပါ။ ဖေဖေ့စကားကို လိုက်နာခိုင်းတာပါ၊ အဲဒါ မေမေ့ကို ဖေဖေ ငေါက်စရာလိုလို့လား ဖေဖေ"

ဦးကောင်းမြတ်က မျက်မှောင်ကြုတ်သွားပါသည်။ ...်ထဲက ဇွန်းခက်ရင်းကိုင်လက်စကို ထမင်းပန်းကန်ထဲ ပြန်ချ ...

"နေပါဦး၊ ငေါက်စရာလိုမလို သမီးက ဖေဖေ့ကို ပြန်ဝေဖန်ရအောင် ညည်း အခု ဘာဖြစ်နေတာလဲ၊ တစ်ခုခုကို ဖြစ်နေတယ်၊ ကြာပြီ သတိထားကြည့်နေတာ၊ ဘာမှမပြောချင်သေးလို့ မပြောတာကို ဘာမှမသိလို့ မရိပ်မိလို့မထင်နဲ့၊ အချိုးကတစ်မျိုးဖြစ်နေတယ်၊ အဲဒါ ဘာဖြစ်နေတာလဲ"

"........."



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ခွင်မှာ အပေါင်းအသင်း မိတ်ဆွေကြားမှာ ပြဿနာ တစ်ခုခုရှိလို့ စိတ်မကြည်မသာ ဖြစ်နေတယ်လို့ ထင်ခဲ့ တယ်၊ ဒါကြောင့် ဘယ်နေ့ပြီးသွားမလဲ စောင့်နေတာ အရွယ်ရောက်နေတဲ့သမီးမို့ ကိုယ်ရေးကိုယ်တာ စိတ်အခန့် မသင့်မှုအထိ မပါတော့ပါဘူးဆိုပြီး မစွက်ဖက်ပဲ ကြည့် နေတာ၊ ဖြစ်နေမှန်းမသိလို့ မထင်နဲ့ သက်လယ် ...

အခုက ပြီးပျောက်မသွားပဲ တစ်ရက်ထက်တစ်ရက် ပိုဆိုးလာတယ်၊ မျက်နှာထားက စပြောင်းကာစက မသ မသာ၊ ဘာမှမပြောတော့ တဖြည်းဖြည်း ပိုအတင့်ရဲရဲလာ ပြီး တစ်နေ့တခြား ပိုပြီးရုစ်ခေါက်ချိုး ဖြစ်လာတယ် ဒီအိမ်မှာ သားသမီး မျက်နှာရိပ် မျက်နှာကဲလေး ကြည့် ကျက်ပြီးနေရမယ့်ခေတ် မရောက်သေးဘူး၊ ရှင်းတယ်နော် လုပ်ထားတဲ့ရုပ်ကို ပြုပြင်လိုက်"

သက်လယ် မျက်ရည်ရစ်ဝဲလာသည်။ ခေါင်းကိုတော့ ငုံ့ချထားပါသည်။ မေမေက နံဘေးကနေ ပေါင်ကို တို့ကာ ကာ ...

"သမီးလေး ပြုံးပြုံးလေးနေလိုက် ပြင်လိုက်စမ်း"

"မေမေကလည်း ပြုံးနေစရာ ဘာအကြောင်းရှိလို့လဲ၊ ဘယ် အရာက ပြုံးချင်စရာ ဖြစ်နေလို့ ပြုံးရမှာလဲ"

"ရွှန်းအိ ... မင်း ဘာမှဝင်မပြောစမ်းနဲ့။ မင်းသမီးအခု က ဟုတ်ကိုမဟုတ်ဘူး၊ မသိချင်ယောင်ဆောင်နေလို့ မ





တော့ဘူး၊ ငါ မပြောချင်လို့ ကြည့်နေတာ၊ ဒီမှာ သက် လယ်၊ သားသမီးဆိုတာ မိဘအပေါ် ဆိုးလို့ နွဲ့လို့ ချွဲလို့ ရတယ်၊ လူပါးဝလို့ မရဘူး၊ ဒါကို ညည်းကောင်းကောင်း နားလည်ထား"

သက်လယ်က ဖေဖေ့ကို ခပ်ရွှးရွှးလေး ကြည့်လိုက် ပါသည်။

"ကဲ ... ဘာလဲ ပြော၊ ဘာပြောချင်နေလဲ"

"သက်လယ် မှားပါတယ် ဖေဖေ၊ ဖေဖေ ... မှန်ပါ တယ်"

"ဘာ"

ဦးကောင်းမြတ်က စားပွဲကို ဝုန်းခနဲ လက်ဝါးနှင့် ပုတ်ပစ်လိုက်ရင်း ...

"အဲဒါကကော ဘာစကားလဲ၊ ဘာစကားလဲဟင်၊ ဖအေကို မှန်ပါတယ် ပြန်ပြောတဲ့ လေသံရော မျက်နှာထားရောက မထီတရီနဲ့ အရွဲ့တိုက်နေတာ"

"ကဲပါ ... သမီးက တောင်းပန်နေတာ မဟုတ်လား"

"ဒါလား တောင်းပန်တာ၊ မင်း ဒါလေးတောင် မခွဲခြား တတ်ဘူးလား၊ မင်းဟာ ကိုယ်လိုချင်တာ ရနေရင် လောက ကြီးကို ဘာမှမလေ့လာ မစူးစမ်းတော့တဲ့မိန်းမ၊ မျက်စိ ပိတ် နားပိတ် ဖြစ်နေတာ၊ မင်းလိုချင်တာ ဖြစ်နေရရင် ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com



သက်လယ်သည် မေမေ့ကို ဖေဖေ အပြစ်တင် စကားပြောလျှင် နားထဲခါးသီးပြီး စိတ်ထဲမနေနိုင်အောင် အသည်း ယားယားလာပါသည်။ အပြင်မှာ အများကျူးလွန်နေတဲ့ ဖေဖေ မေမေ့ကို ဘာမှ ဝေဖန်ပြစ်တင်နေဖို့ မသင့်ဘူးလို့ ထင်မိသည်

"ဖေဖေ သမီးကိုဆူချင်ရင် သမီးကိုပဲဆူပါ၊ မေမေ့ကို အဆစ်ဆွဲထည့်ပြီး မဆူပါနဲ့၊ မေမေမှာ ဘာအပြစ်မှမရှိဘူ သူ့ဟာသူ အေးအေးဆေးဆေး နေနေတာပါ"

သက်လယ်က မျက်ရည်ကိုသုတ်ရင်း အသံတုန်တု လေးနှင့် ပြောသည်။

"အဲဒီစကားတွေကိုက ဆန်းနေတာ၊ အရင်က အမေနဲ့အ ဘာတွေပြောနေနေ သမီး ဘယ်တုန်းက ဝင်ပါဖူးလို့ အခုက အရင်လောက်ပြောတာတောင် မဟုတ်ဘူး၊ ဒါမေ ပြောရုံနဲ့ အမေကို မပြောပါနဲ့ ... မပြောပါနဲ့ ဝင်ကာကွ နေတာက ဘာဖြစ်နေလို့လဲ"

"မေမေ့ကို သနားလို့ပါ"

"သူက ဘာဖြစ်နေလို့လဲ"

"မေမေက ဖေဖေ ထားရာနေ စေရာသွားတဲ့ မိန်းမပဲမဟု လား ဖေဖေ၊ ဖေဖေ့ကို ဘယ်တုန်းက ဆန့်ကျင်ဖူးလို့ ဖေဖေ့ကို ဘယ်တုန်းကရော လေသံမာမာ ပြန်ပြောဖူး လဲ၊ သူ့ဟာသူ အိမ်ထဲမှာ ငြိမ်ငြိမ်ကလေး နေနေတဲ့အ ရှင်မတစ်ယောက်ပါ၊ အဲဒါကို ဖေဖေက မျက်စိပိတ်တ





နားပိတ်တယ် နှိမ်ပြောနေတော့ မေမေ့ကို သက်လယ်သနားတယ်၊ မေမေ အိမ်ထဲမှာ မျက်စိပိတ် နားပိတ်နေနေတာ ဖေဖေ တကယ်ပဲ မကြိုက်ရင် ကုမ္ပဏီမှာ ရုံးလိုက်ထိုင်ခိုင်းရင်ရတာပဲ၊ ဖေဖေက မေမေ့ကို ဖေဖေ့နောက်က တကောက်ကောက်ကပ်လိုက်ပြီး အပြင်လောကထဲ ထွက်စေချင်စိတ် ရှိလို့လား"

သက်လယ် အမေးကြောင့် ဦးကောင်းမြတ်ရဲ့မျက်ခုံးတွေက ခပ်တင်းတင်း ပိုကုပ်ကျသွားရင်း ခေါင်းကို ခပ်ဖြည်းဖြည်း တစ်ချက်ချင်းညိတ်ကာ ...

"သက်လယ် ... ညည်းမှာ ခံစားချက်တစ်ခုခုကို ရှိနေပြီ၊ အဲဒါဘာလဲ"

သက်လယ်က နှုတ်ခမ်းလေးနှစ်လွှာကို စေ့၍ပိတ်ထားလိုက်ပါသည်။ တကယ်ပဲ သက်လယ် အဖြေကို ဖေဖေကြားရဲ့လို့လား ဖေဖေရယ်။

"အဲဒါဘာလဲ ဖေဖေ သေသေချာချာ မသိပေမယ့် သမီးကို ပြောချင်တာက အခြေအနေ အဖြစ်အပျက် အရပ်ရပ်ကို မင်းထိုင်နေတဲ့ နေရာကနေပဲ ရှုထောင့်တစ်မျိုးတည်း ကြည့်မနေနဲ့၊ အဖြစ်အပျက်တိုင်းမှာ Behind the scene ဆိုတာ ရှိသေးတယ်၊ မင်းမသိသေးတဲ့ ကန့်လန့်ကာရဲ့ နောက်ကွယ်အဖြစ်အပျက်တွေ ရှိနေတတ်သေးတယ်ဆိုတာ မြဲမြဲသဘောပေါက်ထား"



www.burmeseclassic.com

www.burmeseclassic.com



"သက်လယ် ... သမီး၊ တော်တော့ ဖေဖေ စိတ်တိုလာမယ်"

မေမေဟာ ဘာကြောင့် အမြဲ ဖေဖေ့ကို ရင်ဆိုင်ခြင်း မပြုတာပါလဲ။ ချစ်တာလား ကြောက်တာလား။ သက်လယ်နား မလည်။ ဖေဖေ ပေါက်ကွဲလာတဲ့အဆင့်ကို မရောက်စေပဲ အမြဲ အလျှော့ပေး လေချိုသွေးတာဟာ မေမေ တော်တာလား။ ဖေဖေ ပြောတဲ့ စကားကိုလည်း အဓိပ္ပာယ်ပေါ်အောင် ဝေခွဲရင်း မေမေ့ရဲ့ထိန်းချုပ်နိုင်စွမ်းကိုလည်း အံ့သြရင်း သက်လယ် ဝမ်းနည်းနေခဲ့မိသည်။





သက်လယ်သည် ဘာမှရယ်သာမဟုတ်တယ် သူ့အမြဲ ခပ်ရှိန်ရှိန် ဖြစ်နေရသည့် ယောက္ခမလောင်းရဲ့လှုပ်ရှားမှုများကို မလှမ်းမကမ်းကနေ မမိုတ်မသုန် လိုက်အကဲခတ်နေမိသည်။ ဒေါ်ခင်ထားထွေး မျက်နှာဟာ ကောင်းစစ်သွေးရဲ့မျက်နှာလို အမြဲကြည်လင်သန့်စင်မနေပဲ အမြဲလို တစ်စုံတစ်ရာက မျက်နှာရေ့ကာဆီးပြီး ကွယ်ထားသလို ဖြစ်နေတာ ဘာကြောင့်များလဲ။

ကောင်းရဲ့မျက်နှာဟာ သူ့ကိုလှမ်းကြည့်တဲ့သူထံကိုပါ အကြည်ဓာတ်ကူးဆက်စေသည်။ အဲသလောက်တောင် ကြည်လင်သည်။ သူ့အပြုံးကလည်း သူတစ်ပါးရဲ့စိတ်ကိုပါ ရွှင်ပျစေသည်။ ဘာမှပျော်စရာမဟုတ်တဲ့ အခြေအနေတစ်ခုမှာပင်လျှင် ကောင်းစစ်သွေးရဲ့မျက်နှာကို ကြည့်လိုက်ရင် သူ ပျော်နေတယ်ပဲ ထင်ရပါသည်။

သူ့အမေကတော့ ဆန့်ကျင်ဖက်။

ဒေါ်ခင်ထားထွေး မျက်နှာကိုကြည့်လိုက်လျှင် တစ်စုံတစ်ရာ စိတ်အနှောင့်အယှက်ဖြစ်ပြီး စိတ်ဖိစီးနေတယ်လို့ထင်ရ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ဒါမှမဟုတ် တစ်ခုခုကို အာရုံစူးစိုက် တွေးနေတယ်လို့လည်း ထင်ရပါသည်။ ငါများ သူ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် တစ်ခုခု လုပ်ထားမိလေသလားလို့ ဘောလူနေရထိုင်ရခက်စေမည့် မျက်နှာထား။

ဘယ်လိုများ အကြည်ဓာတ်မရှိတဲ့ မျက်နှာမှန်းမသိ။ သို့ပေမဲ့ လှတာကတော့ အင်မတန့်ကို လှတာပင်။ သူ့ကိုယ်ခန္ဓာကလေး ခပ်သေးသေးကွေးကွေးဟာ ခုအရွယ်ထိ မိုက်ချပ်ကြော့ရှင်း၍ တင်ပါးလေးဝိုင်းကားကားနှင့် မခို့တရို့ရှိတုန်းပင်။

ခြေလက်ကလေးတွေ သေးသွယ်၍ နုနယ်တုန်းပင်။ အသားက မေမေ့လောက်မဖြူပေမယ့် အရောင်ဝင်းသည်။ မျက်နှာပေါ်မှာ နှုတ်ခမ်းလေးကဝိုင်းဝိုင်း၊ မျက်လုံးလေးကဝိုင်းဝိုင်း။ ဝိုင်းစက်သော်လည်း ဝမ်းနည်းရိပ်သမ်းသည့် ငေးငိုင်ငိုင်မျက်ဝန်းများကို "နွားမျက်လုံး"လို့ သုံးနှုန်းကြတာ ကြားဖူးသည်။ သူဟာလည်း နွားရဲ့မျက်လုံးနှင့်ပဲ။

မျက်ခုံးလေးလည်း ဆွဲတင်ဆေးရေးထားသလို နက်စင်းကော့ပျံလျက် ပေါင်ကွပ်ထားတဲ့ မျက်နှာအခွံက အဝိုင်းမကျဘဲဥမကျ ပုံသဏ္ဌာန်ကျန လှပလွန်းသည်။ နဖူးစပ်က "ကကြီး" ပုံ ကွေးဝိုက်ကာ ဆံတံခွန်လေးက ရှိလိုက်သေး။

"သက်လယ်"

ရုတ်တရက် ကောင်းစစ်သွေးက အနားရောက်လာသည်။





"ယောက္ခမကြီးကို ဘာတွေ ဒီလောက်ငေးမောနေတာလဲ"

"အဟင်း ... ကောင်းရယ်၊ နင့်အမေကလှလို့ ငါကြည့်နေတာပါ"

"အနုစိတ်ခွဲခြမ်းစိတ်ဖြာ သုံးသပ်နေသလိုပဲ၊ ငါလည်း နင့်ကို လှမ်းကြည့်နေတာ၊ ငါ့အမေ ရွှေ့လျားရာနောက်လိုက်ပြီး တောက်လျှောက် ကြည့်နေတာတွေ့တယ်"

"နင်က အရမ်းထွားပြီး နင့်အမေက သေးသေးကွေးကွေးနဲ့ နတော့ မောင်နှမလောက်ပဲ ထင်ရတယ်၊ နင်က နင့်အမေနဲ့လည်း မတူဘူး"

"အဖေနဲ့တူတာ ဖြစ်မှာပေါ့ဟ"

"နင့်အဖေက နင့်အမေလောက် မလှမှာ သေချာတယ်"

"ဟင်း ဟင်း ... အေးဟ ဖြစ်နိုင်တယ်"

ကောင်းစစ်သွေးက ရယ်မောနေရင်းက သက်လယ်ကို အကဲခတ်ကာ ...

"သောကြာနေ့က နင်တို့မိန်းကလေးအုပ်စု ရုံးမှာဘာဖြစ်နေတာလဲ"

"ဪ ... ဘာမှမဖြစ်ပါဘူးဟာ၊ မိမိုကို ငါတို့နဲ့ထမင်းစားဖို့ တစ်ယောက်ပြီးတစ်ယောက် သွားခေါ်နေတာပါ"

"မိမိုက ဘာဖြစ်လို့လဲ"

"သူ့ဟာသူ တစ်ယောက်တည်း ထမင်းစားခန်းထဲအရင်သွားကြိုစားနေတာ သုံးလေးရက်ရှိပြီလေ၊ တစ်ခါတလေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ငါတို့စားတုန်း မစားပဲ နောက်မှ တစ်ယောက်တည်း သွားစားတယ်”

“ဘာဖြစ်လို့လဲ”

“ငါတို့တွေကို မျက်နှာချင်းမဆိုင်တာပေါ့ဟယ်၊ ဘယ်သူ့ကိုမှ စကားမပြောချင်ပဲ ရှောင်တာပေါ့၊ သူ့ဟာနဲ့သူ တစ်ယောက်တည်း မျက်နှာငယ်နေတာ”

“ဘာအတွက် မျက်နှာငယ်နေတာလဲ”

သက်လယ်က မျက်လွှာလေးချရင်း ...

“မိမိုအဖေလေ၊ နောက်အိမ်ထောင်ပြုသွားတယ်ဟယ်”

“ဟင် ... ဩော်”

“သနားပါတယ် ကောင်းရယ်၊ သူတို့အိမ်မှာက သူ့အဖေရယ်၊ သူရယ် နှစ်ယောက်ပဲ အလုပ်ရှိတာ၊ အောက်မှာ မောင်အငယ်နှစ်ယောက်တောင်ရှိတယ်၊ တစ်ယောက်က တက္ကသိုလ်ကျောင်းသား၊ တစ်ယောက်က ကိုးတန်းလေ”

“ဩော်”

“သူ့အမေကလည်း တအားရိုးတာတဲ့။ မချိုက မိမိတို့ မိသားစုနဲ့ခင်တယ်၊ မချိုအဖေနဲ့ မိမိုအဖေ တစ်ရုံးတည်းလေ၊ ခင်ကြတယ်၊ မိမိုအမေက ငိုငိုနေတော့ မချိုအမေက သွားအားပေးနေရတာ”

“မိမိုအဖေက သိပ်လည်းငယ်တော့မယ်မထင်ပါဘူး၊ တစ်ခါမြင်ဖူးတယ်ဟ”





“ငါးဆယ်တောင်ကျော်ပြီ”

“ယူသွားတဲ့ မိန်းမကကော”

“အသက်သုံးဆယ်တဲ့၊ အပျိုဟဲ့၊ မိမိုအဖေဆိုရင် ရုပ်ရည်ကလည်း သာမန်လောက်ပါပဲ၊ ဌာနတစ်ခုမှာ သာမန်အရာရှိဆိုတော့ လခလည်း ဒီလောက်ကြီး သူဌေးမဖြစ်လောက်ဘူး၊ ကလေးသုံးယောက်အဖေကြီးလည်းဖြစ်သေး၊ ဒီအသက်သုံးဆယ်မိန်းမဟာ ပိုက်ဆံလည်းမရှိ၊ ရုပ်ရည်လည်းမရှိတဲ့ အသက်ငါးဆယ်ကျော် ကလေးသုံးယောက်အဖေ အဘိုးကြီးကို ယူစရာရှားလို့ ယူတာလား ...

သူ့မှာ ဒီထက် ယူချင်စရာကောင်းတာ မရှိတော့ဘူးလားဟယ်၊ လူပျိုကြီးတို့ ဘာတို့ ယူတော့ ဘာဖြစ်သွားမှာလဲ၊ မလွတ်လပ်တဲ့လူကို ဘာကြောင့်ယူမို့ စိတ်ကူးဝင်နိုင်ရတာလဲ၊ သိပ်ချမ်းသာတဲ့ သူဌေးကြီးမို့ ကိုယ့်ဂုဏ်သိက္ခာပျက်စီးခံပြီး ငွေကိုချိုင်ချင်လို့ ယူတယ်ဆိုရင် အကြောင်းခိုင်လုံပါသေးတယ်ဟာ”

“ဝဋ်လည်း ပါတာပေါ့ သက်လယ်ရယ်”

“ဝဋ်ဆိုတာကို လက်မခံပါဘူး ကိုယ်မရှောင်နိုင်တာကိုပဲ အရင်ဘဝက မမြင်ရတဲ့ကိစ္စကို လွှဲချပြောနေကြတာ၊ မဟုတ်တာဖြစ်သွားရင် ကိုယ်လုပ်မိပါလားလို့ ကိုယ့်အပြစ်ကိုယ် မခံယူချင်တာနဲ့ ဝဋ်ကြွေးပါလို့ပါ ဆိုတာမျိုးပြော့ပြီး လျှောချတာမျိုးကို သိပ်ရွံတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကိစ္စတွေက တစ်ခါတလေ ဘာကြောင့် ဘယ်လိုဖြစ်သွားမှန်း မသိလောက်အောင် အမိုက်မှောင်ဖုံးပြီး ဘာမှမမြင်နိုင်ပဲ မှားယွင်းသွားတာမျိုးလည်း ရှိတယ်ဟာ၊ ကိုယ်လျှပ်ပေါ်လော်လီလို့ အကျင့်ပျက်လို့ မဟုတ်ဘဲ ဒါမျိုးကို အပြစ်ကြီးမှန်း ငရဲကြီးမှန်း သိသိနဲ့ကို ချောက်ထဲခုန်ဆင်းလိုက်သလို မှားယွင်းသွားတာမျိုး"

"အဓိပ္ပာယ်မရှိပါဘူးဟာ"

"ငါ နားလည်ထားတာကတော့ ဘယ်သူကမှ ငါကြီးလာရင် သူတစ်ပါး အသိုက်အမြုံ ဖျက်ဆီးမယ်၊ မလွတ်လပ်တဲ့ သူကိုယူမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကြီးပြင်းမလာပါဘူး သက်လယ်၊ ပတ်ဝန်းကျင်ရဲ့ စေ့ဆော်ချက် ရိုက်ခတ်ချက်တွေနဲ့ အတွေးအမြင်တွေ ခံစားချက်တွေ မှန်ထုမှားယွင်းပြီး ကံဆိုးမိုးမှောင်ကျသွားကြတာမျိုး အများကြီးရှိပါတယ်..."

နှင် ခုနပြောသလို သူဌေးကြီးမို့ သူ့အငယ်အနှောင်းဖြစ်လည်း ကိစ္စမရှိဘူး ခံမှာပဲဆိုတဲ့ဟာတွေကလည်း တစ်မျိုးပေါ့၊ တချို့တွေမှာတော့ နောက်ခံအကြောင်းရင်းတွေ စေ့ဆော်တဲ့ ရိုက်ခတ်မှုတွေက ရှိသေးတယ်ဟ"

"အို ... ဘာပဲဖြစ်ဖြစ်၊ ဘယ်လိုအကြောင်းကြောင့် ဖြစ်လာပါစေ သူတစ်ပါးအိမ်ထောင်ကိုဖျက်ဆီး၊ သူတစ်ပါးမိသားစုကိုဖြိုခွဲ၊ သူများလင်ယောက်ျား သူများအဖေကို အပိုင်ကြံရဲ





တဲ့ မိန်းမမျိုးတော့ နည်းနည်းကလေးမှ ခွင့်မလွှတ်ဘူးဟာ ရွံတယ်၊ အထင်သေးတယ်၊ ခြေနင်းဖတ်က မိန်းမတွေပဲလို့ ယူဆတယ်ဟာ"

"အေးပါဟာ၊ ဒါသလေး နည်းနည်းလျှော့ပါဦး သက်လယ်ရဲ့"

"နှင်က အကောင်းမြင်ပေးတာတော်လွန်းတယ်"

"ဘယ်သူ့မှာမဆို ကိုယ်မမြင်ရတဲ့ဘက်ခြမ်း ရှိတယ်လို့ ငါက ခံယူတယ် သက်လယ်၊ နှင် ဘယ်အရာဝတ္ထုကို ဘယ်နေရာကပဲကြည့်ကြည့် နှင်မမြင်ရပဲ ကွယ်နေတဲ့ Side ဆိုတာ ရှိတာပဲ။ လူတိုင်းမှာ ကိုယ်မမြင်နိုင်တဲ့ ပြဿနာ၊ ကိုယ်မသိနိုင်တဲ့ အခက်အခဲရှိမယ်လို့ သဘောပေါက်ထားတော့ နည်းနည်းဖြေသိမ့်ခွင့်လွှတ် တွေးပေးနိုင်တာပေါ့ဟာ"

"ကိုယ်မမြင်ရတဲ့ Side မှာ ညစ်ပတ်နံစော်တဲ့ အပုပ်အပွတွေ ဖြစ်နေနိုင်တာပဲလေ၊ ခွင့်မလွှတ်သင့်တဲ့ အခြေအနေတစ်ခုခုဟာ မမြင်နိုင်တဲ့ Side မှာ မြင်နေရတာတွေထက် ပိုဆိုးဝါးအကျင့်ပျက်တာတွေပဲလည်း ဖြစ်နေနိုင်တာပဲ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ငါက ယေဘုယျသဘောအနေနဲ့ ဖြေသိမ့်ခွင့်လွှတ်နိုင်ဖို့ ပြောတာပါလို့ ပြောပြီးပြီပဲ"

"ငါမှ ဒါမျိုးတွေကို မဖြေသိမ့်ချင်တာ၊ ခွင့်မလွှတ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ ... အင်းပါ၊ သက်လယ်ရယ်၊ ကဲ ... စိတ်ကို လျှော့လိုက်ပါတော့ဟာ၊ သူများကိစ္စနဲ့ ဒေါသမောဟတွေ မွေးမနေပါနဲ့၊ ပင်ပန်းပါတယ်"

"ငါလည်း လောလောဆယ် ဒီဝေဒနာကို ခံစားနေရတော့ မိမို့ကို သနားမိတယ် ကောင်း၊ မိမို့ဘဝဆို ပိုဆိုးသေးတယ်၊ ကျန်ခဲ့တဲ့ မိသားစုလေးယောက်စာ ဝန်ထုပ်ဝန်ပိုးက သူ့ ခေါင်းပေါ် ရောက်လာတာလေ၊ ချမ်းသာတာလည်းမဟုတ်၊ ဒီအရွယ်ကြီးရောက်မှ ဆင်ခြင်တိုင်းထွာဉာဏ် မရှိပဲနဲ့ တစ်ကိုယ်ကောင်း ကျင့်သွားရက်တဲ့ ဖအေမျိုးတွေလည်း အံ့သြတယ်ဟာ"

ကောင်းစစ်သွေးက သက်လယ် မျက်နှာလေးကို ကရုဏာနှင့် ငေးကြည့်နေသည်။

"သူများတွေ သူ့ကို ကြင်နာဖေးမပြီး ကိုယ်ချင်းစာစကား နှစ်သိမ့်စကားမျိုး ပြောကြမှာကို သူ ခံနိုင်ရည်မရှိရှာလို့ အားလုံးကို ရှောင်ဖယ်တာပေါ့ဟာ၊ ငါတို့ မိန်းကလေးအုပ်စု က ညီအစ်မတွေလို ဖြစ်နေတာပဲဟာ"

"နင် မိမို့ကို တော်တော်ကြာကြာ စကားသွားပြောနေတာ ဘာတွေပြောနေတာလဲ"

"ဪ ... မိမိရယ်လို့ ဒီလိုအပူသောကမျိုးကို နင်တစ် ယောက်တည်း ခံစားနေရတာလို့ မထင်ပါနဲ့လို့၊ ရှိကြပါ





တယ် ဖြစ်တတ်ကြပါတယ်လို့၊ နင်မသိတာပဲ ရှိပါတယ် လို့၊ ကိုယ်တစ်ယောက်တည်း ကံဆိုးနေတာထင်ပြီး စိတ် ဓာတ်မကျပါနဲ့လို့၊ အဲဒါမျိုးတွေပေါ့ဟာ"

"အာ ... နင်ကလည်း"

"ဘာလဲ"

"မိမိကတော့ နင်လည်း ဒါမျိုးအပူသောက ကြုံနေရလား ထင်မှာပေါ့"

"ကြုံနေတာပဲလေ"

"ကြုံနေရော လျှောက်ပြောနေစရာလား"

"လျှောက်ပြောမနေပေမယ့် စကားကြုံကြိုက်လာရင် မြှုံထား ဖို့ ဖုံးဖိထားဖို့ စိတ်ကူးကိုမရှိဘူး"

"အန်ကယ့်ဂုဏ်သိက္ခာ ထိခိုက်တာပေါ့ဟ"

"ဒီလုပ်ရပ် လုပ်နေတဲ့ လူတစ်ယောက်က ငါ့အဖေဖြစ်ဖြစ် နင့်အဖေဖြစ်ဖြစ် သူစိမ်းတစ်ယောက်ဖြစ်ဖြစ် ဂုဏ်သိက္ခာ ရှိလို့လား"

ကောင်းစစ်သွေးသည် အတော် နာကြည်းနေတဲ့ သက်လယ်ရဲ့ ရင်တွင်းဝေဒနာကို စေ့စေ့မြင်ရပါသည်။ လက်သင့် ခံနိုင်အောင် ဖြစ်နေတာပဲ။ ဆတ်ဆတ်ခါကို နာကျင်နေတာပဲ။

"သက်လယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"နင် အန်ကယ့်အမျိုးသမီး ဘယ်သူလဲဆိုတာ သိရရင် ဘာလုပ်မလဲ စဉ်းစားပြီးပြီလား"

"စဉ်းတော့ စဉ်းစားထားတာပဲ၊ ငါ သူ့ဆီသွားပြီး တောင်းပန်ကြည့်မယ်လို့"

သက်လယ် မျက်လုံးလေးတွေက ဖျပ်ဖျပ်တောက်လာကာ ...

"ငါရှိတဲ့ မိန်းမတစ်ယောက်ရဲ့ မျက်နှာကို တိုးလျှိုးတဲ့ အကြည့်နဲ့ ကြည့်ဦးမှာပါ၊ သာယာနေတဲ့ သူတစ်ပါးမိသားစု လေးတစ်စုကို မဖြိုခွဲဖို့ တောင်းပန်ကြည့်မှာပါ၊ သူက အပျိုကြီးဖြစ်နေရင်တောင် သူနဲ့ သူ့အဖေ သူ့အမေ သူ့ညီအစ်ကိုမောင်နှမဆိုတဲ့ မိသားစုတော့ ရှိခဲ့မှာပဲလေ၊ လူတိုင်းမှာ မိသားစုရှိတာပဲ၊ လူတိုင်းမှာ အဖေလည်းရှိတာပဲ ကောင်း ...

သူ့အဖေကို သူတစ်ပါး လုယက်သွားတဲ့အခါ သူ ဘယ်လိုခံစားရမလဲ ဆိုတာလေးတော့ ဆွေးနွေးပြီး မေးကြည့်ချင်သေးတယ်၊ တောင်းပန်ရင် ရလိမ့်မယ်လို့ မျှော်လင့်ထားတာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ နင်ပြောသလို ဝင်္ကြေးကြောင့် ကံဆိုးမိုးမှောင်ကြောင့် အမှားအပြစ်ကြီး ကျူးလွန်နေမိတာမျိုးဆိုရင် သတိသံဝေဂလေးများ ရလို ရငြားပေါ့ဟာ ...





ဒါမှမဟုတ် ဟိုးတစ်ခါ နင်ပြောသလို အလေးအနက် အရေးပါလာမယ့်ကိစ္စ မဟုတ်ပဲ အပျော်အပြက် ပေါ့ဆဆ ကိစ္စလောက်ဆိုရင်လည်း သူ ဘာလိုချင်လဲ ငါပေးလိုက်မယ်ဟာ၊ ငွေလိုချင်ရင်လည်း ငါ အများကြီးပေးနိုင်ပါတယ်၊ မေမေသာသိရင်လည်း လိုလိုချင်ချင်နဲ့ ငွေလိုသလောက်ကို ရက်ရက်ရောရော ပေးပစ်ချင်မှာပါ။ မေမေက ဖေဖေ့ကို သိပ်ချစ်တာ၊ ဖေဖေက ဘယ်တုန်းကမှ မေမေ့လောက် ပြန်မချစ်ပါဘူး၊ ငါ ငယ်ငယ်ကတည်းက သိခဲ့တယ်"

ကောင်းစစ်သွေးက သက်ပြင်းတစ်ချက်ရှိုက်ရင်း ...

"ငါ နင့်ကို ပြောစရာရှိတယ်"

"ဘာလဲဟင် ကောင်း"

"နင်ပြောသလိုပဲ၊ နင်ကိုငါ ထိန်ချန်မထားချင်ဘူးဟာ"

"မချန်နဲ့၊ ပြောစရာရှိတာ အားလုံးပြော၊ အကုန်ပြော"

"နောက်တနင်္ဂနွေကျရင် အန်ကယ်နဲ့သူ ချိန်းနေကြတယ်ဟ"

"ဟင် ...၊ နင် ဘယ်ကသိလဲ"

"အန်ကယ်က ငါ့ရှေ့မှာ ဖုန်းနဲ့ပြောနေတာ၊ သူကလှမ်းခေါ်တာ၊ အန်ကယ်က ငါ့ကိုထွက်မသွားခိုင်းတာနဲ့ ငါလည်း ပေထိုင်နေပြီး နားထောင်နေလိုက်မိတာ"

"ဒီမိန်းမမှန်း ဘယ်လိုသေချာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောစကားတွေရယ်။ အန်ကယ့် မျက်နှာထား လေသံတွေ ကြောင့်ရယ် သေချာတာဟ"

ကောင်းစစ်သွေးက အဲဒီနေ့က သူကြားခွင့်ရလိုက်တဲ့ ပြောစကားတွေကို သက်လယ်ကို ပြန်ပြောပြလိုက်ပါသည်။ သက်လယ်က အာရုံတစိုက် နားထောင်ပြီး ...

"ဒါဆို သေချာတာပဲဟ၊ သွားဆေးခန်းကလည်း ကိုနေအောင့်စကားနဲ့ ကိုက်ညီနေတယ်လေ၊ ဒါပေမဲ့ ဘယ်သွားဆေးခန်းလဲ နင် သိလို့လား"

"သိတော့ မသိဘူး"

"မသိရင် ဘယ်လိုလုပ်မှာလဲ"

"ငါ ကိုနေအောင့်ဆီ ဖုက်စ်နဲ့မေးလိုက်မလားလို့၊ တခြား အလုပ်ကိစ္စ ရီပို့တွေလည်း အသွားအပြန် ရှိနေတာပဲလေ"

သက်လယ် မျက်နှာလေးက ဝင်းသွားကာ လက်ဖျောက်လေးတစ်ချက် တီးလိုက်မိသေးပြီး ...

"အေး ... ဟုတ်တယ်၊ နင် ဒီတစ်ရက် နှစ်ရက်မှာ ရအောင်မေးလိုက်နော် ကောင်း"

"အေးပါ"

"ငါ ပြန်တော့မယ် ကောင်း၊ နင့်အမေလည်း အလုပ်တွေများနေတာ စကားလေး ဘာလေးတောင် မပြောရဘူးဟာ"





"မေမေက အဲဒီအတိုင်းပဲ၊ လူများတဲ့နေရာ တစ်နေရာရာ ပွဲလမ်းတစ်ခုခုဆိုရင် ဘယ်သူနဲ့မှ စကားထိုင်ပြောနေတယ်ရယ် မရှိဘူး၊ သူ့တစ်ယောက်တည်း ရှောင်တဖယ်ဖယ်နဲ့ ချောင်တိုးနေတာပဲ၊ ခုလည်း ကျောင်းမှာ ဝေယျာဝစ္စလာလုပ်ပေးတဲ့အဖွဲ့ ရှိရက်သားနဲ့ သူ့ဟာသူ အကုန်ထ,လုပ်နေတယ်၊ ဟင်းပွဲ ရေခဲမုန့်ပွဲကအစ သူ့ဟာသူ ဝင်ခပ်ထည့်လိုက်သေးတယ်၊ ဝေယျာဝစ္စလုပ်နေကျ အဖွဲ့ကတော့ သူတို့ကို မယုံလို့ စိတ်မချလို့လို့ ထင်တော့မှာပဲ တကယ်"

"အဟိဟိ ... အေး ... ဟုတ်ပါရဲ့၊ လာ ... ငါလည်း အဲဒီနား သွားနှုတ်ဆက်လိုက်ပြီး ပြန်တော့မယ်"

သက်လယ်နှင့် ကောင်းစစ်သွေးက ထိုင်နေရာမှ ထ,လိုက်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၆

သက်လယ်က လက်ကနာရီလေးကိုကြည့်ရင်း စိတ်စောခြင်းနှင့် ရင်တွေတဒိုင်းဒိုင်းပင် ခုန်နေပါသည်။

"ဆယ့်တစ်နာရီနော်"

"အေးပါဟ၊ ငါကိုယ်တိုင် နားနဲ့ကြားတာပါ"

"ဆယ့်တစ်နာရီဆိုရင် ဖေဖေတို့လည်း မထိုးခင် ဆယ်မိနစ်လောက် ရောက်မှာပဲ၊ ဒါမှ ရှေ့လူထွက်ရင် အချိန်မီအဆင်သင့် ဝင်နိုင်မှာလေ"

"အင်းလေ၊ ငါတို့လည်း အဲသလောက်တော့ ရောက်မှာပါ"

"ကောင်း ... ငါတို့ သူတို့ကို မဝင်ခင်တွေ့မလား၊ ပြန်ထွက်လာမှ တွေ့မလား"

"ပြန်ထွက်လာမှ တွေ့ပေါ့ဟာ၊ တွေ့ပြီဆိုတာနဲ့ ပေရှည်မယ့်ကိစ္စပဲ၊ ဖျတ်ခနဲ ပြီးဆုံးသွားမယ့်ကိစ္စမှ မဟုတ်တာ"

"အင်း"





"သူတို့ကိုတွေ့ရင်ကော နင် ဘယ်လိုပုံစံနဲ့ တွေ့မှာလဲ သက်လယ်"

သက်လယ်က စဉ်းစားနေပါသည်။

"မြင်ဖူးအောင်ကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် လူလုံးထွက်မပြပဲ နေမှာလား၊ နင်တည့်တည့်သွားတွေ့မလို့လား"

"ငါ ဘယ်လိုလုပ်ရမလဲဟင် ကောင်း"

"ဒီအမျိုးသမီးကို နင် မြင်ချင် တွေ့ချင်ပြီး စကားသွားပြောလို့ရအောင် လိပ်စာလေး ဘာလေးသိရင် ပြီးရောမဟုတ်လား"

"အင်းပေါ့"

"ဒါဖြင့် အန်ကယ့်ကို တည့်တည့်ကြီး သွားမတွေ့ပါနဲ့တော့လား သက်လယ်ရယ်၊ အန်ကယ် အရမ်းမျက်နှာပျက်ရမှာပေါ့၊ ငါပါတော့ ပိုဆိုးတယ်၊ ငါ အန်ကယ့်ကို ဒီလိုအခြေအနေနဲ့ မျက်နှာချင်း မဆိုင်ချင်ဘူး၊ တကယ်လို့များ နင်က တည့်တည့်ကြီး သွားတွေ့မှာဆိုရင်တော့ ငါကားမှာဖြစ်ဖြစ် ခပ်ဝေးဝေးမှာ နေခဲ့မယ်ဟာ"

"ဟွန်း ... နင်လည်း တော်တော်သတ္တိကောင်းတာပါလား ကောင်းရယ် ... ဟင် ! နာမည်က ကောင်းစစ်သွေးမို့သာပဲ"

"ငါနဲ့ ရင်ဆိုင်လိုက်ရရင် အန်ကယ် ငါ့ကို အရမ်းမျက်နှာပူမှာပေါ့ဟ၊ ငါတို့နှစ်ယောက်ကိစ္စ ကြားထဲမှာတောင်



www.burmeseclassic.com

www.burmeseclassic.com

ပြဿနာတက်သွားနိုင်တယ်၊ နင်ကသမီးမို့ ထားလိုက်တော့၊ ငါက အန်ကယ့်အမှားကိုဖမ်းခွင့် အရှက်ခွဲခွင့်မရှိဘူးလေဟာ"

သက်လယ်က ခေါင်းလေးကို ညိတ်လိုက်ပါသည်။

"အေးလေ ... ဟုတ်ပါတယ်၊ တည့်တည့်ကြီး စကားသွားပြောတာက အရှက်ခွဲရာလည်း ကျပါတယ်လေ၊ ဘာပဲဖြစ်ဖြစ် လူတွေကြားထဲမှာတော့ ဖေဖေ့ဂုဏ်သိက္ခာကို ငါ ထိန်းပေးရဦးမှာပေါ့ ကောင်းရယ်"

"အေး ... ဟုတ်တာပေါ့ဟာ၊ ဒီလိုတွေးတာ မှန်ပါတယ်၊ ဘာပဲဖြစ်ဖြစ် အန်ကယ့်ဂုဏ်သိက္ခာက ရှိသေးတယ်ဟ"

"ဒါဖြင့် ငါတို့ ဖေဖေတို့ မမြင်အောင် ချောင်းကြည့်ရုံပေါ့"

"အင်း ... ပြီးရင် ကားနောက်က နောက်ယောင်ခံလိုက်သွားပြီး စောင့်ကြည့်ရင် အဲဒီအမျိုးသမီးရဲ့နေရပ်လိပ်စာတို့ ဘာတို့ သိရမှာပေါ့၊ ဒါလောက်ဆိုရင် အဆင်ပြေတယ်မဟုတ်လား"

"အင်း ... အဆင်ပြေပါတယ်၊ နင်သာ မြန်မြန်မောင်း၊ ဆယ့်တစ်နာရီ ထိုးတော့မယ်"

"မီပါတယ်ဟ"

"နင့်မှာ ချော်တွင်းကုန်းမီးပွိုင့်ကတစ်ခါမိ ရွှေဂုံတိုင်မီးပွိုင့်ကလည်း ကျပ်သလားမမေးနဲ့ တစ်ခါမိ"





"သြော် ... သက်လယ်ရယ်၊ နင်တို့ ခုနစ်မိုင်ကနေ ပါရမီလမ်းဖြတ်ပြီး ကမ္ဘာအေးစေတီလမ်းဆီ ပြန်မလားလို့ နင်ဘယ်ကသွားချင်တာလဲ၊ လှည်းတန်းမီးပွိုင့်မိချင်တာလား"

"ပြည်လမ်းအတိုင်းလာ၊ အင်းလျားလမ်းကျမှ ထောင်တက်ပြီး ဓမ္မစေတီလမ်းကတစ်ဆင့် ရွှေဂုံတိုင်ကိုလာရင် ကားရှပ်ပိုသက်သာတယ်"

"မှားပါတယ် သက်လယ်ရယ်"

သက်လယ်သည် စိတ်စော တုန်လှုပ်မှုဇောနှင့် စိတ်မရှည်နိုင်အောင် ဖြစ်နေပါသည်။ သူတို့လာတဲ့ ဆေးခန်းကြီးအနီးအနားမှာလည်း ကားတွေက ကျပ်ပိတ်နေပြန်ကာ ဆေးခန်းကြီးရဲ့ ဝင်းခြံထဲက ကားပါကင်ရှိရာကိုဝင်ဖို့ ကွေ့ကောက်တန်းစီနေရပါသည်။

ထိုစဉ် ...

"ဟင် ... ဟို ... ဟိုမှာ ... ဖေဖေ့ကား"

တစ်ဖက်က အထွက်ပေါက်မှ မောင်းထွက်ကွေ့ချသွားတဲ့ ဦးကောင်းမြတ်ကားကို တွေ့လိုက်ရ၍ သက်လယ်က အရှုးအမူး အော်ဟစ်လိုက်ပါသည်။

"ဟာ ... ဟုတ်တယ်ဟ"

"ထွက်သွားပြီဟ၊ ပြန်သွားပြီ"

"ဘေးမှာ အမျိုးသမီးပါလား"

"ပါတယ်ဟ၊ ငါတွေ့လိုက်တယ်"


www.burmeseclassic.com

www.burmeseclassic.com



"ခုမှ ဆယ့်တစ်ထိုးဖို့ ငါးမိနစ်ပါဟာ"

"ဘာပဲဖြစ်ဖြစ်လေ၊ နင့်ကားကို ဒီအတန်းထဲက ထွက်တော့လေဟဲ့၊ လိုက်တော့လေ၊ ဟိုးမှာ လှမ်းတောင်လှမ်းနေပြီ"

"အေး ... အေး"

ကောင်းစစ်သွေးသည် ကွေ့ဝင်ဖို့ တန်းစီနေတဲ့ကားတန်းထဲမှ မရမက ကွေ့ပြီးထွက်ကာ လမ်းပေါ် ခက်ခက်ခဲခဲပြန်တက်ရသည်။ ကားကြောကလည်း အဆက်မပြတ် တရစပ်မို့ မနည်းဖြတ်ဝင်ရတာပါ။

"မြန်မြန် ... မြန်မြန်"

"အေးပါဟ"

"ဟဲ့ ... အမြန်ပါဆို"

"ကျွတ် ... အေး ... ရပြီ"

ကားက လမ်းပေါ်က ဘေးကြောထဲ ရောက်သွားတဲ့အခါ သက်လယ်သည် ဟိုမျှော်ဒီမျှော်ကြည့်ရင်း ...

"ဘယ်မှာလဲ၊ ဖေဖေ့ကား ဘယ်ရောက်သွားပြီလဲ"

"ဟိုးရှေ့မှာပါဟ"

ကောင်းစစ်သွေးက ဟိုးရှေ့ခပ်လှမ်းလှမ်းက မြင်နေရတဲ့ အနက်ရောင်ခေါင်မိုးမြင့်မြင့်ကို မှန်းပြီးလိုက်သွားရာ အနည်းငယ် နီးကပ်လာလျှင် ...

"ဟဲ့ ... ဒီကားက '၂-ဂ'ကြီး၊ ဖေဖေ့ကားက '၅-ခ'ကို"

"ဟာ ... ဟုတ်သား၊ ပြီးတော့ ဒါက Surf ဟ"





"ဟာ ... ဖေဖေ့ကား မရှိတော့ဘူးပေါ့"

"........."

"အာ ... နင် အူကြောင်ကြောင် လုပ်နေတာနဲ့လွတ်ပြီ၊ ကျွတ် ... တစ်ပတ်တောင် စောင့်လာပြီးမှ"

"နင်ကလည်းဟာ ကားတွေက ရှုပ်နေတာကိုး"

"နင်ကိုက မျက်စိမလျင်တာ၊ ဖေဖေ့ကား ထွက်သွားတာလည်း ငါပဲမြင်တယ်၊ နင် စောစောစီးစီးတွေ့ရင် မီတာပေါ့၊ ခုတော့ ငါသာမတွေ့ရင် သွားဆရာဝန်အခန်းနားကို ဘယ်နနာရီအထိ ပတ်ချောင်းနေရမယ် မသိဘူး"

ထူပူဒေါသကြီးနေသော သက်လယ်ကြောင့် ကောင်းစစ်သွေးလည်း စိတ်တွေညစ် ခေါင်းတွေရှုပ်လာပါသည်။ ရောက်ဘတ်ရာရာ ဆက်မောင်းနေမိတာမို့ ...

"နင် အခု ဒါဘယ်တွေမောင်းနေတာလဲ"

"ဟိုလေ ... ရှေ့မှာတွေ့လို့တွေ့ပြောပေါ့ဟာ"

"ဘယ်လိုလုပ်ပြီး တွေ့မှာလဲ၊ ဘယ်သွားမှန်းမှ မသိတာကို"

"........."

"နင် တကယ်စိတ်တိုဖို့ ကောင်းတယ်"

"ငါလည်း လိုက်တာပဲလေဟာ"

"ဘာမှအေးဘီ မစူးစမ်းဘူး၊ မမြင်ဘူး"

"........."

"နောက်တစ်ခါ ဒီအခွင့်အရေးမျိုးက ဘယ်ကရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကြဲဦးမှာပေါ့ သက်လယ်ရာ"

"ဘယ်လိုကြဲမှာလဲ၊ နင်ကလည်း ဖေဖေ့နား ရောက်နေဦးမှ ဟိုမိန်းမကလည်း ဖုန်းဆက်ချိန်းဦးမှ၊ ဒါမှ ချိန်းတဲ့နေရာ သိရနိုင်တာ၊ ဘယ်လိုလုပ်ပြီး ..."

"ဟား ... နင်လုပ်တာနဲ့ ငါ မေ့တော့မလို့"

"ဘာလဲ"

"အခု အန်ကယ်တို့က ကန်တော်ကြီး သွားနေတာဟ"

"ဟင်"

"ဟုတ်တယ်၊ ဒါကြောင့် အောက်ဘက်ကွေ့ဆင်းသွားတာ ပေါ့"

"ကန်တော်ကြီးကို !! "

သက်လယ် အသံလေးက အရှိန်လျော့သွားပါသည်။ ကောင်းစစ်သွေးက သက်လယ်ကို မျက်စောင်းပြန်ရှယ်ရင်း ...

"နင် အော်နေတာနဲ့ ခေါင်းတွေပူထူပြီး မေ့ကုန်တာ၊ ဆေးခန်းကအပြန် ကန်တော်ကြီးထဲက စာအုပ်ဈေးပွဲသွား မယ်လို့ပြောတယ်၊ ကန်တော်ကြီးကို လိုက်ရုံပဲ"

"ဟုတ်လား ... တကယ်နော်"

"တကယ်ပေါ့ဟ"

သက်လယ် မျက်နှာလေးက ဝင်းသွားပြီး ကောင်းစစ်သွေးပခုံးကို လက်သီးဆုပ်နှင့် ထုရင်း ထုရင်း ...

"အစကတော့ မပြောဘူး ... အဟင်း"





"နင်က အော်ဟစ်နေပြီးတော့"

"ဟိုနေ့ကလည်း ပြောပြတဲ့အထဲ မပါပါဘူး"

"ဒါက အရေးကြီးတဲ့ အဓိက သွားဆေးခန်းကိုပဲ ပြောမိ တာပေါ့ဟ"

"ဆေးခန်းကိုလည်း ဆယ့်တစ်နာရီချိန်းတာဆို"

"တကယ်ပါဟ၊ တိုကင်ယူထားတာလားတောင် အန်ကယ် က မေးသေးတယ်၊ ဒီကြားထဲရက်မှာ ရှေ့ကလူတွေ ကင် ဆယ်လ်လုပ်တာတွေရှိလို့ နောက်လူ ရှေ့တိုးသွားတာဖြစ် မှာပေါ့၊ ကိုနေအောင်ပြောတာ နာရီအတိအကျ တစ်ယောက် ကိုနာရီဝက် အချိန်ရတာတဲ့၊ ဆယ့်တစ်နာရီက တစ်ယောက် ဝင်ရင် နောက်တစ်ယောက်က ဆယ့်တစ်ခွဲ၊ အဲလို၊ အခု ရှေ့ကတစ်ယောက်ယောက်ပျက်လို့ အန်ကယ်တို့က ဆယ် နာရီခွဲ လာတာနေမယ်၊ ဒါကြောင့် ဆယ့်တစ်နာရီမှာပြန် တာပေါ့ ..."

နောက်မှ အချိန်ပြန်ပြင်တာတော့ ငါလည်း ဘယ် သိပါတော့မလဲ သက်လယ်ရာ၊ နင်ဟာလေ စိတ်တိုဖို့က အရင်ပဲ"

"နင့်ကို စိတ်မတိုပါဘူး ကောင်းရာ၊ ဒီကိစ္စအပေါ် ငါ အရမ်း Serious ဖြစ်နေလွန်းလို့ပါ"

သူတို့ကား ကန်တော်ကြီးဝင်းထဲ ရောက်လာပါ သည်။ ဈေးပွဲရှိ၍ လူတွေလည်း စည်ကားနေကာ ဈေး ဆိုင်ခန်း


www.burmeseclassic.com

www.burmeseclassic.com



တွေလည်း အစီအရီ။ ညာဘက်တစ်ကွေ့တစ်ပတ်လုံး စာအုပ်ဆိုင်ကလေးတွေက ဆိုင်ခန်းတောက်လျှောက်ဆောက်ကာ ဆိုင်ထွက်နေကြပါသည်။

"ကောင်း ... ကောင်း"

"ဘာလဲ ... တွေ့ပြီလား"

"တွေ့ပြီ ... ဟိုမှာ ဖေဖေ့ကား"

"ဘယ်မှာလဲ"

"ဟိုမှာ ... မှန်ပိတ်ပြီး ရပ်ထားတယ်၊ တွေ့လား ရပ်တဲ့နေရာလေးကိုက ချောင်ကျကျအကွေ့လေးမှာ၊ ရုတ်တရက်မြင်ဖို့ခက်တဲ့နေရာ"

"အော် ... အင်း ... တွေ့ပြီ"

"တွေ့လား၊ ခုလည်း ငါပဲမြင်ရတယ်၊ နင့်မျက်စိကိုက မလျင်တာ"

"ဟာ ... ငါက ကားမောင်းနေတာလေ"

"ကားမောင်းတဲ့လူက ဟိုဟိုဒီဒီ ပိုတောင် ကြည့်ရမှာပေါ့"

"ရော် ... နင်ကတော့လေ၊ ကားက မှန်ပိတ်ထားတယ်ဟ၊ လူမရှိဘူး၊ တစ်နေရာသွားနေတယ်၊ သူတို့စာအုပ်ဝယ်မယ်ပြောတယ်"

"စာအုပ်ဆိုင်တွေမှာ ရှိမှာပဲ"

"ငါ ကားရပ်လိုက်ဦးမယ်"





"ဖေဖေ့ကားကိုလည်း မြင်ရပြီး နည်းနည်းကွယ်တဲ့နေရာမှာရပ်၊ ဟိုကားကြီးနဲ့ ကွယ်ပြီးတော့ ရပ်လိုက်ပါလား"

ရေသန့်တံဆိပ်နှင့် ကားကြီးတစ်စီးနဲ့အောအကွယ်မှာ ကောင်းက ဝင်ရပ်လိုက်ပါသည်။ သက်လယ်က သူ့အိတ်ကိုဖွင့်ကာ နေကာမျက်မှန်ဆွဲထုတ်တပ်လိုက်၍ ကောင်းစစ်သွေးက ရယ်လည်းရယ်ချင် သနားလည်းသနားပြီး သက်လယ်ခေါင်းလေးကို ချစ်စနိုး လှမ်းပုတ်မိပါသည်။

သူရုပ်ဖျက်နေတဲ့သဘောကို ကောင်း ရိပ်မိ၍ သက်လယ်က ရက်ကိုးရက်ကန်းဖြစ်ရင်း ...

"မျက်မှန်နဲ့ဆိုတော့ ဖျတ်ခနဲမြင်ရင် မျက်နှာရှေ့ မည်းမည်းကြီးကွယ်နေတာနဲ့ သိပ်သတိမပြုမိဘူးပေါ့ဟ"

"ဒါပေမဲ့ နင်ကကျတော့ နေကာမျက်မှန်လည်း တပ်လိုက်ရော၊ နင်နဲ့အရမ်းလိုက် အရမ်းလှပြီး ပိုပြီးတော့လင်းလက်တောက်ပြောင်ပြီး ရုပ်ထွက်လာတာဆိုတော့ နင့်ကိုမသိတဲ့လူကတောင် ဘယ်ကရုပ်ရှင်မင်းသမီးလဲထင်ပြီး ပိုကြည့်တာခံရမှာ"

"သွားစမ်းပါ၊ အပိုတွေ"

ကောင်းစစ်သွေးက သူ့ချစ်သူလေးကို သူသနားနေမိပါသည်။ အဖေဖြစ်သူမှာ ဒီလိုကိစ္စမျိုး ရှိနေတာကို အမေမသိအောင်ဖုံးပြီး သူ့ဟာသူ လိုက်စုံစမ်း ထောက်လှမ်းနေတဲ့ ချစ်ရသူလေး။ သနားရာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ရှာချင်လား"

"လိုက်မရှာပါဘူး၊ နင်ပဲ ပက်ပင်းတိုးရင် မကောင်းဘူးဆို၊ ဒီမှာပြဿနာတက်ရင် ဆေးခန်းထက်တောင် လူတွေများသေးတယ်၊ လိုက်ရှာရင်နဲ့ တည့်တည့်ကြီး ရင်ဆိုင်တိုးနေတော့ ဘယ်လိုလုပ်မလဲ၊ ဒီကနေ နီးနီးလေးပဲဟာ၊ သူတို့ကားနား ရောက်လာရင် ထင်းထင်းကြီး မြင်နေရတာ၊ အဲဒီမိန်းမရုပ်ကိုလည်း မြင်ရမယ်လေ၊ ဖေဖေတို့ကားထွက်မှ ခွာလိုက်သွားကြတာပေါ့"

"ပြီးရော ... နင် စိတ်ချမ်းသာတာ အားလုံး လုပ်ပေးမယ်"

သက်လယ်က ကောင်းကို ချစ်မျက်စောင်းလေးတစ်ချက် ပြုံးပြုံးလေး ထိုးလိုက်ပါသည်။ သိပ်ကြာကြာကြီး သူတို့မစောင့်လိုက်ရ။ ဆယ်မိနစ်လောက်သာ စောင့်လိုက်ရပါသည်။ စာအုပ်ဆိုင်လေးတွေရှိတဲ့ ကုန်းပေါ်မှာ ဦးကောင်းမြတ်ကို တွေ့လိုက်ရသည်နှင့် သက်လယ်က ကားနံဘေးဆင်းရပ်နေရာမှ ဘားကရေသန့်ကားကို ကွယ်ပုပြီး ချောင်းကြည့်လိုက်သည်။

ကောင်းစစ်သွေးကလည်း သက်လယ်အတိုင်း ဒူးကိုညွတ် ကိုယ်ကိုပုကာ ကားကိုယ်ထည်နှင့်ကွယ်ပြီး ဦးကောင်းမြတ်ရယ်၊ သူ့နောက်က ပါလာသည့် အမျိုးသမီးရယ်ကို ကြည့်လိုက်ကြပါသည်။ ကုန်းမြင့်လေးဆီမှ ကားလမ်းဘက်ကိုဆင်းဖို့





တက်ဖို့ သစ်သားယာယီလှေကားခုံလေးတွေချထားတာမို့ ဦးကောင်းမြတ်က သူဦးစွာဆင်းပြီးလျှင် နောက်ကအမျိုးသမီးကို လက်ကမ်းပေးလိုက်ပါသည်။

အမျိုးသမီးက ဦးကောင်းမြတ်လက်ကို အပေါ်မှ လှမ်းကိုင်ဆုပ်ယူ အားပြုကာ လှေကားထစ်လေးတွေကို ဆင်းသည်။

"ဟင်"

"ဟယ်"

သက်လယ်နှင့် ကောင်းစစ်သွေးထံမှ အာမေဍိတ်သံတို့က ကျယ်ကျယ်လွင့်လွင့်ကြီးပင် ထွက်ပေါ်လာကာ ကောင်းသည် ဒူးညွတ်ရပ်နေရာမှ ဝုန်းခနဲ မတ်လိုက်သည်။ ကောင်းစစ်သွေးရဲ့ မျက်နှာဟာ ကိုယ်ထဲကသွေးတွေကို ပိုက်တစ်ချောင်းနှင့် စုတ်ထုပ်လိုက်သလို သွေးဆုတ်ဖြူဖျော့ကျသွားကာ မျက်နှာပျက်သွားလိုက်သည်မှာ မကြည့်ရက်ချင်စရာတောင် ဖြစ်သွားပါသည်။

ကောင်းထံ ပါးစပ်အဟောင်းသား လှည့်ကြည့်လိုက်မိတဲ့ သက်လယ်သည် ရင်ထဲက နှလုံးသားတစ်အုံလုံး ပြုန်းခနဲ လည်ချောင်းမှထွက်အံ့ မြေပေါ်ပြုတ်ကျသွားသလို နာကျင်ခါးအန်မှုံတက်ကာ ရင်တစ်ခွင်လုံး ဟာလုပ်၍ အသက်ကင်းမဲ့သွားသလို ဖြစ်သွားရလေရာ ကောင်းစစ်သွေးကို တားမမီလိုက်ရ။

"ကောင်း"



www.burmeseclassic.com

www.burmeseclassic.com



သတိဝင်မှ ဝုန်းခနဲ ပြေးထွက်သွားတဲ့ ကောင်းစစ်သွေးနောက်က ခေါ်ရင်း ပြေးလိုက်မိသည်။ ကောင်းစစ်သွေးသည် ဦးကောင်းမြတ်ရဲ့ကားဦးရှေ့ ခြေခွဲရပ်၍ လက်သီးကျစ်ကျစ်ဆုပ်ပြီးရပ်ကာ ...

"မေမေ"

အော်ဟစ်လိုက်သံဟာ ပလုံးပထွေး အက်ကွဲခြောက်သွေ့လျက်။ သက်လယ်သည် ရက်လွန်း ကြောက်လွန်း နာကြည်းလွန်းသည့် ခံစားချက်နှင့်ပင် ပုလဲခွေခေါက် အသက်ပျောက်မတတ်ဖြစ်ကာ ကောင်းရဲ့နောက်နား မလှမ်းမကမ်းမှာရပ်၍ မျက်လုံးသာဖော်ပြီး မျက်နှာကို လက်ဝါးနှင့်အုပ်ထားမိပါသည်။ နေကာမျက်မှန်တွေ ဘာတွေတောင် ဘယ်ပြုတ်ပျက်ကျခဲ့ပြီ မသိတော့။

လူနှင့်သတိ လွတ်မသွားအောင်ပင် မနည်းထိန်းနေရပါသည်။

အလန့်တကြား လှမ်းကြည့်ပြီး အကြီးအကျယ်မျက်နှာပျက်သွားကြသည့် လူကြီးနှစ်ဦးဟာ ရောက်ရာအရပ်မှာ ခြေစုံရပ်ပြီး ရှေ့ဆက်တိုးမလာ။ ဒေါ်ခင်ထားထွေးသည် တဆတ်ဆတ် တုန်မတတ် ဖြစ်နေသည်။

"ထား ... ထား ... သတိထား၊ စိတ်လျှော့လိုက်"

ကောင်းစစ်သွေးသည် သူ့အမေကို သတိပေးလိုက်သော ဦးကောင်းမြတ်ကို နာနာကျင်ကျင် ကြည့်လိုက်မိပြီးမှ ချာ





ခနဲ အကြည့်လွှဲဖယ်လိုက်သည်။ သူ့ကိုအပြစ်မပြောလိုတော့ပါဘူး။ သူက ဘာပဲဖြစ်ဖြစ် ယောကျ်ားတစ်ယောက်။ ဒီကိစ္စမျိုးမှာ ဒ်ဘ်အလိုလိုက်တဲ့ ဒီလူဟာ တကယ်တော့ (ယောက္ခမလောင်းဆိုပေမယ့်) ကိုယ်နဲ့ဘာမှမဆိုင်။

ဒီဘက်က ကြေရာပါကတော့ သူ့အမေတော်စပ်တာဆေး။ ပြီးတော့ ရွှေပေးမရတဲ့ ဣန္ဒြေသိက္ခာမျိုး ရှိတယ်လို့ သူသိထားတဲ့ "မိန်းမ"တစ်ယောက်လည်း ဖြစ်သည်လေ။

"မေမေ"

ကောင်းစစ်သွေး အသံက ပိုပြီးကြေကွဲထိနိုက်မှုပြင်းထန်လာကာ တုန်ယင်နေလျက် မျက်လုံးအစုံမှာလည်း မျက်ရည်တွေ ရစ်ဝိုင်းတက်လာသည်။ ရက်သည်။ ဘာမှမမေးရမဖြေရသေးသော်လည်း ဤလူကြီးနှစ်ဦး ခြေစုံရပ်နေကြပုံမှာပင် အပြစ်ရှိသည့် သရုပ်သကန်ကို ဖော်ပြနေကြသည် မဟုတ်လား။

"မေမေ ဘယ်လိုဖြစ်တာလဲ၊ ဒါ ဘယ်လိုဖြစ်တာလဲ"

"ကောင်းစစ်သွေး ... မင်းစိတ်ကို အေးအေး ..."

"အန်ကယ် ... ကျွန်တော့်ကို ဘာမှမပြောပါနဲ့၊ သက်လယ်ရဲ့အဖေကို ကျွန်တော် မရိုင်းပျချင်ပါဘူး၊ ကျွန်တော့်အမေကိုပဲ ကျွန်တော် စကားပြောပါရစေ၊ ကျွန်တော့်အမေဆီကစကား ကျွန်တော် ကြားချင်နေတာပါ"

ကောင်းစစ်သွေး ဦးကောင်းမြတ်ကို လှည့်ပြောလိုက်တဲ့ စကားလုံးတွေက မရိုင်းပျပေမယ့် လေသံက မာကျောခက်



www.burmeseclassic.com

www.burmeseclassic.com



ထန်နေပါသည်။ ဦးကောင်းမြတ်က စိတ်ပျက်လက်ပျက် ခေါင်းတညိတ်ညိတ်ပြုကာ ငြိမ်သက်သွားပါသည်။

"မေမေ တစ်ခုခုပြော၊ ခုချက်ချင်းပြောဗျာ"

ဒေါခင်ထားထွေးက သားဖြစ်သူကို ညှိုးလျှစွာ စိုက်ကြည့်နေရာက ချွေးမလောင်း သက်လယ်ထံ ဖျတ်ခနဲအကြည့်တစ်ချက်ပြောင်းကာ နောက်ဆုံး မျက်လွှာကိုစိုက်ချထားလိုက်ရင်း...

"မေမေ့မှာ ဘာမှပြောစရာ မရှိပါဘူး သား"

"ဗျာ ... ဘာမှပြောစရာမရှိဘူး၊ အကြောင်းပြချက်လေး တစ်ခုခုတောင် မပေးနိုင်ဘူးလားဗျာ၊ ဒါမှမဟုတ်လည်း မင်းတို့ထင်သလို မဟုတ်ဘူးလို့ ..."

ကောင်းစစ်သွေး မျက်ဝန်းများက ပြူးကျယ်ကာ ဒေါသတကြီး အံကြိတ်ထားတဲ့ မေးရိုးများက အေးစက်မာခဲနေလျက် အသံကတော့ ပြောနေရင်းက ပြာအက် တိမ်ဝင်သွားသည်။

"ပြောပါဗျာ မေမေ၊ ကျွန်တော် စိတ်သက်သာရာရမယ့် စကားတစ်ခွန်းလောက် ပြောပါဗျာ"

"သား စိတ်သက်သာရာရမယ့်စကားမျိုး မေမေ့မှာပြောစရာ မရှိဘူး"

ဦးကောင်းမြတ်က လည်ချောင်းတစ်ချက်ရှင်းရင်း...

"ဒီမှာ ကောင်း"

"မပြောပါနဲ့ဗျာ"





ကောင်းစစ်သွေးက တူးတူးခါးခါး အော်ဟစ်လိုက်ပါသည်။ ဦးကောင်းမြတ်က နောက်နားက သက်လယ်ကို တစ်ချက်လှမ်းကြည့်ရင်း ...

"သမီး ... သမီးတို့နှစ်ယောက်လုံး ခုချိန်မှာ ခေါင်းအေးအေးထားလိုက်ပြီး ဒီကိစ္စကို နောင်သင့်တော်တဲ့ ..."

"ဟင့်အင်း"

သက်လယ်က စူးစူးဝါးဝါး အော်လိုက်ရင်း မျက်နှာပေါ် အုပ်ထားတဲ့ လက်တွေကိုဖယ်ကာ ပါးပြင်မှာ ပေကျံစိုရွှဲနေတဲ့ မျက်ရည်တွေကို ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်ပါသည်။

"ဖေဖေ့ကို မုန်းတယ်"

လည်ချောင်းကွဲမတတ် အော်ပစ်လိုက်သည်။ ဘေးဘတ်ဝန်းကျင်မှ လူတချို့က သိသိသာသာတချို့ မသိမသာတချို့ အကဲခတ် ရပ်ကြည့်ကြလျက်သား။ ဖေဖေ့ဂုဏ်သိက္ခာကို မထိခိုက်ပါစေနဲ့လို့ တည့်တည့်ရင်မဆိုင်ဖို့ ရည်ရွယ်ထားခဲ့တဲ့ သမီးပါ ဖေဖေ။ ခုကိစ္စကတော့ လူနတ်ဗြဟ္မာ သတ္တဝါ ဘယ်သူကြားကြားမှ မလျော့ကန်အောင် ရပ်ဆိုးပန်းပျက် နိုင်လွန်းတဲ့ အသည်းနာစရာကိစ္စကြီးမို့ပါ။

ကိုယ်လည်းမရှက်နိုင်၊ ကိုယ့်ဂုဏ်သိက္ခာလည်းမထိန်းနိုင်မှတော့ ဖေဖေ့ဂုဏ်သိက္ခာဆိုတာကိုလည်း ထိန်းဖို့သတိမရနိုင်တော့တာပါ။ အော်ဟစ်လိုက်ပြီးသည်နှင့် သက်လယ်က ချာခနဲလှည့်ပြေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သက်လယ်"

ကောင်းစစ်သွေးက ထက်ကြပ်မကွာ အတူကပ်လိုက်ပြေးပါလာပြီး သက်လယ်ကို လက်ဆွဲ၍ ကားပေါ်တံခါးဖွင့်တွန်းတင်လိုက်သည်။

"ဟင့်အင်း ... ဖယ် ... ဖယ် ... ကောင်း"

"တက် ... သက်လယ်"

"ဖယ်နော် ... ကောင်း၊ ငါ သွားတော့မယ်"

"နင်သွားမယ့်ဆီကို ဒီကားနဲ့ပဲသွား"

"ဟင့်အင်း ... ဟင့်အင်း ... ငါ ... ငါတစ်ယောက်တည်းပဲ"

သက်လယ်သည် ကားထဲကနံမှာ ထိုင်မိနေတဲ့အထိ ခေါင်းခါယမ်းငြင်းဆန်ကာ ဒက်ရှ်ဘုတ်မှာ နဖူးတိုက်ပြီး အကျယ်ကြီး ငိုကြွေးမိလေသည်။ တစ်ယောက်တည်း ဒီနေရာက ထွက်ပြေးသွားချင်တာ ဖြစ်ပေမယ့် လုပ်တောင်မလုပ်နိုင်အောင် ရုတ်တရက်အတွင်း လူကချိနဲ့ပျော့ခွေသွားလေပြီ။

"အား ... ဟား ဟား ဟား"

"သက်လယ်"

"သွား ... သွား ... နင့်ကိုလည်း ငါ့နားမှာ မနေစေချင်ဘူး"

"တိတ်ပါဟာ သက်လယ်"





"နင့်နားမှာလည်း ငါ မရှိချင်ဘူး၊ ငါ့နားလည်း မကပ်နဲ့၊ ရှက်လွန်းလို့ မျက်နှာကို ပုဆိန်နဲ့ ခုတ်ချလိုက်ချင်တယ်၊ အီး ဟီး ဟီး၊ မေမေရေ ..., ရှက်စရာကောင်းလိုက်တာ၊ မယုံဘူး မေမေရေ၊ ဘာတွေဖြစ်ကုန်မှန်းတောင် မသိတော့ဘူး ... အား ... ဟား"

ငိုလည်းငို စိတ်ရှိလက်ရှိလည်း အော်ဟစ်နေသော သက်လယ်ကြောင့် ကောင်းစစ်သွေးပါ မျက်ရည်တွေ ရစ်ဝိုင်းလာသည်။ ဟုတ်ပါသည်။ ရှက်ဖို့ကောင်းလှသည်မှာ ဒီကားကိုတောင် သစ်ပင်တစ်ပင်ထဲ ပြေးဝင်ဆောင့်တိုက် ပွဲချင်းပြီးပစ်လိုက်ချင်စိတ်ပေါက်တဲ့အထိပင်။ ကိုယ်တစ်ယောက်တည်းသာဆိုရင်တော့ ရှုးချင်စိတ်ကြောင့် ဤသို့လုပ်ဖြစ်မလားမသိ။

ဘေးမှာ သက်လယ်ပါလာတော့ ဒီလိုလုပ်ဖို့တော့ ဆန္ဒမရှိတော့ပါ။ ကိုယ့်အတွက် ကိုယ်ရှက်လှ နာကျင်လှ ယူကျုံးမရ ဒေါသဖြစ်လှပေမယ့် သက်လယ်ကိုတော့ ကိုယ့်ထက်ပိုပြီး သနားနေမိသည်။

တိတ်ပါသက်လယ်ရယ် ... တိတ်လိုက်ပါ။

ကားကိုမောင်းလာရင်း မျက်ဝန်းထဲ ပြည့်အိုင်လျှံလာတဲ့ မျက်ရည်တွေက ပါးပေါ်ပြုတ်ကျလာသည်။ မျက်စိအမြင်ဝေဝါးကာ စိတ်လှုပ်ရှားတာနဲ့ပါပေါင်းပြီး အန္တရာယ်ဖြစ်မှာစိုး၍ မျက်ရည်တွေကို သုတ်သုတ်ပစ်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဒီလိုဆိုးဆိုးဝါးဝါး ဖြစ်သွားရတာတဲ့လဲ။

"အီး ... ဟီး ... ရက်စက်လိုက်ကြတာ၊ ရက်စက်လိုက်ကြတာ"

"တိတ်ပါ သက်လယ်ရယ်"

"ဘယ်လိုလုပ် တိတ်မလဲ၊ နင့်ပါးစပ်ပိတ်ထား"

"နင် မောနေပါပြီဟာ"

"သေ ... သေ၊ ငါသေရင် သင်းတို့နှစ်ယောက်သတ်တာ၊ အီး ဟီး ဟီး"

"နင်တစ်ယောက်တည်း ခံစားနေရတယ် ထင်လို့လား၊ ငါလည်း ဘယ်လိုခံစားနေရမယ်ဆိုတာ နင် မတွေးကြည့်ဘူးလား"

"ဒါပေမဲ့ နင့်အမေကြောင့်"

"နင့်အဖေကြောင့်ရော မပါဘူးလား"

ကောင်းစစ်သွေးက သိပ်စိတ်မရှည်လှတော့ကာ ဆတ်ခနဲ ကုန်းအော်လိုက်လျှင် သက်လည်သည် လန့်သွားပုံရကာ ရုတ်တရက် ငိုသံတိတ်သွားပါသည်။ ပါးစပ်ဟကာ တရှိုက်ရှိုက်နှင့် ကောင်းဘက် စူးစူးရဲရဲ လှည့်ကြည့်သည်။

"ပြောလေ ... ငါ့အမေ တစ်ဖက်တည်းနဲ့ ဖြစ်လား"

"ဒါ ... ဒါ ... ဒါပေမဲ့ ... ဒါပေမဲ့ ..."





"ဘာဖြစ်လဲ ဒါပေမဲ့၊ ပြောလေ၊ ငါ့အမေက နင့်အဖေကို ရည်းစားစကား စ,ပြောတာ ဖြစ်မယ်လို့ နင်ထင်လို့လား၊ နင့်အဖေဘက်က စ,တာဖြစ်မှာပဲ မဟုတ်လို့လား"

ကောင်းလည်း စိတ်မထိန်းနိုင်တော့ပဲ သက်လယ်ကို မာမာကျောကျော ပြန်အော်ပြောဖြစ်လေတော့သည်။ တစ်ဖက်တည်းတီးလို့ မြည်သံထွက်တာမို့လား။ နှစ်ဦးနှစ်ဖက်လုံး ညီတူညီမျှ အမှားကိုယ်စီပဲ မဟုတ်လား။ ကောင်း ဖွတ်နင်းကန်အော်မှ သက်လယ်လည်း ဒါတွေကို ပြည့်တွေးမိလာပုံ ပေါ်ပါသည်။

အော်ဟစ်မငိုတော့ဘဲ ရှိုက်သံလေးနှင့်သာ တဟင့်ဟင့် ဖြစ်နေပါသည်။

"ဘယ်သူ့ ဘယ်သူကိုမှ တစ်ဖက်တည်း အပြစ်ပုံချလို့မရဘူး နားလည်လား၊ နင့်အဖေရော ငါ့အမေရော မကောင်းလို့ ဒီကိစ္စဖြစ်လာတာ၊ အတူတူပဲ၊ နင်ခံစားရသလောက် ငါလည်း ခံစားရတာပဲ၊ နင်ရင်နာသလို ငါလည်း ရင်နာတာပဲ နင့်ကို မိန်းကလေးမို့ ကိုယ်တောင် ဒီလောက်ခံစားနေရတာ နင်ဆို ပိုဝမ်းနည်း အားငယ်မှာပဲဆိုပြီး တိတ်ပါ တိတ်ပါနဲ့ ချော့နေတာ နားလည်လား၊ တကယ်လုပ်ချင်နေတာက သစ်ပင်ဖြစ်ဖြစ် ဓာတ်တိုင်ဖြစ်ဖြစ် ဝင်ကျုံးပြီး နှစ်လောင်းပြိုင် သေပစ်လိုက်ချင်စိတ် ပေါက်နေတာဆိုတာ နင် သဘောပေါက်ထားလိုက် ...



www.burmeseclassic.com

www.burmeseclassic.com



နင့်တစ်ယောက်တည်း အသည်းနှလုံးရှိသလို လာလုပ်မနေနဲ့၊ လူတိုင်း အသည်းနှလုံးရှိတယ်၊ ငါ့မှာလည်းပါတယ်၊ ငါလည်း အသည်းထဲက နာနေတယ် ဒါပဲ”

ကောင်းစစ်သွေးရဲ့ အော်ဟစ်ပေါက်ကွဲသံ အဆုံးမှာ သက်လယ်ထံက အသံတွေ တိတ်သွားရပါသည်။ ကယောင်ချောက်ချား ထူပူနေသော စိတ်ကိုလည်း အနည်းငယ် ဆောက်တည်လို့ရသွားပုံပေါ်ပါသည်။ ကားက အင်းလျားလမ်းထဲ ရောက်နေသည်ဖြစ်ရာ ...

“ကောင်း ... အင်းလျားကန်ပေါင်ကို ဝင်လိုက်”

ကောင်းစစ်သွေးက ဘာလုပ်မလို့လဲ ဘာလဲမမေးပါ။ ရိုးကွေ့ဝင်ချလိုက်ပါသည်။ ပိုက်ဆံပေးခြင်း ကားရပ်ခြင်းတွေ ပြုလုပ်ပြီးလျှင် ကားရဲ့ထိုင်ခုံကို လျှောချပစ်လိုက်ကာ ပက်လက်လှန်လှနီးပါး မှီချလိုက်ရင်း ကောင်းက မျက်စိအစုံကိုမှိတ်ထားလိုက်ပါသည်။ သက်လယ်က ကားပေါ်က ဆင်းလိုက်ပြီး ရေပြင်ကန်ပေါင်ဘက်ကို တစ်ယောက်တည်း လျှောက်ထွက်သွားသည်။

နှစ်ယောက်လုံးရဲ့ရင်ထဲ တစ်ယောက်တစ်မျိုး လောင်ကျွမ်းနေကာ ဘယ်လိုမှ ဆောက်တည်ရာ ဖြေသိမ့်ရာ မရနိုင်ပါ။ သက်လယ်သည် ကန်ပေါင်အပေါ်က ခုံတန်းလျားလေးတစ်ခုမှာ နေပူကျဲကျဲ အောက်ထဲထိုင်ရင်း ယူကျုံးမရနိုင်လွန်းကာ ရင်ဘတ်လေးကို ဖိထားမိပါသည်။ ရင်ဘတ်ရဲ့ ဟိုးအတွင်းထဲက နာနေသည်။





အတန်ကြာအောင် စိတ်နှင့် လူနှင့် သတိမကပ်ဘဲ ငြိမ်နေမိခိုက် ...

“သက်လယ်”

သက်လယ်က မော့ကြည့်လိုက်ပါသည်။

“ငါတို့ ဘယ်လိုဖြေရှင်းကြမလဲဟင်”

ကောင်းစစ်သွေး မျက်နှာက အရိုက်ပုတ်ခံထားရသလို ဒဏ်ရာရထားသူလို ဖြစ်နေသည်။ ဖျတ်ခနဲ တစ်ချက်ကြည့်ပြီးနောက် သက်လယ် ဆက်မကြည့်ရက်။ သက်လယ်ရဲ့ပါးပြင်ပေါ် စီးစွတ်နေတဲ့ မျက်ရည်စီးကြောင်းကိုလည်း ကောင်းက ခါးကိုင်း၍ လက်ချောင်းများနှင့် တို့သုတ်ပေးရန်ပြင်သည်။

သက်လယ်က ခေါင်းကိုယိမ်း၍ ရှောင်တိမ်းထွက်လိုက်ပါသည်။

“နင် ခုထိ နားမလည်သေးဘူးလား ကောင်း၊ သဘောမပေါက်သေးဘူးလား”

“ဘာကိုလဲ”

“ဖြေရှင်းစရာ ဆက်လုပ်စရာ နည်းလမ်းတွေက နှစ်သွယ်သုံးသွယ် ရွေးချယ်စရာ မရှိဘူး၊ တစ်နည်းပဲရှိတယ်”

သက်လယ်က ခုံတန်းကလေးမှ ထရပ်ကာ ကောင်းစစ်သွေးနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ပါသည်။ နှစ်ယောက်လုံးရဲ့မျက်နှာတွေဟာ နေအပူရှိန်ဒဏ်ကြောင့်ပါရော့ပြီး ရဲ့မဲ့မှုန်တေ



www.burmeseclassic.com

www.burmeseclassic.com



နေကြပါသည်။ မွန်းတည့်ချိန်ကြီး နေလုံးကြီးဟာ သူတို့ခေါင်း ရဲ့အပေါ်တည့်တည့်ကနေ ပူပြင်းလောင်မြိုက်နေတယ် မဟုတ်လား။

"နင်နဲ့ငါ လမ်းခွဲကြမယ် ကောင်း"

အားတင်းပြောလိုက်တဲ့ အသံသည် အစပိုင်းသုံးလုံးမှာ မာကျောနေပြီး တဖြည်းဖြည်း ပျော့တိမ်သွားလေသည်။

"ဘာ ... နင် ဒီစကားမျိုး ပြောနိုင်တယ်လား သက်လယ်"

"ဒါကလွဲရင် တခြားလုပ်စရာ မရှိတော့ဘူး ကောင်း"

သက်လယ် ပါးပေါ်တလိမ့်လိမ့်ကျလာသော မျက်ရည်ဥများကို ကောင်းက ငေးကြည့်နေမိပါသည်။

"ဒီတစ်နည်းပဲ ရှေ့ဆက်စရာရှိတယ်၊ နင်နဲ့ငါ လမ်းခွဲကြစို့၊ ငါတို့ရဲ့ဇာတ်လမ်းက ဒီနေ့ ဒီအချိန် ဒီနေရာမှာ ပြီးဆုံးခန်း တိုင်သွားပြီ"

"သက်လယ်"

"........."

"သက်လယ်"

"........."

"သက်လယ် ငါတို့ ခေါင်းအေးအေး ထားကြရအောင်ပါ"

"ဟင့်အင်း ... ခေါင်းအေးအေး မထားနိုင်ဘူး"

"နင် အရမ်းပင်ပန်းနေပြီ၊ စိတ်ကို အဲသလောက်အထိ ချုပ်နှောင်မပစ်ပါနဲ့ဟာ"





"နင်ကျတော့ရော မခံစားရလို့လား"

"ငါလည်း ခံစားရပါတယ်၊ ဒါပေမဲ့ ဒီကိစ္စက ငါတို့ ဘာတတ်နိုင်တဲ့ကိစ္စမို့လဲ၊ ငါတို့ပယောဂကြောင့် ဖြစ်ရတာမှ မဟုတ်တာ"

"မှန်းတယ် ... ငါ အရမ်းမုန်းတယ်"

သက်လယ်က ခါးခါးသီးသီး နာနာကြည်းကြည်း အော်ဟစ်လိုက်ပါသည်။

......... ......... ......... .........

......... ......... ......... .........

......... ......... ......... .........

......... ......... ......... .........

......... ......... ......... .........

......... ......... ......... .........

"နင့်ကို ဘယ်လောက်ချစ်ချစ် နင့်အမေကို ငါမုန်းတယ်၊ နင့်အမေကို ရွံတယ်၊ နင့်အမေကို ငါ ဘယ်တော့မှခွင့်မလွှတ်ဘူး သိလား၊ နင် မြဲမြဲမှတ်ထား"

သက်လယ်က စကားအဆုံးမှာ ကောင်းစစ်သွေးကို ချာခနဲ ကျောခိုင်းကာ ခွဲခွာသော ဆန့်ကျင်ခြေလှမ်းကို စ,တင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၇

တိုက်ရှေ့မှာ ကားကိုပါကင်ထိုးလိုက်ပြီးတဲ့နောက် ကောင်းစစ်သွေးက သွားကိုတင်းတင်းစေ့၍ စိတ်ကိုတင်းလိုက်ပါသည်။ လှမ်းမြင်နေရတဲ့ သူတို့အခန်းနေရာဆီ မော့ကြည့်လိုက်တော့ ဧည့်ခန်းမီးလင်းနေသေးတာ တွေ့ရသည်။

လုံခြုံရေးဝန်ထမ်းက လျှောက်လာကာ ...

"ပါကင်ဧရိယာထဲ တစ်ခါတည်း သွင်းလိုက်မလား အစ်ကို"

ကားကိုရပ်ရမှာက အမိုးအကာအောက်က ကိုယ့်အခန်းနံပါတ် ကိုယ်ထိုးထားသည့် ကိုယ့်အပိုင်နေရာကွက်လေးတွေမှာပင်။ ကောင်းစစ်သွေးက ပါကင်ထိုးရပ်ရမည့်နေရာမှန်မှာ မဟုတ်ဘဲ တိုက်ရှေ့ကွက်လပ်မှာ ရပ်လိုက်တာဖြစ်သည်။

"မသွင်းတော့ဘူးဗျာ၊ ခုပဲပြန်ဆင်းလာပြီး ပြန်ထွက်စရာရှိလို့ပါ"

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"





အချိန်က သန်းခေါင်။ ညဆယ့်နှစ်နာရီ။ မဆီမဆိုင် သန်းခေါင်ထက် ညဥ့်မနက်ဆိုတဲ့ ဆိုရိုးလေးက ခေါင်းထဲပေါ်လာသည်။ ဒီထက်တော့ အခြေအနေမဆိုးတော့ပါဘူးဆိုတဲ့ အဓိပ္ပာယ်ပင်။ တကယ်တော့ သူ့ဘဝဟာလည်း အခု "သန်းခေါင်" ညလယ်ထဲ ကျရောက်နေပါပြီ။ ဒီထက်ဆိုးတဲ့ အခြေအနေဆိုတာ ဘယ်မှာရှိတော့လို့လဲ။

သူ ဓာတ်လှေကားနှင့် တက်လာကာ သူတို့အထပ်မှာ ကလောင်ခနဲ ဓာတ်လှေကားရပ်တဲ့ ခေါင်းလောင်းသံနှင့်အတူ ောက်ရစ်ဒါကို ထွက်လိုက်လျှင် သူတို့အိမ်ခန်းတံခါး သော့ဖွင့်သံကို ကြားရပါသည်။ သူ့ကို ဝရန်တာကနေ ထွက်စောင့်ကြည့်နေ ာ ဖြစ်လိမ့်မည်။

ကားရပ်လိုက်ကတည်းက သူ ပြန်လာတာကိုသိပြီး ဓာတ်လှေကားသံ နားစွင့်နေကာ ဓာတ်လှေကားတံခါး ပွင့်သည်နှင့် ခန်းတံခါးကိုလည်း ဖွင့်နှင့်တာပင်။ တင်းမာထားသော်လည်း ျိုးကျေနေသည့်မျက်နှာနှင့် ကောင်းစစ်သွေးက အခန်းထဲလှမ်း င်လိုက်ပါသည်။ တံခါးစောင့်ဖွင့်နေတဲ့ မဝင်းမေက သော့ပြန် တ်ရန်ပြင်စဉ် ...

"တံခါးပြန်မပိတ်နဲ့ မမဝင်းမေ၊ ကျွန်တော် ပြန်ထွက်မှာ"

မဝင်းမေက မေမေ့ထံ လှမ်းကြည့်သည်။ ဧည့်ခန်းက ်ယောက်ထိုင်ဆိုဖာမှာ ထိုင်နေသော ဒေါ်ခင်ထားထွေးက ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုပြန်ထွက်မှာလဲ သား"

"ကျွန်တော် မေမေ့ကိုပြောဖို့ ဒီအစဉ်မရှိဘူး"

ဒေါ်ခင်ထားထွေး မျက်နှာက နဂိုကပင် ပျက်နေသည့်ကြားထဲ ပို၍ပျက်သွားရကာ ...

"ကိစ္စရှိလို့ ပြန်ထွက်ရမှာလား"

"ဟင့်အင်း၊ ထွက်သွားပြီးရင် ဒီအိမ်ကို ပြန်မလာတော့မှာ၊ ပြန်လာဖို့လည်း အစီအစဉ်မရှိတော့သလို ကျွန်တော်ဘယ်မှာရှိတယ် ဆိုတာလည်း မေမေ သိစရာမလိုတော့ပါဘူး"

"ဘာဖြစ်လို့ သိစရာမလိုတော့မှာလဲ၊ မင်း အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့ သား"

"မေမေရော မေမေ့ဘဝရဲ့ အစိတ်အပိုင်းတွေအတွက် ကျွန်တော့်ကို ထည့်တွက်တာ၊ ကျွန်တော့်မျက်နှာကိုထောက်တာ၊ ကျွန်တော်ကိုငဲ့ကွက်တာတွေ ရှိခဲ့လို့လား၊ မေမေ့လမ်း မေမေစိတ်ကြိုက် လျှောက်နေတာ ကျွန်တော် သိခွင့်ရခဲ့လို့လား"

"မေမေတို့ကိစ္စကို မင်း ခေါင်းထဲက ထုတ်လိုက်ပါ သား၊ တစ်နေ့တော့ ..."

"ဘယ်လိုလုပ် ခေါင်းထဲက ထုတ်မှာလဲဗျ"

ကောင်းစစ်သွေး အသံက ကြမ်းတမ်းမာကျောနေပါသည်။





"မထုတ်ဘူး၊ မမေ့ဘူး၊ ကျွန်တော့်မျက်နှာကိုဖျက်ပြီး ကျွန်တော့်ဂုဏ်သိက္ခာကို တစ်ပြားမှမကျန်အောင် ချိုးဖဲ့ပြီး ကျွန်တော့်ကို သူတစ်ပါးတဲ့တွေးခွက်ထဲနစ်အောင် လုပ်ရက်တာကို ခေါင်းထဲက ထုတ်ရမှာလား၊ မေမေ့ရဲ့နှလုံးသားကိစ္စအတွက် ကျွန်တော့်နှလုံးသားကို ချနင်းရက်လိုက်တာကို အံ့သြမဆုံးဘူးဗျာ ...

ဒါပေမဲ့ မေမေတို့ရဲ့နှလုံးသားကိစ္စက ညစ်ပတ်စုတ်ပွဲတဲ့ နှလုံးသားကိစ္စ၊ လူတကာကဲ့ရဲ့မယ့် ယုတ်ညံ့တဲ့နှလုံးသားကိစ္စ၊ ကျွန်တော်တို့ နှလုံးသားကိစ္စက ဖြူဖြူဖွေးဖွေး သန့်သန့်စင်စင်ပါ၊ မေမေ လဲပစ်ရက်တာကို အံ့သြတယ်"

"သား"

ဒေါ်ခင်ထားထွေးက မျက်ရည်များကို သုတ်ရင်း ...

"သားကို မေမေ ခုချိန်မှာ လုံးစေ့ပတ်စေ့တော့ ကျေနပ်လောက်အောင် နှစ်သိမ့်မှုမပေးနိုင်ပေမယ့် ..."

"တော်ပါပြီ၊ ကျွန်တော်ကလည်း ဘာမှမကြားချင်ပါဘူး မေမေ၊ ဘာမှလဲ ပြောနေစရာ မလိုပါဘူး၊ မိဘမကောင်း သားသမီးခေါင်းပေါ်ဗျာ၊ ကျွန်တော်ရော သက်လယ်ပါရင်ကွဲပက်လက်နဲ့ မျှော်လင့်ချက်တွေ စုတ်ပြတ်ကျိုးကျေကုန်ပြီ၊ ဒါကို ကြိုမတွေးနိုင်လောက်အောင် မေမေတို့ ဉာဏ်မနည်းပါဘူး၊ တမင်တကာ မငဲ့ကွက်တာပါ၊ ခုမှ ဘာမှ ပြောမနေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစစ်သွေးက ခြေလှမ်းကျဲနှင့် သူ့အခန်းထဲ သို့လှမ်းဝင်သွားကာ ဗီရိုခေါင်မိုးပေါ်က ခရီးဆောင်သေတ္တာကို လှမ်းယူသည်။ ဗီရိုကို ဆွဲဖွင့်ကာ အဝတ်အစားတချို့ ဖြစ်ကတတ်ဆန်း ဆွဲချထည့်လေလျှင် ...

"သား ... မင်း အိမ်ကထွက်သွားတာမျိုး မလုပ်ရဘူး"

"ကျွန်တော် မနေဘူး၊ ထွက်သွားမှာ"

"ဘာဖြစ်လို့ သွားရမှာလဲ"

ဒေါ်ခင်ထားထွေး အသံက မောဟိုက်သံပါနေသည်။ ရှိုက်သံအစွက်စွက်နှင့် အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေပါသည်။

"မသွားရဘူးလို့ ပြောနေတယ် မဟုတ်လား ကောင်း"

"ကျွန်တော် မနေချင်တော့ဘူး မေမေ၊ ကျွန်တော့်ဘက်က လည်း တွေးပါဦး"

"မင်းထွက်သွားတော့ လူတွေက ငါ့ကို ဘာပြောမလဲ"

"မေမေ့ကို ဘာမှမပြောအောင် ကျွန်တော်ကပဲ အနစ်နာခံပေးဦးဆိုတဲ့ သဘောလား၊ ဘယ်သူမှ ဘာမှပြောကြဦးမှာ မဟုတ်ပါဘူး၊ မေမေတို့က လူသိရှင်ကြား နေကြတာမှ မဟုတ်တာ၊ လူတွေမှ မသိတာ"

"ကောင်း ... မေမေ့မှာ အကြောင်းပြချက်တွေ ရှိပါတယ် သား"

ဒေါ်ခင်ထားထွေး အသံတွေက တဆတ်ဆတ် တုန်ယင်နေသည်။





"အဲဒီအကြောင်းပြချက်တွေကို မုန်းတယ် မေမေ"

"ကောင်း"

ဒေါ်ခင်ထားထွေးက ကောင်း အဝတ်တွေဆွဲထည့် ပြည့်ကာ ပိတ်လိုက်သော သေတ္တာကို လှမ်းဆွဲထားလိုက်ပါသည်။

"ကောင်း ... သား"

"မေမေ ... လွှတ်လိုက်ပါ၊ ကျွန်တော့်စိတ် ထွက်ပေါက် ရပါရစေ"

"မသွားပါနဲ့သား။ ဒီ ... ဒီကိစ္စကြောင့် သား အိမ်ပေါ်က ဆင်းသွားတယ်ဆိုရင် မေမေရင်ကျိုးလို့ သေမှာပေါ့ သား"

"အဲဒါကို မေမေ အစောကြီးကတည်းက ထည့်မတွေးထားဖူးလား၊ သက်လယ်အဖေနဲ့ မေမေ့ကြားမှာ ဒီလို Affairs မျိုး ရှိနေတယ်ဆိုတာသိရင် ကောင်းစစ်သွေးက ဘယ်လိုမှ မနေပဲ ကျေနပ်နေမယ်ထင်လို့လား၊ ဒီတိုင်း အိမ်မှာနေမြဲ တိုင်း ပျော်ပျော်ကြီး ထိုင်နေမယ် ထင်လို့လား"

ကောင်းစစ်သွေးက သေတ္တာကိုဆွဲကာ အခန်းထဲမှ ထွက်လာသည်။ ဒေါ်ခင်ထားထွေးသည် နာကျင်သောရင်တွေ ဖွင့်ထွက်မလိုဖြစ်ကာ ကောင်း၏သေတ္တာကို နောက်မှတကောက် ကောက် လိုက်ဆွဲရင်း ပါလာသည်။

"သား ... သား"

ကောင်းက အိမ်တံခါးဝမှာ တုံ့ခနဲ ရပ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ သိပ်ရက်စက်လွန်းအားကြီးတယ်၊ ကျွန်တော် တစ်သက်လုံး ထင်လာခဲ့တာ ငါ့အမေရဲ့ဘဝဟာ ငါပဲလို့၊ ခုတော့ မဟုတ်ဘူး၊ မေမေ့ဘဝက ကျွန်တော်မှ မဟုတ်တာ၊ မေမေက ကျွန်တော့်ကို မေမေ့ဘဝရဲ့ အပြင်ဘက်ကို ထုတ်ပစ်ထားတာ၊ လုံးဝထည့်မတွက်ထားတာလေ"

"အဲဒါ မဟုတ်ဘူး သား၊ မေမေ့ဘဝက သားပါပဲ"

"သက်လယ်ဆီမှာ သား ဘယ်လောက် အရှက်တကွဲ အကျိုးနည်း မျက်နှာပျက်ရမယ်၊ မျက်နှာငယ်ရမယ် ဆိုတာလေးတောင် မေမေ မသိဘူးလား၊ သက်လယ် အမြင်မှာ ကျွန်တော်တို့သားအမိ အရမ်းအောက်တန်းကျသွားပြီ ဆိုတာ သိရဲ့လားဗျ"

"ဒီကိစ္စမှာ မေမေက အောက်တန်းကျတယ်ဆိုရင် သူ့အမေကကော အထက်တန်းကျသလား၊ သူ့အမေရော အောက်တန်းမကျတော့ဘူးတဲ့လား"

"မေမေ အဲသလိုမပြောနဲ့လေ၊ မေမေက မိန်းမဗျ၊ ဟိုက ယောက်ျား၊ ဘာမှယှဉ်ပြောနေလို့မရဘူး၊ ဒါပေမဲ့ လောကကြီးမှာ ဘယ်သူတွေ ဘယ်လိုအောက်တန်းကျကျ ကျွန်တော့်အမေကတော့ အဲဒီစာရင်းထဲ ဘယ်တော့မှ မပါနိုင်ဘူးလို့ပဲ ကျွန်တော် ယုံကြည်ထားတာ၊ အခုတော့ အလကားပဲဗျာ ...





မယုံနိုင်လောက်အောင် မေမေ ကျွန်တော့်ကို အလဲထိုးလိုက်တာ၊ မြေကြီးမှာ ချနင်းလိုက်တာ၊ မေမေက အတ္တကြီးကြီးနဲ့ မေမေ့စိတ်ချမ်းသာမှုလေးအတွက် ကျွန်တော့်အသည်းနှလုံးကို ယာဇ်ပူဇော်လိုက်တာ"

ကောင်းက ပြောရင်း မချိတင်ကဲ ငိုကြွေးမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး ... ဘာစားချင်တုန်း ဒေါ်ငယ့်ကို ပြောလေ"

နုတင်ပေါ်မှာ ပျော့ခွေနွမ်းလျနေတဲ့ သက်လယ်ကို ဒေါ်ငယ်က မေးလိုက်တာ ဖြစ်ပါသည်။ မနက်စာအဖြစ် ဒေါ်ငယ် ဗိုလ်ထားတဲ့ ထမင်းဟင်း လင်ပန်းက တစ်လုတ်စာလောက်ပဲ လက်ရာပျက်တယ်ဆိုရုံပျက်ကာ အရာမယွင်း။

"ဟုတ်တယ်လေ သမီး၊ ထမင်းမစားချင်ရင်ကော ဘာစားမလဲ"

"ဘာမှမစားချင်ပါဘူး မေမေ"

ဘေးနား နုတင်စွန်းမှာထိုင်ရင်း သက်လယ်ကို နဖူးလေးစမ်း ပါးလေးစမ်းနေသော ဒေါ်ရွှန်းအိတင်သည် သမီး ရဲ့အခြေအနေကို ရင်မအေးနိုင်အောင်ရှိကာ ...

"အဖျားလည်း မရှိဘူး သမီးရယ်၊ မနေ့ညနေကလည်း ဒေါက်တာပြည့်ဝင်း လာကြည့်ပေးသွားတာ ဘာမှမဖြစ်ဘူး တဲ့ အားလုံးကောင်းတယ်တဲ့၊ ဒီကြားထဲက သမီးက တပိန်ပိန် တလိန်လိန် ဖြစ်နေတော့ မေမေ စိတ်ပူတယ်"





"သမီးလည်း မေမေ့ကို ပြောသားပဲ၊ ဘာမှမဖြစ်ပါဘူးလို့"

"ပါးစပ်ကပြောပေမယ့် လူက အိပ်ရာထဲက မထွက်နိုင်အောင် နွမ်းနယ်နေတော့ ပူတာပဲပေါ့ သမီးရယ်"

"သက်လယ် ဘာမှမဖြစ်ပါဘူး မေမေရယ်"

"ကဲ ... ကြည့်၊ ဘာမှမဖြစ်ဘူးဆိုတဲ့သူက ဘာဖြစ်လို့ မျက်ရည်ဝဲလာပြန်တာလဲ"

"သမီး ခေါင်းနည်းနည်းမူးလို့ပါ"

"တစ်ချိန်လုံး အိပ်ရာထဲမှာကိုး၊ အပြင်လေး ဘာလေးထွက်လိုက်ပါလား သမီး၊ စိတ်လေးလန်းဆန်းသွားအောင်လေ၊ သမီး သွားနေကျ မဝါတို့ဆိုင်သွားပြီး ခေါင်းလေးဘာလေး လျှော်၊ spa လေး ဘာလေး လုပ်လိုက်ပါလား"

"ဟင့်အင်း"

သက်လယ် ခေါင်းယမ်းရင်း ...

"ခေါင်းမကြည်တော့ အိပ်ရာထဲပဲ သက်လယ် နေချင်လို့ပါ"

ဒေါ်ငယ်က လင်ပန်းကိုသိမ်းရင်း ...

"ခဏနေရင် ရောက်သီးသုပ်တို့ ကြာဆံဟင်းခါးလေးတို့ စားချင်လား သက်လယ်"

သက်လယ် ကြိုက်တတ်ရာရာလေးနှင့် ဒေါ်ငယ်က ဆွဲဆောင်ကြည့်ပါသည်။

"ဟင့်အင်း"

"ညနေကျ အကင်ဆိုင်သွားမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"ဖေဖေ့ပါခေါ်ပြီး မိသားစုသုံးယောက် အတူတူလေ"

"ဟင့်အင်း ... ဟင့်အင်း၊ မသွားဘူး၊ ဖေဖေနဲ့လည်းဘယ်မှမသွားချင်ဘူး"

"သမီးက ဖေဖေ အမှားသိပ်မလာလို့ စိတ်ကောက်နေတယ်ထင်တယ်၊ သမီး စိတ်ကောက်နေတာ ဖေဖေတောင် သိတယ်၊ ဖေဖေက ခုတလော အလုပ်ကိစ္စတွေ တအားရှုပ်နေလို့ပါ၊ ဖေဖေက မေမေ့ကိုပြောတယ်၊ သမီးကို ဂရုစိုက်တဲ့၊ ဖေဖေကတော့ ခုတလော စိတ်ညစ်စိတ်ရှုပ်စရာတွေလည်း များနေလို့ တခြားအာရုံတွေနဲ့ ရှုပ်နေတယ်တဲ့ ...

ညမိုးချုပ် ပြန်လာရင် သမီးအိပ်ပြီလား မေးပြီး သမီးအိပ်ပြီဆိုရင် အခန်းဝကနေ တံခါးလေးဟပြီး သမီးကို တစ်ချက်ကြည့်ပြီးမှ သူ့အခန်းဝင်တယ်၊ သမီးကို စိတ်ပူတာတော့ ရှိပါတယ်၊ သူ့ဟာသူ ဘာပြဿနာတွေရှိနေသလဲသာ မသိတာ၊ သူလည်း စိတ်ညစ်နေတယ်"

မေမေ မသိတာပဲ ကောင်းပါတယ် မေမေရယ်။ မေမေ့လိုပဲ သမီးလည်း သိခွင့်မရခဲ့ရင်လည်း အကောင်းသား။ ဖေဖေကတော့ စိတ်ညစ်နေလေ ဝမ်းသာလေ။ ကာယကံရှင် သူတို့က စိတ်မညစ်ရပဲ သက်လယ်တို့ကသာ စိတ်ညစ်နေရသည်ဆိုရင်ရော ဘယ်တရားပါ့မလဲ။ စိတ်ညစ် စိတ်ရှုပ် ပြဿနာတက် ဒုက္ခရောက်နေရမှာကမှ သဘာဝကျတာလေ။





"သမီးလေး ဘာမှမစားတော့ ဒေါ်ငယ် စိတ်မကောင်းဘူးကွယ်"

"ဒေါ်ငယ်ရယ်၊ သမီး နေမကောင်းလို့ပါ၊ ဒေါ်ငယ် အရမ်းစားစေချင်တာ သမီးသိပါတယ်၊ သမီး ဘယ်လိုမှ မျိုချလို့မရလို့ပါ"

သက်လယ်က မျက်ရည်ကျလာပါသည်။

"အေးပါ ... အေးပါ၊ တိတ် ... တိတ် ... သမီးလေး မငိုပါနဲ့၊ စားနိုင်တော့မှ စားပေါ့ သမီးရယ် ... နော်"

ဒေါ်ငယ်က လင်ပန်းလေးသိမ်းကာ အခန်းထဲက ထွက်သွားပါသည်။

"သမီး"

"........."

"သမီး တစ်ခုခု ဖြစ်နေတယ်လို့ မေမေထင်တယ်"

"........."

သက်လယ်က ရင်ထဲနာကျင်လာကာ မေမေ့ဘက် ကျောခိုင်းအိပ်လိုက်ပါသည်။

"သမီးစိတ်ကို အတော်လေး ထိခိုက်စေတဲ့ကိစ္စ တစ်ခုခုတော့ ရှိမယ်၊ သမီးက မပြောတော့ မေမေ ဘာမှကူညီလို့လဲ မရဘူးပေါ့ သမီးရယ်"

"မေမေ ဒုက္ခမရှာပါနဲ့၊ သက်လယ် ခဏနေရင် ကောင်းသွားမှာပါ"

"ရုံးပျက်တာလည်း တစ်ပတ်ကျော်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရုံးပျက်တာ မဟုတ်ဘူး မေမေ၊ သမီး ရုံးမသွားတော့တာ၊ ဖေဖေ့ကုမ္ပဏီအလုပ်ကနေကို ထွက်လိုက်ပြီ၊ နေကောင်းလည်း ပြန်မသွားတော့ဘူး"

"ဟင် ... ဘာဖြစ်လို့လဲ၊ ရုံးမှာ ဒီလောက်ပျော်တဲ့သမီးက ဘာပြဿနာများရှိလို့လဲကွယ်"

"အိမ်မှာပဲ မေမေနဲ့ နေတော့မယ်"

"သမီးလေး"

"........."

"ကောင်းစစ်သွေးနဲ့များ ရန်ဖြစ်လား"

သက်လယ်က ရှိုက်သံကို ကျိတ်ထိန်းလိုက်ကာ ကျောနိုင်းရင်းကပဲ မျက်ရည်တွေ ကျလာပြီး ...

"ကောင်းနဲ့ ရန်မဖြစ်ပါဘူး"

ရန်လည်းမဖြစ်ပါပဲနဲ့ သိပ်ချစ်ကြပါရက်နဲ့ လမ်းခွဲလိုက်ရပြီ မေမေရယ်။ ဘယ်သူကမှ ရိုက်ပုတ်ပြီး လမ်းမခွဲနိုင်ပေမယ့် ကောင်းကို သမီး မေ့လိုက်ပါပြီ။ မေ့နိုင်အောင် မေ့နေပါပြီ၊ ဝေးကြရပါပြီ။

"ဒါဖြင့် မေမေ ကောင်းကို ခေါ်ပေးရမလား"

"ဟင့်အင်း ... မေမေ"

"ဘာဖြစ်လို့လဲ သမီးရယ်၊ မေမေ နားမလည်တဲ့ သမီးရဲ့ ခံစားချက်ကို ကောင်းများ နားလည်မလား ဖြေသိမ့်ပေးတတ်မလားလို့"





"ဟင့်အင်း၊ ကောင်းနဲ့လည်း မတွေ့ချင်ဘူး"

"ရန်မဖြစ်ဘူးဆို"

"မဖြစ်ပါဘူး"

"ဒါဖြင့် ဘာဖြစ်ထားလဲ"

"ဘာမှမဖြစ်ပါဘူး မေမေရယ်၊ မေမေ သမီးတစ်ယောက်တည်း နေပါစေနော်၊ နေမကောင်းတော့ မေမေ့မေးခွန်းတွေ ဖြေနေရတာ ပင်ပန်းလွန်းလို့ပါ"

သက်လယ်စကားကြောင့် ဒေါ်ရွှန်းအိတင်က သက်ပြင်းတစ်ချက်ချရင်း ထိုင်နေရာခုတင်စွန်းမှ ဖြည်းညင်းစွာ ထလိုက်ရရင်း ...

"အေး ... အေး၊ သမီး နားလိုက်လေ ... နော်၊ မေမေ အပြင်ထွက်တော့မယ်"

မေမေ့အသံက စိတ်မကောင်းသံလေး ပါသွားတဲ့ အတွက် သက်လယ် ပိုပြီးဝမ်းနည်းရပါသည်။ မေမေ့ကိုသနားလို့ မေမေ့ကိုယ်စား မခံချင်လို့ လုပ်ရက်တဲ့ ဖေဖေ့ကို ခုလိုနာကြည်းနေတာပါ မေမေရယ်။

အခန်းပြင်ထွက်လာတဲ့ ဒေါ်ရွှန်းအိတင်သည် သက်လယ်ကို နားလည်းမလည်နိုင်၊ စိတ်လည်းပူပင်ကာ ရင်ထဲမောနေသည်။ ပထမတော့ ခေါင်းမူးတယ်၊ ဗိုက်အောင့်တယ်၊ ရုံးမသွားတော့ဘူးဆိုပြီး အခန်းအောင်းတာ။ ဆေးခန်းသွားဖို့ပြောတော့ ဗိုက်မအောင့်တော့ဘူးဆိုသည်။ ခေါင်းတွေပဲ မူးနေတာမို့ အိပ်ရာထဲပဲ လဲလျောင်းနေချင်သည်ဆိုပြီး အိပ်ရာထဲကမထွက်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းထဲပဲ သူ နေနေကာ တခြားအပြင်ကို လည်းမသွား။ သက်လယ်က အစကတည်းက မိန်းကလေးသူငယ်ချင်း အပေါင်းအသင်းလည်း စန္ဒာချို တစ်ယောက်ပဲရှိကာ စန္ဒာချိုကလည်း သူ့အလုပ် သူဆင်းရသေးသည်ဖြစ်၍ သွားစရာလာစရာလေး ရှိလျှင်တောင် စနေ တနင်္ဂနွေလိုမျိုးကျမှသာ။

အဲဒီစနေတနင်္ဂနွေတွေမှာ ကောင်းစစ်သွေးနှင့်လည်း တစ်ခါတစ်ရံ ထွက်တဲ့အခါ ထွက်တတ်သေး၍ စန္ဒာချိုနှင့်လည်း သိပ်သွားလာဖြစ်တာမျိုးမရှိ။ ဖုန်းနဲ့သာ စကားပြောတဲ့အခါပြော။ ရက်ပိုင်းတော့ ဒီက သူငယ်ချင်း စန္ဒာချိုနှင့်ရော အမေရိကားရောက်နေတဲ့ နောက်ထပ်တစ်ယောက်တည်းသော သူငယ်ချင်း နန်းနန်းနှင့်ရော ဖုန်းဆက်သွယ်တာလည်းမရှိ။

သမီးဘာဖြစ်နေပါလိမ့်။

သမီးသက်လယ်ကို ဒီလိုဖြစ်စေသည့် အကြောင်းရင်းရယ်လို့ ကောင်းစစ်သွေးနှင့် ပြဿနာဖြစ်တာမျိုးရှိမည်။ ဒါမှမဟုတ်ဘူး ဆိုရင်တော့ အလုပ်လည်း မသွားဘူးဆိုတော့ သူ့အဖေနဲ့များလား။

စဉ်းစားမရတဲ့အဆုံး ဒေါ်ရွှန်းအိတင်က ကောင်းစစ်သွေးထံ ဖုန်းဆက်ကြည့်ဖို့သာ စိတ်ကူးရပါတော့သည်။ အောက်ထပ်က ဖုန်းစာအုပ်ထဲမှာရှိသော ကောင်းစစ်သွေးရဲ့ဟဲန်းဒ်ဖုန်းနံပါတ်ကို ခေါ်လိုက်သည်နှင့် တစ်ဖက်က ချက်ချင်းပဲ ဖုန်းဖွင့်ကာ ...





"သက်လယ် ... သက်လယ်လား"

"သား ... အန်တီပါ၊ သက်လယ် မဟုတ်ဘူး သား"

"ဪ ... ဟုတ်ကဲ့ အန်တီ၊ ပြောပါ အန်တီ"

သူမှန်းသိတဲ့အခါ ကောင်းစစ်သွေးရဲ့အသံက တုန့်လှုပ်သွားတယ် ထင်မိသည်။

"သားဆီမှာ အန်တီက တစ်ခုလောက် မေးချင်လို့ပါ"

"ဟုတ်ကဲ့ အန်တီ၊ မေးပါခင်ဗျာ"

"သား အခု အားရဲ့လား၊ အလုပ်များနေလား"

"အားပါတယ် အန်တီ"

"ရုံးမှာပဲလား"

"ရုံးမှာ မဟုတ်ပါဘူး အန်တီ၊ ကျွန်တော် ရုံးမတက်ဘူး"

"ဟင် ... မင်းလည်းပဲ ရုံးကခွင့်ယူထားတာလား"

"ကျွန်တော် ... ဟို၊ ဟုတ်ကဲ့ ... အန်တီ၊ ကျွန်တော် ရုံးမတက်တော့တာပါ"

"ရုံးမတက်တော့တာ ဆိုတာက !! "

"........."

"မင်းတို့ ဘာများဖြစ်နေကြတာလဲ မောင်ကောင်းစစ်သွေး၊ သားလည်း အလုပ်ထွက်လိုက်တာလား"

"ကျွန်တော် ..."

"ဒီမှာ သက်လယ်ကလည်း အလုပ်ထွက်မယ် ပြောနေလို့"

"ဟုတ်ကဲ့ ... ကျွန်တော်လည်း အလုပ်ထွက်လိုက်မလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှန်းအိတင်က ပါးစပ်အဟောင်းသား အံ့အား သင့်နေရပါသည်။ ဖုန်းစထူးထူးချင်းတ ်က သက်လယ် အမှတ် နှင့်ထူးတဲ့ ကောင်းစစ်သွေး အသံဟာ ွေးထွေးလိုက်လှဲလို့ပဲ။ ဘာမှမစဉ်းစားတတ်တော့ပါ။

"မင်းတို့ ဘာဖြစ်ကြတာလဲ မောင်ကောင်းစစ်သွေး၊ မင်းနဲ့ သက်လယ် ရန်ဖြစ်ထားကြသလား"

"ကျွန်တော်တို့ ရန်မဖြစ်ပါဘူး အန်တီ"

"ဒါဖြင့် ဘာဖြစ်လဲ"

"………"

"ပြဿနာတစ်ခု ရှိနေကြတာလား"

"ကျွန်တော်နဲ့ သက်လယ်ကြားမှာ ဘာပြဿနာမှ မရှိပါဘူး အန်တီ"

"သက်လယ်နဲ့ ပြဿနာမရှိပဲ အလုပ်ထွက်မယ်ဆိုတော့ မင်းအန်ကယ်နဲ့များ ပြဿနာရှိတာလား သား"

"………"

"ဟင် … အန်တီ့ကို ပြောပြကြစမ်းပါဦး၊ အိမ်မှာ သက်လယ်တစ်ယောက် ဘာမှမေးစမ်းမရ၊ အိပ်ရာထဲက မထွက်ပဲ တခွေခွေ တလိုမ့်လိုမ့်နဲ့ မျက်ရည်နဲ့မျက်ခွက် ဖြစ်နေတော့ အန်တီက မင်းနဲ့ပြဿနာတက်ကြတယ် ထင်နေတာ၊ မင်းတို့ချင်းလည်း ပြဿနာမရှိပဲနဲ့ နှစ်ယောက်လုံးက အလုပ်ထွက်မယ် ဖြစ်ကြတာ ဘာသဘောလဲ၊ အန်တီ့ကို ပြောစမ်းပါ သား၊ ဘာတွေဖြစ်နေကြတာတုန်း"





"အန်တီ … အန်တီ့ကို ကျွန်တော် လေးစားပါတယ်၊ သက်လယ်အမေအနေနဲ့လည်း ရှိသေတဲ့စိတ် ထားပါတယ်"

"အေးပါ"

"ဒါပေမဲ့ အခုကိစ္စကို ကျွန်တော် ဘာမှပြောမပြနိုင်တဲ့ အတွက် ခွင့်လွှတ်ပါ အန်တီ"

"ဟင်"

"ကျွန်တော် ဘယ်နည်းနဲ့မှ ပြောမပြနိုင်လို့ပါ"

"မင်းတို့ဟာက ဘယ်လိုတုန်း၊ မင်းတို့နှစ်ယောက် ပြိုင်တူ ရုံးမတက်ကြတာ အန်ကယ်လ် သိမှာပေါ့"

"သိမှာပေါ့ အန်တီ၊ ကျွန်တော်ကတော့ ထွက်စာတောင် တင်ထားလိုက်ပြီဆိုတော့ အန်ကယ် သိနေလောက်ပါပြီ"

"ထွက်စာတောင် တင်ထားပြီ !!"

"ဟုတ်ကဲ့"

"ဘာတွေ ဘယ်လိုဖြစ်ကြတာလဲ၊ အန်တီ ဘာမှမသိရပဲ ဘာပြဿနာတွေတက်နေလဲသား၊ အန်တီလည်း သက်လယ် အမေပဲလေ၊ သိခွင့်ရှိသေးတယ်လေ"

"အန်တီ့ကို အားလည်းနာပြီး ပြောမပြနိုင်တဲ့အတွက် စိတ်လည်းမကောင်းပါဘူး အန်တီ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ အန်တီ့ကို ကျွန်တော်ပြောဖို့ အဆင်မပြေပေမယ့် အန်တီ သက်လယ်ဆီကဖြစ်ဖြစ်၊ အန်ကယ့်ဆီကဖြစ်ဖြစ် မကြာခင် သိရလိမ့်မယ် ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"မင်းဆိုလိုတာက ဒီပြဿနာမှာ အန်ကယ်လ်ပါဝင်ပတ်သက်တယ်ပေါ့"

"........."

"ကောင်းပြီ မောင်ကောင်းစစ်သွေး၊ ဒါပဲလေ၊ အန်တီနောက် လိုအပ်မှ ဆက်ပါမယ်"

"ဟုတ်ကဲ့ပါ အန်တီ"

ဒေါ်ရွှန်းအိတင်က ဖုန်းကိုချပြီး ငြိုက်သက် ငေးငိုင်နေမိပါသည်။





## ၈

"ကောင်းမြတ်"

ဒေါ်ရွှန်းအိတင်က ဦးကောင်းမြတ်နောက်မှ ထက်ကြပ်လိုက်ပါသွားလိုက်ပါသည်။ များသောအားဖြင့် နာမ်စားမပါဘဲ စ်စေ၊ 'ယူ'တွေ 'အိုင်'တွေနှင့်ဖြစ်စေ 'ရှင်'တွေ 'ကျွန်မ'တွေနှင့် စ်စေ အသုံးများပေမယ့် တကယ်တမ်း နာမည်ခေါ်စရာကြုံလာရင် ာ သူငယ်ချင်းဘဝကလာတဲ့ သူတို့ကြားမှာ 'ကိုကို'တွေ ောင်မောင်'တွေမရှိခဲ့ဘဲ ဒေါ်ရွှန်းအိတင်က ဦးကောင်းမြတ်ကို ောင်းမြတ်'ပဲခေါ်ဖြစ်ကာ ဦးကောင်းမြတ်ကလည်း ဒေါ်ရွှန်းအိ င်ကို 'မိရွှန်း'လို့ပင်။

"ဒီမှာ ကောင်းမြတ်"

ဦးကောင်းမြတ် ဟိုဘက်ခန်းထဲ တစ်ဆက်တည်း ာက်ဝင်သွားသည်။ သူတို့အိပ်ခန်းဟာ အိပ်ခန်းကျယ်ကြီး။ ီကတစ်ဆင့် အခန်းတွင်းကတံခါးချပ်ကို ဖွင့်၍ ဟိုဘက်တွဲ


www.burmeseclassic.com

www.burmeseclassic.com



အခန်းပွားလေးဆီ ကူးလို့ရသေးသည်။ အဲဒီအခန်းလေးကတော့ အခန်းပြင်ထွက်ချင်ရင် ဒီဘက်အိပ်ခန်းမကြီးဘက်ကတစ်ဆင့်သာ အပြင်ကို ထွက်လို့ရပါသည်။

အိပ်ခန်းမကြီးဘက်မှာသာ ရေချိုးခန်း၊ အိမ်သာ တွဲရက်ပါ၍ ရေချိုးခန်းလည်း ဒီဘက်မှာလာသုံးရမည်။ ထပ်ဆင့် တွဲရက်အိပ်ခန်းငယ်သီးသန့်သာဖြစ်၍ တကယ်တော့ သက်လယ် မွေးကာစက သက်လယ်ကို ပုခက်လေးနှင့်သိပ်ခဲ့တဲ့ ကလေးခန်းပင်။

ကလေးခန်းကို လူကြီးခန်းနှင့် တွဲရက်ထားကာ ညရေးညတာ ကူးဝင်သွားဖို့ အလွယ်တကူ စီစဉ်ထားခဲ့တာပါ။ ဒီအခန်းဆွယ်လေးမှာ သက်လယ် ငါးနှစ်သမီးထိ အိပ်ခဲ့၍ ကျောင်းစတက်တော့ တခြားမှာ သက်လယ်အတွက် သီးသန့်အခန်း ပြင်ဆင်ပေးခဲ့တာပါ။

ခုတော့ အဲဒီအခန်းငယ်ကို ဦးကောင်းမြတ်က သူ အိပ်ဖို့အသုံးပြုသည်။ ဒီဘက်ခန်းကြီးထဲက မင်္ဂလာဦးခုတင်မွေ့ရာ ကြီးပေါ်မှာ မအိပ်ဘဲ တစ်ဖက်အခန်းငယ်ကလေးကို တစ်ယောက် အိပ်ခုတင်တစ်လုံးနှင့် ဦးကောင်းမြတ် ခွဲအိပ်ခဲ့တာကြာခဲ့ပါပြီ။ တော်တော်ပင် ကြာညောင်းခဲ့ပါပြီ။

သို့ပေမယ့် ခုချိန်ထိ အိမ်က အလုပ်သမားတွေနှင့် သမီးသက်လယ်ကတော့ ဦးကောင်းမြတ်ဟာ ဒီဘက်ခန်းကြီးမှာပဲ အိပ်စက်ပြီး ဟိုဘက်အခန်းငယ်ကတော့ ခဏတာလဲလျောင်း





စာဖတ်ဖို့ ကွန်ပျူတာလုပ်ဖို့ ရုံးအလုပ်လုပ်ဖို့ အလုပ်ခ[illegible] ခွဲသုံးထားတယ်ပဲ ထင်မြင်ယူဆကြတာပင်။

ဟိုဘက်ခန်းလေးမှာ သွားအိပ်ပေမယ့် ဒီဘက်အခန်း မကြီးဘက်ကိုပဲကူးကာ ရေမိုးချိုး အဝတ်အစားလဲရသည်ပဲဖြစ်ရာ ဒေါ်ရွှန်းအိတင်က ဘာမှ မပြောတော့ပါ။ ပြောခွင့်လည်း မရှိခဲ့ သလိုဘဝပါ။

"ကောင်းမြတ်"

"ကဲ ... မင်း ဘာဖြစ်နေတာလဲ၊ ပြောစရာရှိတာပြောပါလား၊ ဘာလို့ တကောက်ကောက် တတွတ်တွတ်လိုက်ခေါ်နေတာ လဲ၊ စိတ်တွေရှုပ်ရတဲ့အထဲ"

"ရှင် ဘာတွေ စိတ်ရှုပ်နေတာလဲ"

"စပ်စုမနေနဲ့ မိရွှန်း၊ မင်း ပြောစရာရှိတာ မြန်မြန်သာ ပြော"

"မေးစရာရှိတယ်"

ဒေါ်ရွှန်းအိတင်ကို ဦးကောင်းမြတ်က ရုပ်အင်္ကျီ ကြယ်သီးဖြုတ်ရင်းက မျက်မှောင်ကုပ်ကုပ်နှင့်ကြည့်ရင်း ...

"မေးကြည့်လေ၊ ဒါပေမဲ့ ဖြေပါ့မယ်လို့တော့ အာမခံချက် မပေးနိုင်ဘူး"

ဒေါ်ရွှန်းအိတင်သည် ဦးကောင်းမြတ်ရဲ့ အပြောကို ခိုးလိုးခုလုနှင့် မခံချိမခံသာ ဖြစ်ရသော်လည်း ခံစားချက်တို့ကို မျိုချကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဘာဖြစ်နေတာလဲ"

"ဟ ... မင်း,သမီး ဘာဖြစ်နေလဲဆိုတာ မင်းသမီးကိုပဲ မေးကြည့်ပေါ့၊ ငါ့ကို ဘာဖြစ်လို့ လာမေးနေတာလဲ"

"သမီးက မဖြေဘူး"

ဒေါ်ရွှန်းအိတင် မျက်ဝန်းအစုံက ဦးကောင်းမြတ်ရဲ့ မျက်လုံးများကို အဆက်မပြတ် အကဲခတ်နေပါသည်။

"ရအောင်မေးပေါ့"

"သက်လယ် ဘာဖြစ်နေလဲ ရှင် သိတယ်မဟုတ်လား"

"ငါက ဘယ်လိုလုပ်ပြီး အတိအကျသိနိုင်မှာလဲ"

"အတိအကျမသိရင်လည်း မတိမကျသိသလောက်နဲ့ ဖြေလို့ရပါတယ်၊ သမီး ဘာဖြစ်နေတာလဲ ပြောပြစမ်းပါ ကောင်းမြတ်"

"နေမကောင်းဘူးဆို"

ဒေါ်ရွှန်းအိတင်က မျက်ဝန်းများကို မေးစင်းလိုက်ရင်း ...

"ပေါက်ကရတွေ လျှောက်လွှဲမနေစမ်းပါနဲ့၊ ငါ့ကို ပြောစမ်းပါ၊ ငါ စိတ်ပူလွန်းလို့ပါ"

"မင်းကို ပြောသင့်တယ်လို့ ငါယူဆတဲ့အချိန်ကျရင် ပြောမယ်"

"ဒါဖြင့် နောက်တစ်ခု"





ဦးကောင်းမြတ်က အိမ်နေညဝတ်အင်္ကျီလဲလှယ်ပြီး သွား၍ အဝတ်ဟောင်းခြင်းထဲသို့ ချွတ်လိုက်သောအင်္ကျီတွေ ပစ်ထည့်ရင်း ...

"မြန်မြန်မေးပြီး သွားတော့ကွာ"

"ကောင်းစစ်သွေး ဘာဖြစ်လို့ အလုပ်ထွက်တာလဲ"

"အဲဒါ မင်းကို ဘယ်သူပြောတာလဲ"

"ကောင်းစစ်သွေး ပြောတာ"

"မင်းက ဘာသွားမေးလို့လဲ"

"ကျွန်မက သမီး ခုလိုဖြစ်နေတာဟာ ကောင်းစစ်သွေးနဲ့ ရန်ဖြစ်ပြီး ပြဿနာတက်တာပဲဖြစ်မယ်ထင်လို့ ဘာဖြစ်ကြတာလဲဆိုတာ သူ့ကို လှမ်းမေးတာပါ၊ သူတို့ချင်း ရန်မဖြစ်ကြပါဘူးလို့ပြောတယ်၊ ဒါပေမဲ့ သူ အလုပ်ထွက်စာတင်ထားတယ် ဆိုတာပါ သိလိုက်ရတယ်၊ ဘာဖြစ်လို့ အလုပ်ထွက်စာတင်တာလဲ"

"ဒါ သူ့စိတ်နဲ့ သူ့ကိုယ် တင်တာပဲ၊ ငါက ဘယ့်နှယ်လုပ်ပြီး ကြားထဲက ဝင်ဖြေနိုင်ပါ့မလဲ၊ သူ့ပဲမေးပေါ့"

"ရှင် မေးသမျှကို သက်လယ်နဲ့ ကောင်းစစ်သွေး ခေါင်းပေါ်ပဲ လွှဲပို့နေတော့မှာလား ကောင်းမြတ်၊ ဘယ်သူ့ကိုမှ မေးလို့မရအောင် ဘူးပိတ်ခံနေကြတဲ့ ဒီကိစ္စကြီးက ဘာကိစ္စကြီးမို့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အချိန်တန်ရင် မင်း သိခွင့်ရမယ်၊ မင်းမသိရဘဲ မနေပါဘူး ရှွန်းအိတင်၊ လောလောဆယ် ငါ့ခေါင်းတွေလည်း ပူထူနေတယ်၊ အရမ်းကို နောက်ကျိရှုပ်ထွေးနေတယ်၊ ညစ်နေတယ်"

"ရှင်က ခေါင်းတွေထူပူ နောက်ကျိရှုပ်ထွေးပြီး ညစ်နေတယ်ဆိုတော့ အခု ဖြစ်နေကြတဲ့ကိစ္စက ရှင်နဲ့ ပတ်သက်နေတဲ့ကိစ္စလား"

"……"

"ပြောပါ ကောင်းမြတ်"

"ကျွတ်"

ဦးကောင်းမြတ်က ခါးထောက်ကာ ဒေါ်ရှွန်းအိတင်ကို ကျောနိုင်းထားလိုက်ပါသည်။

"ကောင်းမြတ် … နင် … နင် … နင် အိမ်ထောင်ရေးဖောက်ပြန်မှု ကျူးလွန်နေသလား"

ဒေါ်ရှွန်းအိတင် အသံက ကတုန်ကယင် ထွက်ပေါ်လာပါသည်။

ကလေးတွေနှုတ်က ဖွင့်မပြောချင်ကြဘဲ ဒီကုမ္ပဏီကို စွန့်ခွာကြဖို့ပဲကြံစည်ကာ ဦးကောင်းမြတ်လည်း ခေါင်းတွေ ထူပူနောက်ကျိနေရတဲ့ကိစ္စ အသီးသီး ပြောမထွက်ကြတဲ့ကိစ္စဟာ တခြားဘာများရှိမှာမို့လဲ။





သက်လယ်နှင့် ကောင်းစစ်သွေးနှစ်ယောက်ရဲ့ ကြားထဲကကိစ္စဆိုရင် သက်လယ်က ဒေါ်ရှွန်းအိတင်ကို မပြောဘဲနေမှာမဟုတ်ပါ။ ကလေးနှစ်ယောက် ဘာမှမပြောကြတာသည် ဒေါ်ရှွန်းအိတင်ကို မပြောရက်လို့ ပြောမထွက်လို့ဖြစ်နိုင်သည်။

"ဟင် … ကောင်းမြတ် ! ဖြေလေ"

"မေမေ"

ဒေါ်ရှွန်းအိတင်နှင့် ဦးကောင်းမြတ်က ဟိုဘက်ကအိပ်ခန်းဆွယ်ကလေးထဲမှာ ရှိနေတာဖြစ်ကာ အိပ်ခန်းမကြီးဘက်က သက်လယ်ရဲ့အသံ ထွက်ပေါ်လာတာဖြစ်ပါသည်။ နှစ်ယောက်လုံး အလန့်တကြား လှည့်ကြည့်လိုက်မိလျှင် သက်လယ်က အခန်းနှစ်ခန်းကူးတဲ့ တံခါးပေါက်ဝမှာ ရောက်နေသည်။

ဒီဘက်အခန်းဆွယ်လေးနှင့် ဘေးချင်းယှဉ်ရက်ဟာ သက်လယ်ရဲ့အခန်းပါ။ သူ့အိပ်ခန်းရဲ့ ဝရန်တာလေးမှာ ထွက်ရပ်နေမိသော သက်လယ်သည် ဟိုဘက်ခန်းရဲ့ ပြတင်းပေါက်မှ စကားသံတွေကို လေအသင့်မှာ ကြားလိုက်ခဲ့ရတာဖြစ်သည်။ တိတ်ဆိတ်တဲ့ညအခါမို့ အသံတွေက ပိုပြီး သဲကွဲပြတ်သားနေပါသည်။

မေမေ့မေးခွန်းကို ကြားလိုက်ရချိန်မှာတော့ ဖေဖေ ခေါင်းညိတ်ဝန်ခံပစ်လိုက်မှာကို ဆတ်ဆတ်တုန် စိုးရိမ်ပူပန်သွားမိတဲ့ သက်လယ်က အခန်းထဲက တစ်ဟုန်ထိုး ပြေးထွက်ကာ မေမေတို့အိပ်ခန်းထဲ ရောက်ခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး သက်လယ်"

သက်လယ်က သူ့ကို လှမ်းခေါ်လိုက်တဲ့ မေမေ့ကို မကြည့်အားဘဲ စိတ်ရှုပ်စိတ်ပျက်တဲ့ မျက်နှာရိပ်မျက်နှာကဲနှင့် ရှိနေသော ဖေဖေ့ကိုသာ စူးစူးရဲရဲ စိုက်ကြည့်လိုက်ရင်း ...

"မေမေထင်သလို မဟုတ်ပါဘူး မေမေ"

"ဟင် ... သမီး"

"ဖေဖေ ဖောက်ပြန်နေသလားလို့ မေမေ ထင်သွားတာ မဟုတ်လား၊ အဲဒါ မဟုတ်ပါဘူး မေမေ"

သက်လယ်သည် အံလေးကို ဝမ်းပန်းတနည်းကြိတ်ကာ တစ်လုံးချင်း အားယူပြောရသည်။ ဖေဖေ တခြားသူစိမ်းမိန်းမ တစ်ယောက်နှင့် ဖောက်ပြန်နေတာဆိုရင်တောင် ဒီလောက် အသည်းအသန်ဖုံးဖိချင်မှဖုံးဖိမိမှာပါ။ ခုဟာကတော့ ကောင်းရဲ့အမေနဲ့မှ ဖြစ်နေတာမို့လို့။ တစ်ချိန်မှာ ကိုယ့်သမီးရဲ့ယောက္ခမတော်ရမယ့်သူ ကိုယ်နဲ့ ခမည်းခမက်တော်ရမယ့်သူနဲ့မှ ရှက်ဖွယ်လိလိ ရက်ရက်စက်စက် ဖောက်ပြန်ရဲ ဖောက်ပြန်ရက်တဲ့ ဖေဖေ့အကြောင်း သိသွားလျှင် မေမေ အိပ်ရာထဲ ခွေလဲသွားမှာစိုးလို့ပင်။

နှလုံးလေရိုက်ပြီး ဒုက္ခရောက်သွားမှာတောင် စိုးရိမ်မိ၍ပင်။ ပုံလဲသွားသင့်လောက်အောင် လူကြားလို့မကောင်းတဲ့ ဖြစ်ရပ်မျိုး ဖြစ်နေလို့ပင်။

"ဒါဖြင့် ဘာဖြစ်လို့ မေမေ့ကို ဖုံးဖိထားကြတာလဲ"





"မပြောချင်တာပါ၊ ဖုံးထားတာ မဟုတ်ပါဘူး မေမေ"

"ဒါဖြင့် သမီးကလည်း အလုပ်ထွက်မယ်ဆိုပြီး အဖေကို မကျေမနပ်ဖြစ်နေရတာ ကောင်းစစ်သွေးကလည်း အလုပ်ထွက်စာတင်ဘာတွေက ဘာကြောင့်လဲ ..."

"ဖေဖေနဲ့ကောင်း ပြဿနာတက်တာပါ"

သက်လယ်ရဲ့အဖြေက ယုတ်တိယုတ်တာလေးရှိသင့်သလောက်ရှိသည်ဖြစ်ရာ ဒေါ်ရွှန်းအိတင်က ငေးငိုင်တွေဝေသွားပြီး ဦးကောင်းမြတ်ကို အကဲခတ်လိုက်ပါသည်။ ဦးကောင်းမြတ်ရဲ့ ရုပ်က စိတ်မကောင်းတဲ့ရုပ်။ သူ့သမီးကိုသူ ခပ်ငေးငေး လက်ပိုက်ကြည့်နေသည်။

သက်လယ်က ဝဲရစ်လာတဲ့ မျက်ရည်တို့ကို မျက်တောင်ပုတ်ခတ်ရင်း ဦးကောင်းမြတ်ထံ နာနာကျင်ကျင်လှမ်းကြည့်ကာ ...

"ဖေဖေ ဒီကိစ္စမှာ ဖေဖေ့ကိုလည်း သမီးမုန်းတယ်၊ ကောင်းကိုလည်း သမီး အဆက်ဖြတ်လိုက်ပြီ ဖေဖေ၊ သမီးတို့ဇာတ်လမ်း ဖေဖေ့ကြောင့် ပြီးဆုံးသွားပါပြီ"

"အဲသလောက်ဖြစ်စရာလိုလို့လား သမီး၊ မေမေ့ကိုပြောပါဦး၊ လုပ်ငန်းခွင်မှာ လူကြီးနဲ့လူငယ် နားလည်မှုလွဲတာ အမြင်မတူတာ ပြဿနာတက်တာဆိုတာမျိုးတွေ ရှိတတ်ပါတယ်၊ ပြန်ညှိကြရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မေမေ အထိုက်အလျောက် ယုံကြည်သွားလေပြီ။ ဒီအတွက် သက်လယ် စိတ်ချမ်းသာရပါသည်။ မေမေ ရင်ကွဲပက်လက် မဖြစ်ရတော့ဘူးပေါ့။

"ဟင် ... မဟုတ်ဘူးလား ကောင်းမြတ်၊ ရှင်တို့ကြားမှာ ပြဿနာဖြစ်ပေမယ့် ကလေးနှစ်ယောက်ဇာတ်လမ်းဖြတ်ဖို့အထိ ရှင် ဆန္ဒရှိလို့လား၊ ဒီလောက်ထိ မဖြစ်လောက်ဘူးမို့လား၊ ကိုယ်များများ သူများများ ကိုယ်ကလူကြီးပဲ၊ ပိုပြီးနားလည်မှုထားပေးနိုင်ရမှာပေါ့၊ ဒီကိစ္စက သမီးရဲ့နှလုံးသားကို ဘယ်လောက် အထိခိုက်ကြီး ထိခိုက်ရတယ်ဆိုတာ ရှင် သိရဲ့လား၊ ရှင့်သမီး ရင်ကွဲပက်လက် ဖြစ်နေတာ၊ အရမ်းခံစားနေရတာ၊ လူရုပ်ကို ရှင်ကြည့်ဦး၊ တစ်ပတ်ဆယ်ရက်အတွင်း ဘယ်လောက်ချုံးကျနေတယ် ဆိုတာ၊ ကိုယ့်မာန်မာနကိုပဲ ဦးစားမပေးပါနဲ့၊ ဟိုကောင်လေးဘက်က မှားနေတောင်မှ ကိုယ့်သမီးချစ်သူဆိုတဲ့ အမြင်နဲ့ နင့်ဘက်က ခွင့်လွှတ်ပေးပါ"

ဦးကောင်းမြတ်က စိတ်ရှုပ်ထွေးစွာ သက်ပြင်းရှိုက်ရင်း ...

"တော်စမ်းပါ မိရွှန်းရာ၊ မင်းကလည်း ဘာတွေ လျှောက်ပြောနေမှန်းကို မသိဘူး"

"ရှင်တို့ပြဿနာက ဘယ်လောက်ကြီးလို့လဲ"

"......"





"သမီး သိပ်ချစ်နေတဲ့သူကို ရှင် နည်းနည်းပါးပါးတောင် ခွင့်မလွှတ်နိုင်ဘူးလား"

"မေမေ ... ဖေဖေ ဘာပြောပြော သမီးက ကောင်းကို လက်ခံတော့မှာမဟုတ်ဘူး၊ သမီးနဲ့ကောင်း လမ်းခွဲပြီးပြီ"

"ဘာ"

"အားလုံးပြီးသွားပြီ မေမေရဲ့၊ ပြီးသွားပြီ"

သက်လယ်သည် ပခုံးလေးသိမ့်သိမ့်တုန်ကာ တောင့်တောင့်လေး ရပ်နေရင်းက ခေါင်းငုံ့ပြီး ငိုချလိုက်ပါသည်။

"သမီး"

ဒီတစ်ခါခေါ်လိုက်သံက ဦးကောင်းမြတ်ထံမှ ဖြစ်ပါသည်။

"သမီး ... သက်လယ်"

"ဖေဖေ သက်လယ်ကို ဘာမှ မပြောပါနဲ့၊ ကျေးဇူးပြုပြီး ဘာမှ မပြောပါနဲ့ ဖေဖေ၊ ဘာမှ မကြားပါရစေနဲ့"

"သမီးနဲ့ ဖေဖေ အေးအေးဆေးဆေး အချိန်ယူပြီး စကားတွေအများကြီး ပြောဖို့လိုတယ်၊ ပြောစရာတွေ ရှိပါသေးတယ်"

"ဟင့်အင်း ... မပြောချင်ဘူး၊ ဘာမှ မပြောပါနဲ့၊ သမီးနဲ့ကောင်း ပြတ်သွားပြီဆိုရင် ပြီးရောမဟုတ်လား ဖေဖေ၊ ဖေဖေ လုပ်ချင်တာ ဖေဖေ ဆက်လုပ်ပါ၊ သမီးနဲ့ကောင်းကို ငဲ့စရာမလိုတော့ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှန်းအိတင်မှာ ယောက်ျားကိုတစ်လှည့်၊ သမီးကို တစ်လှည့် အလယ်ကနေ ဘယ်ပြန်ညာပြန်ကြည့်ရင်း မျက်စိသူငယ်ဖြစ်နေပါသည်။ ဘာမှ ရေရေရာရာမသိရ၍ ဘာမှလဲ ဝေဖန်ချက်မပေးနိုင်။ ဒီသားအဖကလည်း ဖွင့်မပြောတော့ ခက်သည်ပင်။

"သမီး ကောင်းကို ဖြတ်စရာ မလိုပါဘူး"

ဒီစကားတစ်ခွန်းကိုတော့ ဒေါ်ရွှန်းအိတင်က ဘဝင်ကျသွားပုံရကာ ...

"တွေ့လား သမီး၊ ဟုတ်သားပဲ၊ မေမေလည်း ပြောသားပဲ စိတ်လိုက်မာန်ပါ မဆုံးဖြတ်ပါနဲ့ သမီးရယ်၊ ဖေဖေကိုယ်တိုင်က ဖြတ်ဖို့မလိုပါဘူးလို့ ပြောနေရင် ပြီးပြီပဲ"

"ဟင့်အင်း မေမေ"

မေမေ ဘာမှ မသိပါဘူး မေမေရယ်။ မေမေ ဘာမှ မသိနိုင်ပါဘူး။ ဖေဖေ့ကိုသာလျှင် အံ့သြခြင်းမက အံ့သြမိပါတော့သည်။ ဘယ်လိုများ ရှေ့ဆက်နိုင်မည့် ဇာတ်လမ်းမို့ ဖြတ်ဖို့မလိုပါဘူး ပြောရတာလဲ ဖေဖေရယ်။ သက်လယ် အဲသလောက်တော့ မျက်နှာမပြောင်နိုင်သေးပါဘူး။

"အခုက သမီးလည်း သွေးပူနေတယ်"

"ဒီသွေးက ဘယ်တော့မှ အေးမသွားတော့ဘူး ဖေဖေ"

"အချိန်တစ်ခုရရင် သမီး မသိမဖြစ် သမီးကို ဖေဖေ မပြောမဖြစ် ပြောကိုပြောရမယ့် စကားတွေရှိတယ်"

"နားမထောင်ဘူး"





"ဟဲ့ ... ဩော် ... သက်လယ်၊ သမီးရယ်၊ ဖေဖေက ချော့ပြောနေမှပဲ၊ သမီးလည်း စိတ်ပြေလိုက်မှပေါ့၊ ဘယ့်နှယ် နားမထောင်ဘူး ပဲ၊ ထောင်ရမှာပေါ့"

"ဟင့်အင်း"

သက်လယ်က မျက်ရည်သုတ်ရင်း ခေါင်းကို ခပ်ကြမ်းကြမ်းပဲ ယမ်းပစ်သည်။

"သမီး သိပ်ခံစားနေရတယ်ဆိုတာ ဖေဖေ သိပါတယ်၊ ဖေဖေ့ကိုမုန်းတယ်ဆိုတာလည်း ဖေဖေ နားလည်ပါတယ်၊ ဒါပေမဲ့ အရာအားလုံးဟာ သမီးတွေးထင်ထားသလို မဟုတ်ဘူး သမီး၊ လောကကြီးမှာ သမီးမသိသေးတာတွေ အများကြီးရှိပါတယ်၊ ဒါတွေ နောက်တော့ သမီး မသိမဖြစ် သိလာမှာပါ ...

ခုချိန်မှာတော့ သမီးက ဖေဖေ့ကို မုန်းတယ်ဆိုပေမယ့်လည်း ဖေဖေကတော့ ငါ့သမီးကို ချစ်ပါတယ်"

ဤစကားသည် ဒေါ်ရွှန်းအိတင်ရဲ့ နှလုံးသားကို ...တ်နှုးသွားစေခဲ့သည်။ ဘယ်လို ခံစားလိုက်ရမှန်းမသိဘဲ ဤတဒင်္ဂမှာ ဦးကောင်းမြတ်အပေါ် မကောင်းသော အမြင် အတွေး ခံစားချက် လုံးဝမရှိတော့ဘဲ ရင်ဘဲလေးပင်မောလျှနေသမျှလည်း ပြေလျော့သွားလေသည်။

"သက်လယ် ... သမီး၊ ဖေဖေက ဒီလောက်ပြောနေမှတော့ လက်ခံလိုက်တော့ ဖေဖေ့ကို စိတ်ဆက်လုပ်မနေနဲ့၊ ပြေလျှော့ချလိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com

“ပြီးတော့ ဖေဖေက ကောင်းစစ်သွေးကိုလည်း အလုပ်က ထွက်ခွင့်ပေးမှာ မဟုတ်ဘူး၊ သူ့ဘာသာသူ ထွက်တာမကလို့ ဘာတင်တင် အသိအမှတ်မပြုပါဘူး။ အခုဏာ သူစိတ်ချမ်းသာသလို စိတ်ပြေပျောက်နေပါစေဆိုပြီး လွှတ်ထားတာ”

ဤစကားကလည်း ဒေါ်ရွှန်းလဲ့တင်ကို ကျေနပ်ပီတိဖြာစေသည်။ သက်လယ်ကတော့ နာကျင်လှသော မဲ့ပြုံးကို ပြုံးမိပါသည်။

ဖေဖေ ကောင်းကို အလုပ်ထွက်ခွင့်မပေးဘဲ အနားပြန်ခေါ်ထားမည်ဆိုတဲ့ စကားဟာ ဖြစ်နိုင်ပါသည်။ ခေါ်ထားမှာဟာ သက်လယ်ရဲ့ချစ်သူ ဆိုတာထက် ဖေဖေ မျက်နှာလုပ်ချင်မယ့် ဒေါ်ခင်ထားထွေးရဲ့သားမို့လို့ မဟုတ်လား။ ဒေါ်ခင်ထားထွေးက သူ့သားကို အဝေးဘယ်လွှင့်စေချင်ပါ့မလဲ။ အတင်းပြန်ခေါ်နိုင်းမှာပေါ့။

ဖေဖေဟာ ကောင်းကို မရမကပြန်ခေါ် အလုပ်ထဲ ပြန်ထည့် လက်ရုံးလို လုပ်ထားချင်ဦးမှာပေါ့။ ဒါမှလည်း ဒေါ်ခင်ထားထွေးရဲ့ ကျေနပ်ကြည်ဖြူမှုကိုရမယ်လေ။ ရက်ရက်စက်စက် ပြောရရင်တော့ အငယ်အနှောင်းရဲ့သားကို ဖေဖေ မြှောက်စားပေးရဦးမှာမဟုတ်လား။

ဒီအတွက် သက်လယ်က ဝမ်းမသာနိုင်ပါ။

ကောင်းစစ်သွေးကို သိပ်ချစ်ပေမယ့် ခုချိန်မှာ ကိုယ့်ချစ်သူဆိုတဲ့ ပုံရိပ်ထက် ဒေါ်ခင်ထားထွေးရဲ့သားဆိုတဲ့ ပုံရိပ်က ပိုပြီး ထင်းပြက် လင်းလက်နေသလို ဦးနှောက်ထဲက ဘယ်လိုမှ ဖျောက်မရနိုင်ပါ။ သူ့ကို ချစ်တာထက်ကို သူ့အမေကို ရွံမုန်းတဲ့ ခံစားချက်က ပိုနေတဲ့အတွက် ရင်ထဲခါးသီးနေပါသည်။





“ခုတော့ သမီးလည်း စိတ်ချမ်းသာသလိုနေလိုက်ပါဦးလေ၊ ဒါပေမဲ့ ဖေဖေ တစ်နေ့တော့ စကားသေသေချာချာပြောဦးမယ်”

“သက်လယ် ပြောပြီးပြီလေ၊ သက်လယ် နားမထောင်ချင်ဘူး”

ဒေါ်ရွှန်းအိတင်က မျက်မှောင်ကုတ်သွားရကာ ...

“ဟဲ့ ... သက်လယ် ... သမီးရယ် ... ဘယ်လိုပြောနေတာလဲ၊ ကိုယ့်အဖေက ကိုယ့်ကို စကားကောင်းကောင်းပြောမယ့်ဟာ နားထောင်ရမှာပေါ့”

“မေမေပဲ နားထောင်လိုက်ပါ၊ သမီးက နားထောင်ဖို့မလိုပါဘူး၊ အားလုံးကို သမီး သိတယ်၊ အားလုံးကို သဘောပေါက်တယ်၊ မေမေ သိဖို့ပဲ လိုနေတာ”

သက်လယ်က စကားဆုံးလျှင် ရပ်နေရာမှ ချာခနဲ လှည့်ထွက်သွားပါသည်။ ဒေါ်ရွှန်းအိတင်က ဦးကောင်းမြတ် တအားဒေါသဖြစ်သွားမလား မျက်နှာရိပ်မျက်နှာကဲကို လှည့်၍ အကဲခတ်မိရာ ဦးကောင်းမြတ်က ဟိုအရင်လို ဒေါသအိုးကွဲဖြစ်မို့ထက် စိတ်မကောင်းဖြစ်တဲ့ ခံစားချက်မျိုးသာ မျက်နှာပေါ် နွမ်းလျလျ ပေါ်လွင်နေတာမြင်လေလျှင် တစ်ဝက်တပျက်တော့ စိတ်အေးရကာ သက်ပြင်းမှူးမှူး ချမိသည်။


www.burmeseclassic.com

www.burmeseclassic.com



၆

သူ့ဆီက ဖုန်းခေါ်လိုက်တိုင်း ပိတ်ချလိုက်တတ်တဲ့ သားကြောင့် ဒေါ်ခင်ထားထွေးက အပြင်က တခြားနံပါတ်တစ်ခုနှင့် ဖုန်းခေါ်ရပါသည်။

"ဟယ်လို"

"ဟယ်လို ... သား ... သား ... မေမေပါ"

သူ့အသံကြားတာနှင့် ကောင်းစစ်သွေးက ဖုန်းကို ဆတ်ခနဲ ပိတ်ချလိုက်ပါသည်။ ဒေါ်ခင်ထားထွေးက နောက်တစ်ခေါက် ထပ်ခေါ်သည်။

"ဟယ်လို ... သား"

"......"

"သား ဖုန်းမချပါနဲ့၊ သားကို မေမေ ပြောစရာစကားတွေ ရှိပါတယ်၊ သား အခု ဘယ်နေရာမှာနေ ..."





ဖုန်းကို ကောင်းစစ်သွေးက ပိတ်ချသွားပြန်တဲ့အခါ ဒေါ်ခင်ထားထွေးသည် လမ်းဘေး ပီစီအိုဖုန်းဆိုင်လေးမှာပင် ထိန်းနိုင် မသိမ်းနိုင် မျက်ရည်တွေကျလာမိပါသည်။ အနီးအနားမှာ ထိုင်စရာ စားသောက်ဆိုင်လေးတစ်ခု ရှာဖွေလျက် တစ်ခုခုကကာ ဣန္ဒြေရရထိုင်ရင်း ဟဲန်းဒ်ဖုန်းထုတ်ကာ နံပါတ်တစ်ခုသို့ နှိပ်ခေါ်လိုက်ပါသည်။

"ဟယ်လို ... မိထား ပြော"

"ကောင်း ... ငါ ... ငါလေ"

"မိထား နင် ငိုနေတာလား၊ လူသံတွေနဲ့ အိမ်မှာမဟုတ်ဘူးလား"

"အိမ်မှာတော့မဟုတ်ဘူး၊ ဒါပေမဲ့ အိမ်နားမှာပါပဲဟာ၊ '......'ဆိုင်မှာပါ၊ ငါ သားဆီဖုန်းထွက်ဆက်တာ၊ ငါ့နံပါတ်မြင်ရင် မကိုင်တော့ ပီစီအိုကနေ ဖုန်းလာခေါ်တာ၊ ကိုင်တော့ကိုင်တယ်၊ ငါ့အသံလည်းကြားရော ချပစ်လိုက်တယ် ကောင်း"

ဒေါ်ခင်ထားထွေးအသံက ရှိုက်သံအစွက်စွက် ကတုန်ကယင်ဖြစ်နေပါသည်။

"ငါ အဲဒီကိုလာခဲ့မယ် မိထား၊ စောင့်နေနော်"

"မလာပါနဲ့ ရပါတယ် ကောင်းရယ်၊ နင်အားမှာမှ မဟုတ်တာ"

"ခဏတော့ အားတယ်၊ လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ သိပ်မကြာလိုက်ခင် ဦးကောင်းမြတ်က ဒေါ်ခင်ထားထွေး ရှိနေတဲ့ဆိုင်ကလေးဆီ ရောက်လာခဲ့ပါသည်။ ထောင့်ကျကျစားပွဲလေးမှာ တစ်ယောက်တည်းထိုင်ကာ ကျိတ်ပြီး မျက်ရည်သုတ်နေတဲ့ ဒေါ်ခင်ထားထွေးကိုမြင်လျှင် ဦးကောင်းမြတ်က သက်ပြင်းတစ်ချက်နှင့် စားပွဲဆီလှမ်းလာကာ ဝင်ထိုင်လိုက်ပါသည်။

"ရှမ်းခေါက်ဆွဲတွေ မှာထားတာကြာပြီလား၊ အေးစက်နေပြီ
စားလေ"

"နင် စားလိုက်တော့"

ဦးကောင်းမြတ်က ဘာမှ ပြောမနေတော့ဘဲ တူတံ
ချောင်းနှင့် ဆွဲလွဲစားနေလိုက်ပါသည်။

"သား ဘယ်ရောက်နေလဲ ခုထိ မသိဘူး၊ ငါ သားနဲ့ တ
ခါမှခွဲဖူးတာမဟုတ်ဘူး၊ သားက ငါမပါဘဲ သူငယ်ချင်းတွေ
နဲ့တောင် ခရီးသွားတာတွေဘာတွေ လိုက်မသွားတတ်ဘူ
အခုတော့ ဘယ်နေရာမှာ ရှိနေတယ် ဆိုတာလေးတော
မသိရဘူး"

"နင့်သားက အသက်နှစ်ဆယ့်ခြောက်ထဲရောက်နေပြီဆို
လည်း သတိထားဦးမှပေါ့ မိထားရယ်၊ နင်မသိယေ
တစ်နေရာရာမှာတော့ ရှိနေတယ်မဟုတ်လား၊ ဖုန်းထူးတ
ဆိုကတည်းက ရှိလို့ပေါ့၊ ရန်ကုန်မြို့မှာပဲ တစ်နေရာရ
ရှိနေမှာပါ"

"နင် ဆက်ကြည့်ပါလားဟင်"





"ဘယ်ကိုင်ပါ့မလဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ မကိုင်လည်း ပြီးရောပေါ့"

ဦးကောင်းမြတ်က သက်ပြင်းတစ်ချက်ချကာ ပူဆွေးသောကရောက်နေတဲ့ ခင်ထားထွေး ကျေနပ်ပါစေတော့ဆိုတဲ့ စိတ်သက်သက်နှင့် ကောင်းစစ်သွေး ဖုန်းနံပါတ်ကို ခေါ်လိုက်ပါသည်။ ထင်တဲ့အတိုင်း မကိုင်ပါ။ နှစ်ခါပြန်ခေါ်ပြီး မကိုင်လျှင် မကိုင်တဲ့အကြောင်း ဒေါ်ခင်ထားထွေးကို ပြလိုက်ပါသည်။

"သိပ်စိတ်ပူမနေပါနဲ့ မိထားရယ်၊ သူငယ်ချင်းတစ်ယောက်ယောက်နဲ့ အတူတူရှိနေမှာပါ"

"ငါ့သားကို လွမ်းတယ်၊ ငါမနေတတ်ဘူးဟာ၊ သား ငါ့ကို အရမ်းစိတ်နာနေပြီ၊ အထင်လည်းသေးနေပြီ ကောင်း၊ ငါ့ကို ဒီတစ်သက် ခွင့်လွှတ်ပါတော့မလားမသိပါဘူး"

"တိတ်ပါဟာ၊ ထပ်မငိုနဲ့တော့၊ နင်ငိုနေနေလို့လည်း ဒီပြဿနာကြီးက ပြေလည်သွားမှာ မဟုတ်ဘူးလေ"

"ဒီပြဿနာကြီးကို ငါတို့ ဘယ်လိုဖြေရှင်းကြမှာလဲဟင် ကောင်း၊ ဒီကိစ္စကြီးက လုံးဝမလွယ်ကူဘူး၊ ငါတို့မှားသွားပြီထင်တယ် ကောင်း"

"နင် အဲဒီလိုမတွေးနဲ့၊ ငါ့ဘက်ကိုလည်း နင် စဉ်းစားကြည့်ဦး"

ဒေါ်ခင်ထားထွေးက မျက်လုံးစွန်းကို တစ်ရှူးလေးနှင့်သုတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပဲ ဖြစ်ခဲ့ ဖြစ်ခဲ့ ဖြစ်နေတဲ့ အခြေအနေကိုပဲ လက်ခံပြီး ဖြစ်လေရာဘဝမှာပဲ နေမြဲတိုင်း နေလိုက်ကြရင်လည်း ဖြစ်တာပဲ မဟုတ်လား"

"နှင် ငါ့ဘက်က တွေးကြည့်ပါဦးဆို၊ ငါတို့ရဲ့စိတ်ချမ်းသာမှုဆိုတာကကော မရှိရတော့ဘူးလား"

"ဒါပေမဲ့ တကယ်တော့ ငါတို့က သားတွေ သမီးတွေ ဒီကလေးတွေရဲ့မျက်နှာကိုပဲ ပိုပြီးကြည့်သင့်တယ် မဟုတ်လား"

"ငါ သက်လယ် မျက်နှာကိုငဲ့လို့ သက်လယ်ကို ထောက်ထားလို့သာ ခုထိ ရွှန်းအိတင်ကို ပေါင်းနေသေးတာပေါ့၊ ခုထိမကွာရှင်းခဲ့ရတာပေါ့၊ ဒါပေမဲ့ တမင်တကာ တကူးတက မကြိုးစားကြပဲ ငါတို့ချင်း ပြန်ဆုံကြတယ်လေ မိထား၊ ငါတို့အတွက် အလှည့်ဆိုတာလေး မရှိရတော့ဘူးလား"

"မရှိသင့်တော့ဘူး ထင်တယ်၊ ငါ ... ငါလည်း မှားတယ် ကောင်း၊ နှင့်ကို ပြန်မြင်လိုက်တဲ့အချိန်မှာ ငါ့ရဲ့အသိဉာဏ်ကို ငါ မသုံးနိုင်ဘူး၊ စိတ်ကို မထိန်းချုပ်နိုင်ခဲ့ဘူး၊ စိတ်အလိုလိုက်မိတယ်၊ တကယ်တမ်း ဒီကိစ္စဟာ ဘယ်သူ့အတွက်မှ အကျိုးမရှိဘူး"

"နှင်တို့သားအမိကို ပြန်တွေ့တဲ့အချိန်မှာ ပြန်ပြီးသာယာပြီး ပြည့်စုံခဲ့တဲ့ ငါ့ဘဝကို နှင်ထည့်မစဉ်းစားပေးတော့ဘူးပေါ့နော်"





"နှင်တင် မဟုတ်ပါဘူး ကောင်း၊ ငါ့ဘဝလည်း ပြီးပြည့်စုံသွားသလို ခံစားခဲ့ရတာပါ၊ ဒါပေမဲ့ တကယ်တော့ ငါတို့က လူ့ဘဝသက်တမ်း တစ်ဝက်ကျော်နေပါပြီ ကောင်းရယ်၊ ကျန်တဲ့အချိန်ပိုင်းမှာ ကိုယ့်စိတ်ဆန္ဒကို အောင့်အည်းမျိုသိပ်ပြီး ကန့်သတ်နေထိုင်သွားရလို့လည်း ထူးပြီး မချို့ယွင်းလှတော့ပါဘူး၊ နေနိုင်ရမှာပေါ့ ...

ငါတို့ တကယ်တမ်း ဦးစားပေး စဉ်းစားရမှာက ခုမှ ဘဝထဲကို တိုးဝင်ကြမယ့် ကလေးတွေအတွက် မဟုတ်လား"

"နှင် ခုလိုပြောလိုက်တော့ ငါတို့က လူယုတ်မာကြီးတွေ ဖြစ်သွားသလိုပဲ၊ ငါတို့နှလုံးသားတွေ မီးလောင်ခဲ့ရတာကို နှင် မေ့သွားတာလား"

"မမေ့ပါဘူး ကောင်း၊ မေ့နိုင်စရာလား၊ ငါတို့ နာကျင်ခဲ့ကြရတာ မှန်ပေမယ့် ခုချိန်မှာတော့ ပတ်ဝန်းကျင် လူ့အသိုင်းအဝိုင်းက လက်ခံထားတဲ့ အနေအထားအရဆိုရင် ငါတို့နှစ်ယောက်က နှင်ပြောသလို လူယုတ်မာပဲ"

ဦးကောင်းမြတ် မျက်နှာက ပျက်နေပါသည်။ ယောကျ်ားရင့်မကြီးတစ်ယောက် ဖြစ်နေ၍သာ ချုပ်ထိန်းထားရဟန်ရှိပြီး သူလည်း အော်ဟစ်ငိုယိုပေါက်ကွဲလိုက်ချင်သော ခံစားချက်မျိုးက မျက်နှာပြင်ပေါ်မှာ ပေါ်လွင်ကာနေသည်။ မခံချိမခံသာဖြစ်နေခြင်းကလည်း မျက်နှာတစ်ပြင်လုံးကို နီရဲနေစေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူတွေက ဟိုးလွန်ခဲ့တဲ့ အနှစ်အစိတ်ကျော်က ဘာတွေဖြစ်ခဲ့သလဲဆိုတာ ခရေစေ့တွင်းကျ သိကြတာမှ မဟုတ်တာ ကောင်းရယ်၊ ငါတို့ကကော တစ်ယောက်ချင်းကို တစ်လုံးချင်း လိုက်ပြီးရှင်းပြနိုင်တာမို့လို့လား"

"………"

"နင်ပြောသလိုပဲ၊ ငါတို့နှလုံးသားတွေ မီးလောင်ခဲ့ရတယ်ဆိုတဲ့အတိုင်း အခုဆိုရင် သက်လယ်နဲ့ ငါ့သားလေးရဲ့နှလုံးသားတွေလည်း မီးလောင်နေကြရပြီ ကောင်း"

ဒေါ်ခင်ထားထွေး အသံက တုန်ခါနေသည်။

"သူတို့ … ငါတို့လို ခံစားနေကြရပြီ၊ ချစ်ရက်နဲ့ ကွေကွင်းရခြင်းဆိုတဲ့ ဒုက္ခနဲ့ သူတို့ရင်ထဲလည်း မီးလောင်နေရောပေါ့၊ သနားပါတယ် ကောင်းရယ်"

"နင် ငါ့ကိုကျတော့ မသနားဘူးပေါ့နော်"

"နင်နဲ့ငါက လူကြီး၊ ခံစားချက်ကို မျိုသိပ်နိုင်ရမယ်၊ အနှစ်နာခံစရာရှိရင်လည်း ခံနိုင်ရမယ်လေ"

ဦးကောင်းမြတ်က အံကိုတင်းတင်း ကြိတ်ထားရင်း…

"ငါ ရှန်းအိကင်ကို ကွာရှင်းမယ်"

ဒေါ်ခင်ထားထွေးက မျက်ရည်တွေ ပြန်လည်ပြည့်လျှံလာပြန်ကာ …

"နင် ဒီလိုစဉ်းစားရင် လွန်ခဲ့တဲ့ငါးနှစ် ငါတို့ပြန်ဆုံကြတဲ့အချိန်က အကောင်အထည် ဖော်ဖြစ်ခဲ့ရင်လည်း အခြေ





အနေတွေက တစ်မျိုးဖြစ်မယ်၊ ခုမှတော့ နောက်ကျသွားပြီကောင်း၊ အပြစ်ကြီးသထက်တောင် ကြီးသွားတော့မှာလေ၊ နင် အဲဒီအချိန်ကကျတော့ ဘာဖြစ်လို့ ယတိပြတ် မဆုံးဖြတ်နိုင်လဲ"

ဦးကောင်းမြတ်က မျက်နှာကို လက်ဝါးနှင့် ပွတ်သပ်လိုက်ရင်း …

"ငါ သက်လယ်ကို ငဲ့နေတာပါ၊ သမီးကို ငဲ့ခဲ့လို့ပါ"

"ဒီလိုဆိုရင်လည်း ငဲ့လက်စနဲ့ ဆက်ပြီးငဲ့တော့ပေါ့၊ အခုမှ နင် မိရှန်းကို ကွာရှင်းလိုက်တော့ သက်လယ်က နင်နဲ့ငါ့ကို ဒီတစ်သက် ခွင့်လွှတ်နိုင်ဦးမှာလား၊ အဲသလိုဆိုရင် ငါ့သားလေး ကောင်းစစ်သွေး တစ်သက်လုံး အသည်းကွဲပြီပေါ့၊ ကောင်း … နင့်မှာလည်း သားကိုငဲ့ကွက်ဖို့ တာဝန်ရှိတယ်"

"တောက်"

ဦးကောင်းမြတ်က ခပ်တိုးတိုး တောက်ခတ်လိုက်ပါသည်။

"ငါကတော့ ချစ်တဲ့သူအနား နေနိုင်ပြီး သားလေးကကျတော့ ရင်ကွဲပက်လက် ဖြစ်နေရတဲ့ အခြေအနေမှာ ငါ ပျော်နိုင်ပါ့မလား၊ ငါ မပျော်ဘူး၊ ငါစိတ်မချမ်းသာဘူး"

"ကောင်းစစ်သွေးနဲ့ သက်လယ် အပြီးကွဲမသွားနိုင်ပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com

"နင် မိရှန်းကိုကွာလိုက်ရင်တော့ ကွဲမှာသေချာတယ်"

"အဖြစ်အပျက် အခြေအနေတွေ အားလုံးကိုသိရင် သက်လယ်က နားလည်မှု ရှိနိုင်မှာပါ၊ သက်လယ်က မျှတတဲ့ အတွေး ရှိပါတယ်"

"နင် ထင်လား"

"ထင်တယ်"

"နင် သက်လယ်ကို ချစ်တယ် မဟုတ်လား"

"ဟုတ်တယ်၊ ငါ သက်လယ်ကို ချစ်တယ်၊ ငါ့သမီးက အပြစ်ကင်းစင်ပါတယ်"

"နင်ချစ်တဲ့ ဒီသမီးကိုပါ ဆုံးရှုံးသွားရနိုင်တဲ့ အနေအထား တစ်ခုကို နင် ရင်ဆိုင်နိုင်လို့လား၊ နင့်သမီးက နင့်ကိုလှည့် မကြည့်ချင်တော့တဲ့ အခြေအနေမျိုးလည်း ဖြစ်သွားနိုင်သေးတယ်"

"ဒါပေမဲ့ ဒီအတိုင်း ဘာမှဖွင့်ရှင်းမပြပဲနေရင် ငါတို့ချင်း အခုမှစတွေ့ပြီး ဖောက်ပြန်ကြတယ်ဆိုတဲ့ အမြင်မျိုးကြီးပဲ သက်လယ်မှာ စွဲမြဲနေမှာပေါ့၊ ဘယ်အခြေအနေမှာပဲဖြစ်ဖြစ် အဆိုးရော အကောင်းရော တွဲနေတယ်၊ ဒီတော့ ငါအမှန် အတိုင်းကိုပဲ ဖွင့်ပြောပြီး ရင်ဆိုင်ရမှာပဲ၊ ရှန်းအိတင်ကို လည်း အမှန်တွေ ဖွင့်ပြောပြပြီး ကွာရှင်းခွင့်ရအောင် တောင်းရမှာပဲ"





ဒေါ်ခင်ထားထွေးက ခေါင်းမာလှတဲ့ ဦးကောင်းမြတ်ကို ခပ်ငေးငေးပဲ ကြည့်နေပါသည်။ အဲသလို ခေါင်းမာနေတာ ဟာလည်း သူ့အပေါ်ထားတဲ့ ချစ်ခြင်းမေတ္တာတရားကို မဖျောက် ဖျက်နိုင် မမျိုသိပ်နိုင်လို့ဆိုတာ နားလည်နေသောအခါ အပြစ်ဆို ရလည်း ခက်ပါသည်။

"ကောင်းစစ်သွေးကိုလည်း ဒီအဖြစ်အပျက် အခြေအနေတွေ အားလုံး ရှင်းပြရမှာပဲလေ၊ သူရော ဒါတွေမသိလို့ ဖြစ်ပါ့ မလား"

"ဒီနည်းလမ်းအပြင် နင် တခြားလုပ်စရာနည်းလမ်း မမြင် တော့ဘူးလား ကောင်း"

"မမြင်တော့ဘူး၊ အားလုံးကို အမှန်တရားအတိုင်း ရှင်းရှင်း လင်းလင်း သိစေတာက အကောင်းဆုံးနည်းလမ်းပဲ၊ ဟိုဟာ ဖုံး ဒီဟာဖိ လုပ်ထားရတာက ကိုယ့်အတွက် မလုံခြုံပဲ စိတ်ကို ကျဉ်းကျပ်ဖိစီးစေတယ်၊ ဘယ်နေ့ ဘယ်အချိန် ဘာတွေပေါ်လာမလဲလို့ စိတ်တထင့်ထင့်နဲ့ လဲနေရတယ်၊ အပြစ်လည်း ပိုကြီးတယ်"

"အရင်ဆုံး သားကိုတော့ ရှာပေးပါဦး ကောင်းရယ်"

"ရှာရမှာပေါ့၊ သူ စိတ်ပြေလက်ပျောက်ရှိအောင် ငါ ခဏ လွှတ်ထားတာပါ"

"အကြာကြီး လွှတ်ထားရင် စိတ်လေသွားမှာ ငါစိုးရိမ် တယ်"


www.burmeseclassic.com

www.burmeseclassic.com



"ကောင်းစစ်သွေးက လူကောင်းတစ်ယောက်ပါ မိထားရယ်၊ လိမ္မာတဲ့သားပါ၊ နင့်အပေါ် ဘယ်တုန်းကများ စိတ်ဒုက္ခ ပေးခဲ့ဖူးလို့လဲ"

"ငါ့ကို ဘယ်တုန်းကမှ စိတ်ဒုက္ခမပေးတဲ့ သားလေးကို ငါက စိတ်ဒုက္ခပေးမိပြီ၊ ငါက အမေဖြစ်ပြီး သားလောက် တောင် မလိမ္မာဘူး"

ဒေါ်ခင်ထားထွေး မျက်နှာက နှောင်တ တစ်ဝက်တစ် ပျက်နှင့် ညှိုးလျှနေသည်။ တကယ်တော့ အချစ်ဟာ ဘဝကိုအခါ ခပ်သိမ်း အေးမြစေနိုင်စွမ်းသည် မဟုတ်ပေ။

◆ ○ ◆





ဒေါ်ရွှန်းအိတင်သည် မှန်တင်ခုံရှေ့ ဟိုဘက်က လှည့်ကြည့် ဒီဘက်ကလှည့်ကြည့်နှင့် စိတ်မအားနိုင်အောင် မရောင့် ရဲနိုင်အောင် ရှိနေပါသည်။ ခုနက ဦးကောင်းမြတ်ထံမှ ဖုန်းရ ထားပါသည်။ အဆင်သင့် လုပ်ထားပါ လာခေါ်မည်တဲ့။ စကား ပြောစရာ ရှိသည်တဲ့။

ရင်ထဲ ကတုန်ကယင် လှုပ်ရှားကာ ဘာစကားများ ပြောမလို့ပါလိမ့်ဟု တွေးရင်း ရင်တွေလည်း ခုန်လှပါသည်။ အကောင်းကိုချည်းတော့ မျှော်လင့်ထားတယ် မဟုတ်ပါ။ ကောင်း မြတ်ထံမှ အကောင်းချည်း တစ်ရာ,ရာခိုင်နှုန်း မျှော်လင့်မိတယ် ဆိုရင် ကိုယ်သာရူးလို့ပေါ့။

အကောင်းဘက်တစ်ဝက် အဆိုးဘက်တစ်ဝက် ကြို တင်မျှော်လင့် ပြင်ဆင်ထားသော်လည်း သူ့ရဲ့စိတ်လှုပ်ရှားမှုမှာ စိတ်ချမ်းသာတဲ့ဘက်က ပိုနေခဲ့သည်။ အနည်းဆုံးတော့ ကိုယ့် လင်သားနှင့် အတူတကွ ယှဉ်တွဲပြီး အပြင်ထွက်ခွင့်မရခဲ့တာ ဘယ်လောက်တောင် ကြာပြီလဲ။ နှစ်တွေချီခဲ့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



လင်စုံမယားဖက်တက်ဖို့ ဘယ်လိုမှ ရှောင်လွှဲဖို့ မသင့်တဲ့ အခြေအနေမျိုးရှိမှပဲ နှစ်ယောက်တွဲပြီး သွားဖြစ်ကာ များသောအားဖြင့်မှာတော့ ဦးကောင်းမြတ် တစ်ယောက်တည်း သို့မဟုတ် ဒေါ်ရွှန်းအိတင် တစ်ယောက်တည်း သွားလိုက်ရတာက များပါသည်။

"တူ ... တူ ... တူ"

ဒေါ်ရွှန်းအိတင်က မှန်တင်ခုံရှေ့ရှိ နေရာမှ ဟဲန်းဒ်ဖုန်းတင်ထားမိတဲ့ ခုတင်ဘေးစားပွဲလေးဆီ ခလုတ်တိုက်မတတ် အပြေးသွားကိုင်လိုက်ပါသည်။

"ဟယ်လို"

"အေး ... ငါခြံထဲဝင်လာပြီ၊ ပြီးပြီလား"

"ပြီးပါပြီ"

"ဒါဖြင့် ဆင်းခဲ့တော့"

"အင်း ... အင်း"

ဒေါ်ရွှန်းအိတင်က ဖုန်းကိုပိတ် ပိုက်ဆံအိတ်ကောက်ယူပြီး အခန်းထဲမှ ထွက်လာခဲ့ပါသည်။ သူ့ရဲ့ဖြူစင်သောအသားအရေနှင့် အလိုက်ဖက်ဆုံးလို့ ထင်ရတဲ့ တောက်ပပေါ်လွင်သော အပြာနုမ်းနုမ်းရောင်ပြေး ဝမ်းဆက်ဝတ်စုံနှင့် လင်းတောက်ဝင့်ကြွားနေသော ဒေါ်ရွှန်းအိတင်ကို ဒေါ်ငယ်ပင် ငေးမောသွားရပါသည်။





"ဒေါ်ငယ်ရေ ... ဦးကောင်းမြတ်နဲ့ အပြင်ခဏသွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ မမ"

ပြောခဲ့မိတဲ့ အသံမှာပင် ဝဲ့ကြွားကြွားလေး ဂုဏ်ယူမာန်တက်သံများ ပါသွားလေမလား မသိပါ။ ရင်ထဲ လှုပ်ရှားတုန်ယင်ပြီး မြူးကြွနေမိတာတော့ အမှန်ပင်။ သူတက်မည့်ဘက်က ကားတံခါးကို ဦးကောင်းမြတ်က အတွင်းမှလှမ်းဖွင့်ထားပေးလိုက်တာကိုပင် စိတ်ထဲက ကြည်နူးမိလိုက်ပါသေးသည်။

"ဘယ်သွားမလို့လဲ ကောင်းမြတ်"

"တစ်နေရာရာပေါ့၊ နည်းနည်းတိတ်ဆိတ်တဲ့နေရာ၊ စကားပြောလို့ ရမယ့်နေရာပေါ့"

"အရေးကြီးကိစ္စ ရှိလို့လားဟင်"

"အင်း"

"အပြင်မှာပြောဖို့ လိုလို့လား"

"အိမ်မှာ မပြောချင်ဘူး၊ သမီးကို မပြောချင်သေးဘူး"

"သမီးနဲ့ ပတ်သက်နေတာလားဟင်"

"ချန်ထားခဲ့လို့ မရတာပေါ့"

ဒေါ်ခင်ထားထွေးက အနည်းငယ် ငြိမ်သက်သွားပါသည်။ ခုနက အပျော်နှင့် ခုန်နေတဲ့ရင်ဟာ စိတ်ထင့်မှုတစ်မျိုးနှင့် တိုးခုန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ အိမ်မှာကျန်ခဲ့တဲ့ သက်လယ်သည် ဖေဖေ့ကားသံကြားလိုက်ရပြီး အပေါ်တက်လာတဲ့ ခြေသံလည်း မကြား၊ ဝရန်တာကနေလည်း တစ်ဖက်ခန်းက လှုပ်ရှားမှုတွေကို မကြားရသဖြင့် အခန်းထဲက ထွက်လာကာ အောက်ထပ်ဧည့်ခန်းကို လှမ်းမြင်နေရသော ဝရန်တာလက်ရန်းကြီးမှ ငုံ့ရင်း ...

"ဒေါ်ငယ်ရေ"

"ဝေ ... သမီးလေး"

"ခုန ဖေဖေ့ကားလား"

"ဟုတ်တယ် သမီး၊ မမကို လာခေါ်သွားတာ"

"မေမေ့ကို လာခေါ်တာ !! "

"ဟုတ်တယ်"

"ဘယ်သွားစရာရှိလို့လဲ"

"ဒါတော့ ဒေါ်ငယ်လည်း မသိဘူး သမီးလေး"

သက်လယ်သည် ဝရန်တာမှ ဝုန်းခနဲခွာကာ ကိုယ့်အိပ်ခန်းထဲ ပြေးဝင်ပြီး ကမန်းကတန်း ဖုန်းကောက်ကိုင်၍ မေမေ့ဖုန်းကို ခေါ်လိုက်ပါသည်။

"ဟယ်လို"

"မေမေ"

"အေး ... သမီး ပြော"

"ဖေဖေနဲ့ ဘယ်သွားတာလဲ"

"ဒီနားပဲ သမီး"





"ဒီနားဆိုတာဘယ်လဲ မေမေ"

"ဒီနားတစ်ဝိုက်ပဲ၊ သိပ်ဝေးဝေး မသွားပါဘူး၊ ဖေဖေက ပြောစရာလေးရှိလို့ အေးအေးဆေးဆေး ပြောလို့ရအောင် ဆိုင်လေးတစ်ဆိုင်ဆိုင်ကို ထွက်လာတာပါ"

"ဖေဖေ့ကို ဖုန်းပေးလိုက်ပါ မေမေ"

"ဟင်"

"ဖေဖေ့ကို ဖုန်းပေးလိုက်ပါ"

"ဪ ... အေး၊ ရော့ ... ဖေဖေနဲ့ ပြောချင်တယ်တဲ့"

ဦးကောင်းမြတ်က ဒေါ်ရွှန်းအိတင် လှမ်းပေးတဲ့ဖုန်းကို သက်ပြင်းရှိုက်ကာ လှမ်းယူရင်း ...

"သမီး ... ပြော"

"ဖေဖေ ... မေမေ့ကို ဘာပြောမလို့လဲ"

ဦးကောင်းမြတ်က ဖြေရခက်ကာ စိတ်ရှုပ်သွားပါသည်။

"ဖေဖေ ... သက်လယ် မေးနေတယ်လေ၊ မေမေ့ကို ဘာပြောမှာလဲ"

"တိုင်ပင်စရာ ဆွေးနွေးစရာ ပြောစရာတွေ ရှိလို့ပေါ့ သမီးရယ်"

"ဒေါ်ခင်ထားနွယ်အကြောင်းရော ပါလား"

"........."

"ပြောလေ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး သမီးလည်း တစ်နေ့ နားလည်ခွင့်ရမှာ"

"ဖေဖေ ... ဖေဖေ ရက်စက်လှချည်လား၊ မေမေ့ကို အခု ဒေါ်ခင်ထားဌေး အကြောင်း ပြောမလို့လား ဟုတ်လား"

"........."

"သက်လယ်တောင် ဒီလောက် နာကျင်ခါးသီးရက်နဲ့ မေမေ သိသွားမှာ စိုးလွန်းလို့ မေမေ ခံစားရမှာ နာကျင်ရမှာ စိုးလွန်းလို့ ဘာတစ်ခွန်းမှ ရင်မဖွင့်ပဲ အားလုံးမျိုချ သိမ်းထားတာလေ၊ ဖေဖေ ဘာအတွက် ပြောရမှာလဲ"

"သမီး ... အမှန်တရားကို အားလုံးရင်ဆိုင်ကြရမှာပဲလေ"

"အမှန်မဟုတ်ဘူး အမှား၊ အဲဒါအမှား"

သက်လယ်က တုန်တုန်ခိုက်ခိုက် ကုန်းအော်လိုက်ပါသည်။

"သမီး"

ဦးကောင်းမြတ်အသံက ခပ်တင်းတင်း ခပ်ဟန့်ဟန့်။

"ဘာတဲ့လဲဟင် သမီးကဘာတဲ့လဲ၊ ဘာတဲ့လဲ ကောင်းမြတ်"

ဒေါ်ရွှန်းအိတင်က စိုးရိမ်ပူပန်ကာ ဘေးကနေ တတွတ်တွတ် မေးနေသည်။

"ဖေဖေ"

"........."





"ဖေဖေ မေမေ့ကို ဘာမှမပြောပါနဲ့နော်၊ သမီး တောင်းပန်ပါတယ်၊ မေမေ့ကို ဘာမှမပြောပါနဲ့ ဖေဖေရယ် ... နော်၊ သက်လယ် တောင်းပန်ပါတယ်"

"သမီး ဖေဖေတို့အားလုံးကို အရှိအတိုင်း သဘာဝကျကျ ဖွင့်ရှင်းပြရမယ်၊ သမီး သိထားသလောက်က အစိတ်အပိုင်း သေးသေးလေးတစ်ခုပဲ ရှိသေးတယ်၊ သမီးလည်းသိဖို့လိုတယ်"

"ဖေဖေ ... မေမေ ရင်ကွဲမသွားအောင် သက်လယ်ရင်ကွဲခံပြီး ကောင်းကိုတောင် အပြီးအပိုင် ဘဝထဲက ထုတ်ပစ်လိုက်တာပါ၊ ကောင်းနဲ့သမီး ပတ်သက်စရာမရှိရင် ဖေဖေလည်း ဖေဖေ့ရဲ့အုံ့ပုန်းဇာတ်လမ်းကို ကြေညာနေဖို့ မလိုဘူး မဟုတ်လား၊ ဖေဖေ့ဘာသာ တစ်ဖက်မှာ ကမ္ဘာသစ်လေးတစ်ခု ဖန်တီးပါ၊ ဒီဘက်က ကမ္ဘာဟောင်းလေးကို ဖြိုဖျက်မပစ်ပါနဲ့ ဖေဖေ ...

မေမေ့ကို ငဲ့ပါဦး၊ ဘာကိုမှ မသိရင် မေမေ့ဘဝလေးက ဒီတိုင်းပဲဆက်ပြီး ငြိမ်းချမ်းနေမှာပါ၊ သောကအပူကင်းနေမှာပါ၊ ဒီတိုင်းထားလိုက်ပါ ဖေဖေ"

"သမီးသက်လယ်၊ လောကကြီးတစ်ခုလုံးမှာ သမီး အမေ ရွှန်းအိတင်ရဲ့ဘဝတစ်ခုထဲရှိတာ မဟုတ်ဘူး၊ တခြားဘဝ ဘဝတွေ အများကြီးရှိသေးတယ်၊ လောကကြီးမှာ သူတစ်ယောက်တည်း သောကအပူကင်းနေရုံနဲ့ မပြီးဘူး၊ ကျန်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတွေကကျတော့ သောကတွေ အပူတွေနဲ့ မီးတောက်နေရမှာလား"

"ကောင်းမြတ်"

ဒေါ်ရွှန်းအိတင် အသံက တုန်ယင်နေသည်။

"နင်တို့ ဘာတွေဖြစ်နေတာလဲ၊ ငါတစ်ယောက်ပဲ မသိတာ၊ အဲဒါ ဘာတွေလဲ၊ ဘာတွေဖြစ်နေတာလဲ ပြောစမ်းပါ၊ ငါ့ကို ချန်မထားနဲ့၊ အဆိုးဆုံး အခြေအနေ ဖြစ်ပါစေ၊ ငါ့ကိုလည်းပြော၊ ငါ့သမီးတောင် သိနေပြီး ငါကမှ မသိရအောင် ငါက သူငယ်နပ်စားလား"

ဒေါ်ရွှန်းအိတင်က မချိတင်ကဲ မခံချိမခံသာ မေးမိပါသည်။ သူ့ရင်တွေလည်း ပွင့်ထွက်မလို တုန်လှုပ်လာပြီ။ အန္တရာယ်တစ်ခုဟာ သူနဲ့ လက်တစ်ကမ်းအကွာမှာ ရောက်နေပြီဆိုတာ သူ ရိပ်မိလိုက်ပါပြီ။

"ကဲ ... ဒါပဲ သမီး"

ဦးကောင်းမြတ်က ဖုန်းကိုပိတ်လိုက်လျှင် ...

"ကောင်းမြတ် ဘာမှ တိတ်ဆိတ်အေးချမ်းတဲ့နေရာတွေ ဘာတွေ လုပ်မနေနဲ့၊ နင့်ကားကို လမ်းဘေးထိုးရပ်လိုက်စမ်းပါ"

မင်းခမွလမ်းရဲ့ တစ်နေရာ ရောက်နေတဲ့ကားကို ဦးကောင်းမြတ်ကလည်း လမ်းဘေးဆင်းချ ထိုးရပ်လိုက်ပါသည်။ အနီးဝန်းကျင်မှာ လူနေအိမ်ခြေရော လူပါရှင်းနေသည်။





"နင်ပြောစရာရှိတာ ပြောတော့"

ဒေါ်ရွှန်းအိတင်က တုန်တုန်ယင်ယင်နှင့်ပင် ပြောလိုက်ပါသည်။ ဦးကောင်းမြတ်က စတီယာရင်ပေါ် လက်ဆန့်တင်ပြီး တစ်ခဏငြိမ်နေသည်။

"ကောင်းမြတ်"

"အေး ... ပြောမယ်၊ ပြောမှာ ... အတတ်နိုင်ဆုံး နင့်နားထဲကို သက်သောင့်သက်သာအရှိဆုံးဝင်အောင် စဉ်းစားနေတာ"

"နင် ငါ့ကို ဆေးခါးကြီးတိုက်တော့မယ်ဆိုတာ ငါသိနေပြီပဲ ကောင်းမြတ်၊ သကြားအုပ်မနေပါနဲ့တော့၊ ငါရိပ်မိထားသလိုပဲ မဟုတ်လား"

"........."

"နင် မိန်းမတစ်ယောက် အသစ်တွေ့နေပြီ မဟုတ်လား"

"မဟုတ်ဘူး"

"ဟင်"

"အသစ်တွေ့တာ မဟုတ်ဘူး မိရွှန်း၊ အဟောင်း၊ မူလလက်ဟောင်း"

"ဘာ"

"အဲဒါဆိုရင် နင် နားလည်မှာပါ"

"ဘာ ... နင် ... နင် ခင်ထားထွေးနဲ့"

"ဟုတ်တယ်၊ ငါတို့ ပြန်ဆုံတွေ့ကြတာ ငါးနှစ်ရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ ... ငါးနှစ်၊ ဘုရား ... ဘုရား၊ နင် ငါ့ကို ငါး နှစ်လောက်တောင် ပိပိရိရိ လှျို့ဝှက်ထားနိုင်ခဲ့တယ်၊ ငါ တော်တော်တုံးတာပါလားနော်"

ဒေါ်ရွှန်းအိတင်သည် နှုတ်က အပြောင်အပျက်လို ရေရွတ်လိုက်ရကာ ရင်ထဲ၌ ပူဆို့သွားရလေသည်။ ဦးကောင်းမြတ် အသစ်တွေ့နေပစေဦး အတိုင်းအတာတစ်ခုအထိသာ ပူပန်မည် ဖြစ်သည့် ရွှန်းအိတင်သည် ဦးကောင်းမြတ် ပြန်တွေ့နေသူဟာ ခင်ထားထွေးလို့ သိလိုက်သည်နှင့် သူ့အန္တရာယ်ဟာ အကြီးမားဆုံး အဆင့်မှာရှိပြီဆိုတာ သဘောပေါက်နိုင်လေပြီ။

"ငါ့ကို နင် ကတိပေးထားတာ နင် မှတ်မိမှာပေါ့ မိရွှန်း"

"ဘာကို ပြောတာလဲ"

"နင် ရှုးချင်ယောင်မဆောင်ပါနဲ့၊ မင်းခေါင် ဆုံးတုန်းက မင်း ငါ့ကို ငိုယိုပြီး ဘယ်လိုတောင်းပန်လဲ၊ ဘယ်လို ပြော ခဲ့လဲ"

"ဘယ်လိုပြောခဲ့လို့လဲ"

ရွှန်းအိတင်သည် အသက်ရှူသံပြင်းထန်ကာ ရင်တွေ နိမ့်ချည်မြင့်ချည် ဖြောင်းဆန်လျက် မျက်ရည်တွေပါ ရစ်ဝိုင်းလာ သည်။

"သမီးလေးငယ်ပါသေးတယ်၊ မိသားစုလေး မပြိုကွဲပါရစေ နဲ့၊ တကယ်လို့များ တစ်နေ့နေ့ ငါနဲ့ ခင်ထားထွေး ပြန် တွေ့ခဲ့ရင် ခင်ထားထွေးကို ခြေထောက်ဖက်ပြီး တောင်းပန်





ပြီးမှ ငါနဲ့ ပြန်ပေါင်းခွင့်ပေးပါ့မယ် ကြည်ကြည်ဖြူဖြူကွာ ပေးပါ့မယ် ဆိုတာလေ"

"......"

"ငါ ခင်ထားထွေးကို တွေ့ခဲ့ပေမယ့် နင့်ကို ကွာပေးဖို့ မတောင်းဆိုခဲ့သေးတာ ဘာကြောင့်လို့ထင်လဲ"

"ဘာကြောင့်လဲ ..."

ရွှန်းအိတင်က မွတ်မွတ်သိပ်သိပ် မေးမိလျှင် ...

"သမီးကြောင့်ပေါ့၊ သက်လယ်ကြောင့်ပေါ့ မိရွှန်း"

ရွှန်းအိတင် ရင်တွင် အမျိုးအမည်မသိ လှိုင်းကြက်ခွပ် များ လူးလွန့်လှုပ်ရှားသွားရသည်။

"အဲဒီအချိန်ပိုင်းတွေလောက်က ငါ ပန်ခရီယပ်စ်ရောင်ပြီး ဆေးရုံအတော်ကြာ တက်လိုက်ရသေးတယ်လေ၊ ဆရာဝန် တွေက စိုးရိမ်ရတယ် ဂရုစိုက်ရမယ်ဆိုတာနဲ့ သမီးဟာဆေးရုံ မှာ ငါ့အနား မအိပ်မနေနဲ့ စိုးရိမ်တကြီးဖြစ်နေရှာလိုက်တာ၊ ဖေဖေ ... ဖေဖေနဲ့ အရိပ်တကြည့်ကြည့်ဖြစ်နေရှာတာ ...

သူ့အဖေ တစ်ခုခုဖြစ်သွားမှာ ဘယ်လိုမှ လက်မခံနိုင် လောက်အောင် မျက်စိသူငယ် အားငယ်နေရှာတာကိုကြည့် ပြီး သမီးကို ငါ သိပ်သနားခဲ့ရတယ် မိရွှန်း၊ ငါ့ကို အား ကိုးရှာတဲ့ သမီးလေး ဖအေပျောက်ကွယ်သွားခဲ့ရင် ဆိုတာ တွေးပြီး ရင်ထဲနာကျင်ခဲ့ရလို့ ငါ ဒီမိသားစုကို ဖြိုခွဲလိုက်ဖို့ သတ္တိမရှိခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းအိတင်သည် ပါးပြင်ပေါ် စီးစီးကျလာနေတဲ့ မျက်ရည်တွေကို သုတ်ရင်း ...

"ခုတော့ သတ္တိရှိလာပြီပေါ့နော် ကောင်းမြတ်"

"အခုအခြေအနေက ငါတို့ ဆက်ပြီးမျှိုသိပ်ထားဖို့ ဖုံးကွယ်ထားဖို့ မဖြစ်နိုင်တော့ဘူး မိရွှန်း"

"ဘာဖြစ်လို့လဲ"

"တစ်အချက်က သမီးနဲ့ ကောင်းစစ်သွေး လက်ထပ်ကြတော့မှာမို့ပဲ"

ဒေါ်ရွှန်းအိတင်သည် ဇဝေဇဝါနှင့် ...

"သူတို့ လက်ထပ်တော့မယ် ဆိုတော့ ... !! ..."

"ငါပြောတာကို ပြီးအောင်နားထောင်၊ နောက်တစ်ချက်က ငါတို့ကို ကောင်းစစ်သွေးနဲ့ သက်လယ် တွေ့သွားတယ်"

"ဟင် ... သူတို့နဲ့ သွားတိုးတယ်"

"ဟုတ်တယ်"

"ရှင် လဲသေလိုက်တော့၊ ပိပိရိရိတောင် မဖောက်ပြန်တတ်ဘဲနဲ့ ရှုပ်ချင်သေးတယ် ဟုတ်လား၊ ကိုယ့်သမီးရှေ့ ကိုယ့်သမက်လောင်းရှေ့ ရှင့်မျက်ခွက်ကြီးကို ရှင် ဘာနဲ့လှီးပစ်လိုက်တော့ ကောင်းမြတ်၊ ကျွတ် ... ရှက်ဖို့ကောင်းလိုက်တာနော်၊ သမီးတောင်မကဘူး သမက်လောင်းပါ မြင်သွားရတယ်လို့ ကောင်းမြတ်ရယ်"





အင်း ... သူ ဒီလောက်ပဲ သိရသေးတာတောင် ကျွက်ကျွက်ဆူဖြစ်နေပြီ။ ဦးကောင်းမြတ်က ရှေ့ကို စကားဆက်ဖို့ အားယူနေရပါသည်။

"နင်နဲ့ ခင်ထားထွေးကို သမီးမြင်သွားပြီး အခု နင့်ကို စိတ်နာနေတယ်ပေါ့၊ သမီးက ခင်ထားထွေးဆိုတာ နင့်ရဲ့ ငယ်ချစ်ဦး ငယ်ချစ်ဟောင်းကြီးလို့ မသိဘူး မဟုတ်လား"

"ဘယ်သိနိုင်ဦးမလဲ"

"ဒါဖြင့် ခုန သမီးက နင် ငါ့ကို ဒီကိစ္စဖွင့်ပြောမှာစိုးလို့ တားနေတာ"

"ဟုတ်တယ်"

"သမီးကမှ ငါ့ကို ညှာသေးတယ်၊ အင်းလေ ... ကိုယ့်သွေးပါတဲ့သူသာ ကိုယ့်အတွက် ငဲ့ညှာတော့မပေါ့၊ ငါ လောဘမကြီးပါဘူးလေ"

ဒေါ်ရွှန်းအိတင်က နှုတ်ခမ်းလေးအသာမဲ့ကာ ...

"နင့်ကို သူလည်း လက်ခံတယ်ပေါ့"

"သူ ပထမ ငြင်းပါတယ်၊ ဒါပေမဲ့ ငါတို့က ရည်းစားဟောင်းဆိုတဲ့ ပတ်သက်မှုထက်ပိုတယ်လေ၊ ဒါတွေ နင် အသိဆုံးပါ"

"အင်း ... သိတယ်လေ၊ ဒါကိုထားပါ၊ အခု နင်က ငါ့ကို ဘာအတွက် ဒါတွေ အသေးစိတ် ဝန်ခံနေတာလဲ၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



မြင်သွားလို့ သမီး ပြန်တိုင်မှာစိုးလို့တော့ မဟုတ်ဘူးဆို တာသိတယ်၊ သမီးက မပြောဖို့တောင် တားနေတာလေ၊ နင် ငါ့ကို အခု ဖွင့်ပြောတဲ့ရည်ရွယ်ချက်က ဘာလဲ ငါ သိချင်တယ်"

"နင့်ကို ပြောမှဖြစ်တော့မှာမို့လို့"

"နင်တို့ ပြန်ပေါင်းကြမယ်လို့ ဆိုလိုတာလား"

"ဒါထက်အရေးကြီးတဲ့အချက် ရှိသေးတယ် ရွှန်းအိတင်"

"ဘာလဲ ..."

ရွှန်းအိတင် အသံက အလောတကြီးဖြစ်နေပါသည်။

"တိုက်ဆိုင်မှုသက်သက်ပဲ၊ သမီးနဲ့ ကောင်းစစ်သွေးက ကျောင်းတုန်းကတည်းက နည်းနည်းပါးပါးကျွမ်းဝင်ပြီးသား ပါ၊ သူတို့ ကျွမ်းဝင်မှုကလည်း သီးသန့်ဖြစ်သလို သူတို့ ချင်းပတ်သက်သွားတဲ့ Relationship ကလည်း ငါတို့ရဲ့ သြဇာသက်ရောက်မှု လုံးဝမပါဘူး"

"နင် ... နင် ဘာကိုဆိုလိုတာလဲ"

ရွှန်းအိတင်ရဲ့ မျက်ဝန်းများက ပြူးကျယ်ဝိုင်းစက် လာပါသည်။

"ကောင်းစစ်သွေးက ခင်ထားထွေးရဲ့သား"

"ဘာ"

"မိထားသား"

"ဘာ ...၊ ဒါ ... ဒါဖြင့် ... နင်တို့"





ဒေါ်ရွှန်းအိတင်သည် သွေးရူးသွေးတန်းနှင့် ကား တံခါးကိုဖွင့်ကာ ဆင်းလိုက်ပါသည်။ ကယောင်ကတန်းနှင့်ကား ကို ပတ်ချာလည် လျှောက်နေမိကာ ပါးစပ်က ဘာတွေပြောနေမိ လို့ ပြောနေမိမှန်းမသိ၊ ပလုံးပထွေး ရေရွတ်နေမိသည်။

"ကောင်းမြတ်"

"........."

"ကောင်းမြတ် ... နင်နဲ့ ခင်ထားထွေးကို ဒီကောင်လေး ရော သမီးရော တွေ့သွားတယ် ဟုတ်လား"

"အေး"

ဒေါ်ရွှန်းအိတင်က ကားဘောနက်ကို လက်ထောက် ကာ လက်တစ်ဖက်က နဖူးကိုအုပ်ကိုင်ရင်း ချာလပတ်မူးသွား သလို ခံစားရရာက စိတ်လှုပ်ရှားမှု အရှိန်အဟုန်က တကယ်ပင် ဘရိပ်ရိပ် အရှိန်တက်ကာ မျက်စိတွေပါ ပြာဝေလာသည်။

"မိရွှန်း ...၊ ရွှန်းအိတင်"

သူ့ကို ဦးကောင်းမြတ် ခေါ်နေတယ်ရယ်လို့တော့ အသံသဲ့သဲ့ ကြားမိကာ မခံမရပ်နိုင်အောင် မူးမိုက်ပြာမှောင်နေလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"အန်တီ ဂျုံစ်လေး နည်းနည်းသောက်ပါလား"

စပါယ်ရှယ်နှာစ်လေးရဲ့ အသံကြောင့် မေမေနီးလာပြီကိုသိကာ သက်လယ်က ဂျာနယ်ကိုချ၍ ဆက်တီတွေမှ ထ,လာသည်။ မေမေ့ခုတင်စွန်းမှာ ဝင်ထိုင်ရင်း ရင်ထဲဖိုလှိုက်လာသည်။ ဝမ်းနည်းခြင်းနှင့် ဒေါသရောကာ ခံစားချက် သည်းထန်လာပြန်သည်။

အို ... တကယ့်ကို ပွပြင်းလောင်မြိုက်နေတာပါပဲလား။

"နော် အန်တီ ... ဆန်းကစ်စ်လေး ဖျော်ပေးရမလား"

"ဟင့်အင်း"

"ဂျုံစ်လေးနဲ့ ကိတ်လေးဖြစ်ဖြစ် ဘီစကစ်လေးဖြစ်ဖြစ် နည်းနည်းလေး စားပါနော်၊ ဆေးသောက်ရမယ် အန်တီရဲ့"





"ဒီဆေးတွေက အစာရှိဖို့ လိုအပ်တဲ့ ဆေးမျိုးတွေမှ မဟုတ်တာကွယ်၊ လာပါ ... ဆေးပဲယူခဲ့ပါ၊ ဒီတိုင်းသောက်ပါ့မယ်"

"မေမေရယ် ... စထရော်ဘယ်ရီနွားနို့လေးဖြစ်ဖြစ် သောက်လိုက်ပါ၊ မနေ့က မေမေကြိုက်လို့ဆိုပြီး ဖေဖေဝယ်လာတဲ့ဘူးတွေ ရှိတယ်"

ဒေါ်ရွှန်းအိတင်က သက်လယ်ကို ငေးကြည့်လိုက်ပါသည်။ ဩော် ... သမီးလေး။ အမေ စိတ်ချမ်းသာအောင် ရှာကြံပြောနေလိုက်တာ။ သမီးကို သနားသွား၍ ဒေါ်ရွှန်းအိတင်က ခေါင်းအသာညိတ်ကာ ...

"အင်းလေ ... နည်းနည်းသောက်တာပေါ့"

"ဟော ... အန်တီက မျက်နှာလိုက်တယ်၊ သမီးတိုက်တာကျတော့ သောက်တယ်"

ဆရာမလေးက ပြုံးပြုံးရယ်ရယ် နောက်ကာ ရေခဲသေတ္တာဆီ နို့ဘူးထ,ယူသည်။

"အန်တီက သူ့သမီးလေးကို အရမ်းချစ်တာပဲနော်၊ သမီးလေးကလည်း ချစ်စရာလေး၊ ချောကလည်းချော၊ အမေကိုလည်း အရမ်းဂရုစိုက်တာပဲ၊ သူ့အမေကို စိတ်ပူနေတာမှ မျက်နှာလေးကို ပျက်နေတာပဲ"

ဆရာမလေးက စကားတွေ ရွှန်းရွှန်းဝေဝေ ပြောနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ နေကောင်းတယ်နော်"

"ကောင်းပါတယ် သမီးရဲ့၊ မေမေ ဘာမှမဖြစ်ဘူး၊ အဲဒီနေ့ကသာ ရုတ်တရက် သွေးလည်းတိုးသွားပြီ၊ လူက မိုက်ခနဲ ဖြစ်သွားတာ"

တကယ်တော့ မေမေ ဟာ့ထ်အတက်ခ်သဘောမျိုး ဖြစ်တာဆိုတာ ဆရာဝန်ကြီးထံမှ သက်လယ်သိရပြီးပါပြီ။ မေမေ့ကို စိတ်ပူသည်။ ဟာ့ထ်အတက်ခ်ဆိုတာမျိုးက အခန့်မသင့်ရင် သေသွားတော့ ဘယ်လိုလုပ်မလဲ။ ရက်စက်လိုက်တဲ့ ဖေဖေ။ အဲဒီနေ့ကများ မေမေ သတိမလည်ခင် သက်လယ်သည် ဖေဖေ့ကို ထုကာ ရိုက်ကာ အကျယ်ကြီး ဟစ်အော်ငိုကြွေးပြီး ရန်တွေ့မိသည်။

"မေမေ ဘာမှခေါင်းထဲ မထားနဲ့နော်၊ မေ့ပစ်၊ ဒါတွေက အလကားတွေပါ၊ ဖေဖေကလည်း သမီးကိုပြောပြီးသား"

"ဘာတဲ့လဲ"

"ဒါ အလကားတွေပါတဲ့ မေမေရဲ့"

ဒေါ်ရွှန်းအိတင်က ပြုံးမိသည်။ သမီးလေးက အမေ စိတ်ချမ်းသာအောင် လိမ်ညာနှစ်သိမ့်နေတာ။ ဦးကောင်းမြတ်လား ဒါ အလကားတွေပါလို့ ပြောမှာ။ ခင်ထားထွေး ဆိုတာ သူ့ဘဝရဲ့ရတနာရွှေဥဆိုတာ သမီးမှမသိတာ။ သမီးလေး အကုန်မှမသိသေးပဲ။ ကောင်းရဲ့မေမေနှင့် ဖေဖေ ဖောက်ပြန်နေကြတယ်ဆိုတဲ့ အသိနှင့်တင်ပဲ ပုံလဲခံစားနေခဲ့ရရှာတာ။





နောက်ကွယ်မှာ ဒီထက်ဆိုးသေးတဲ့ နာကျင်စရာ အဖြစ်အပျက်တွေ ရှိသေးမှန်း သမီးလေးမှ မသိတာ။

"လောကကြီးမှာ ပိုက်ဆံထောတဲ့ ဘူတာကြီးတွေ မှန်ရင် အနည်းနဲ့အများ ဒီလိုကိစ္စမျိုး ရှိကြတာချည်းပါပဲ မေမေရာ"

"အဟင်း ဟင်း"

"မေမေ ဘာရယ်တာလဲဟင်"

"သမီးလေးစကားကို ရယ်ချင်တာပါ သက်လယ်ရယ်၊ ညည်းအဖေကလည်းနော် တခြားဘူတာကြီးတွေလို စမောလ်လေးတွေကို ရှုပ်ပါတော့လား"

"ဟုတ်ပါရဲ့ မေမေရယ်၊ အိုကြီးအိုမ ကလေးအမေကြီးကို စဉ်းစားလို့တောင် မရပါဘူး၊ ဘယ်လိုများ သွားတွေ့ကြလဲ မသိဘူး"

"ငယ်ငယ်ကတည်းက သိကြတာ သမီးရဲ့"

"ဟင် ... ဟုတ်လား"

"ဟုတ်တယ်၊ အခု ပြန်တွေ့တော့ ငယ်သံယောဇဉ်ပေါ့လေ"

"ဟို ... ဒေါ်ခင်ထားထွေး ဆိုတဲ့ မိန်းမကြီးကိုကလည်း အထာတွေ အရမ်းပေးလို့ ဖြစ်ပါလိမ့်မယ်၊ သူကတောင် စ,လှုပ်ရှားမလားပဲ"

သက်လယ်က မုန်းမုန်းနှင့် ထင်ရာမြင်ရာ ခန့်မှန်း ဝေဖန်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးနဲ့ကောင်းကနေတစ်ဆင့် ဆက်စပ်ပြီး ပြန်တွေ့သွားကြသလားပဲ"

"မဟုတ်ဘူး သမီး၊ သူတို့က အရင်တွေ့ကြတာပါ"

"ဟင်"

"ငါးနှစ်လောက်တောင်ရှိပြီ သမီးရဲ့"

"ဟင်"

သက်လယ်သည် အဖြစ်အပျက်ကိုလည်း အံ့သြ၊ မေမေ အေးအေးဆေးဆေး ပြောနေနိုင်တာကိုလည်း အံ့သြပါးစပ်လေး အဟောင်းသား ဖြစ်နေပါသည်။

"မေမေ့ကို ဟိုတစ်နေ့က ဒီအကြောင်းတွေ ပြောပြပြီး ဘာပြောသေးလဲဟင်"

"ဒါတွေ အသိပေးရုံပဲ ပေးတာပါ"

"မသိတော့ ဘာဖြစ်သွားမှာလဲ၊ တကယ်ဆိုရင် မေမေ့ကို ဒီကိစ္စ ဖုံးထားလည်း ရတာပဲ၊ သူများဆိုရင် ဖုံးထားမှာ၊ သမီးကလည်း ပြန်တိုင်ဖို့ နေနေသာသာ ဖေဖေ့ကိုတောင် မပြောဖို့ တားနေတာ"

ဘာကြောင့် ဖွင့်ပြောတာ သမီးကတော့ ဘယ်လိုလုပ်သိရှာပါ့မလဲ။ ဒေါ်ရွှန်းအိတင်ကတော့ သိသူမို့ ရင်ထဲမှာ ထိခိုက်နာကျင်နေမိပါသည်။ ခင်ထားထွေးကို ပြန်လိုချင်တဲ့အချိန်မှာ အသာတကြည် ကွာရှင်းပေးပါ့မည်လို့ တကယ်ပဲ ကိုယ်တိုင်ကတိပေးခဲ့တာ။





အဲဒီတုန်းက ထင်ခဲ့တာကတော့ တကယ်တမ်းပြန်တွေ့ရင်တောင်မှ ဒီကြားထဲ ဒီမိသားစုအပေါ် ဖြစ်တည်နေမည့် သံယောဇဉ်က အားတစ်ရပ်အဖြစ် လွှန်ဆွဲနေဦးမှာလို့ပင်။ အနည်းအကျဉ်းတော့လည်း အင်အားတစ်ရပ် ဖြစ်ခဲ့ပါလိမ့်မည်။ ဒါကြောင့်သာ ခုထိ ပြန်တွေ့နေကြပြီဆိုပြီး ဒီအခွင့်အရေး မတောင်းတာပေါ့။

ခုချိန်မှာတော့ သမီးတို့လည်း မြင်သွား သိသွားပြီဆိုတော့ မထူးပြီလို့ သဘောထားလိုက်ပုံပင်။ သို့ပေမယ့် အခြေအနေက ဘယ်လိုရှေ့ဆက်ကြမည်ဆိုတာ တွေးဖို့ခက်ခက်။ ဒီအခြေအနေတွေ ရှိနေပြီးမှ ဘေးပတ်ဝန်းကျင်ကတောင် မျက်စိလည်သွားနိုင်အောင် ပတ်သက်မှုတွေကို ပြောင်းဖို့ဆိုတာလွယ်လား။

ဒီကြားထဲ တိုက်တိုက်ဆိုင်ဆိုင် သမီးက ကောင်းစစ်သွေးနဲ့မှ ...။

"မေမေ နေမကောင်း ဖြစ်သွားတော့ သူ ပြောချင်တာတွေ ဆက်ပြောလို့ မရတော့ပဲလည်း ဖြစ်သွားမှာပေါ့လေ"

"မေမေ ဒါတွေ မတွေးနဲ့တော့"

"မတွေးလို့လည်း မဖြစ်သေးဘူး သမီး"

"ခေါင်းထဲ မထည့်ပါနဲ့ မေမေ၊ မေမေ့ကျန်းမာရေးက အရေးကြီးတယ်၊ သမီး မေမေ့ကို တစ်ခုခု အဖြစ်မခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စက သူတို့ကိစ္စ သီးသန့်မဟုတ်ဘူးလေ၊ သမီးနဲ့ ကောင်းနဲ့က ရှိသေးတယ်"

"ကောင်းကို သမီး အပြီးမေ့လိုက်မှာပါ မေမေ"

ဘာမှမဖြစ်သလို ပေါ့ပေါ့ပါးပါး ပုံစံနှင့် ပြောလိုက်သော သက်လယ်ရဲ့ဟန်ပန်ကလေးကို ဒေါ်ရွှန်းအိတင်က ကရုဏာသက်လှပါသည်။

"ကောင်းနဲ့ သမီးနဲ့ ပတ်သက်ဖို့ ရှိနေရင်သာ ဒီကိစ္စကြီးက ရုပ်ဆိုးပန်းပျက်နဲ့ ထူးထူးခြားခြား လူကဲ့ရဲ့ချင်စရာကြီးလို ဖြစ်နေမှာပါ၊ ကောင်းနဲ့သမီးက ဘာမှပတ်သက်စရာမရှိတဲ့ အစိမ်းသက်သက် လူတွေသာဆိုရင် ဒီကိစ္စဟာ ဖေဖေအပြင်မှာ မိန်းမတစ်ယောက်နဲ့ ရှုပ်နေတယ်ဆိုတဲ့ သာမန်အမှုကိစ္စ ခပ်သေးသေးတစ်ခုပဲ ဖြစ်သွားမှာလေ မေမေ"

"ငါ့သမီးလေး ကောင်းစစ်သွေးကို မေ့နိုင်လို့လား"

"ကောင်းစစ်သွေး ဆိုတာ သက်လယ်ရဲ့ချစ်သူ ဖြစ်လာတာမှ နှစ်နှစ်လောက် ရှိသေးတာပါ မေမေရယ်၊ ကောင်းစစ်သွေး ဆိုတာ မရှိပဲနဲ့ တစ်သက်လုံး နေလာတာပါ၊ အခုတစ်ခါပြန်ပြီး သူမရှိတော့ဘူးဆိုလည်း ဘာဖြစ်ရဦးမှာလဲ"

"အရင်က မရှိပဲ နေခဲ့တာက မရှိကို မရှိခဲ့တာ၊ အခုက သမီးရဲ့အသည်းနှလုံးထဲမှာ ရှိပြီးသား ဖြစ်သွားတာကို ပြန် ဖျောက်ဖျက်ရမှာ"





"နေနိုင်ပါတယ် မေမေ"

သက်လယ်က အသံလေးကိုထိန်းပြီး ခေါင်းခပ်မာမာနှင့်ပဲ ဖြေလိုက်ပါသည်။

"ပြီးတော့ သမီးမှာရော ကောင်းစစ်သွေးမှာရော ဘာအပြစ်မှ မရှိကြဘူး၊ အခု ကောင်းစစ်သွေးနဲ့ သူ့အမေရော ဘယ်လိုပြဿနာရှိလဲ"

"………"

"ဟင် … သမီး"

"ကောင်း အိမ်ပေါ်က ဆင်းသွားတယ်"

"ဘယ်မှာ သွားနေ[illegible]လဲ"

"အဲဒါ သေချာမသိဘူး မေမေ၊ သူ ဖုန်းဆက်ရင် သမီး မကိုင်ဘူး၊ သူ အိမ်ပေါ်က ဆင်းသွားတာလည်း မချိုပြောလို့ သိရတာ၊ သူ ရုံးမလာတော့ သူ့လုပ်လက်စ အလုပ်တွေကို ဖေဖေက ကိုဇော်လင်း ဆိုတာကို တာဝန်ပေးတယ်၊ ကိုဇော်လင်းက အလုပ်ကိစ္စမေးစရာလေးတွေရှိလို့ ကောင်း အိမ်သွားတော့ အိမ်မှာမရှိဘူး၊ ဖုန်းဆက်ပြီး လိုက်သွားတော့ အပြင်တစ်နေရာမှာပဲ တွေ့ကြတယ်၊ သူ့အိမ်မှာ သူမနေဘူး ဆိုတာ ကိုဇော်လင်းကတစ်ဆင့် မချို သိတာ၊ ကျန်တာတော့ သမီးလည်း မသိဘူး"

"သူလည်း သူ့အမေကို မကျေနပ်ဘူးပေါ့"

"………"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းစစ်သွေးမှာတော့ အပြစ်မရှိပါဘူး သမီး"

"သူ့မှာ တခြားအပြစ် မရှိတောင် သူ့အမေရဲ့သားဖြစ်နေတဲ့အပြစ် ရှိတယ် မေမေ"

"ဒါက သူ့ရွေးချယ်မှုမှ မဟုတ်ပဲ"

"မေမေ ... ဘယ်လိုမှမဖြစ်နိုင်တဲ့ ကိစ္စတစ်ခုကို သမီးတောင် ဇာတ်သိမ်းလိုက်သေးတာပဲ၊ မေမေလည်း မေ့ပစ်လိုက်ပါ၊ သူ့အမေဟာ အေးအေးချမ်းချမ်း ရှိနေတဲ့ အဆင်ပြေနေတဲ့ မိသားစုတစ်စုကို ဘဝဖျက်တဲ့သူပဲ၊ သမီး အထင်သေးတယ်၊ ဖေဖေ့ကို မေမေ့လက်ထဲက လုယူရက်တာကို ရွံတယ်၊ မုန်းတယ်"

ဖေဖေ့ကို မေမေ့လက်ထဲက လုယူရက်တာကို ...'

ဖေဖေ့ကို မေမေ့လက်ထဲက လုယူရက်တာကို ...'

ဒီစကားလေးတစ်ခွန်းဟာ ဒေါ်ရွှန်းအိတင် နားထဲ အထပ်ထပ် အပြန်ပြန် ငံ့တင်သံမြည်ဟည်းနေပါသည်။ ရင်ထဲမှာလည်း တလှပ်လှပ်နှင့် မီးစကြီးတစ်စ အထိုးခံရသလိုပါ ပူထူဆိုနင့်လာပါသည်။

"ရှိနှင့်ပြီးသား သူတစ်ပါးချစ်ခြင်းကို ဖြိုခွဲတဲ့ မိန်းမတစ်ယောက်ကို ကိုယ့်ယောက္ခမအဖြစ် မကြည့်ချင်ဘူး"

သက်လယ်ရဲ့ စကားအခွန်းတိုင်းက ရွှန်းအိတင် ရင်ကို မီးမြားနှင့် ခွင်းနေသလို စပ်ဖျင်းပူလောင်နေစေပါသည်။ တလှပ်လှပ် ခါနေတဲ့ ရင်ဘတ်ထဲက ဆုပ်ဆွဲသလိုပင် စူးရှနာ





ကျင်တက်လာပါသည်။ သက်လယ် မျက်နှာကိုမကြည့်ဘဲ မျက်ခွံကို ခြုံထားတဲ့ ခြုံစောင်ပါးပါးပေါ်သာ စိုက်ချထားမိသည်။

အဖြစ်အပျက်တွေ အားလုံးရဲ့ အခြေခံအုတ်မြစ်ကို ပြန်ပြီးတူးဖော်တွေးလိုက်မိတိုင်း သူ့ဘဝတစ်လျှောက် နာကျင်ခဲ့ရပါသည်။ သမီးတစ်သက် အနှစ်အစိတ်ကျော်လာပြီဆိုတဲ့ အခုအချိန်မှာတော့ အချစ်မေတ္တာ၊ အိမ်ထောင်ရေး ဆိုတာတွေသည် ပုံသေနည်းတစ်ခုနဲ့ တွက်ချက်လိုက်သလို ဒီလိုလုပ်ရင်ဖြင့် ဒါဖြစ်ရမယ် ဆိုတာမျိုး ဘယ်လိုမှ ကံသေကံမ မျှော်လင့်မရပါလား ဆိုသည်ကို သဘောပေါက်စ ပြုရလေပြီ။

"အဲဒီမိန်းမကြီးက ငရဲကြီးမယ့် မိန်းမကြီး၊ သူတစ်ပါး အသည်းနှလုံးတွေကို ခွဲတဲ့အတွက် သူ့အသည်းနှလုံးလည်း တစ်နေ့ ကွဲရမှာပါ မေမေ"

သူတစ်ပါး အသည်းနှလုံးတွေကို ခွဲတဲ့အတွက်။

သူ့အသည်းနှလုံးလည်း တစ်နေ့ ကွဲရမှာပါ။

ဟုတ်ပါတယ်။ တစ်နေ့ ကွဲရမှာပါ။ အဲဒီ တစ်နေ့ဟာ ရွှန်းအိတင်အတွက် ရောက်များရောက်ရှိခဲ့ပြီလားလို့ အလန့်တကြား တွေးနေမိတာပါ။ သူတစ်ပါး အသည်းတွေ ခွဲခဲ့သူရဲ့ အသည်းနှလုံး ကွဲရမယ့်နေ့ဟာ ကိုယ့်အတွက်များ ရောက်လာလေပြီလားလို့ ဆောက်တည်ရာမရ ဖြစ်နေမိတာပါ။

"ဒေါက် ... ဒေါက်"

"ဟော ... ဧည့်သည်လာတယ် ထင်တယ် ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံခန်းတံခါးခေါက်သံကြောင့် သက်လယ်က တစ်ရှူးလေးနှင့် မျက်လုံးအိမ်ထောင့်စွန်းလေးတွေ တို့ကာပြောလျှင် ဆရာမက အခန်းတံခါး ထ,ဖွင့်သည်။

"မေမေ ဧည့်သည်ရှိနေပေမယ့်လည်း ပင်ပန်းရင် ကိုယ့်ဟာကိုယ် နားနော်"

"အင်းပါ သမီးရယ်"

သားအမိနှစ်ယောက်သား အခန်းတံခါးဝဆီ လှမ်းကြည့်နေဆဲ ပွင့်ဟသွားသောတံခါးမှ ကောင်းစစ်သွေး ဝင်လာပါသည်။ ကောင်းကို မြင်သည်နှင့် သက်လယ်က မျက်နှာလေးပျက်သွားကာ ထိုင်နေရာမှ ဓာင့်ခနဲ ထ,ရပ်လိုက်ရင်း ...

"ကောင်း ... နင် ဘာလာလုပ်တာလဲ"

"........."

"နင် လာစရာမလိုဘူး ... ပြန်"

ဆရာမက လူနာရှင် အလိုမရှိတဲ့ ဧည့်သည်ကို မတားမိတဲ့အတွက် မျက်စိသူငယ်လေး ဖြစ်သွားရင်း ...

"ဟိုလေ ... လူနာနဲ့ လူနာရှင် အလိုမရှိရင် ပြန်လိုက်ပါရှင်၊ လူနာကို အနှောင့်အယှက် မပေးပါနဲ့၊ လူနာက နှလုံးမကောင်းတော့ စိတ်အနှောင့်အယှက်ဖြစ် မခံနိုင်လို့ပါ"

"သက်လယ်"

"ပြန်တော့ ... ကောင်း"





"အန်တီ ခုလိုဖြစ်ရတာ ငါ့အမေပယောဂ မကင်းဘူးဆိုရင် ငါ ဒူးထောက်တောင်းပန်ဖို့ လာခဲ့တာပါ၊ အန်တီ့ကို ခဏပဲ ကြည့်ပါရစေ၊ တခြားဘာအခွင့်အရေးမှ ငါ့မှာ တောင်းစရာ မရှိပါဘူး"

"ငါ့အမေကို နင် ကြည့်စရာမလိုဘူး"

"သမီး၊ ကောင်းက ဘာအပြစ်ရှိလို့လဲ လာပါစေ သမီး၊ ဝင်ပါစေ"

"မေမေ"

"ကောင်းစစ်သွေး လာတာ မေမေ စိတ်အနှောင့်အယှက် လုံးဝမဖြစ်ပါဘူး၊ သမီး ခုလို ကောင်းကို ရန်လိုနေတာကိုပဲ မေမေ စိတ်မကောင်းဘူး"

"မေမေ ... သူက ..."

"သူက သူပဲ၊ သူက သမီးကို မေမေ့ကို ဘယ်တုန်းကမှ စိတ်အနှောင့်အယှက် မပေးခဲ့ဖူးတဲ့သူပဲ၊ သူ့သားဖြစ်လို့ သူ့သမီးဖြစ်လို့ သူနဲ့တစ်နည်းတစ်ဖုံ ပတ်သက်လို့ ဆိုကာတွေပါ ထည့်စဉ်းစားနေရင် ကိုယ့်မှာ ရွေးချယ်စရာဘာကျန်ဦးမှာလဲ၊ ကာယကံရှင်ကိုပဲ တည့်တည့်ကြည့်ပါ"

တစ်နေ့သောအခါ မေမေ့သမီးလေးကို ရှန်းအိတင်ရဲ့သမီးမို့ဆိုတဲ့ အမြင်နဲ့ မကြည့်ချင် မမြင်ချင် မပတ်သက်ချင် မဆက်ဆံချင်တဲ့ အဖြစ်မျိုး မကြုံရစေချင်ပါဘူး သမီးရယ်။ ငါ့သမီးအတွက် ကောင်းသောဝဋ်သာ လည်ပါစေလို့ ဆုတောင်းနေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းစစ်သွေး၊ လာ ... သား၊ ဝင်ခဲ့ ... လာထိုင်"

တကယ့် ရင်ထဲအသည်းထဲက ခံစားချက် အစစ်အမှန်နှင့်လည်း ရှုန်းအိတင်က ကောင်းစစ်သွေးကို မနှစ်သက်ခြင်း မုန်းတီးခြင်း မရှိပါ။ နှစ်သက်လိုလားပါသည်။ သမီးက ချစ်တဲ့သူ သမီးကိုချစ်တဲ့သူ ဆိုတဲ့ ပတ်သက်မှုကိုလည်း အမေ တစ်ယောက်အနေနှင့် တန်ဖိုးထားပေးပါသည်။

အခြေအနေကိုကြည့်ရင်း နာ့စ်က ...

"အန်တီ ... ကျွန်မ အပြင်ကစောင့်နေမယ်၊ ဒီနားမှာတင် ရှိမယ်နော်"

"ဟုတ်ကဲ့ ... ရတယ် ဆရာမ၊ အန်တီလည်း နေကောင်းပါတယ်"

"လိုရင်ခေါ်နော် ... ညီမလေး"

သက်လယ်က သက်ပြင်းတစ်ရှိုက်နှင့် ခေါင်းညိတ်ပြလိုက်ရပါတော့သည်။

"ထိုင် ... သား"

"ဟုတ်ကဲ့"

ကောင်းစစ်သွေးက ကုလားထိုင်မတ်မတ်လေးတစ်လုံးကို ခုတင်နားရွှေ့ကာ ထိုင်သည်။ ဆံပင်ကအစ မဖြီးသင်ထားသလို ဖြစ်ကတတ်ဆန်း ဖြစ်နေပါသည်။

"အန်တီ့ကို သတင်းလာမေးတဲ့ သားကကော နေကောင်းရဲ့လား"





"ကျွန်တော် ဘာမှမဖြစ်ပါဘူး အန်တီ"

"အန်တီ ဆေးရုံတက်ရတာ ဘယ်ကသိလဲ"

"အန်ကယ် ရုံးမှာပြောဖြစ်တဲ့ သူတွေကတစ်ဆင့် သိပါတယ်၊ အဲဒါနဲ့ အိမ်ဖုန်းကိုလှမ်းဆက်ပြီး အိမ်ကလူတွေကို ဘယ်ဆေးရုံလဲ မေးလိုက်တာပါ၊ သူ့ဆီဆက်ပေမယ့် သူက မကိုင်ဘူး အန်တီ"

"သက်လယ်ကို နားလည်ပါ သား၊ ခွင့်လွှတ်ပါ"

"အန်တီ ဒီလိုပြောဖို့ မလိုပါဘူး၊ သက်လယ်ကို ကျွန်တော် နားလည်မှုလည်း အပြည့်ရှိပြီး ခုနေ သူ ဘာလုပ်လုပ် ဗွေမယူပါဘူး ခွင့်လွှတ်ပြီးသားပါ၊ သူ ခံစားနေရသလို နာကျင်တာ ဝမ်းနည်းတာ ရှက်တာ ဒေါသဖြစ်တာတွေကို ကျွန်တော်လည်း ခံစားနေရတာပဲ အန်တီ၊ သူ ကျွန်တော့်ကို ဘယ်လိုပဲ ဆက်ဆံ ဆက်ဆံ အမှားမရှိပါဘူး၊ သူ မှန်ပါတယ်"

ခေါင်းငုံ့ မျက်လွှာချ၍ ပြောနေသော ကောင်းစစ်သွေး အသံကလည်း တုန်ယင်နေလေရာ သက်လယ်သည် ဝဲလျှံပြည့်အိုင်လာတဲ့ မျက်ရည်တို့ကို တားမမီပါ။ ဆတ်ခနဲထ၍ ပြတင်းပေါက်ဆီမှာ မျက်နှာမူရပ်ကာ မေမေနှင့် ကောင်းဘက် ကျောခိုင်းရင်း မျက်ရည်ပေါက်ပေါက် ကျနေမိလေသည်။

"ကျွန်တော့်ကို ဝင်ခွင့်ပြုတဲ့အတွက် ပြောစကားတွေ နားထောင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး သား၊ သားကို မပတ်သက်ချင်စရာ ဘာအကြောင်းမှ မရှိပါဘူး"

"ကျေးဇူးတင်ပါတယ် အန်တီ"

"သားရော သက်လယ်ပါ တကယ်တော့ လူကြီးတွေကြားထဲက မြေဇာပင်တွေပါ၊ အပြစ်ရှိကြတာက လူကြီးတွေမှာပါ"

"မေမေ့အတွက်လည်း ကျွန်တော် မျက်နှာမထားတတ်အောင် မျက်နှာမပြဝံ့အောင် ခံစားရပါတယ်၊ ကျွန်တော့် မျက်နှာကိုတောင် မထောက်ဘဲ လုပ်ရက်တာကိုလည်း ရင်နာမဆုံးပါဘူး၊ ပြီးတော့ ဘယ်တုန်းကမှ မထင်မှတ် မမျှော်လင့်တဲ့ ခုလိုအပြစ်မျိုးတွေ တကယ်ပဲ ဖြစ်ပွားခဲ့တယ်၊ ဖြစ်ပွားနေတယ် ဆိုတာကိုလည်း ခုထိတောင် မယုံချင်သေးတာပါ၊ အိပ်မက်ဆိုးတွေ မက်နေတာလားလို့ ကျွန်တော် ထင်နေတာ၊ အိပ်မက်ဆိုးတွေပဲ ဖြစ်စေချင်နေတုန်းပါ ...

မေမေဟာ ... မေမေဟာ ဒီလိုမိန်းမမျိုးဆိုတာ ကျွန်တော့် မယုံနိုင်အောင်ပဲ၊ အရှမ်းခံစားရတယ်၊ အရှမ်းစိတ်ထိခိုက်တယ်၊ ကျွန်တော် ရပ်တည်နေတဲ့ ကမ္ဘာကြီး ပြိုသွားသလိုပဲ အန်တီ၊ အသည်းနှလုံးတွေ မီးလောင်ပြာကျကုန်သလိုပါပဲ၊ ကျွန်တော် သက်လယ်ကိုလည်း ဘာမှတောင်းဆိုမှာ မဟုတ်ပါဘူး၊ ဘာမှလဲ မမျှော်လင့်ချင်တော့ပါဘူး ...





ကျွန်တော် ရှက်လည်းရှက်တယ်၊ ကိုယ့်ကိုယ်ကိုယ် အမှုန်ကလေးတစ်စက်လောက်ပဲ ကျန်တော့တဲ့အထိ သေးငယ်သွားသလို ခံစားရတယ်၊ ဒါတွေ အန်တီ့ကိုရော သက်လယ်ကိုရော ပြောပြခွင့် ရချင်နေတာပါ၊ သက်လယ်ဆီ ဖုန်းဆက်နေတာလည်း တစ်ခုခု တောင်းဆိုဖို့ မဟုတ်ပါဘူး၊ ကိုယ်ကျူးလွန်ခဲ့တာ မဟုတ်ပေမယ့် ကိုယ်တိုင်ပဲ ကျူးလွန်ခဲ့မိသလို ခံစားနေရတာပဲ ရှက်ပြီး တုံးခနဲလဲသေသွားလို့ရရင်တောင် လဲသေလိုက်ချင်နေတာပါ"

သက်လယ်သည် ဤစကားများကြောင့် ကျောပေးလျက်မှ ပခုံးလေးတသိမ့်သိမ့်တုန်အောင် ငိုကြွေးနေသလို ကောင်းစစ်သွေးသည်လည်း ခေါင်းငုံ့ထားတဲ့ မျက်နှာဆီမှ မျက်ရည်ပေါက်များက ဂျင်းဘောင်းဘီဝတ်ထားတဲ့ပေါင်ပေါ် တပေါက်ပေါက်ပြုတ်ကျနေခဲ့လေသည်။

"သား အမေ့အပေါ်တော့ မပြစ်မှားပါနဲ့ သား၊ သူလုပ်တဲ့အလုပ်တစ်ခုသည် မှန်မှန်မှားမှား အမေက အမေပဲလေ"

ကောင်းစစ်သွေးက အာဃာတ တစ်ချက်မှမပြတဲ့ ဒေါ်ရွှန်းအိတင်ကို အံ့အားတသင့် မော့ကြည့်မိပါသည်။

"သား အခု ဘယ်မှာနေနေလဲ"

"ပထမတစ်ရက် နှစ်ရက်ကတော့ သူငယ်ချင်းတစ်ယောက်အိမ်ကို သွားလိုက်တာပါ။ ဒါပေမဲ့ ရေရှည်ကြီးတော့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းအိမ်လည်း မနေချင်တာနဲ့ အခုတော့ အဆောင်တစ်ခုမှာ နေနေပါတယ် အန်တီ၊ အလုပ်တောင် တစ်နေရာ လျှောက်ထားတာ ရလိမ့်မယ်ထင်တယ်၊ သန်ဘက်ခါလောက် သိရမယ် အန်တီ၊ ဆောက်လုပ်ရေးတစ်ခုမှာပါပဲ"

"ဆုံးဖြတ်ချက်တွေ မစောပါနဲ့ မောင်ကောင်းစစ်သွေး"

"ကျွန်တော် အိမ်မပြန်ဘူး အန်တီ"

"ဦးကောင်းမြတ် အလုပ်ကနေလည်း ထွက်လိုက်ပြီးပြီလို့ မယူဆပါနဲ့ ဦး"

"ကျွန်တော် ပြန်မဝင်ဘူး အန်တီ"

"သားက ပြန်မဝင်ဘူး ပြောနေပေမယ့် ဦးကောင်းမြတ်က မင်းကို အလွယ်ကလေး ထွက်ခွင့်ပြုမယ် မဟုတ်ပါဘူး"

"အန်ကယ် ထွက်ခွင့်ပြု မပြုက အန်ကယ့်ကဏ္ဍပါ၊ ကျွန်တော် လုံးဝပြန်မဝင်တော့မှာက ကျွန်တော့်အပိုင်းပါ အန်တီ"

ဒေါ်ရွှန်းအိတင်က သက်ပြင်းတစ်ချက် မောမော ပန်းပန်း ချလိုက်၍ သက်လယ်က သူ့အမေ နေကောင်းရဲ့လား၊ တစ်ချက်လှည့်ကြည့်သည်။ မျက်ရည်လူး၍ နီမြန်းမို့အစ်နေသော သက်လယ်ရဲ့မျက်နှာကို ကောင်းစစ်သွေးက တစ်ချက် ဖျတ်ခနဲ လှမ်းခိုးကြည့်လိုက်ပါသည်။ ချစ်ရလွန်းတဲ့ ဒီမျက်နှာလေးကိုမြင်ခွင့်မရတာ ဘယ်နရက်တောင် ရှိသွားပြီလဲ။

"အခြေအနေတွေကို စောင့်ကြည့်ပါဦးလေ"

"ဘာကို ကြည့်ရမှာလဲ အန်တီ"





"အားလုံးကိုပဲ သား၊ တစ်ခါတလေမှာ မထင်မှတ်ထားတာတွေ ဖြစ်လာတတ်တယ် မဟုတ်လား"

"အန်တီ ပြောတာကို ကျွန်တော် နားမလည်ဘူး၊ ဒါပေမဲ့ ဘာပဲဖြစ်လာဖြစ်လာပါ၊ မေမေ့ကိုလည်း ကျွန်တော် မက်ဆေ့ချ်ပို့ထားပြီးပါပြီ။ မေမေ ဒီကိစ္စကို ယတိပြတ် ဖြတ်ချလိုက်တယ်ဆိုရင် ကျွန်တော် အိမ်ပြန်လာမယ်လို့၊ အဲဒီလို မဟုတ်ရင်တော့ လုံးဝပြန်မလာတော့ဘူးလို့၊ မေမေ့ကို ကြိုက်ရာရွေးချယ်ခွင့် ပေးထားတာပဲ အန်တီ၊ အခုထိတော့ သူတို့နှစ်ယောက် အရင်ကထက်ပိုပြီး မကြာ မကြာတွေ့ကြတယ်လို့ ကျွန်တော် ပြန်သိနေရတယ်၊ ကျွန်တော် အရမ်းရင်နာတယ်၊ အစစအရာရာအတွက် အန်တီ့ကိုလည်း တောင်းပန်ချင်တာရယ်၊ သတင်းလည်း မေးချင်တာရယ် ကြောင့် ဇွတ်အရဲစွန့်ပြီး လာတာပါ"

ဆေးရုံခန်းလေးတွင်းမှာ ကြေကွဲမှုများ ကြီးစိုးနေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

စနေ တနင်္ဂနွေအပြင် တနင်္လာနေ့ကလည်း အစိုးရ ရုံးပိတ်ရက်တိုက်နေ၍ ပိတ်ရက်သုံးရက် ဆက်ရလေရာ သင့်မြတ် ရန်ကုန်ဆင်းလာပါသည်။ သောကြာညနေ ရုံးအဆင်းမှာ အဖော် စုကာ ဆင်းလာခဲ့သော ဒေါ်သင့်သင့်မြတ် အိမ်ရောက်ချိန်က ညဘက် ဖြစ်နေပါပြီ။

အန်တီလေးနှင့် ခြံတံခါးပေါက်မှာ ဆုံတဲ့အထိ သက်လယ် ပြန်ချိန်ကလည်း တစ်ထပ်တည်း တိုက်ဆိုင်နေသည်။

"ဟဲ့ ... နောက်ကျလှချည်လား သက်လယ်၊ တစ်ယောက်တည်း ဘယ်ကပြန်လာလဲ"

"ဟင် ... အန်တီလေး၊ အန်တီလေး လာ ... လာ ... မြန်မြန်၊ သက်လယ် ကားမောင်းဝင်နှင့်မယ်၊ အမယ်လေး ... အန်တီလေး ရောက်လာတာ ဝမ်းသာလိုက်တာ"





သက်လယ်က ကားဟွန်းကို တပွမ်ပွမ်တီးကာ ဝင်သွား၍ အထဲကနေ အလုပ်သမားတွေ ပြေးထွက်လာကာ သင့်မြတ်ထံကအိတ်ကို လာသယ်ကြပါသည်။ ပေါ်တီကိုအောက်မှာ ကားထဲက ထွက်ရပ်လိုက်တဲ့ သက်လယ်သည် ဂျင်းဘောင်းဘီ ရှည်နှင့်မို့ ပိုပြီးသွယ်လျားနေသည်။

"သက်လယ် ... နင် ပိန်သွားပါလား"

"ပိန်တာတင် မကဘူး၊ နေလည်းမကောင်းဘူး"

"ဟဲ့ ... ဟုတ်ပါရဲ့၊ မျက်တွင်းတွေတောင်ကျလို့ ဘယ်လို ဖြစ်တာလဲ"

သက်လယ်သည် မေမေကလည်း ဆေးရုံမှာ၊ ဖေဖေ ကိုလည်း ရှောင်ဖယ်ကာ ကောင်းကောင်းစကားမပြော၊ ချစ်သူ နှင့်ကလည်း လမ်းခွဲ၊ အားကိုးရာမဲ့နေတဲ့ အခိုက်အတန့်ဖြစ်၍ အန်တီလေးကို မြင်ရုံနှင့် မျက်ရည်ရစ်လည်လာသည်။

"ဟင် ... သက်လယ် ... နင် ဘာဖြစ်လဲဟင်"

တူအရီးနှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ဖက်ကာ သက်လယ် အခန်းဆီ တက်ခဲ့ကြပြီးလျှင် သက်လယ်သည် ခုတင်ပေါ်ထိုင်မိလျှင် မျက်နှာလေး လက်ဝါးနှင့် အုပ်ပြီး ပခုံးလေး သိမ့်သိမ့်တုန် ငိုချလိုက်ပါသည်။

"ဟယ် ... ငါ့တူမလေး ဘာဖြစ်နေတာလဲ၊ မမရော ! ၊ ကိုကိုရော ! မတွေ့ပါလား"

"မေမေကတော့ပြန်မလာသေးဘူး နောက်ကျတယ်၊ မေမေ့ ကို ဆေးရုံတင်ထားရတယ် အန်တီလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မမရှန်းအိ ဘာဖြစ်တာလဲ"

"ဟာ့ထ်အတက်ခ်ပေါ့၊ ဖေဖေလုပ်တာ၊ ဖေဖေလုပ်တာ သိလား ... အီး"

"ဟင်"

"ဖေဖေ သိပ်ရက်စက်တယ် အန်တီလေးရယ်၊ ဖေဖေ့ကို မုန်းတယ်"

"ဟို ... ဟိုဟာ သေချာသွားပြီပေါ့"

"သက်လယ်နဲ့တည့်တည့်ကြီးတွေ့တာ အန်တီလေးရဲ့၊ အဲဒီနေ့ကများ ယောဒီရင်ဘတ်ကြီးကွဲပြီး သမီးအသည်းနှလုံးတွေ မီးလောင်တိုက် သွင်းခံရသလိုပဲ အန်တီလေး၊ အန်တီလေးလည်း ယုံမှာမဟုတ်ဘူး"

"ဟဲ့ ... ဟဲ့ ... တိတ်ပါဦး သမီးရယ်၊ ဘယ်လိုတွေဖြစ်လို့လဲ၊ ပြောပါဦး"

"သမီး ကြိတ်မှိတ်မျိုသိပ်ပြီး တစ်ယောက်တည်းခံစားနေတာပါ၊ မေမေ သိသွားမှာစိုးရိမ်လွန်းလို့၊ မေမေနလိုဖြစ်မှာစိုးလွန်းလို့"

သက်လယ်သည် ပြောရင်းငို ငိုရင်းပြော။

သင့်မြတ်သည်လည်း သက်လယ်ရဲ့ရင်ကွဲပက်လက်ကို ငိုကြွေးပုံကြောင့် ရင်ထဲနင့်ကာ သူပါ မျက်ရည်မဆည်နိုင်ဖြစ်တော့တာပင်။





"ဖေဖေက သိပ်ရက်စက်တယ်၊ မေမေ့ကို ဖေဖေပြောမယ်ကြံရင် သက်လယ်က မပြောဖြစ်အောင် ဝင်ဖျက်၊ ဝင်တားနေရတာ၊ မေမေသိရင် ရင်ကျိုးမယ်ဆိုတာ သိလို့ပါ၊ ခုလို အရုပ်ကြိုးပြတ် ခံစားရမယ်ဆိုတာ သိလို့ပါ၊ သက်လယ် ရှိနေရင် ပြောလို့မရတော့ ဖေဖေက မေမေ့ကို အပြင်ခေါ်ထုတ်သွားတယ်လေ"

"ဟယ် ... ကိုကိုကလည်းဟယ်"

"မေမေ အရုပ်ကြိုးပြတ် ပုံလဲသတိလစ်ပြီး ဆေးရုံရောက်တာပဲ"

"ကျွတ် ... ကျွတ် ... ကျွတ်၊ မမရှန်းအိလည်း သိသွားပြီပေါ့နော်"

"အန်တီလေးရယ်၊ အပြင်က တခြားသူစိမ်း မိန်းမတစ်ယောက်နဲ့ ရှုပ်နေတာ ဆိုရင်တောင် သက်လယ်ရော မေမေပါ အခုလောက် မနာပါဘူး၊ ခုတော့လေ"

သင့်မြတ်ရဲ့လည်ပင်းက ရှေ့ကိုထွက်ကာ မျက်နှာက သက်လယ်မျက်နှာ အနားကပ်လာရင်း ...

"ဘယ်သူလဲ"

"ကောင်းရဲ့အမေ၊ ကောင်းရဲ့အမေနဲ့ အန်တီလေးရဲ့"

"ဟင်"

"........"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သင့်မြတ်မှာ မယုံနိုင်လောက်အောင် အကြိမ်ကြိမ် အခါခါ အံ့အားသင့်နေပါတော့သည်။ ဘယ်လိုဖြစ်ပါလိမ့်။

"ဟိုဘက်က မိန်းမက ဒါ သူ့သားရဲ့ယောက္ခမလောင်း ဆိုတာ ..."

"သူတို့က သက်လယ်တို့ထက် အရင်တောင် ဖြစ်နေခဲ့ကြတာလေ။ ငါးနှစ်လောက်တောင် ရှိပြီတဲ့၊ သက်လယ်နဲ့ ကောင်းက တိုက်တိုက်ဆိုင်ဆိုင် သတ်သတ်တွေ့တာပါ၊ ဖေဖေက ဒီမိန်းမရဲ့သားမို့ ကောင်းကို အလုပ်လည်းချက်ချင်းခန့်ပေး၊ အရေးတွေပေးနဲ့ ဖားရတာလေ၊ သက်လယ်မှာတော့ ကိုယ့်ချစ်သူကို ဖေဖေ ကြည်ဖြူလှတယ်လို့ပဲ ထင်မိတာပေါ့"

"ကောင်းစစ်သွေးရော သိလား"

"ဖေဖေတို့နှစ်ယောက်ရယ်၊ သက်လယ်တို့နှစ်ယောက်ရယ် တည့်တည့်ဆုံတာ"

"ဟယ်"

"သူလည်း အိမ်ပေါ်ကဆင်းသွားတယ်၊ အလုပ်ကလည်းထွက်လိုက်ပြီ၊ ပြီးတော့ သက်လယ်တို့ နှစ်ယောက်လည်း ကွဲသွားပြီပေါ့ အန်တီလေးရယ်"

"ဟယ် ... ဖြစ်မှဖြစ်ရလေတယ်ဟယ်"

သင့်မြတ်သည်လည်း မျက်နှာလေး ဟန်မဆောင်နိုင် အောင်ပင် မနှစ်မမြို့ဖြစ်ကာ အစ်ကို့ကို ဒေါသဖြစ်မိပါသည်။





တော်တော်ရုပ်ပျက်တဲ့ကိစ္စ။ ဆိုးလိုက်တဲ့ အစ်ကို။ သူက ဦးကောင်းမြတ်ညီမ ဖြစ်နေတဲ့အတွက်ပင် ယောက်မကို မျက်နှာပူလှပါသည်။

"ငါ မမရွှန်းကိုတောင် တွေ့ရမှာ စိတ်ညစ်တယ်ဟယ်၊ အခုကော သက်သာရဲ့လား"

"မေမေက သွေးကြောလေးချောင်းမှာ နှစ်ချောင်းက ပိတ်လုမတတ် ဖြစ်နေပြီ၊ စီတီစကဲန်ရိုက်ပြီးပြီ၊ သွေးကြောထဲ Stunt ထည့်ရမယ်၊ မေမေကလည်း နိုင်ငံခြား သွားမလုပ်ချင်ဘူး၊ ဒီမှာလုပ်မယ်ဆိုတော့ အခု ဩစတြေးလျက ဆရာဝန်အဖွဲ့ လာစရာရှိတယ်၊ သွေးကြောထဲ စတန့်ထည့်ဖို့လာတာ ဆိုတာနဲ့ အဲဒီအခါကျရင် ခွဲစိတ်ခွင့်ရဖို့ စာရင်းထဲပါအောင်တော့ လုပ်နေတယ်"

"နင့်အဖေ အခု ဘယ်မှာလဲ၊ မမရွှန်း ခုလိုဖြစ်သွားတော့ သူကော ဘယ်လိုနေလဲ"

"စိတ်ရှုပ်စိတ်ညစ်ပုံတော့ ရတယ်၊ မေမေ့အပေါ် အရမ်းဂရုစိုက် ကြင်နာတတ်မျိုးတော့ မရှိပါဘူး အန်တီလေးရယ်၊ အရင်လိုပဲ အေးတိအေးစက်ပါပဲ၊ ဖေဖေက မေမေ့အပေါ် မေတ္တာကို ကုန်နေတဲ့ပုံပဲ"

"ဆေးရုံမှာရော ကြာကြာနေရဲ့လား"

"မနေပါဘူး၊ ရောက်ပြန်ပဲ"

"ဒါတော့ မျက်နှာပူနေတာလည်း ပါမှာပါ၊ သူတရားခံ ဆိုတော့ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်တွေနဲ့ သွားတွေ့ မေးမြန်းတာမျိုးတွေတော့ ဂရုတစိုက် လုပ်ပါတယ်၊ မေမေနဲ့မှ စကားပြောသေးတယ်၊ သက်လယ်နဲ့မပြောဘူး၊ ဖေဖေ့ကို သက်လယ် မခေါ်ဘူး၊ စိတ်နာတယ်"

သင့်မြတ်က သက်လယ်ကို စိတ်မကောင်းခြင်းနှင့် ငေးကြည့်နေမိသည်။ မျက်နှာဟာ ချောင်ကျပြီး ပါးတောင်ခွက်ချိုင့်နေကာ အသားအရေကအစ ခြောက်သွေ့နွမ်းရင့်နေသည်။

"သမီး ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်ဦးကွယ်"

သက်လယ်က မျက်တောင်များမှာ စွတ်စိုခိုတွဲနေသော မျက်ရည်ဥလေးကိုသုတ်ရင်း ...

"သမီး ညညလည်း အိပ်မပျော်ဘူး၊ ဘာမှလဲ မစားချင်တာကြာပြီ၊ ကိုယ့်ကိုယ်ကိုယ် ပိန်ပြီးနွမ်းခြောက်နေတာ သိပါတယ်၊ စိတ်ဓာတ်တွေ အရမ်းကျသွားသလို ခံစားရတယ်၊ ကြိုးစားပြီး စားနိုင် အိပ်နိုင်အောင် အားထုတ်ကြည့်တာပဲ၊ ရမှမရတာ၊ လူကလည်း အမြဲပဲ မူးမိုက်နေတာပဲ"

"အဲလိုမလုပ်နဲ့လေ သမီးရယ်၊ မေမေ နေမကောင်းဘူးဆိုရင် သမီးက မားမားမတ်မတ် ဖြစ်နေမှ ဖြစ်မှာမဟုတ်လား၊ သမီး အရမ်းနာကျင်ရတယ် ခံစားရတယ်ဆိုတာ နားလည်ပေမယ့် ကိုယ့်ကိုယ်ကိုယ် ဆောက်တည်ရမယ်၊ အားတင်းရမယ်လေ သမီး"

"အန်တီလေး"





"ဟင်"

"ကောင်းကိုလည်း လွမ်းတယ် အန်တီလေးရယ်"

သင့်မြတ်သည် ရင်ထဲနင့်သွားရကာ ...

"ဟဲ့ ... သူတို့လူကြီးတွေတောင် မိုက်လုံးတွေကြီးကြသေးတာပဲ၊ ကိုယ်တွေက လူလွတ်လူငယ်တွေပဲ၊ ဘာဂရုစိုက်စရာလဲ၊ ဘယ်သူက ကဲ့ရဲ့မှာမို့လဲ၊ ကိုယ့်ဟာကိုယ် ယူစရာရှိတာယူပေါ့၊ ဘာဖြစ်လို့ ဖြတ်ပစ်ရတာလဲ၊ ဖြတ်ပစ်ရမှာက ကိုယ်မှမဟုတ်ပဲ၊ သူတို့ပဲဟာ"

"သူ့အမေကို မုန်းတယ် ရွံတယ်၊ မပတ်သက် မတော်စပ်ချင်ဘူး"

"ကိုယ့်ဟာကိုယ်နေပေါ့၊ သွားမပတ်သက်ပဲ ပစ်ထားလိုက်၊ သူ့သားကလည်း သူ့အမေကို စိတ်နာနေတာပဲဟာ"

"သူတစ်ပါးဘဝတွေကို ဖျက်တဲ့မိန်းမကြီး၊ သူ့သားကိုပါ မကြည့်ချင်တာ။ သူ့ကိုလည်း အရမ်းကို မုန်းတီးတာပဲ၊ နည်းနည်းကလေးတောင် ကိုယ်ချင်းစာတရား မထားတဲ့ မိန်းမကြီး၊ ခုဘဝမှာလည်း သူ့ယောကျ်ားက အစောကြီးဆုံးသွားတာတဲ့၊ နောက်ဘဝကျလည်း သူတစ်ပါးအသည်းနှလုံးတွေကို မီးလောင်တိုက်သွင်းခဲ့တဲ့ဝဋ်တွေ သူ့ကိုလည်ဦးမှာပါ"

"တော်တော့ သက်လယ်ရယ်၊ သူ့အကြောင်းမပြောနဲ့တော့၊ ကိုယ်ပဲ အကုသိုလ်ဖြစ်တယ် သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



သက်လယ်က သက်ပြင်းတစ်ချက်ချရင်း ...

"အန်တီလေး အလုပ်တွေ ပါသေးလား"

"မပါဘူး၊ ပိတ်ရက်လည်းဖြစ်တော့ သက်သက်အလည်ပဲ"

"နက်ဖြန်ကျ မေမေ့ဆရာဝန်ကြီးကိုပေးဖို့ လက်ဆောင်ပစ္စည်း ထွက်ဝယ်ပြီး မေမေ့ဆီ စောစောသွားကြရအောင်နော်"

"အေး ... အေး"

"သမီး အရမ်းပင်ပန်းနေပြီ အန်တီလေး၊ အိပ်ချင်လာပြီ"

"အိပ်လိုက် ... အိပ်လိုက် သမီးလေး၊ စောစောအိပ်လိုက်ဒိုင်ယာဇီပဲမ်လေး တစ်ခြမ်းလောက် သောက်အိပ်ပါလား ဟယ် ... ဟင် သမီး"

သက်လယ် မျက်ခွံလေးတွေက မှေးစင်းနေကြပြီ ဖြစ်လေသည်။





ဆရာဝန်ကြီးကို ကန်တော့ဖို့ ပိုးပုဆိုးတစ်ထည်ဝယ်အပြီး အန်တီလေးက ဆိုင်ကပြနေတဲ့ ပဂါလေးတွေ ဆက်ဖြန့်ကြည့်နေဆဲမို့ သက်လယ်က ဆိုင်ပြင်လမ်းမဆီ ငေးမောနေမိသည်။ လကုန်ရက် စနေနေ့မို့ စကော့ဈေးက တုံးစံအတိုင်း လူတွေစည်ကားနေတာပင်။

ပိုးချိတ်ဆိုင်ရဲ့အပြင်ဘက် မျက်နှာစာ ကျောက်ခင်းလမ်းမည်းမည်းပေါ်မှာ ဖြတ်သန်းသွားလာနေကြတဲ့ သူတွေကြားဘွင် သက်လယ်က ဘွားခနဲ တစ်စုံတစ်ဦးကို မြင်လိုက်ရပါသည်။ သူကလည်း လမ်းလျှောက်သွားရင်း ဒီဘက်ကို အမှတ်တမဲ့ လှည့်ကြည့်လိုက်သည်မှာ ဘာရဲ့စေ့ဆော်မှုကြောင့်ပါလိမ့်။

ဒေါ်ခင်ထားထွေးရဲ့ ခြေလှမ်းတွေက တုံ့ခနဲဖြစ်သွားပါသည်။ သက်လယ်သည် အင့်ခနဲ ဝင်ဆောင့်တိုက်ခံလိုက်ရသလို ယိုင်ပြိုချင်သလိုလိုပင် ဖြစ်သွားပြီး ချာခနဲနေအောင်ဆိုင်အပြင်ဘက်ကို ကျောခိုင်းလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ချာခနဲ ခါခနဲနေအောင် ပြုမူလိုက်တဲ့ သက်လယ်ရဲ့အပြုအမူကြောင့် ဒေါ်ခင်ထားထွေး ရင်ထဲအောင့်ခနဲဖြစ်ရသည်။ အနေအထားအရ သူကသာ လူယုတ်မာမ၊ အကျင့်ပျက်မ လုံးလုံးဖြစ်နေရတာကိုလည်း ရင်ထဲခါးသီးလှပါသည်။ သို့ပေမဲ့ သက်လယ်ကို သူ ခွင့်လွှတ်ပါသည်။ ကလေးက ဘာသိမှာလဲ။

သူသိသလောက်ပေါ့။

ခြေလှမ်းဆက်ဖို့ ပြင်လိုက်တဲ့ ဒေါ်ခင်ထားထွေးက သက်လယ်ရဲ့နံဘေးမှာ တစ်ယောက်ကို တွေ့လိုက်ရပါသည်။ အရင်အတိုင်း နုနုနယ်နယ် သွယ်သွယ်လျလျ သဘောကောင်းတဲ့ ရုပ်ကလေးနှင့် ပုံစံမပြောင်းတဲ့ သင့်မြတ်ပါလား။ သင့်မြတ်ကို တွေ့လိုက်ချိန်မှာ ရှေ့ကိုဆက်တော့မည့် ဒေါ်ခင်ထားထွေး ခြေလှမ်းတို့က မလှမ်းမိသေးပဲ သင့်မြတ်ကိုသာ ခပ်ငေးငေးကြီး ခဏဆက်ကြည့်နေမိစဉ် ...။

လူတွေဟာ ကိုယ့်ကို တစ်စုံတစ်ယောက်က ကြည့်နေလျှင် အလိုအလျောက် အာရုံသိစိတ် ဖြစ်လာတတ်ကြတဲ့ ခံစားမှုကြောင့်ထင်သည်။ သင့်မြတ်ကလည်း ဒေါ်ခင်ထားထွေး ရှိရာသို့ အမှတ်တမဲ့ လှည့်ကြည့်လိုက်ပါသည်။

"ဟင်"

သင့်မြတ်ကတော့ ရင်ထဲ ဘာမှမရှိ ရှင်းတဲ့သူမို့ ခင်ထားထွေးကိုမြင်လျှင် အံ့အားတသင့် ဖြစ်သွားပြီးတာနှင့် တစ်ပြိုင်နက် ...





"မမထား"

နှုတ်ကနေ ရေရွတ်မိလျက်သား ဖြစ်နေပါသည်။ တစ်ယောက်ကိုတစ်ယောက် စက္ကန့်ပိုင်းငေးစိုက်ကြည့်နေမိကြပြီးသော် ခင်ထားထွေးက ခြေလှမ်းစ,လိုက်လို့ သင့်မြတ်က ထ,ထွက်လာသလား၊ သင့်မြတ်က ခြေလှမ်းစလိုက်လို့ ခင်ထားထွေးက ဆိုင်ဘက်ဦးတည်လိုက်သလား၊ ဘယ်သူမှ ရေရေရာရာ သတိမထားလိုက်မိကြပဲ ဆိုင်ပေါက်ဝ၌ နှစ်ဦးသားဆုံတွေ့မိကြလေသည်။

"သင့်မြတ်"

"မမထား"

"သင့်မြတ် ဘာမှ ပြောင်းလဲမသွားဘူးနော်"

"မမထားလည်း အရင်အတိုင်းပဲ၊ ဝမလာဘူးနော်"

"တွေ့ရတာ ဝမ်းသာလိုက်တာ သင့်မြတ်ရယ်"

"သင့်မြတ်ရောပဲ၊ မမထား ဈေးလာဝယ်လား"

"အင်း ... ဆိုင်အတွက်လိုတဲ့ ပုတီးစေ့လေး စီးကွင်းစ်လေးတွေ ကိုယ်တိုင်ကြည့်ဝယ်ချင်တာနဲ့ ထွက်လာတာ"

"သင့်မြတ်က တူမလေးနဲ့လေ၊ သူ့အမေ ဆေးရုံတက်နေရတာနဲ့ ဆရာဝန်ကြီးကန်တော့ဖို့ ပိုးပုဆိုး လာဝယ်တာ"

"အန်တီလေး"

သင့်မြတ်စကားက တစ်ဝက်တစ်ပျက် ရပ်သွားကာ သက်လယ်ဘက် လှည့်ကြည့်လိုက်ပါသည်။ ရှုးရှူးရဲရဲ မကျေမချမ်းလှမ်းကြည့်နေသည့် သက်လယ်ကြောင့် အံ့အားသင့်သွားပြီ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ သမီး"

သက်လယ်သည် အံ့လည်းသြ၊ စိတ်တွေလည်းတို၊ လူက ပူထူလာကာ ဆိုင်ရှေ့လိုက်ထွက်လာခဲ့ပြီး အန်တီလေးလက်ကိုဆွဲ၍ ထွက်ခွာသွားဖို့ပြင်သည်။

"ဟဲ့ ... ဟဲ့ ... သက်လယ်ရယ်၊ ဘာဖြစ်တာလဲ"

"အန်တီလေး ...၊ အန်တီလေး မသိဘူးလား"

"ဘာကိုသိရမှာလဲ"

သက်လယ်သည် ဤအမျိုးသမီးကြီးကို ဘယ်လိုပင်မုန်းတီးတီး၊ ချစ်ရသော ကောင်းရဲ့မိခင်ဆိုတဲ့ အသိနှင့် တိုက်ရိုက်ကြီးတော့ မရိုင်းပျရဲဘဲ ဖြစ်နေပါသည်။ သူဆွဲခေါ်လည်း အန်တီလေးက တုံ့ပြန်ကန်ရန်းကာ နေရာမှာတင် အသေရပ်နေ၍ သက်လယ်က ဆွဲနေတာကိုရပ်ပြီး မျက်နှာငုံ့ချလိုက်လျက် မှုန်တေတေ ရပ်နေလိုက်ရပါသည်။

ကောင်းအမေကို မကြည့်ချင် မမြင်ချင် မဆုံချင်တာအပြင် အန်တီလေးနဲ့ပါ ခင်မင်ပတ်သက်နေတာကို အံ့အားသင့်တဲ့စိတ်ကလည်း လှုံကိုနှိုးဆွနေသည်။ ဒါကြောင့်လည်း တစ်ယောက်တည်း လှည့်ထွက်မသွားမိတာပါ။

"မေမေ နေကောင်းရဲ့လား သမီး"

"........."

ဒေါ်ခင်ထားထွေး အမေးကို သက်လယ်က မဖြေ၍ အန်တီလေးက တံတောင်နှင့်တွက်ရင်း ...





"ဟဲ့"

သက်လယ်က အန်တီလေးကိုလည်း စိတ်တိုတိုနှင့် မျက်စောင်းတစ်ချက်ရွယ်ကာ ...

"ဘယ်လိုလုပ် နေကောင်းနိုင်ပါ့မလဲ အန်တီ"

"သက်လယ် ! "

"ဖေဖေက ဒီလောက်တောင် ပိုးစိုးပက်စက် ရက်စက်ရက်တာလေ၊ အခုဟာက မေမေ့နှလုံးက first attack ပါ အန်တီ၊ Second attack ဆိုတာ မေမေ့အတွက် ရှိမလာစေချင်ဘူး၊ ဖြစ်လာစရာ အကြောင်းတွေရှိရင် သက်လယ်က ဖြစ်တဲ့နည်းနဲ့ ကာကွယ်သွားမှာပါ"

"ဟဲ့ ... သက်လယ်၊ စကားကို ဘယ်လိုပြောနေတာလဲ၊ ဘာဖြစ်လို့ ရန်သူလို စကားပြောနေတာလဲ"

"သင့်မြတ် ... သူ့ခံစားချက်နဲ့သူ သမီးမှာ အပြစ်မရှိပါဘူး၊ အပြစ်စုံကို သက်လယ်ကို မေးကြည့်လိုက်ပါဦး၊ သင့်မြတ်နဲ့တော့ စကားပြောချင်ပါသေးတယ်၊ မမကို ကွန်တက်က်လုပ်ဖို့ ဖုန်းနံပါတ်လေး ..."

"09 ......... "

ဒေါ်ခင်ထားထွေး စကားပင် မဆုံးသေး သင့်မြတ်က သူ့ဟန်းဒ်ဖုန်းကို မြန်မြန်ပြောလိုက်ပါသည်။

"မမထား ဖုန်းရော"

"09 ......... "



www.burmeseclassic.com

www.burmeseclassic.com



"အန်တီလေး"

သက်လယ်က သင့်မြတ်ကို သည်းမခံနိုင်တော့သလို ဆောင့်အော်လိုက်ပါသည်။

"နင် ဘာဖြစ်နေတာလဲ သက်လယ်၊ ကဲ ... မမရယ်၊ သင့်မြတ် သွားတော့မယ်၊ မမဖုန်း မှတ်လိုက်ပြီ၊ မမဆီ ပြန်ဆက်မယ်၊ သင့်မြတ်က တနင်္လာနေ့ထိပဲ ဒီမှာရှိမှာ၊ နေပြည်တော်မှာ နေရတာ၊ ဟိုကို ဟဲန်းဒ်ဖုန်း ခေါ်လို့မရဘူးလေ၊ ဒီတစ်ရက် နှစ်ရက် မမ မဆက်ဖြစ်ရင် ဟိုကနေ သင့်မြတ် ဆက်ပါ့မယ်"

"မမလည်း ဆက်မယ်၊ ပြောစရာတွေရှိတယ်၊ ကဲ ... သွားတော့ သင့်မြတ်"

သင့်မြတ်သည် မျက်နှာပျက်ပျက်နှင့် ထွက်ခွာသွားသော ဒေါ်ခင်ထားထွေးကို လှည့်ကြည့် လှည့်ကြည့်နှင့် သက်လယ် ခြေလှမ်းကိုလည်း မီအောင်မနည်းလိုက်လာရင်း ...

"ဟဲ့ ... သက်လယ်၊ နင် ဘာဖြစ်နေလို့ ဒီလောက်ရန်စွာနေတာလဲ၊ သူကလည်း တစ်မျိုးတော့ ဖြစ်နေတယ်၊ နင်တို့ ဘာဖြစ်ထားတာလဲ"

သက်လယ်သည် ဒေါသမျက်ရည်တွေကျတော့မှာမို့ ကားဆီကိုသာ အပြေးတစ်ပိုင်း လှမ်းတော့သည်။ ကားသော့ဖွင့်ဝင်ထိုင်ပြီးမှ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကာ တအီးအီး အသံထွက်အောင် ဒေါသတွေ ပူလောင်မှုတွေကို မှိုချရပါသည်။





"သက်လယ်"

ဒေါ်သင့်သင့်မြတ်က တစ်ဖက်က ဝင်ထိုင်ရင်း သက်လယ်ကို အထူးတဆန်း တအံ့တဩ ကြည့်နေမိကာ ...

"ကဲ ... ကဲ ... နင် ဘာဖြစ်တာလဲပြော၊ ဒီမိန်းမကို ဘာမကြိုက်တာလဲပြော"

"အဲဒါ ကောင်းရဲ့အမေလေ"

"ကောင်းရဲ့အမေ ! ... ဟင် ! ... ဘာ ! "

"ကောင်းရဲ့အမေပါ ဆိုမှ"

"မမထားက ကောင်းစစ်သွေး အမေလား"

"ဟုတ်တယ်"

"ဒါဖြင့် ... ကိုကိုနဲ့ ..."

"ဟုတ်တယ်"

"ဟင်"

သင့်မြတ်သည် မထင်မှတ်တဲ့ အဖြစ်အပျက်အတွက် ပါးစပ်အဟောင်းသားဟကာ စကားမပြောနိုင်ဘဲ ဖြစ်နေပါသည်။

"ဘာတွေ ဘယ်လိုတွေ ဖြစ်ကုန်ပါလိမ့်နော်"

တစ်ယောက်တည်း ညည်းတွားနေမိပါသည်။

"ကဲ ... တိတ် ... တိတ် ... သမီးရယ်၊ ပင်ပန်းလိုက်တာ"

"သူ့ကိုမြင်ရတာ ရင်ထဲမှာ အရမ်းပူလောင်တာပဲ"

"အေးပါ ... အေးပါ"

"အန်တီလေးက သူနဲ့ ဘယ်လိုလုပ် သိနေတာလဲ"

သင့်မြတ်က သက်ပြင်းချရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့လား"

"ညာပြောဖို့ မကြံနဲ့နော် အန်တီလေး"

"ဟဲ့ ... ငါက အလကားနေရင်း ဘာဖြစ်လို့ ညာပြောရမှာလဲ"

"ဖေဖေနဲ့ သူနဲ့ ဖြစ်နေတာ ငါးနှစ်ရှိပြီတဲ့၊ အန်တီလေးနဲ့ သိတာကကော ဘယ်နနှစ်ရှိပြီလဲ၊ ကဲ ... ပြော၊ ဟိုတစ်ခေါက် အန်တီလေး လာတုန်းက ဖေဖေ ရှုပ်နေတယ်ဆိုတာ သမီးကို ပြောကတည်းက အဲဒီမိန်းမဟာ သူဆိုတာ အန်တီလေးသိရက်နဲ့ မြှုထားတာ မဟုတ်လား"

"ဘာတွေ လျှောက်ပြောနေတာတုန်း သက်လယ်ရယ်၊ သိလည်းမသိဘူး၊ မြှုလည်းမထားဘူး၊ နင့်အဖေကိုတောင် ငါ့အစ်ကိုဖြစ်ပေမယ့် စိတ်ခပ်ပျက်ပျက်ပဲ"

"ဒါဖြင့် ဒေါ်ခင်ထားထွေးကို ဘယ်တုန်းကသိတာလဲ"

"လွန်ခဲ့တဲ့ နှစ်အစိတ် သုံးဆယ်ကတည်းက သိခဲ့တာလေ"

"ဟင်"

"နင့်ကိုမွေးဖို့ဝေးလို့ ဘယ်ရောက်နေမှန်း မသိခင်ကတည်းက ငါတို့ခင်နေတာ"

"ဟင် ... ဖေဖေနဲ့ရောပေါ့"

"နင် မသိဘူးလား၊ ကောင်းစစ်သွေးအမေနဲ့ ဖြစ်တာသိပြီးတော့ ကောင်းစစ်သွေးအမေဟာ နင့်အဖေရဲ့ငယ်ရည်းစားဆိုတာတော့ မသိဘူးလား"





"ဖေဖေ့ရဲ့ငယ်ရည်းစား !! "

"အင်း ... ဟုတ်တယ်၊ ဟုတ်တယ်လို့ပဲ ငါသိထားခဲ့တာပဲလေ"

"အန်တီလေး စကားက ဘာလဲ"

သင့်မြတ်က သက်ပြင်းလေးချရင်း ...

"ကိုကို့ကိုလည်း ငါ သိပ်ပြီးနားလည်လှတာမှ မဟုတ်တာ၊ ငါတို့အဖေအမေက ငယ်ငယ်ကတည်းက မရှိတော့ ငါတို့မောင်နှမက ကြီးတော်နဲ့ နေကြတာလေ၊ ကိုကိုက ငယ်ငယ်ကတည်းက စကားနည်းနည်း တသီးတသန့်နေတာ၊ ငါ့ကိုလည်း အရောဝင်တာ မဟုတ်ဘူး၊ အသက်က သုံးနှစ်လောက်ပဲ ကွာပြီးတော့ ဆယ်နှစ်လောက်ကွာသလို ကြောက်ရတယ်၊ ငါ့ကိုလည်း ညီမဆိုတော့ သူငယ်နှပ်စားလို သဘောထားတာလေ၊ ဘာမှ ပြောဆိုတိုင်ပင်တာမှ မဟုတ်တာ၊ ငါ့မှာ သူတို့အပြောအဆို အနေအထိုင်တွေကို ပဲကြည့်ပြီး မှန်းဆနားလည်ထားရတာဆိုတော့ ကိုကိုနဲ့ မမထားကိုလည်း ချစ်သူတွေလို ငါ့ဟာငါ ထင်မြင်ယူဆထားရတာပဲပေါ့"

"ဒါဖြင့် သူနဲ့ ဘယ်တုန်းက ပြတ်သွားတာလဲ"

"သူနဲ့ပြတ်တယ်ရယ်လို့ကို မသိပါဘူး သက်လယ်ရယ်၊ ညည်းအဖေက မမရွှန်းအိနဲ့သာ ယူသာသွားရော ငါ့မှာ ပါးစပ်အဟောင်းသားနဲ့ အံ့အားသင့်နေရတာ၊ အဲဒီထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ ငါတို့ကို စောင့်ရှောက်တဲ့ ကြီးတော်လည်းဆုံး၊ ညည်းအဖေလည်း မမရွှန်းအိနဲ့ရ၊ နဂိုကတည်းက မျက်နှာထားတည်တဲ့ ကိုကိုလည်း အဲဒီအချိန်တွေတုန်းက ရုပ်ကမှုန်တေစုပုပ်နေတာပဲ၊ ဘာတွေကို မကျေနပ်နေမှန်းလဲမသိ၊ ငါလည်း ကြီးတော်ကြီး ဆုံးသွားတော့ ဝမ်းနည်းအားငယ်နေရတာနဲ့ ကိုယ့်ဟာကိုယ် တခွေခွေ ...

မင်္ဂလာကိစ္စ စီစဉ်နေပြီဆိုမှ ငါသိရတာ၊ ဖိတ်စာမှာ သတို့သမီးက မမရွှန်းအိ ဖြစ်နေတော့ အံ့တွေသြလို့ပေါ့၊ မမရွှန်းအိနဲ့က ငါနဲ့ သိပ်သိ သိပ်ခင်တာလည်း မဟုတ်ဘူး၊ အစ်ကိုကိုလည်း မမေးရဲ မစပ်စုရဲ၊ ဘာမှကို သိပ်ရေရေရာရာ နားမလည်လိုက်တာ"

သက်လယ်က မျက်မှောင်လေးတွန့်ရင်း ...

"မေမေနဲ့လည်း အန်တီလေးက သိတာပဲပေါ့"

"သိပ်တော့ မသိဘူး"

"နည်းနည်းတော့ သိတာပေါ့"

"အင်းပေါ့ ... ကိုကို့သူငယ်ချင်းတွေ အဖြစ်နဲ့တော့ သိနေတာပေါ့"

"သူငယ်ချင်းတွေ !! "

"အင်းလေ ... သမီးကလည်း ဘာမှမသိပါလား၊ ကိုယ့်အဖေ အမေရဲ့ ဇာတ်လမ်းလေး ဘာလေးများ အမေကို တစ်ခါတလေ စပ်စုမကြည့်ဘူးလား"





"ဟင့်အင်း၊ ဖေဖေတို့ မေမေတို့က ဒါမျိုးတစ်ခါမှ မပြောဖူးတော့ သက်လယ်လည်း မေးမကြည့်မိပါဘူး၊ မေမေတော့ တစ်ခါပြောဖူးသား၊ ဖေဖေနဲ့ ဒေါ်ခင်ထားထွေးက ငယ်ငယ်တည်းက သိတာ၊ ငယ်သံယောဇဉ် ဆိုပြီးတော့လေ"

"ကိုကိုရော မမထားရော မမရွှန်းရော သူငယ်ချင်းတွေပဲလေ"

"ဟင် ... ဒါဆို ဒေါ်ခင်ထားထွေးနဲ့ မေမေနဲ့လည်း သူငယ်ချင်းလား"

"အစစ်ပေါ့၊ သူငယ်ချင်းတွေလေ"

"အန်တီလေး ပြောသလိုဆိုရင် ဖေဖေက ဒေါ်ခင်ထားထွေးနဲ့ကြိုက်သလိုဖြစ်ပြီးတော့မှ မေမေနဲ့ ယူသွားတယ် အဲသလိုလား"

"ဟုတ်တယ်"

"ဟင် ... ဖေဖေကလည်း ဟိုအရင်တုန်းကတည်းကိုက ရှုပ်ပွေနေတာပဲပေါ့"

"ကိုကိုက လူရှုပ်လူပွေတော့ လုံးဝမဟုတ်ပါဘူး သမီးရယ်၊ အန်တီလေးလည်း နားမလည်တာသာရှိတယ်၊ သေချာတော့ မပြောနိုင်ဘူး၊ ကိုကိုက ဟိုတစ်ယောက် ဒီတစ်ယောက် မမထားနဲ့လည်းရှုပ်လိုက်၊ မမရွှန်းနဲ့လည်း ပွေလိုက်တော့ မဟုတ်ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်တွေတုန်းက အန့်တီလေး ကိုယ့်ဟာကိုယ် ထင်မြင်ယူဆသလောက်ဆိုရင်တော့ ကိုကိုနဲ့ မမထားက ရည်းစားတွေလို့ ယူဆခဲ့တာ၊ ဒါပေမဲ့ မမရွှန်းအိကတော့ ကိုကို့ကို တစ်ဖက်သတ် ကြိုက်ခဲ့တာ အမှန်ပဲ"

"မေမေ သနားပါတယ်"

"အေး ...၊ မမရွှန်းအိက အရမ်းချမ်းသာတော့ ငါကရှိန်တာကတစ်ကြောင်း၊ အန့်တီလေးနဲ့ သိပ်မဆုံဖြစ်တာတစ်ကြောင်း သိပ်မခင်ခဲ့ကြဘူး၊ မမထားကတော့ အိမ်ကိုပါပါလာလို့ မကြာ မကြာတွေ့ပြီး ခင်မင်နေတာပေါ့"

"မေမေ့ခမျာ အရင်ကလည်း တစ်ဖက်သတ်ကြိုက်ရ၊ ယူပြီးတော့တောင် ဖေဖေက မေမေချစ်သလောက် မချစ်တာ အသိသာကြီးပဲဟာ၊ မေမေကချည်း အလိုလိုက်အလျှော့ပေးပြီး မျက်နှာရိပ် မျက်နှာကဲကြည့်ပြီး နေရတာချည်းပဲ"

"ကိုကိုကလည်းနော် ကွဲသွားပြီးမှများ တခြားတစ်ယောက်ကိုလည်း ယူခဲ့ပြီးမှများ အခုမှ ဘာဖြစ်လို့ မမထားကို ပြန်တွဲရတာတဲ့လဲ၊ ဟိုအရင်က ရည်းစားဦး ရည်းစားဟောင်းဆိုတဲ့ သံယောဇဉ် မကုန်ဘူးနေမှာပေါ့ဟာ"

"ရည်းစားဦး ရည်းစားဟောင်းတွေကိုသာ သံယောဇဉ်မကုန်ပဲ ပြန်ဆုံရင် ဇာတ်လမ်းပြန်စ,ကြေးဆိုရင် တစ်လောကလုံး ဇာတ်ရှုပ်တွေ ပွထကုန်ရောပေါ့ အန့်တီလေးရဲ့၊ တစ်ရည်းစားတည်းနဲ့ မြဲခဲ့တဲ့သူဆိုတာ ခပ်ရှားရှားပဲလေ၊ ရည်း





စားဦးနဲ့ ကွဲခဲ့တဲ့သူ ရည်းစားဟောင်းတွေ တစ်ယောက်မက ရှိခဲ့တဲ့သူတွေက လောကမှာ အများကြီးပဲဟာကို၊ ဖေဖေကိုက မကောင်းတာ"

အမေကို ဒေါမာန်တကြီး ပြောနေရတဲ့အဖြစ် ရောက်နေတဲ့ တူမလေးကိုကြည့်ပြီး သင့်မြတ် စိတ်မချမ်းသာပါ။ အစ်ကိုဖြစ်သူကိုလည်း နားမလည်နိုင်အောင် ရှိရပါသည်။ သူပဲထားရစ်ခဲ့ပြီး နောက်တစ်ယောက် ယူသွားတာ မဟုတ်လား။

မမထားကကော ဒါကိုတောင် စိတ်မနာနိုင်ပဲ ဒီအသက်အရွယ်ကြီးရောက်မှ ပြန်ပတ်သက်ချင်ပါတယ် ဆိုတဲ့အခါ လက်ခံစရာလား။

"အန့်တီလေးကပါ အခု သူနဲ့ပြန်ဆက်သွယ်မလို့ပေါ့လေ၊ ဖုန်းဆက်ဖို့ ချိန်းနေကြတာ ကြားပါတယ်နော်"

"ဩော် ... သက်လယ်ရယ်၊ ချိန်းနေတုန်းက အဖြစ်အပျက်အခြေအနေတွေကို ငါလည်း ဘာတစ်ခုမှ မသိဘူးလေ၊ ကိုကိုက ထားပစ်ခဲ့တဲ့ ကိုကို့ငယ်ချစ်ဟောင်း၊ ကိုယ်နဲ့လည်း ခင်ခဲ့ဖူးတာဆိုတဲ့ အသိပဲရှိတော့ အားနာတာပေါ့၊ ခုလို ကိုကိုနဲ့ပြန်ချိတ်မိနေတာ ကောင်းစစ်သွေးအမေ ဖြစ်နေတာတွေ သိမှမသိတာကွယ်"

"အန့်တီလေး သူနဲ့ပြန်ဆက်သွယ်ရင်တော့ အန့်တီလေးအပေါ် အစ်မတစ်ယောက်လိုကောင်းတဲ့ မေမေ့အပေါ် အန့်တီလေး သစ္စာဖောက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အပြစ်ကလည်း ကြီးလိုက်တာဟယ်၊ ငါကတော့ ကိုကို့ လက်ရှိအိမ်ထောင်ကိုလွန်ပြီး မယူဖြစ်တဲ့ဟာဘက် က သစ္စာတိုင်နေပါ့မလား၊ သူဆိုးလို့ကွဲကွဲ၊ ကိုကိုဆိုးလို့ ကွဲကွဲ မိတ်မပျက် ပြောဆိုနှုတ်ဆက်ချင်တာလောက်ပဲ ပေါ့၊ ခုလို သူတို့ချင်း ပြန်ဖောက်ပြန်နေကြတာ မှန်ရင် တော့ ငါလည်း မဆက်ဆံချင်တော့ဘူး၊ မမရွှန်း စိတ် မကောင်းဖြစ်မှာ ကြောက်တယ်လေ၊ ဒါပေမဲ့တော့ အန်တီ လေးစိတ်ထဲမှာ တစ်မျိုးပဲ သက်လယ်၊ မမထားဆီကနေ တစ်ခုခု အသစ်အဆန်းတွေ ကြားသိရမလို ထင်နေတယ်၊ သူ့မှာ ပြောစရာစကားတွေ ရှိတယ်ဆိုတာကိုလည်း သိ ချင်သလိုပဲ၊ ဒါပေမဲ့ အန်တီလေး ကြားကညပ်ပါပြီး ရှုပ် ကုန်မှာမျိုးလည်း မဖြစ်စေချင်ဘူး"





## ၁၂

"သား ...

မေမေ မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ

မေမေ့မှာ အပြစ်ရှိသည်ဖြစ်စေ မရှိဘူးဖြစ်စေ

သားကိုတော့ မေမေ ဘာနဲ့မှ လဲမှာမဟုတ်ဘူး။

သားရဲ့ဆန္ဒအတိုင်း ချွင်းချက်မရှိ ဖြစ်စေရပါ့မယ်။

သားရဲ့ဆန္ဒက မေမေ့ဆုံးဖြတ်ချက်ပါပဲ။

သားကိုတော့ မေမေ စကားလေးတစ်ခွန်းပဲ ပြောစရာရှိပါတယ်။

အဲဒီစကားအပေါ် သားကြိုက်သလို ဆန္ဒရှိသလို ရှေ့ဆက်လို့ ရပါတယ်။

ဘာပဲဖြစ်ဖြစ် သား ပြန်လာပါ။

သားထက်ပိုပြီး ဘယ်သူကမှ မေမေ့အတွက် မရှိ မဖြစ် မလိုအပ်ပါဘူး သား။

မေမေ"



www.burmeseclassic.com

www.burmeseclassic.com



စာလေးကို အပြန်ပြန်အလှန်လှန် ဖတ်ရင်း ကောင်းစစ်သွေးက ချီတုံချတုံ ဝေခွဲနိုင်တွေဝေနေပါသည်။ စာကိုယူလာပေးတာက ထင်လင်း။ မေမေက ညာဏ်ပြေးပါသည်။ သူ ဘယ်သူ့အိမ်ကို ဆင်းသွားမယ်ဆိုတာ ခန့်မှန်းနိုင်ပါသည်။ ငယ်သူငယ်ချင်း ထင်လင်းရဲ့အိမ်ကို မေမေက လိုက်သွားခဲ့တာပါ။ သို့ပေမယ့် ကောင်းစစ်သွေးက ထင်လင်း အိမ်မှာနှစ်ရက်သာနေပြီး မရှိတော့တာမို့ ကောင်းကို မေမေ တွေ့ခွင့်တော့မရ။

ကောင်း ပြောင်းရွှေ့သွားတဲ့ အဆောင်ကို ထင်လင်းတော့ သိမှာပဲလို့ ယူဆကာ မေမေက စာပေးခဲ့သည်။

"မင်းတို့သားအမိ ပြဿနာကို သချာတော့ မသိပေမယ့်ကွာ မင်းအမေ သနားပါတယ်၊ ပြန်လိုက်ပါ၊ မင်းဆန္ဒနဲ့ဆန့်ကျင်ပြီး ဘာမှမလုပ်ဘူးဆိုတာ ပြောလိုက်ဖို့ကိုလည်း ပါးစပ်က တဖွဖွမှာသွားတယ်၊ ဒါဆိုရင် ပြီးတာပဲမဟုတ်လားကွာ"

"မင်း သေချာမသိပါဘူး ထင်လင်းရာ"

"သေချာတော့ မသိပေမယ့် တခြားမှန်းစရာမရှိဘူး၊ ဖြစ်နိုင်ချေက နှစ်ခုပဲရှိတယ်လေ ဟောကောင်၊ မင်းကို မင်းမကြိုက်တဲ့ မိန်းကလေးနဲ့ ပေးစားဖို့ စီစဉ်တာရယ်၊ မင်းအမေ အိမ်ထောင်ပြုဖို့ စဉ်းစားတာရယ်၊ ဒီနှစ်ခုထဲက တစ်ခုပဲ ဖြစ်မှာလေ၊ မင်းကလည်း သားလိမ္မာ၊ မင်းအမေကလည်း စည်းစနစ်ကျနတဲ့ အမေမို့လို့ တခြားပြဿနာတွေ ဘာမှမဖြစ်နိုင်ဘူး"





ကောင်းက နှုတ်ဆိတ်၍သာ နေလိုက်သည်။

"မင်းနဲ့ ငါက ငယ်ကတည်းက ညီအစ်ကိုလို နေလာတာမို့ ငါ ပြောမယ်နော် သူငယ်ချင်း၊ မင်းကို တခြားမိန်းကလေးနဲ့ ပေးစားဖို့ စီစဉ်တာလည်း မဖြစ်နိုင်ဘူး၊ မင်းမှာ သက်လယ်ရှိတာ မင်းဘက်က ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းအားလုံး သိပြီးသားပဲ၊ သက်လယ်ကလည်း အဘက်ဘက်အစစ ပြည့်စုံတဲ့ မိန်းကလေး၊ အန်တီက တခြားတစ်ယောက် ထပ်ရှာစီစဉ်တာမျိုး မရှိနိုင်ဘူး"

"ဟုတ်ပါတယ်၊ ငါ့အမေဇာတ်လမ်းပါ"

"မင်းတို့က အမေတစ်ခု သားတစ်ခုဆိုတော့ ရုတ်တရက် မင်းစိတ်ထဲ နှမြောဝမ်းနည်းတာ ရှိရင်ရှိမယ်၊ ကိုယ့်အမေကိုကိုယ် သူတော်စင်လောက်နီးနီး အထင်ကြီး သဘောထားထားမိပြီး၊ ဒီလို အချစ်သစ်တစ်ခု ရှာတယ်ဆိုတဲ့အပေါ်မှာ မင်း Shock ရသွားတာမျိုး ဖြစ်ကောင်းဖြစ်မှာပေါ့ကွာ"

တကယ့်အဖြစ်က ဒါထက်လေးနက်ရှုပ်ထွေး ရုပ်ဆိုးတဲ့အတွက် ကောင်းစစ်သွေးက ဘာမှမရှင်းပြချင်တော့ပါ။

"ဒါပေမဲ့ မင်း နားလည်မှုပေးရမှာပေါ့၊ မင်းအဖေဆုံးတာ မင်းတစ်သက်ပဲလို့ ငါတို့ သိခဲ့တယ်၊ မင်း ဒီအသက်ထိအောင် မင်းအမေက တစ်ယောက်တည်း သစ္စာရှိရှိ ရုန်းကန်ရပ်တည်ခဲ့တာလေ ကောင်း၊ ရပ်တည်လက်စနဲ့ ဆက်ရပ်တည်ပါလားလို့တော့ မပြောနဲ့ပေါ့ကွာ၊ အသက်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



အရ တင်းထားတဲ့မာန်တွေ ပြန်ကျစပြုတဲ့အရွယ်ကွ၊ ကိုယ့်ရော စိတ်ပါ ပင်ပန်းချိန်မှာ အမှီအတွယ် အဖော်သဟဲ အားကိုးရှိချင်ရှာမှာပေါ့ကွာ၊ မင်းကလည်း မကြာခင် သက်လယ်နဲ့ ယှဉ်သွားတော့မှာလေ”

ကောင်းစစ်သွေးက နားသာထောင်နေလိုက်ပါသည်။

ထင်လင်း စကားတွေကိုလည်း သဘောပေါက်နားလည်သည်။ မေမေ လူပင်ပန်း စိတ်ပင်ပန်းရှိမည်။ အမှီအတွယ် လိုနိုင်ကောင်းသည်။ အားကိုးရှာချင်လာလျှင်လည်း လက်ခံပါသည်။ ဒါပေမဲ့ သူတစ်ပါးရဲ့အဖေ သူတစ်ပါးရဲ့ခင်ပွန်းတော့ မဖြစ်စေနဲ့ပေါ့၊ ပြဿနာက အဲဒါလေ။ မေမေဟာ လျှပ်ပေါ်လော်လီသော ဏှာရွှေ့မဲ့သော အမျိုးသမီးမျိုးမှ မဟုတ်တာ။

မေမေ အဖော်ရှာချင် မေတ္တာရှာချင်တဲ့ကိစ္စကို သူ နားလည်မှု ရှိပေးနိုင်ပါသည်။ ဒါပေမဲ့ ဦးကောင်းမြတ်နှင့်တော့ မဟုတ်။

“ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ မင်း နားလည်မှုရှိပေးသင့်ပေမယ့် နားလည်မှု မပေးချင်ဘူးထားပါ၊ အခု မင်းအမေက မင်း ဆန္ဒမပါပဲ ဘာမှမလုပ်ဘူးလို့ ငါ့ကို သေချာပြောသွားပြီပဲ၊ စာထဲလည်း ဒီတိုင်းပဲ ပါမှာပဲ၊ မင်းအမေကို မင်းယုံလိုက် ဟောကောင်၊ ပြန်လိုက်ပါကွ၊ မင်းအမေမျက်နှာဆိုတာ ပျက်ပြီးနွမ်းနေတာပဲ၊ သူ့ကိုယ်သူ အပြစ်တင်နေမှာပေါ့ကွာ၊ အမေက ဒီလိုမို့ သားက အိမ်ကဆင်းသွားတယ်





ဆိုတော့ ရှက်တာလည်း ပါမှာပေါ့၊ တော်တော်ညှိုးနွမ်းနေတာပါကွာ၊ သနားပါတယ်”

“ငါလည်း မေမေ့ကို သနားပါတယ်”

မှန်ပါသည်။ မေမေရယ် ... ဒီလိုမျိုးကြီးမှ ဖြစ်မှဖြစ်ရလေလို့ ယူကျုံးမရတွေးပြီး သနားနေရတာပါ။ သူတစ်ပါးခင်ပွန်းနှင့်မှ ဖြစ်ရလေလို့ စိတ်နာတာက တခြား၊ ကရုဏာသက်မိတာ တခြား။

“ပြီးတော့ မင်းကိုယ်မင်းလည်း သတိပြု၊ မင်းလည်း အခု ပျော်မနေဘူး၊ မင်းလည်းစိတ်မှာ ဒဏ်ရာဝေဒနာရနေတယ်၊ အဲဒါ ပေါ်လွင်နေတယ် ကောင်း၊ မင်းရုပ်လည်း စုတ်ပြတ်သတ် ညှိုးမှိန်နေတာပဲ၊ ဘယ်သူ့အတွက်မှ မကောင်းဘူး၊ ပြန်လိုက်ပါကွာ”

ထင်လင်းတို့ရော တခြားဘယ်သူမှ မသိနိုင်တဲ့ မြေပြင်ကွက်တွေ အရုပ်ဆိုးမှုတွေ နောက်ကွယ်မှာ ရှိနေသေးတာကို ဘယ်သူ့ကိုမှ ဖွင့်မပြောချင်၍ ကောင်းက နှုတ်ဆိတ်၍သာနေပါသည်။ သူ စဉ်းစားရမှာက မေမေ အခုချက်ချင်း ရုပ်တန်းက ရုပ်ရင် ဦးကောင်းမြတ်ကို အဆက်ဖြတ်ရင် သူ ခွင့်လွှတ်နိုင်သလားဆိုတာပင်။

ခွင့်လွှတ်နိုင်ရတော့မှာပေါ့။ မေမေက အမေလေ။ လောကမှာ သွေးအရင်းဆုံးလူ။ မေမေ့ ဗိုက်ထဲကနေ သူ လူဖြစ်လာရတာ။ မကောင်းတာကို လုပ်ခဲ့တယ် ဆိုပေမယ့် နောက်မလုပ်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး ရှေ့မဆက်တော့ဘူးဆိုရင် လက်ခံကျေနပ်ခွင့်လွှတ်ပေးရမည့် သွေးသားရင်းချာ မဟုတ်လား။

မလုပ်တော့ဘူး ဆိုတာကိုမှ ခွင့်မလွှတ်ဘူး မပြန်ဘူးဆိုရင် သူ အနိုင်ယူရာကျမှာပေါ့၊ မေမေလည်း ပုထုဇဉ်ပဲလေ။ သားထက်ပိုပြီး ဘယ်သူကမှ မေမေ့အတွက် မရှိမဖြစ် မလိုအပ်ဘူးဆိုရင် ပြီးတာပဲ။ မေမေ့စကားကိုလည်း သူက ယုံကြည်ပါသည်။ ကတိပေးပြီးမှ ကွယ်ရာမှာ နိုးလုပ်နေမည့် စရိုက်မျိုး မေမေ့မှာ မရှိပါ။

"စကားလေးတစ်ခွန်းပဲ ပြောစရာရှိပါတယ်"ဆိုတာကတော့ ဘာများပါလိမ့်။ ဘာစကားပဲဖြစ်ပါစေ ဒီစကားအပေါ် သူ့စိတ်ကြိုက် ဆန္ဒရှိသလို တုံ့ပြန်လို့ရတယ်ဆိုတော့လည်း ပြီးရောပေါ့။

"အေးပါကွာ၊ ငါ ပြန်လိုက်ပါ့မယ်"

"ပြန်သွားပြီးရင်လည်း မင်းတစ်ယောက်တည်း စိတ်ချမ်းသာရဖို့ချည်း မကြည့်ဘဲနဲ့ မင်းအမေပါ စိတ်ချမ်းသာလို့ရအောင် ထည့်တွက်ပေးပါ ကောင်းရာ၊ အချစ်နဲ့မကင်းတာဟာ သဘာဝတရားတစ်ခုပါ၊ မင်း ရှက်တာ၊ မင်း မကျေနပ်တာ၊ မင်း မကြည်ဖြူတာကိုချည်းပဲ ရှေ့တန်းတင် မတွေးပဲနဲ့ မင်းအမေအတွက်အဖော်၊ မင်းအမေရဲ့စိတ်ချမ်းသာမှု ဆိုတာတွေကိုလည်း သဘာဝကျကျ ထည့်တွက်ပေးဦး"





ဪ ... သူငယ်ချင်းကတောင် ကိုယ့်အပေါ် ဆုံးမဩဝါဒတွေပေးလို့။ ကိုယ်ကပဲ အမေကို နားလည်မှုမရှိသူကိုဖြစ်လို့။ ကိုယ်တော့ မိန်းမယူမယ်၊ အမေတော့ တစ်ယောက်တည်းပဲနေဆိုပြီး မမျှမတ သဘောထားသူကြီးကိုဖြစ်လို့။ ဟင်း ... ဟင်း။ ရယ်ရတယ်။ ဘယ်လိုပင်ဖြစ်စေပါ၊ အစစအရာရာကို ပြည်ဖုံးကားချလိုက်တဲ့သဘောနှင့် ကောင်းစစ်သွေးက မေမေ့ထံ ဖုန်းခေါ်လိုက်ပါသည်။

"မေမေ ဦးကောင်းမြတ်နဲ့ ပြတ်မယ်နော်"

လိုရင်းကို တန်းမေးလိုက်ပါသည်။

"ပြတ်ပါတယ်၊ ဦးကောင်းမြတ်ကိုလည်း သားစိတ်ဆန္ဒက အဓိကဆိုတာ ပြောပြီးပါပြီ သားရယ်"

"ဘာစိတ်ဆန္ဒမှ အဓိကတွေ ဘာတွေ မဟုတ်ဘူး မေမေ။ သူက ဒေါ်ရွှန်းအိတင်ယောက်ျား၊ သက်လယ်အဖေ၊ ဘယ်သူ့ဆန္ဒ ဘယ်လိုရှိရှိ မေမေ ယတိပြတ်ကို ပြတ်ရမှာ"

"သားသာ ပြန်လာခဲ့ပါ၊ မေမေ ပြတ်ပါတယ်"

မေမေ့အသံက ငိုသံပါနေဟယ်လို့ ထင်သည်။ သူ့ရင်ထဲ နင်သလိုလို သနားသလိုလို ကျေနပ်သလိုလို ဖြစ်ရသည်။

"သား ဒီနေ့ပဲ ပြန်လာနော်"

ငိုသံပါထဲမှာမှ ဝမ်းသာမှုနှင့် ကတုန်ကယင် ဖြစ်နေဟဲ့ မေမေ့အသံကို ကရုဏာသက်မိစဉ်မှာ မေမေ့ထံက ဘာစကားကို ကြားရမယ်ဆိုတာ ကောင်းစစ်သွေး မတွေးခဲ့မိသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ လောကကြီးဆိုတာ ကိုယ်မထင်မှတ်တာတွေ ဖြစ်ပျက်နေသော နေရာတစ်ခုပါလားဆိုတာ ကောင်းစစ်သွေး အလန့်တကြား သိလိုက်ရချိန်မှာ ဘာကိုဘယ်လို ဆုံးဖြတ်ရမည်မသိအောင် ချာချာလည်သွားပါသည်။

စိတ်ဓာတ်ကျရမလား စိတ်ဓာတ်တက်ကြွရမလားတောင် မသိတော့။ အတုန်တုန် အလှုပ်လှုပ်နှင့် မယုံကြည်နိုင်အောင် အငိုက်မိသွားခဲ့ရပါသည်။ ကောင်းစစ်သွေး ပြန်ရောက်လာတော့ မေမေ့မှာ ဝမ်းသာအားရ ဖြစ်ရှာသည်။ မျက်နှာကိုအရိပ်တကြည့်ကြည့်နှင့် အလိုလိုက် ဖြည့်ဆည်းလို့မဆုံး။ သူအိမ်ပေါ်က ဆင်းသွားတဲ့ရက်က တစ်လလောက် ကြာပါသည်။

အိမ်ပြန်ရောက်လာတော့လည်း ကောင်းစစ်သွေးသည် ဘာလိုမှန်းမသိသလို ဖြစ်နေကာ အရင်လို လူကစိတ်လက်မပေါ့ပါး။ အခန်းထဲကမထွက်ဘဲ အောင်းကာနေမိသည်။ မေမေကလည်း သူ့ကို အလိုလို မျက်နှာပူနေ ရှိန်နေသလို ဖြစ်နေကာ အဝေးကနေသာ မျက်နှာရိပ် မျက်နှာကဲကြည့်ပြီး လိုတာကို မမ





ဝင်းမေကတစ်ဆင့် မေးကာ မြန်းကာနှင့် မေမေကတော့ ကောင်းအနားကပ်မလာရဲသလို ရှိနေသည်။

သူနှင့် ပိုစကားပြောဖြစ်သူဟာ မမဝင်းမေ။

မမဝင်းမေ ဆိုတာက ငယ်ငယ်ကတည်းက စကားစ,တတ်ကတည်းက မေမေက "မမဝင်းမေ"ခေါ်ဖို့ သင်လို့သာ မမဝင်းမေလို့ နှုတ်ကျိုးခဲ့သော်လည်း မေမေ့ထက်ငယ်လှ ငါးနှစ်ခြောက်နှစ်။ မေမေ အပျိုကတည်းက မေမေတို့ထံနေတဲ့ အိမ်ကအလုပ်သမားဖြစ်ကာ နှစ်ကာလကြာတော့ ဆွေလိုမျိုးလိုတောင်ဖြစ်ကာ မေမေက ညီမတစ်ယောက်နယ် ဆင်သ,ထားသူပါ။

မေမေ့မိခင်ကလည်း ကောင်း အခါလည်သား လောက်မှာဆုံး၊ မမဝင်းမေမိခင်ကလည်း မရေ-မနှောင်း သူတို့ရွာမှာဆုံး၍ မမဝင်းမေက ရွာမပြန်တော့ဘဲ မေမေနှင့်တစ်သက်လုံး နေလိုက်တော့တဲ့သူပါ။ ကောင်းလည်း မမဝင်းမေ လက်ပေါ်မှာသာ ကြီးရတာ။

"သားသား ထမင်းစားတော့မလား"

"ဟင့်အင်း"

"နောက်ကျနေပြီလေ သားသား၊ ဘာလဲ အမေကို မဆုံအောင် ရှောင်စားနေတာလား"

"မဟုတ်ပါဘူး၊ မမဝင်းမေကလည်း"

"မမက စားပြီးသွားပြီ၊ ခုနက ညှိသည်ရှင်းတုန်း အမေထမင်းစားမယ်၊ မင်းကိုလည်း မေးဆိုလို့ လာမေးတာ၊



www.burmeseclassic.com

www.burmeseclassic.com



သားက မစားသေးဘူးဆိုတော့ မမတစ်ယောက်တည်း စားနှင့်ပြီးသွားပါပြီ၊ မင်းပဲကျန်တာ၊ လာပါ စားလိုက်တော့"

"ဘာဟင်းလဲ"

"မေးမနေနဲ့တော့ မင်း အကြိုက်ချည်းပဲ၊ မင်းမကြိုက်တာ တစ်ခုမှ မပါဘူး သားသားရေ၊ မမက မင်းကြိုက်တဲ့ဟင်းတွေချည်း တွဲချက်ခိုင်းထားတာ၊ အမေကို စိတ်မလုပ်နဲ့နော် သား၊ သားသားထွက်သွားတော့ မမခမျာ မျက်ရည်နဲ့ မျက်ခွက်၊ မငိုတဲ့နေ့ တစ်ရက်မှ မရှိဘူး"

"ဦးကောင်းမြတ်နဲ့တော့ မကြာ မကြာ တွေ့ဖြစ်တယ် မဟုတ်လား၊ ကျွန်တော်သတင်းကြားပါတယ်၊ညာမပြောနဲ့"

"မညာပါဘူး သားရယ်၊ သားက ဘယ်ထွက်သွားမှန်းမသိတော့ စိုးရိမ်ပူပန်ပြီး တိုင်ပင်ရ ပြုရ ရှိတာပေါ့၊ တခြားရော ဘယ်သူ အားကိုးစရာရှိလို့လဲ"

"အဲလို မပြောပါနဲ့ဗျာ၊ မိတ်ဆွေအပေါင်းအသင်း အသိုင်းအဝိုင်း ရှိတာပဲ၊ ဆွေမျိုးတွေလည်း ရှိသေးတာပဲဟာ"

"ဒါပေမဲ့ သားနဲ့ပတ်သက်တဲ့ ကိစ္စဆိုတော့ ..."

"ကျွန်တော်နဲ့ပတ်သက်တဲ့ကိစ္စက ဦးကောင်းမြတ်နဲ့ဘာပတ်သက်စရာ အကြောင်းရှိလို့လဲဗျာ၊ ယောက္ခမလောင်းဆိုတဲ့ သဘောလား ဟင်း ဟင်း ဟင်း၊ အဲဒါက ပြီးဆုံးသွားတဲ့ ဇာတ်လမ်းတစ်ပုဒ်ဖြစ်သွားပြီး မမဝင်းမေရဲ့၊ မမဝင်းမေလည်း ဟယ် ... သက်လယ်လေးက ချစ်စရာလေး





ဟယ်တို့၊ ငါ့ရဲ့တူမလောင်းလျာလေးတို့ ဆိုတဲ့ စိတ်ကူးယဉ်တွေ မေ့ပစ်လိုက်တော့ဗျာ"

မမဝင်းမေက မျက်နှာမသာမယာလေးနှင့် ကောင်းစစ်သွေးကို ကြည့်နေတတ်ပါသည်။ မေမေ့ထံမှ တော်တော်နှင့် စ,မလာတဲ့ ပြောစရာစကားလေးတစ်ခွန်း ဆိုတာကို တစ်ရက်ထက် တစ်ရက် သူ့မှာ စိတ်တထင့်ထင့် ဖြစ်လာရပါသည်။ ပြောမယ်ဆိုပြီးမှ စကားထပ်မစပဲနေတဲ့အခါ ဘာပါလိမ့်ဆိုတဲ့ မချင့်မရဲဖြစ်ခြင်းက စိတ်ကိုထင့်စေသည်။

ဒါပေမဲ့ မေမေလည်း စကားစဖို့ ကြိုးစားနေတယ်လို့တော့ ကောင်းစစ်သွေး ရိပ်မိပါသည်။ ပြောဖို့ ကြိုးစားပါလျက် ပြောမထွက်ပဲ ဖြစ်နေတဲ့ စကားဟာ ဘာများပါလဲ။ မနက် သုံးသွားခါနီးတို့မှာ မေမေ အနားကပ်လာတတ်ရင်း ...

"သား အခုကုမ္ပဏီက သားမှာရှိတဲ့ အတွေ့အကြုံနဲ့ဆိုရင် သူ့အလုပ်က သေးမနေဘူးလား"

"ချက်ချင်းရမယ့် အလုပ်တစ်ခု ရှာလျှောက်လိုက်တာပါ၊ ဒီကနေမှ နောက်တစ်ခုကိုကူးဖို့ ရည်ရွယ်ချက်ရှိပါတယ်"

"ဒီအလုပ်က ထွက်လိုက်ပါလား သား"

"ဘာဖြစ်လို့ ထွက်ရမှာလဲ မေမေကလဲ၊ ဘာအလုပ်မှမရှိတာထက်စာရင်တော့ အလုပ်နဲ့လက်နဲ့ မပြတ်ရှိနေတာ ကောင်းတာပေါ့၊ လခဘယ်လောက်ဆိုတာက အရေးမကြီးပါဘူး၊ အလကားနေရင်း ဘာလို့ထွက်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဝင်တာမှ ဆယ်ရက်ပတ်လည် ရှိသေးတဲ့ အလုပ်က ထွက်ရမည်ဆိုတော့အစိပ္ပာယ်မှ မရှိတာ ဒေါ်ခင်ထားထွေးက ပြောချင်တာရှိလျက် မပြောတော့ပုံနှင့် နှုတ်ဆိတ်လိုက်ပုံကိုမြင် လျှင် ...

"မေမေ ဘာပြောချင်လို့လဲ"

"ဘာမှမပြောတော့ပါဘူး သားရယ်"

ဒီလိုနှင့် တစ်ရက်ပြီးတစ်ရက် ကုန်လွန်လာတဲ့ကြား မှာ ကောင်းစစ်သွေးနှင့် ဒေါ်ခင်ထားထွေး အကြားမှာ အလွှာပါး တစ်ထပ် ခြားနေသလို အရင်အတိုင်း တစ်သားတည်း ပြန်မဖြစ် လာပေ။ တစ်စုံတစ်ခု ကျန်နေတယ်ဆိုတာကို အလိုလို ခံစားသိ နေသည်။

မေမေ့ပုံကလည်း မတင်မကျ ချီတုံချချနှင့်။ အဲဒီ ဘာမှန်းမသိတာလေးဟာ မေမေ ပြောမည်ဆိုတဲ့ စကားတစ်ခွန်း နှင့် ဆက်စပ်မည်လို့ အလိုအလျှောက် နားလည်နေမိပါသည်။ နောက်ဆုံးမှာတော့ ကောင်းစစ်သွေး စောင့်မနေနိုင်ပါ။ ဘယ်လို ကြီးမှန်းမသိတဲ့ လိပ်ခဲတည်းလည်း အနေအထားကြီးမှ ထွက် ပေါက်ရှိလိုရှိငြား အဲဒီစကားတစ်ခွန်းကို အရမ်းပဲ သိချင်လာပါ သည်။

ရုံးပိတ်ရက် တစ်ရက်ရဲ့နံနက်မိုးသောက်မှာ ထမင်း စားပွဲမှာ ကော်ဖီထိုင်သောက်နေရင်းက သူ့လိုပဲ ခပ်ငူငူထိုင်ကာ မုန့်ဟင်းခါးစားနေတဲ့ မေမေ့ကို ...





"မေမေ"

"........."

"ကျွန်တော့်ကို ပြောစရာရှိတာ ပြောပါ၊ မေမေ့မှာ ပြော စရာတစ်ခုရှိနေတာ ကျွန်တော်သိပါတယ်၊ ပြန်မလာခင် ကတည်းကလည်း စကားတစ်ခွန်းပြောမယ်လို့ မေမေပြော ခဲ့တယ်လေ၊ အဲဒါ ဘာလဲ သိချင်တယ်"

"........."

ဒေါ်ခင်ထားထွေးထံက ဘာသံမှ ထွက်မလာပဲ မရထိုင်ရ ကျဉ်းကျပ်နေတဲ့ပုံသာ ပေါက်လာသည်။ အမြဲတည် ငြိမ်တဲ့ မေမေဟာ သိသာလောက်အောင် စိတ်တွေလှုပ်ရှားယောက် ယက်ခတ်နေပါသည်။

"မေမေ ပြောရခက်နေတာလား"

"အင်း ... ဟုတ်တယ် သား"

"ဒီစကားက အခုဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေအတွက် အရေးပါသလား မေမေ၊ ဒါတွေနဲ့ကော သက်ဆိုင်သလား"

"အင်း"

"ဒါဖြင့် မေမေ ပြောပါတော့၊ ကျွန်တော် ကြားချင်တယ်"

"တကယ်တမ်း ပြောရမယ်ဆိုတော့ မေမေ့ပါးစပ်က ပြော ဖို့ခက်တယ် သား၊ သား ... ဟို ... ဦး ... ဦးကောင်းမြတ် နဲ့ လက်ခံတွေ့ပေးပါလားဟင် သား၊ သားကို သူ ပြောပြ ပါလိမ့်မယ် သား"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစစ်သွေးက စိတ်တိုသွားကာ ...

"ဟာ ... သူက ဘယ်ကပါလာတာလဲ၊ မေမေက တကယ်ပဲ၊ ဘာဖြစ်လို့ ကျွန်တော်က သူနဲ့တွေ့ရမှာလဲ၊ မေမေ ဒီစကားကို တောင်းဆိုသင့်လား၊ သားအမိချင်းကြားမှာ ပြောလိုက်ရင် ပြီးနေတဲ့ စကားတစ်ခွန်းကို သူက ဘာကိစ္စ မေမေ့ကိုယ်စား ဝင်ပြောနေရမှာလဲ၊ သူက ဘာမို့လို့လဲ၊ သူ့မှာ ကျွန်တော့်ကို ဘာမှပြောပိုင်ခွင့် မရှိဘူး၊ ဘာမှလာမပြောနဲ့၊ မေမေ ပြောရင် လက်ခံရင် လက်ခံမယ့် အခြေအနေတစ်ခုဟာ သူ ဝင်ပြောလိုက်မှ အဆိုးဘက်ရောက်သွားမယ်၊ ကျွန်တော် သူ့စကားကို လက်သင့်ခံမှာမဟုတ်ဘူး မေမေ"

"မေမေ ပြောရခက်လို့ပါ သား၊ ပြောမထွက်လို့ပါ"

"မေမေ ပြောမထွက်လို့ မပြောရင် နားမထောင်ရုံပဲ၊ မသိရုံပဲ၊ ဦးကောင်းမြတ်ကတော့ ဘာမှလာမပြောစေနဲ့ဗျာ"

"နားထောင်ကြည့်ပေးပါဦးလား သား"

"မထောင်ဘူးဗျာ"

ကောင်းစစ်သွေးက ငြင်းဆိုထထွက်ခဲ့ပေမယ့် အဲဒီညနေ သူ အိမ်ပြန်ရောက်အပြီး မေမေလည်း ညှိသည်ကင်းပြတ်သွားတဲ့အချိန် ညကိုးနာရီလောက်မှာ (မေမေဖုန်းဆက်ခေါ်လိုက်တယ်လို့ပဲ ထင်ပါသည်) ဦးကောင်းမြတ် ရောက်လာပါသည်။





မမဝင်းမေ ဖွင့်ပေးတဲ့ တံခါးမှ ဝင်လာတဲ့ ဦးကောင်းမြတ်ကိုကြည့်ကာ ကောင်းစစ်သွေး ဒေါပွသွားရပါသည်။ ဝုန်းခနဲထ,ကာ ထွက်သွားဖို့ ကြံစည်သေးသည်။ ဒီလူကြီးက ရာရာစစ သူပါရှိနေတဲ့အချိန် အိမ်ပေါ်ကို ဘာကြောင့် တက်လာခွင့်ရှိရမှာလဲ။ သူ ထွက်သွားချင်ပေမယ့် ထွက်သွားခွင့်မရ။ သော့ခလောက်ကို ခတ်လိုက်တဲ့သော့ကို မမဝင်းမေထံက အော်ဟစ်တောင်းနေတုန်းပဲ ဦးကောင်းမြတ်က သူ့ကို စကားလှမ်းပြောလိုက်တာဖြစ်သည်။

"မင်း ပြန်ထိုင်ပါ ကောင်းစစ်သွေး၊ အရေးကြီးတဲ့စကားတစ်ခွန်းကို စိတ်လိုက်မာန်ပါနဲ့ အခြောက်တိုက်ငြင်းမနေနဲ့၊ ဒီစကားကို မင်းအမေ ပြောမထွက်ဘူးဆိုလို့ ငါလာပြောတာ၊ တစ်ယောက်ယောက်တော့ မပြောလို့မရဘူး၊ ပြောကိုပြောရမှာမို့ မလွှဲမရှောင်သာပြောမှာ၊ လူကြီးဆန်ဆန်စမ်းပါကွာ၊ ကလေးကလား ဆန်မနေပါနဲ့"

အဲဒီစကားက သူ့ကို သူငယ်နှပ်စားအရာကို ပို့လိုက်သလိုပင်။ ကောင်းက အတော်မခံချိ မခံသာ ဖြစ်သွားပြီးမှ ဆုံးဖြတ်လိုက်သည်။ ဟုတ်သည်။ သူ့ဆက်ဆံပုံ စိတ်လုပ်နေပုံက ကလေးဆန်နေသည်။ ကလေးဆန်လို့မဖြစ်။ သူ့ကို ကလေးလိုသဘောမထားအောင် သူ လူကြီးဆန်ဆန် ရင်ဆိုင်ရမယ်ဆိုတာကို တွေးလိုက်မိကာ ...



www.burmeseclassic.com

www.burmeseclassic.com

"အန်ကယ်ပြောတာ ကျွန်တော် နားထောင်ကြည့်ပါမယ်၊ လိုရင်းတိုရှင်း ပြောပါ"

အစဦးပိုင်းမှာတော့ ကောင်းစစ်သွေးက ဟန်ကိုယ့်မို့ပါပင်။ တကယ်တမ်း ဦးကောင်းမြတ် လိုရင်းတိုရှင်း ပြောချလိုက်တဲ့ အခါမှာတော့ ကောင်းတစ်ယောက် အငိုက်မိကာ အရုပ်ကြိုးပြတ် ပစ်ကျသွားခဲ့ရတော့တာပါ။





## ၁၃

တစ်နေ့တခြား အကြောင်းရင်း မယ်မယ်ရရ ရှာမရပဲ ကျန်းမာရေး ယိုယွင်း ယိုယွင်းလိုက်လာသော ဒေါ်ရွှန်းအိတင် တစ်ယောက် ဆေးရုံပေါ်က မဆင်းရပါ။ သွေးက အချိန်ပြည့်အမြင့်ဆုံးတိုးနေခဲ့ကာ ဒါကိုချလို့မရ၍ ခွဲစိတ်ခန်းဝင်စာရင်းထဲ ထည့်ခွင့်မရခဲ့ပါ။ အစားမဝင်ပဲ ငေးမောတွေးတော မှိန်းမောနေတဲ့ ဒေါ်ရွှန်းအိတင်ကို ဆရာဝန်ကြီးရဲ့မှတ်ချက်မှာ ...

"လူနာဖြစ်နေတဲ့ လက္ခဏာက စိတ်ထောင်းကိုယ်ကြေဖြစ်နေတဲ့ ဝေဒနာပါပဲ၊ သူ့ကို တခြားတိုက်ခိုက်နေတဲ့ ရောဂါအဆောက်အအုံကြီး မရှိပါဘူး၊ တစ်ကိုယ်လုံး ချက်က်အပ်ပ်လုပ်ပြီးတဲ့အတွက် နှလုံးသွေးကြောကျဉ်းနေတာ တစ်ခုပဲ ရောဂါလက္ခဏာရှိပါတယ်၊ ဒါကလည်း ဒီလိုသွေးကြောကျဉ်းနေတဲ့ လူနာတွေ လူကောင်းလိုပဲ သွားလာလှုပ်ရှားနေကြတာ အများကြီးပါ၊ လူနာကို ဒီလိုပုံလဲပြီး နလန်မထူနိုင်အောင် ဖြစ်နေတတ်တာမျိုး မဟုတ်ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



သွေးကလည်း တစ်ချိန်လုံး တိုးနေတာက သူ့မှာ Stress တစ်ချိန်လုံး ရှိနေတာ၊ စိတ်ကိုအေးအေးချမ်းချမ်း ပေါ့ပေါ့ပါးပါးထားလို့ မရတာပါ၊ အဲဒီဖိစီးမှုကြောင့်ပဲ အိပ်လည်းမပျော် အစားအသောက်လည်း ကောင်းကောင်း မဝင် ဖြစ်နေတော့ နှလုံးကြောင့် ဘာမှမဖြစ်ပဲ စိတ်ကြောင့်ပဲ အချိန်မရွေး ဒုက္ခရောက်သွားနိုင်တာမျိုးပါ"

သက်လယ်သည် ဆရာဝန်ကြီးစကားကြောင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရသည်။ အမေက သမီးကိုကြည့်ကာ စိတ်မချမ်းသာ၊ သမီးက အမေကိုကြည့်ကာ စိတ်မချမ်းသာ။ ဖေဖေကလည်း ခုနောက်ပိုင်း ဆေးရုံမှာ အချိန်အသင့်အတင့် နေပေးပါသည်။ ဒါပေမဲ့ ဖေဖေ သူ့အနားနေပေးတာကိုလည်း မေမေ ဝမ်းမြောက်ကြည်နူးပုံ မရပါ။

သက်လယ်သည် တိုင်ပင်စရာ စကားပြောစရာ အဖော်သဟဲ မရှိ၍ အန်တီလေးကိုပင် အားကိုးအားထား လှမ်းခေါ်ရပါသည်။ ခွင့်ယူလို့ရရင်ယူပြီး အနားမှာ အတူလာနေပေးဖို့ပင်။ အန်တီလေးက ခွင့်နှစ်ပတ်ယူပြီး ရောက်လာပါသည်။

"မမပုံစံက အားမရစရာပါလားဟယ်"

တစ်နေ့တော့ ဖေဖေ၊ အန်တီလေးနှင့် သက်လယ်တို့ဆုံသော မိသားစုထမင်းဝိုင်းမှာ မေမေ့အခြေအနေကို တိုင်ပင်ကြရင်း ရင်ထဲနင့်ကာ နာလာ၍ ဖေဖေ့ကို နာနာကြည်းကြည်း အံကြိတ်ကြည့်မိကာ ...





"အဲဒါ ဖေဖေ့ကြောင့်၊ ဖေဖေ့ကြောင့်၊ မေမေ သေသွားရင် ဖေဖေ့ကြောင့်လို့ပဲ သက်လယ် တစ်သက်လုံး သတ်မှတ်လိုက်မယ်"

မျက်ရည်ဥလေးတွေ ပေါက်ခနဲ ပေါက်ခနဲ ပြုတ်ကျကာ တုန်တုန်ခါခါ ပြောမိသည်။ ဦးကောင်းမြတ်က ဘာမှပြန်မပြောပဲ သက်လယ်ကိုသာ စိတ်မကောင်းသလို ကြည့်နေသည်။ တကယ်တော့ အကျိုးတိုင်းမှာ အကြောင်းတရား နောက်ခံရှိတာချည်းပင်။ ဘယ်လိုပင်ဖြစ်စေ တော်စပ်နေသော ဇနီးသည်ကို ဝေဒနာ မခံစားရစေလိုတာတော့ အမှန်ပါ။

သို့ပေမဲ့ ဝင့်ကြွေးဆိုတာ ရှိတယ်လို့လည်း သမီးဖြစ်သူကို ပြောချင်နေမိပါသည်။ ဘယ်လိုပင် မနှစ်မြို့ပါစေ ငယ်သူငယ်ချင်းတော့ ဖြစ်ခဲ့ဖူးသေးတဲ့ သံယောဇဉ်တော့ ရှိသေးသည်။ ခုလိုမြင်ရတော့ လူလူချင်း စာနာစိတ်သက်သက်နှင့် ဘယ်လိုမှ စိတ်မကောင်း။ သို့ပေမဲ့ သူ့စိတ်ကို သူပဲ ပြဋ္ဌာန်းကာ သူ့စိတ်က သူ့ကိုဖိစီးနေတာကို ဘေးလူ ဘာမှလုပ်ပေးဖို့ မဖြစ်နိုင်ချေတကား။

လက်ရှိအနေအထားလေး ပြိုကွဲသွားမှာကို သေမတတ် ကြောက်ရွံ့နေတဲ့စိတ်ကလည်း ဒေါ်စွန်းအိတင်ကို ခြောက်လှန့်တိုက်ခိုက်နေပါသည်။ တကယ်တော့ ပြင်ပအသွင်သဏ္ဌာန် အေးအေးညင်ညင်သာသာကလေးနှင့် စိတ်နှလုံးနူးညံ့လှတယ် ထင်ရတဲ့ ဒေါ်စွန်းအိတင်ရဲ့ အပေါ်ယံမျက်နှာဖုံးတစ်ထပ်ဟာ ရှိမ်နိုင်စရာ မရှိလောက်အောင် သဘာဝကျပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုးအတွင်းထဲက ခက်ထန်ပြီး ပိုင်စိုးလွှမ်းမိုးလိုစိတ် လောဘဒေါသ မောဟစိတ်တို့ကို တကယ်ခံစားခဲ့ရဖူးတဲ့ ကာယကံရှင် သူတို့မှတစ်ပါး ဘယ်သူမှ မသိသာနိုင်ပါ။ ခုလည်း ရွှန်းအိတင် ပူပြင်းတောက်လောင်နေတာဟာ သူ့စိတ်ကပဲ သူ့ကိုပြန်ပြီး ဝေဒနာပေးနေတာ။

"ကောင်းမြတ် ... သမီးလေးကို ချစ်ရတဲ့သူနဲ့ ပေါင်းရစေချင်တယ်"

"မပေါင်းရဘူးလို့ ငါ တစ်ခွန်းမှ မပြောဘူး ရွှန်းအိတင်"

"သူချစ် ကိုယ်ချစ်ကို ပိုင်ဆိုင်ရဖို့ဆိုတာ တကယ်မလွယ်ဘူးဆိုတာ နင် သိတယ်မှလား"

"ချစ်တဲ့သူနဲ့လည်း ကွေကွင်းရတတ်တယ်၊ မချစ်နှစ်သက်သူနဲ့လည်း ပေါင်းရတတ်တယ်၊ ဒါတွေက ကံတွေပဲလေ မိရွှန်း၊ နင် စိတ်အေးအေးထားစမ်းပါ"

"ကံဆိုတာ လူကလုပ်တာပဲ၊ ကောင်းစစ်သွေးနဲ့ သမီးကို ငါ ကြည်ဖြူပါတယ်၊ သူတို့ကို မြန်မြန်လေး လက်ထပ်ပေးစားလိုက်ပါလား"

"လက်ထပ်ပေးဖို့ နေနေသာသာ ကောင်းစစ်သွေးကို နင့်သမီးက အဆက်အဆံတောင်မှ မလုပ်တာ၊ သူတို့သားအမိကို မျက်နှာတောင်မကြည့်ချင်ပဲဖြစ်နေတာ ဘယ်လိုလုပ်ပြီးသွားပေးစားမှာလဲ၊ အစစအရာရာဟာ သူ့အလိုအလျောက်ဘုရားပေးသလောက် ဖြစ်သွားပါလိမ့်မယ် ရွှန်းအိတင်…





နင်လိုချင်တဲ့အတိုင်း ဖန်တီးယူမယ်၊ ဖြစ်အောင်လုပ်မယ်ဆိုတဲ့စိတ်ကို ဒီအချိန်ရောက်မှတော့ လျှော့တော့ မိရွှန်း"

"ငါက အခု မကောင်းတာလုပ်မှာမှ မဟုတ်ဘဲ ကောင်းမြတ်ရယ်၊ မတရားတာ လုပ်မလို့မှ မဟုတ်ပဲ"

"ကောင်းကောင်း ဆိုးဆိုး တရားရား မတရားရား လောကကြီးက သူ့ဟာမိုနီနဲ့သူ အလိုက်သင့်သွားနေပါစေ မိရွှန်း၊ နင် ဝင်ကြိုးကိုင်ဖို့ စိတ်ကူးမယဉ်ပါနဲ့တော့၊ သမီးနဲ့ ကောင်းစစ်သွေး ပေါင်းဖို့ကံပါရင် ပေါင်းကိုပေါင်းရမယ်၊ ဘယ်သူမှ ဖျက်မရဘူး၊ ပေါင်းဖို့ကံမပါရင် ကြိုးတုပ်ပြီး အခန်းထဲ အတူထည့်ပိတ်ထားလည်း လွဲကိုလွဲကြမှာပဲ"

"အခု နင် ကောင်းစစ်သွေးကို ပြောပြပြီးသွားပြီလား ကောင်းမြတ်"

"ပြောပြီးပြီ"

ရွှန်းအိတင် မျက်နှာက ပျက်သွားရပါသည်။

"ငါ့ရင်ထဲမှာ ပူလောင်နေတယ် ကောင်းမြတ်၊ မီးလောင်နေသလိုပဲ"

"အဲဒီမီးက ခုချိန်မှာ အားလုံးရဲ့နှလုံးသားတွေကို တမြိုက်မြိုက် လောင်နေတာ၊ နင်တစ်ယောက်တည်း ဖြစ်နေရတာ မဟုတ်ဘူး၊ ငါ့ရင်ထဲလည်း မီးလိုပူပြင်းနေတာပဲ၊ ငါဖြစ်ချင်တဲ့ဆန္ဒရဲ့ကြားမှာပဲ နင် ခုလိုဖြစ်နေတာကို မြင်နေရတဲ့အပူ၊ သမီး ငါ့ကို မုန်းတီးရွံရှာနေတာကို ခံစားရတာက်



www.burmeseclassic.com

www.burmeseclassic.com



လောင်ရတဲ့အပူ၊ သမီးလေး အသည်းတွေ ကွဲကြေပူလောင်နေသလားလို့ တွေးသနားရတဲ့အပူ ...

နောက်ထပ် အများကြီး ကျန်သေးတယ်၊ မထွေးနိုင် မအန်နိုင် မျိုသိပ်ထားရတဲ့ အပူတွေ အများကြီး၊ ခင်ထားထွေးရင်ထဲရော အေးမြနေတယ်လို့ နင်ထင်လို့လား၊ တစ်သက်လုံး ရင်ထဲတောက်လောင်ခဲ့တဲ့မီးကို ဟန်ဆောင်ဖုံးဖိငြိမ်းသတ်နေခဲ့ရတဲ့သူပဲလေ၊ သမီးရင်ထဲ ကောင်းစစ်သွေးရင်ထဲ အို ... အားလုံးပဲလူတိုင်းပဲ၊ ဒီဇာတ်လမ်းမှာ နလုံးသားကို လောင်ကျွမ်းမခံရတဲ့သူ တစ်ယောက်မှမပါဘူး မိရှန်း"

"ဒါတွေအားလုံး ငါစ,ခဲ့တာလားဟင်၊ ဒီမီးတောက်တွေကို ငါ မွေးခဲ့ ဖိုခဲ့တာလားဟင်"

"နင် ဒါတွေ စဉ်းစားမနေနဲ့တော့၊ ဒီအချိန်မှာ နင်ကျန်းမာဖို့လည်း အရေးကြီးတယ်၊ ငါ့ကို နာကြည်းနေတဲ့သမီးအတွက် နင်လိုအပ်တယ်"

"ငါ ခင်ထားထွေးနဲ့ တွေ့ချင်လိုက်တာ ကောင်းမြတ်"

" ......... "

"ငါ့ကို မိထားနဲ့ တွေ့ခွင့်ပေးပါ"

"ခုချိန်မှာ မတွေ့ချင်ပါနဲ့ဦး မိရှန်း၊ နင်တို့ချင်း ပြန်ဆုံတွေ့ရမယ့် စိတ်လှုပ်ရှား ဖိစီးမှုဒဏ်ကို နင် မခံနိုင်သေးပါဘူး၊ လုံးလုံးနေကောင်းမှတွေ့ပါ၊ မိထားဘက်က နင့်ကို မတွေ့ချင်တဲ့ အာဃာတ ဘာမှမရှိဘူး၊ နင့်အနေအထားက





မတွေ့နိုင်သေးတာ၊ တော်ကြာ တွေ့ခွင့်ပေးလိုက်ပြီးမှ တစ်ခုခု နင့်မှာဖြစ်သွားရင် သမီးက ငါ့ကို တစ်သက်လုံး ခွင့်လွှတ်မှာ မဟုတ်ဘူး"

"ငါက တွေ့ချင်တာဆိုတာ သမီးကိုလည်း ပြောမှာပါ"

"နင့်မှာ တွေ့နိုင်တဲ့အင်အား မရှိသေးပါဘူး ရှန်းအိတင်ရယ်"

"သူ့ကိုတွေ့ရင် ငါ တောင်းပန်မလို့ပါ ကောင်းမြတ်ရယ်"

"နင် တောင်းပန်ပန် ရန်တွေ့တွေ့ လုပ်ချင်တာ လုပ်လို့ရတယ်၊ ခင်ထားထွေးက အရာရာကို အောင့်အည်းမျိုသိပ်နိုင်တဲ့ နေရာမှာ ထုသားပေသား ကျနေပါပြီ၊ နင် နေကောင်းလာရင် ကျန်းမာရေး တိုးတက်မှုရှိရင် တွေ့ခွင့်ပေးမယ်"

ဦးကောင်းမြတ်ကို ပြောမရတဲ့အခါ ဒေါ်ရှန်းအိတင်က သက်လယ်ထံလည်း တောင်းဆိုပါသေးသည်။

"သမီး ... မေမေ ခင်ထားထွေးနဲ့ တွေ့ချင်တယ်"

"အဓိပ္ပာယ်မရှိတာ မေမေရယ်၊ ဘာလို့ သူ့ကို အရေးအရာလုပ်ပြီး တွေ့နေရမှာလဲ"

"မေမေ သူ့ကိုပြောစရာတွေရှိတယ်"

"မေမေနဲ့တွေ့ပြီး စကားပြောရမယ့် အဆင့်မှာလည်း မရှိဘူး၊ ပြောရင်းနဲ့ မေမေ အဲဒီဒဏ်ကို မခံနိုင်ပဲ ရောဂါနဲ့ မှာကိုလည်း မလိုလားဘူး မေမေ၊ မတွေ့ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှန်းအိတင်က သင့်မြတ်ကိုလည်း မချန်ပါ။ သက်လယ် လစ်တုန်းလစ်ခိုက် စည်းရုံးရေးဆင်းသည်။

"သင့်မြတ် ... မမကို ခင်ထားထွေးနဲ့တွေ့ဖို့ ချိန်းပေးပါလားဟင်၊ အဲဒီအချိန်မှာ ဆေးရုံကို သက်လယ် မလာအောင်လည်း ညီမက တစ်ဖက်မှာ တားပေးထားပါ၊ တစ်ခုခု အကြောင်းရှာပြီး သူ ဆေးရုံမလာဖြစ်အောင် လုပ်ထားတဲ့ အချိန်လေးအတွင်း မမဆီကို ခင်ထားထွေးကို ခေါ်ပေးပါ ကူညီပါနော်"

"သင့်မြတ် ချိန်းမပေးရဲဘူး မမ၊ မတော်တဆ ဒီကိစ္စမှာ သက်ရောက်မှုတစ်ခုခု ရှိလာရင် သင့်မြတ် ကိုကိုနဲ့သက်လယ်မျက်နှာ ဘယ်လိုကြည့်ရတော့မလဲ၊ ကိုကိုရော သက်လယ်ရော သဘောမတူလို့ ငြင်းထားတာကို သင့်မြတ် လုပ်မပေးဝံ့ဘူး မမရွှန်းအိရယ်"

"ဘာမှမဖြစ်ပါဘူး သင့်မြတ်ရယ်၊ မမမှာ သူနဲ့ပြောစရာ အရေးကြီးတဲ့စကား ရှိလို့ပါ"

"နေကောင်းမှ ပြောပါ မမရယ်၊ ဒါမှမဟုတ် အဲဒီစကားကို သင့်မြတ်ကို ပြောလိုက်ရင် သင့်မြတ် သွားပြောပေးပါ့မယ်၊ စာနဲ့ရေးပေးလိုက်ရင်လည်း အဲဒီစာကို မမထားဆီ သွားပို့ပေးပါ့မယ်၊ ဒီကိုတော့ ခေါ်မပေးရဲဘူး"

အစေးမကပ်တဲ့ အဖေနဲ့သမီး ဒီကိစ္စမှာတော့ ဆန္ဒတစ်ထပ်တည်းဆိုတာ သင့်မြတ် သိတာမို့ ထိုဆန္ဒကို သင့်မြတ် မဆန့်ကျင်ရဲပါ။





"အန်တီလေး ... အန်တီလေးက ဟိုအမျိုးသမီးနဲ့လည်း ခင်နေတာဆိုတော့ သက်လယ် မသိလိုက်ပဲ မေမေနဲ့ချိန်းတွေ့မပေးလိုက်နဲ့နော်"

"ချိန်းပေးစရာလား သက်လယ်ရယ်၊ ကိုကို့ကိုရော နင့်ကိုရော ကြောက်တယ်၊ စိတ်ကူးကို မရှိဘူး"

သက်လယ်သည် တစ်နေကုန်လိုလို ဆေးရုံမှာသာ။ တစ်ရက်မှာတော့ ရုံးက မချိုတို့အုပ်စု နေ့လယ်ဘက်မှာ မေမေ့ထံ ဆေးရုံသတင်းမေး လာကြပါသည်။ အပြန်ကျတော့ ရုံးကို သက်လယ်က ပြန်ပို့ပေးဖို့ပြင်သည်။ မချိုတို့က အထပ်ထပ်ငြင်းပါသည်။

"မပို့နဲ့တော့ သက်လယ်၊ ဒီမှာပဲ နေ၊ ငါတို့ဘာသာပြန်မယ်"

"မဟုတ်ဘူး၊ သက်လယ် အဲဒီနားမှာပဲ ဝယ်စရာလေးလည်း ရှိလို့၊ မချိုတို့ကို မပို့ရရင်တောင် အဲဒီဘက် သွားကိုသွားရမှာ၊ လာပါ ... တကူးတက ပို့တာမဟုတ်ပါဘူး"

သူတို့ဘာကြောင့် ငွတ်တားကြလဲ၊ ငြင်းကြလဲ၊ ရုံးရှေ့ရောက်တော့ သက်လယ် သိပေပြီ။ ရုံးရှေ့မှာ ပါကင်နေရာ၌ ကော[illegible]စစ်သွေးကား ရပ်နေကျနေရာမှာ ကောင်းစစ်သွေးရဲ့ကား ရှိနေသည်။ သက်လယ်က ဒိန်းကနဲဖြစ်ကာ ...

"မချို ... ကောင်းကား ဘာလို့ရပ်ထားတာလဲ၊ သူရောက်နေလား"

"........."



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ပြန်မဖြေတာက သံသယဝင်စရာဖြစ်သွားကာ ...

"သူ အလုပ်ပြန်ဝင်နေတာလား"

"........."

"ဟင် ... မချို၊ ပြောပါ၊ ဘာလို့ တိတ်နေတာလဲ"

"နင့်ကိုလည်း မညာချင်ဘူး၊ ညာလို့လည်း မရဘူးလေ၊ ခုလည်း ကားတွေ့နေပြီ၊ နောင်လည်း ဝင်ကြည့်ရင်သိမယ့်ဟာကို၊ ဒါပေမဲ့ ကောင်းစစ်သွေးက သူ အလုပ်ပြန်ဝင်နေတာ နင့်ကိုမပြောပါနဲ့လို့ ပိတ်ထားလို့ပါ သက်လယ်ရယ်"

"ဟင်"

သက်လယ်သည် ထောင်းခနဲ ဒေါပွသွားပါသည်။ ခံစားချက်က ထာဝစဥ်ပေါက်ကွဲဖို့ တဲတဲကလေး ရှိနေသလို သွေးက လှိုက်ဆူနေရာ ခုလည်း စိတ်တွေတအားတိုမိပြီး အသက်ရှူသံပြင်းပြင်း ရင်နိမ့်ချည်မြင့်ချည်နှင့် ...

"မချိုတို့က မချိုတို့က ကောင်းဘက်သားလူတွေပေါ့လေ၊ သူ ပိတ်ထားလို့ သက်လယ်ကို မပြောကြဘူးပေါ့"

မချိုက စိတ်ညစ်သွားရပုံနှင့် ...

"သက်လယ် ... နင်တို့ကြားမှာ ဘာတွေ ဘယ်လိုဖြစ်ကြတယ်ဆိုတာ ငါတို့လည်း ရေရေရာရာ မသိပါဘူး၊ ကောင်းက အိမ်ပေါ်ကဆင်းတာ ဘာညာတွေလဲရှိတော့ လူကြီးတွေထိပါ ပါတယ် ဆိုတာတော့ နားလည်တယ်၊





ဘယ်သူမှန်လို့ ဘယ်သူမှားလဲလည်း ငါတို့မသိပါဘူးဟာ၊ သိပ်ချစ်ခဲ့တဲ့ နင်တို့နှစ်ယောက် လမ်းခွဲတာကို စိတ်မကောင်းဖြစ်ကြတာကလွဲရင်း ဘာမှလဲမသိ၊ ဘာမှလဲမဝေဖန်၊ ဘယ်ဘက်ကမှလဲ မပါနိုင်ပါဘူး သက်လယ်ရယ် ...

တကယ်တမ်း ပါခြင်းပါ နင်နဲ့ကမှ မိန်းမချင်းမို့ နင့်ဘက်ကသာ ရပ်ရင်ရပ်ကြရမှာပေါ့၊ ခုလည်း သူ့ဘက်သားဖြစ်တာနဲ့ ဘာမှမဆိုင်ဘူး၊ ကောင်းက အလုပ်ပြန်ဝင်တာ နှစ်ပတ်လောက်ရှိပါပြီ၊ ဝင်ဝင်ချင်းပဲ ငါတို့အားလုံးကို သူ အလုပ်ပြန်ဝင်လုပ်နေတယ်ဆိုတာ နင့်ကိုမပြောပါနဲ့ဦးတဲ့၊ သူ့ဟာသူ တစ်ချိန်ကျမှ အသိပေးပါမယ် ဆိုတာနဲ့ ငါတို့လည်း နင့်ကို လှမ်းမပြောဖြစ်ကြဘူးပေါ့ ...

သူက ပိတ်ထားမှတော့ ဘယ်လိုလုပ် ပြောမလဲ၊ ခုလို နင် တည့်တည့်ကြီး ကြုံတော့လည်း ညာလို့မရဘူးပေါ့၊ သူလည်း အရင်လို ရွှင်ရွှင်ပျပျ မရှိပါဘူး၊ စကားနည်းပြီး အေးစက်သွားတယ်၊ ပုံမှန်အခြေအနေ ဆိုရင်တော့ ငါ နင့်ကိုပြောမှာပေါ့၊ ကောင်း အိမ်မှာမရှိတော့တာလည်း ငါသိတာနဲ့ နင့်ကို ပြောပြခဲ့သားပဲ၊ ခုဟာကတော့ ကာယကံရှင်က မပြောပါနဲ့လို့ တကူးတက ပိတ်ထားတာကို ငါ ဘယ်လိုလုပ်ပြီး လျှောက်ပြောမလဲဟယ်"

"အင်း ... ဟုတ်ပါတယ်လေ၊ သူ ပိတ်ထားတယ်ဆိုမှတော့ မချိုလည်း ပြောရခက်တာပေါ့၊ သူ့ကို ဖေဖေအလုပ်ပြန်သွင်းတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲနေမှာပေါ့၊ အတိအကျ မသိပေမယ့် အန်ကယ်ကလွဲရင် သူ့ကို ဘယ်သူက အလုပ်ပြန်သွင်းနိုင်မှာမို့လို့လဲ"

သက်လယ်က အံလေးကြိတ်မိသည်။

သက်လယ်ရှေ့ကျတော့ လေလုံးမိုးလုံးနဲ့လေ။ သက်လယ်က အဖေကို စိတ်နာသလို သူကလည်း သူ့အမေကိုစိတ်နာသယောင်။ ခုတော့ စိတ်ပြေမြန်လှချည်လား။ သူ့အမေကို သူစိတ်ပြေတာကတော့ ထားလိုက်ပါတော့၊ သက်လယ်နှင့် မဆိုင်ပါ။ ဖေဖေ့ကုမ္ပဏီမှာ အလုပ်ပြန်ဝင်လုပ်တာကတော့ ဖေဖေနှင့် နားလည်မှု ကြေလည်မှု ရယူလိုက်ပြီးတဲ့ သဘောပေါ့။

သူ့စိတ်ထဲက အဖုအထစ် ဒဏ်ရာဒဏ်ချက်တွေကို သူ ဖျောက်ဖျက်လိုက်ပြီပေါ့။ ဘယ်လိုဖြစ်တာလဲ။ မြန်လှချည်လား။ သက်လယ်ကိုတောင် ဘာကြောင့်ပါလို့ အကျိုးအကြောင်းလှမ်းရှင်းမပြတဲ့အပြင် စကားပြန်ရောက်နိုင်ချေရှိသူတွေကိုတောင် နှုတ်ပိတ်ထားသေးသည်။ နှုတ်ပိတ်တယ်ဆိုကတည်းက သက်လယ်မသိအောင် တိတ်တိတ်လေး နိုးပြီးလုပ်တဲ့သဘောပဲ။

ဒါဘာသဘောလဲ။ ဘာအကွက်လဲ။ အမေနဲ့သားပူးပေါင်းပြီး ဖေဖေ့ကို အပိုင်ကိုင်တွယ်ပစ်လိုက်တာလား။ သက်လယ်သည် ထူမွန်ကာ မျက်စိမျက်နှာင်တွေတောင် ပြာလာပြီး ကားပေါ်က ဆင်းလိုက်ပါသည်။ ဖေဖေ့ကို ဝင်မေးရမှာပဲ။ တည့်တည့်ပဲ။ ဘွင်းဘွင်းပဲ။





"သက်လယ်"

မချိုက ကမန်းကတန်း ကားပေါ်ကဆင်းရင်း ...

"စိတ်လျှော့စမ်းပါ ညီမ၊ ဘာပဲဖြစ်ဖြစ် စိတ်လိုက်မာန်ပါတွေ မဖြစ်ပါစေနဲ့၊ အန်ကယ်လည်း ရှိတယ် သက်လယ်"

ရှိပါစေ။

ရှိလေ ကောင်းလေပေါ့။ ရုံးအဆောက်အအုံထဲ ခြေလှမ်းကျဲ တလွှားလွှားနှင့် ဝင်လာသော သက်လယ်သည် ဖေဖေ့ရုံးခန်းရှိရာ အပေါ်ထပ်ကိုတက်မည့် လှေကားချိုးကွေ့မှာ ကောင်းစစ်သွေးနှင့် ဘွားခနဲ ပက်ပင်းတိုးနေပါသည်။ လက်ထဲမှာ ဖိုင်တစ်အုပ်နှင့် သက်လယ်ကို ဝင်တိုက်မိမလိုဖြစ်မှ ဘရိတ်အုပ်လိုက်တဲ့ ကောင်းစစ်သွေးသည် မျက်နှာပျက်၍ နီမြန်းသွားရကာ ...

"သက်လယ် ! "

"အေး"

"သက်လယ် ... ဘယ်ကို ..."

"ကောင်းစစ်သွေး ... နင် ဘာလုပ်တာလဲဟင်၊ နင့်အကြံအစည်က ဘာလဲ၊ နင်တို့သားအမိရဲ့ အစီအစဉ်တွေက ဘာတွေလဲ"

"သက်လယ်"

"ငါ့နာမည် တစ်ခွန်းပြီးတစ်ခွန်း ခေါ်မနေနဲ့၊ ပြောတုန်းက မိုးလားကဲလား ... ဟင်၊ နင် ဒါ ဘာရည်ရွယ်ချက်လဲ၊ ငါ့ကို လှည့်စားတာလား"



www.burmeseclassic.com

www.burmeseclassic.com

"သက်လယ် ... ငါ"

"အိမ်ပေါ်ကနေတောင် ဟန်ဆောင်ပန်ဆောင် ဆင်းသွားပြလိုက်သေးတယ်ပေါ့လေ၊ ငါ့ကိုတော့ အိမ်ပေါ်ကအဆင်းပြထားပြီး ပြန်အတက်ကိုကျတော့ ဖွက်ထားတယ်၊ ဟင် ... အလုပ်ထွက်တာကို ငါသိအောင်ပြောပြီးတော့ နောက်ကွယ်ကနေ တိတ်တိတ်လေး အလုပ်ပြန်ဝင်နေတယ်၊ ဒါ နင် ဘာလုပ်တာလဲ ... ဟင်၊ ပြောစမ်းပါ ကောင်းစစ်သွေး"

"ဒါတွေ နင် တစ်နေ့တော့ အားလုံးရှင်း ..."

"ဘာတစ်နေ့တော့လဲ၊ ငါကတော့လေ ငါတို့နှစ်ယောက်ဟာ လူကြီးတွေကိစ္စကြားမှာ မြေစာပင်ဖြစ်ရတဲ့ဘဝဆိုပြီး နင့်ကို ကျောခိုင်းလိုက်ဖို့ ဆုံးဖြတ်ပေမယ့် ငါ့နှလုံးသားထဲမှာ နင့်ကို အထွဋ်အမြတ် ကိုးကွယ်ထားဆဲပါ ကောင်းစစ်သွေးရဲ့၊ မဖြစ်နိုင်လို့ မပေါင်းဆုံရပေမယ့် နင့်ကို တစ်သက်လုံးချစ်သွားမယ့် အချစ်တွေက ဟောဒီရင်ဘတ်နဲ့အပြည့်အကျပ်ပါ ကောင်းစစ်သွေးရဲ့ ...

ငါ မယုံနိုင်အောင်ပဲ၊ နင် ရိုးသားရင် ငါဘာကြောင့် အလုပ်ပြန်ဝင်လိုက်ပြီ သက်လယ်ရေလို့ တစ်ခွန်းလှမ်းပြောထားရုံးပဲ၊ နင့်မှာ ရိုးသားတဲ့ Reason ရှိရင်ပေါ့၊ ခုတော့ ငါ့ကိုမပြောကြဖို့တောင် နင် ပိတ်ထားတယ်လေ၊ နင်လုံးဝ မရိုးသားတဲ့သူ၊ သစ္စာမရှိတဲ့သူ၊ အမေရော သားရော ...





နင့်ကိုချစ်ရတာ ခါးတယ်ဟဲ့၊ ကောင်းစစ်သွေးရဲ့ သိရဲ့လား"

သက်လယ်သည် မျက်ရည်အသွယ်သွယ်နှင့် ကောင်းစစ်သွေး ရင်ဘတ်ကို လက်နှစ်ဖက်နှင့် ဆောင့်တွန်းလမ်းဖယ်ပစ်ခဲ့ပြီး အပေါ်ထပ်သို့ ဒေါကြီးမောကြီး ဆက်တက်လာခဲ့မိပါသည်။

ဦးကောင်းမြတ် အခန်းပြင်က အတွင်းရေးမှူးအန်တီက သက်လယ်ကို မျှာမျှာသလဲ မော်ကြည့်ကာ ဦးကောင်းမြတ်ထံ အကြောင်းကြားဖို့ အင်တာကွန်းဖုန်းလေး ကောက်မ,လိုက်ပေမယ့် သက်လယ်က ဖြတ်လျှောက်ရင်းက ဖုန်းကိုပြန်ဖိနှိပ်ချခဲ့ကာ ဦးကောင်းမြတ် အခန်းတံခါးကို ဝုန်းခနဲ ဖွင့်ဝင်သွားလိုက်ပါသည်။

"ဖေဖေ"

"သမီး ... မိုးရွှန်း ဘာဖြစ် ..."

"ဘာမှမဖြစ်ဘူး ဖေဖေ၊ ဖေဖေရော ဟိုသားအမိရော ဘယ်လိုနှိပ်စက်စက် မသေစေရဘူး၊ သက်လယ် တစ်ယောက်လုံး မေမေ့ကို ကာကွယ်မယ့်သူ ရှိသေးတယ်"

"ဘာဖြစ်လာတာတုန်း သက်လယ်ရယ်"

"ကောင်းစစ်သွေးက ဘာဖြစ်လို့ အလုပ်ပြန်ဝင်လုပ်နေတာလဲ"

"........"


www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းမြတ်က သက်ပြင်းကြီးတစ်လုံး ချလိုက်ပါသည်။

"ထိုင်ဦး သမီး"

"မထိုင်ဘူး ဖေဖေ၊ သမီး သိချင်တာကိုပဲ ဖြေပေးပါ၊ အိမ်ပေါ်ကတောင် ဆင်းသွားလိုက်သေးတဲ့သူက အိမ်ပေါ်လည်း ပြန်ရောက်၊ ထွက်စာတင်ခဲ့တယ်ဆိုတဲ့ အလုပ်ထဲလည်းပြန်ရောက်၊ ဘယ်လိုပိပိရိရိ ဖုံးဖိအယောင်ဆောင်မှုမျိုးတွေလဲ"

"ဘာမှ အယောင်မဆောင်ဘူး၊ သူ ထွက်စာတင်တာအစစ်၊ ဖေဖေ ဖွတ်ပြန်ခေါ်ထားတာ"

"ဖေဖေ ဘာဖြစ်လို့ ဖွတ်ပြန်ခေါ်တာလဲ၊ ဖေဖေ ဖွတ်ပြန်ခေါ်တိုင်းရော သူက ဘာဖြစ်လို့ မဆိုင်းမတွ ပြန်ဝင်လာရတာလဲ"

"ဖေဖေ ပြန်ခေါ်တာက သူ့ကို ဖေဖေအလိုရှိလို့ပေါ့၊ ရှင်းနေတာပဲ သမီး၊ မေးနေစရာ မလိုပါဘူး"

"သူက လေတစ်လုံး မိုးတစ်လုံး ပြောပြီးမှ ဘာဖြစ်လို့ အခု အလုပ်ပြန်ဝင်တာလဲ"

"သူ အခု ပြန်ဝင်သင့်တယ်လို့ ဆုံးဖြတ်လို့ ပြန်ဝင်တာပေါ့၊ ဖေဖေ့မှာလည်း ဖေဖေ့နေရာ အရိုက်အရာ ဆက်ခံမယ့် အားကိုးရမယ့်သူ လိုတယ်လေ သမီး"

"ရှင်"





သက်လယ်သည် လက်လေးနှစ်ဖက်ကို ဖြန့်ကာ ဝဲကာ ...

"ဒီ ... ဒီတော့ သူက သူ့အမေတစ်ယောက်လုံးကို ထိုးအပ်လိုက်ပြီး ဖေဖေ့နေရာ ဆက်ခံခွင့်ကို ရယူသွားပြီဆိုတဲ့ သဘောလား၊ ဖေဖေ့မှာ သမီးတစ်ယောက်လုံးမရှိလို့လား၊ ဒီလုပ်ငန်းကြီးတွေ ကုမ္ပဏီကြီးတွေရဲ့ အုတ်မြစ်က ကော မေမေ မဟုတ်လား၊ ဖေဖေက ဒေါ်ခင်ထားထွေးသားကို မျက်နှာလုပ်ပြီး အထက်ကို ဆွဲတင်ချင်ပါတယ်ဆိုရင်တောင်မှ မေမေ့သမီး သက်လယ် တစ်ယောက်လုံး ဟောဒီမှာ ရှိနေသေးတာ မဟုတ်လား ဖေဖေ"

ဦးကောင်းမြတ် မျက်နှာက ရှုံ့မဲ့လာပြီး ...

"ဘာတွေ လျှောက်ပြောနေတာလဲ သက်လယ်၊ ပိုင်ဆိုင်မှုတွေ ငွေရေးကြေးရေးတွေကို စကားထဲဆွဲထည့်ပြီး မပြောစမ်းပါနဲ့၊ ဖေဖေရော ကောင်းစစ်သွေးရော ဒါတွေကို ထည့်လည်းမစဉ်းစားဘူး၊ မက်လည်း မမက်ဘူး၊ စိတ်လည်း မဝင်စားဘူး၊ ဖေဖေ့ကို လက်တွဲဖြုတ်လို့မရတဲ့ အကြောင်းရင်း ကောင်းစစ်သွေးမှာ ခိုင်ခိုင်လုံလုံရှိတယ်၊ ဒါပဲ၊ သမီး သိစရာတွေ လောကမှာအများကြီးရှိသေးတယ် သက်လယ်"

သက်လယ်က ပါးစပ်လေးကို အယောင်းသားဟကာ ရယ်ဟဟ လုပ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"လက်တွဲဖြုတ်လို့မရတဲ့ အကြောင်းရင်း နိုင်နိုင်လုံလုံ၊ ဟာဟာ ... သူ့အမေပေါ့ ဟုတ်လား။ အရမ်းနိုင်လုံတာပဲ မေမေ၊ ဒါဖြင့်လည်း ပြီးတာပါပဲ၊ ရုံးကို နောင်လည်း မလာတော့ဘူး၊ စိတ်ပျက်သွားပြီ မေမေ"

သက်လယ်က ရှာခနဲ လှည့်ထွက်ခဲ့တော့သည်။





## ၁၄

ဒေါ်ရွှန်းအိတင် အခြေအနေက ပို၍သာ ဆိုးနေပါသည်။ တစ်ခါတစ်ရံမှာ အသက်မရှူနိုင်၍ အောက်ဆီဂျင်စက် တပ်ဆင်ထားရသည့် အခြေအနေတောင် ရှိခဲ့ပါသည်။ သင့်မြတ်လည်း ခွင့်နေတော့ မပြန်မဖြစ် ပြန်သွားခဲ့ရပါသည်။ ရုံးတစ်ပတ်ပြန်တက်ပြီး နောက်ထပ်တစ်လကို လစာမဲ့ခွင့်ယူကာ ရန်ကုန်ပြန်လာဖို့ စီစဉ်ရပါသည်။

အန်တီလေး ခဏပြန်တဲ့ရက်မှာ သက်လယ် စိတ်ပင်ပန်း လူပင်ပန်း ရှိလှပေမယ့် ရုံးမှာတောင် ခဏတဖြုတ်သာနေပြီး ဆေးရုံကို ပိုအချိန်ပေးထားတဲ့ မေမေကြောင့် မသိစိတ်မှာ အားကိုးအားထား ဖြေသိမ့်နိုင်ခဲ့ရသည်။

တစ်ရက်သော နေ့လယ်ခင်းမှာ သက်လယ် အိမ်ခဏပြန်ပြီး ဆေးရုံကို ပြန်အလာ မေမေ့အခန်းထဲက သူနာပြုဆရာမလေးကအထွက်၊ သက်လယ်ကအဝင်၊ သက်လယ်ဝင်သော



www.burmeseclassic.com

www.burmeseclassic.com



တာကို သိပုံမရတဲ့ ဖေဖေနှင့် မေမေ့ထံမှ စကားသံတို့ကြောင့် သက်လယ်က မေမေ့ခုတင်ရှိရာ အချိုးကွေ့လေးဆီ ဆက်မသွားပဲ ရေချိုးခန်းအိမ်သာတံခါးရှေ့ရပ်ကာ ငြိမ်ငြိမ်ကလေး နားထောင်နေမိပါသည်။

"ငါ့ကို နင် သိပ်မုန်းတယ် မဟုတ်လား ကောင်းမြတ်"

"ဒါတွေ လျှောက်တွေးမနေနဲ့ မိရွှန်း"

"ငါမေးတာ ဖြေပါ၊ ငါ့ကို နင် သိပ်မုန်းတယ် မဟုတ်လားဟင်"

"မမုန်းပါဘူး"

"ရှင် ညာပြောနေတာပါ ကောင်းမြတ်ရယ်"

"မုန်းတယ်ဆိုတာ ယောကျ်ားစကား ယောကျ်ားအလုပ် မဟုတ်ဘူး ရွှန်းအိတင်"

"ဒါဖြင့် နာကြည်းတယ် မဟုတ်လား"

"........."

"ဟင်"

နာကြည်းမုန်းတီးတဲ့ မိန်းမတစ်ယောက်ကို ဖေဖေ ဘာကြောင့် ယူခဲ့ပါလိမ့်။ ဘယ်လိုအဖြစ်အပျက် အခြေအနေတွေ ရှိခဲ့ပါလိမ့်။

"ခုချိန်မှာ နင့်ကို ငါ ကျန်းမာစေချင်တယ်၊ နေကောင်းစေချင်တယ်၊ ဒီစိတ်ပဲရှိတယ်၊ ဒါကို မင်း ယုံစမ်းပါ၊ နှစ်ချက်ကြောင့် နေကောင်းစေချင်တယ်၊ တစ်ချက်က လူသား





ချင်းထားတဲ့ မေတ္တာကရုဏာစိတ်ကြောင့်။ နောက်တစ်ချက်က ဒီအချိန်မှာ မင်းမပြောကောင်း မဆိုကောင်း တစ်ခုခုဖြစ်သွားရင် ငါ့အပေါ်မှာ သမီးက တစ်သက် နာကြည်းမုန်းတီးလို့ဆုံးမှာ မဟုတ်ဘူး၊ ခွင့်လွှတ်မှာ မဟုတ်ဘူး"

"နင် သမီးကို ချစ်ပါနော် ကောင်းမြတ်"

မေမေ့စကားက သက်လယ်ကို ကြက်သီးမွေးညင်းထသွားစေသည်။ ထူးဆန်းနေတဲ့ ဤစကားအသုံးအနှုန်းကို သက်လယ် အံ့အားသင့်နေမိပါသည်။

"ငါ သမီးမျက်နှာတစ်ခုကို ဒီနေ့ထိ ထောက်ခဲ့တာဆိုတာ နင် အသိဆုံးပဲ ရွှန်းအိတင်၊ ခုလို အခြေအနေအရပ်ရပ်ကို ပွင့်ပွင့်လင်းလင်း ဖွင့်ချပြရတော့မယ်လို့ ဆုံးဖြတ်နေတဲ့ အချိန်မှာတောင် သမီးအားငယ်မှာ ဝမ်းနည်းမှာ သမီးခံစားရမှာ ဒါတွေကို ငါ နောက်ဆံတင်းနေလို့ ဒီအချိန်ထိ သမီးကို ဘာမှမပြောဖြစ်တာ မင်း နားမလည်ဘူးလား၊ မင်း သမီးကို ချစ်သလောက်တော့ ငါလည်း ချစ်တာပေါ့"

သက်လယ် ပါးပြင်ပေါ် မျက်ရည်ပူပူနွေးနွေးလေး ရှောခနဲ စီးလိမ့်ကျပါသည်။ သူ့ကိုငဲ့နေလို့ ဖေဖေဟိုဘက်ကို လုံးလုံးလျားလျား ယိမ်းယိုင်မသွားသေးတာပေါ့။ မေမေ့အပေါ် သာမန်မေတ္တာတရားမျိုးကလွဲရင် ဖေဖေ မမြတ်နိုးဘူးဆိုတာကတော့ ထင်းထင်းကြီး ပေါ်လွင်နေပါသည်။

"ခင်ထားထွေးကို တောင်းပန်ချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခုချိန်မှာ ခေါင်းထဲက ထုတ်ထားလိုက်ပါ"

"ငါ့ကို ဆရာဝန်က ဘာပြောလဲ ကောင်းမြတ်"

"မင်းမှာ နှလုံးသွေးကြောကျဉ်းတာကလွဲလို့ ဘယ်လောက်ကြာရင် အတိအကျသေမယ်ဆိုတဲ့ ကင်ဆာလိုဝေဒနာကြီး မျိုးလည်း မရှိဘူး မိရွှန်း၊ မင်းစိတ်ကို မင်းထားတတ်မှ မင်း ကျန်းမာလာမှာ၊ စိတ်ကိုရှင်းရှင်းထားပါ"

"ထားလို့မရဘူး ကောင်းမြတ်၊ ပူလောင်နေတယ်"

"အဲသလို မလုပ်နဲ့ရွှန်းအိတင်၊ ဒီပရက်ရှင်ဆိုတာ ဆိုးဝါး လွန်းရင် အသက်ကိုပါ ထိနိုက်နိုင်တယ်"

"ဟုတ်တယ်၊ ငါ အခု ဒီပရက်ရှင်ရနေတယ် ထင်တယ်"

"မင်းတစ်သက်လုံး မင်းဖြစ်ချင်တာရအောင် လုပ်လာတာပဲ၊ ဘာကို ဒီပရက်ရှင် ဖြစ်နေတာလဲ"

"လုပ်ခဲ့တာတွေက အပေါ်ယံကြည့်တော့ ငါအနိုင်ရသလိုနဲ့ တကယ်တမ်းတော့ တစ်ခုမှ မအောင်မြင်ခဲ့ဘူးလေ၊ အားလုံး ဝိုင်းကျိန်ဆဲထားတဲ့ ကျိန်စာတွေကို အခု ခံနေရတာလားမှ မသိတာ"

သက်လယ် ရင်ထဲ ရှုပ်ထွေးနေခဲ့ရသည်။

မေမေက ဘာတွေလုပ်ခဲ့တာလဲ။ လူတွေဝိုင်းကျိန်ဆဲလောက်အောင် ဘာတွေဆိုးဆိုးဝါးဝါး ကျူးလွန်ခဲ့တာမို့လဲ၊ ဒီလောက် အပေါ်ယံသိသလောက်နဲ့ ခန့်မှန်းနိုင်သမျှကတော့ ဖေဖေ့ တကယ့်ငယ်ချစ်ဦးဟာ ဒေါ်ခင်ထားထွေး ဖြစ်ခဲ့ပြီး မေမေ





ဟာ ဖေဖေတို့ချစ်သူနှစ်ဦးကြားမှာ ခလောက်ဆန် အကောက်ကြံခဲ့တာမျိုး ရှိခဲ့လိမ့်မည် ဆိုတာပါပဲ။

ဖေဖေတို့ ငယ်ရည်းစားနှစ်ယောက်ရဲ့ချစ်ခြင်းကို ခွဲခဲ့ပြီး ဖေဖေ့မဟေသီနေရာကို ရတဲ့နည်းနှင့် မေမေ လုယူခဲ့တာပဲပေါ့။ ဒီအတွက် ဖေဖေ့ကိုသာ မေမေ ရခဲ့ပြီး ဖေဖေ့ရဲ့နှလုံးသားဖေဖေရဲ့ပူနွေးတဲ့ ချစ်ခြင်းမေတ္တာအစစ်ကို မေမေ ရရှိခဲ့ပုံမပေါ်ပါ။

"ကောင်းမြတ်"

"ပြော"

"နင် ငါ့ကို အချိန်တော်တော်ပေးတာ အခုမှပဲနော်၊ ငါ ဆေးရုံတက်ရဟာတောင် ကျေနပ်သလို ဖြစ်မိတယ်"

"သမီးအတွက် နင် ကျန်းမာရေးကောင်းမှဖြစ်မှာ ရွှန်းအိတင်"

"ငါလည်း ကျန်းမာချင်ပါတယ်၊ ဒါပေမဲ့ အဲဒါက ဆန္ဒပဲ ရှိနေပြီး စိတ်ကိုဆောင်လို့မရဘူး၊ ဒါပေမဲ့ နင် ယုံပါ ကောင်းမြတ်၊ ငယ်ငယ်ကလို နင့်ဂရုစိုက်မှုကိုရဖို့ ပစ်လဲကျပြီး သတိလစ်ချင်ယောင် ဆောင်တာမျိုး ကိုယ့်ကိုယ်ကိုယ် ဒုက္ခပေးဖို့ အန္တရာယ်ပေးဖို့ ကြိုးစားတာမျိုးတွေ ငါ့မှာမရှိတော့ပါဘူးဟာ ..."

နေကောင်းချင်နေပါပြီ။ ဘာဖြစ်လို့ ကောင်းမလာတယ်ဆိုတာ ငါလည်း စဉ်းစားမရဘူး၊ ငါ့မှာ ဝဋ်ကြွေးတွေရှိတာ ငါသိတယ်၊ ငါ့ကို တကယ်ချစ်ရှာတဲ့ မင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ငါ့ဘဝထဲမှာ ဆူးညှောင့်ခလုတ်လိုပဲ သဘောထားခဲ့ပြီး မြန်မြန်သေပါစေလို့တောင် ဆုတောင်းခဲ့ဖူးတယ်၊ တကယ်ပဲ မင်းခေါင် ကားအက်ဆစ်ဒဲန့်ထဲဖြစ်ပြီး ဆုံးသွားတော့ ငါကြောက်လိုက်တာလေ၊ ဝဠ်လည်မှာကိုတော့ ငါလည်းကြောက်တတ်သေးတယ်လေ ... ဟင်း ဟင်း ...

မင်းခေါင်ကို ဆေးရုံပေါ်မှာ ငါသွားကြည့်တော့ မဆုံးခင်တစ်ရက်ပေါ့၊ မင်းခေါင်က ငါ့ကို "မင်း ငါ့ဝဋ် တွေ မလည်ပါစေနဲ့"လို့ ဆုတောင်းပေးသွားတာပါ၊ ဒါဆိုရင် ငါ ဝဋ်လည်မှာ မဟုတ်ပါဘူးနော် ကောင်းမြတ်၊ ဟုတ်တယ်မို့လား"

" ........."

"ငါ့ကို နင်ရော သေစေချင်လား"

"မင်းကို မသေစေချင်တာ သေချာတယ်၊ တခြားနည်းလမ်းနဲ့ပဲ ပြဿနာတွေ ဖြေရှင်းပြေလည်ချင်တယ်။ မင်းသေသွားတဲ့နည်းကိုတော့ ငါ စိတ်ကူးတောင် မယဉ်ဘူးဆိုတာ မင်း ယုံပါ ရှန်းအိတင်၊ ငါတို့က ငယ်သူငယ်ချင်းတွေပါ"

"ငါ့ကို ခင်ထားထွေးရော သေစေချင်လား"

"ခင်ထားထွေးက နင်လုပ်ချင်ရာ လုပ်ယူလိုက်တာကို နှုတ်ပိတ်ပြီး ငြိမ်ခံနေလိုက်တဲ့ မိန်းမလေ၊ သည်းခံမျိုသိပ်နိုင်တဲ့မိန်းမ၊ ခွင့်လွှတ်နိုင်တဲ့မိန်းမပါ"

"ကောင်းမြတ် ... ငါ ခင်ထားထွေးနဲ့ တွေ့ပါရစေ"





"နေကောင်းရင် တွေ့ရမယ်"

"သက်လယ်ကို ကောင်းစစ်သွေးနဲ့ ပေးစားချင်တယ်၊ သူတို့ချစ်တဲ့သူချင်းကို မခွဲရစေချင်ဘူး၊ ငါ့သမီးလေးချစ်တဲ့သူကို လက်ထပ်နိုင်ပါစေ၊ ကောင်းစစ်သွေးက သက်လယ်ကို သိပ်ချစ်ရှာတာ၊ သူတို့ချစ်ခြင်းကို မခွဲပါနဲ့ ကောင်းမြတ်"

"သူတို့ကို ကွဲစေခြင်း ပေါင်းစေခြင်းကို ငါမချုပ်ကိုင်ပါဘူး ရှန်းအိတင်၊ သူတို့သဘောပါ၊ တိုက်တိုက်ဆိုင်ဆိုင် သူတို့ချင်း ချစ်သူတွေဖြစ်လာကြတာက ဒီထက်သာ ရှေ့ကိုစောခဲ့ရင် ငါနဲ့ ခင်ထားထွေး ပြန်ဆုံတွေ့ကြရင်တောင်မှ အခုလို အခြေအနေမျိုးထိ သံယောဇဉ်တွေ ပြန်ထားချင်မှထားမိကြမှာပါ ...

ငါ ပန်ကရိယပ်စ်ရောဂါဖြစ်ပြီး ဆေးရုံတက်ရတယ်၊ အခြေအနေက တော်တော်ဆိုးတယ်၊ အခန့်မသင့်ရင် သေတောင်သေသွားနိုင်တယ်ဆိုတဲ့ အချိန်မျိုးမှာ ဆေးရုံတက်နေတုန်း ခင်ထားထွေးနဲ့ မတော်တဆ ပြန်တွေ့ကြတယ်၊ ဆေးရုံကို တခြားလူနာတစ်ယောက်အတွက် သတင်းမေးလာတဲ့ ခင်ထားထွေးက အခန်းမှားပြီး ငါ့အခန်းထဲရောက်လာတယ်၊ ဘယ်လောက်တိုက်ဆိုင်လဲ ရှန်းအိတင် ...

အခန်း(၈၀၁)ကိုလာတာ၊ ငါက(၈၁၀)၊ ငါ့အခန်းထဲကိုမှ သူမှားပြီးဝင်လာလို့ ပြန်ဆုံတွေ့ဖြစ်ကြတယ်ဆိုတဲ့ အဖြစ်က ငါ့ရှေ့ကို သူ မရောက်,ရောက်အောင် ကံကြမ္မာက ဖွတ်တွန်းပို့လိုက်သလို ဖြစ်မနေဘူးလား၊ အဲဒီအသွား



www.burmeseclassic.com

www.burmeseclassic.com



က ငါတို့မှာ ရေစက်ကျန်ကို ကျန်သေးတယ်လို့ ငါ့ကိုရော သူ့ကိုပါ ယုံကြည်စေခဲ့တယ်၊ သေရင်တောင် သေသွားနိုင်တယ်ဆိုတဲ့ ငါ့အခြေအနေက ငါတို့ရဲ့ဆင်ခြင်တုံတရားတွေကိုပါ ယိုင်နဲ့အားပျော့စေခဲ့တယ်”

“ဪ”

ရွှန်းအိတင် အသံက ဝမ်းနည်းကြေကွဲခြင်းအတိ ...

“အဲဒီတုန်းက ဆရာဝန်တွေတောင် အံ့သြရလောက်အောင် နင် နလန်ပြန်ထလာခဲ့ရတဲ့ အကြောင်းရင်းက အဲဒါကိုး”

အသံထဲမှာ နာကျင်မှု ပါနေပါသည်။

ရပ်တန့်၍ နံရံကိုမှီကာ နားထောင်နေမိတဲ့ သက်လယ်သည် တဖြည်းဖြည်းတော့ အဖြစ်အပျက်တွေကို ခြုံငုံဓာတ်ရည်လည်လာသယောင် ရှိခဲ့ပေပြီ။ မေမေဟာ ဖေဖေ့ကို ဒေါ်ခင်ထားထွေးလက်ထဲက လုယက်ခဲ့တဲ့သူ။

တစ်နည်းအားဖြင့် မေမေ့ရဲ့အတင်းအကျပ် အဓမ္မဆန်မှု တစ်ခုကြောင့် ဖေဖေနှင့် ဒေါ်ခင်ထားထွေးတို့ ကွဲကြရတာ။

နှောင်အတော်ကြာမှ ပြန်ဆုံတွေ့ကြတဲ့အခါ ဖေဖေဟာ သေကောင်ပေါင်းလဲ ရောဂါဝေဒနာနှင့် သေမလား ရှင်မလား မရေရာနိုင်တဲ့အချိန်။ ဒီအချိန်မှာ ငယ်ချစ်ဟောင်းနှင့်ဆုံတော့ မဖြတ်ခဲ့တဲ့ သံယောဇဉ်ကြိုးက ပြန်လည်တင်းကျပ်လာ။ ဖေဖေကလည်း မရှောင်ချင်၊ တစ်ဖက်ကလည်း မငြင်းချင် အခြေအနေမျိုးမှာ ပြန်လည်ငြိတွယ်ကြ။





တကယ်လို့များ ကောင်းနဲ့ သက်လယ်ကသာ အရင်ဆုံတွေ့ ကျွမ်းဝင်နေကြတာ ဆိုရင်တော့ ဖေဖေတို့ ရှေ့တိုးချင်မှ တိုးကြမှာဆိုတဲ့စကားက ဖြစ်နိုင်ချေရှိပါသည်။ သက်လယ်တို့ကလည်း အဲဒီရဲ့နောက် .အတော်ကြာမှ ချစ်ခဲ့မိကြတာ မဟုတ်လား။ ကောင်းနှင့် သက်လယ် ပတ်သက်ကြပြီ ဆိုတော့လည်း သူတို့ရဲ့ပတ်သက်မှုကြောင့် သဘောမတူပါဘူးဟု ငြင်းပယ်ဖို့ကခက်။ စိတ်ထဲကလည်း သူ့သားနှင့် ကိုယ့်သမီး တကယ်ပဲ သဘောတူခဲ့မိကြပါလိမ့်မည်။

“အစစအရာရာဟာ ဒီအချိန်မှာ ဒီလိုတွေ ဖြစ်ကိုဖြစ်ဖို့ အကွက်ကျကျ ဖန်တီးလာခဲ့တယ်လို့ပဲ ငါယူဆလိုက်တယ် ရွှန်းအိတင်၊ ငါတို့နှစ်ယောက်ကို ကောင်းစစ်သွေးနဲ့ သမီးနဲ့ တည့်တည့်မတွေ့စေခဲ့ကြရင်လည်း ဒီအခြေအနေတွေကို ခုလို ကြေညာချင်မှ ကြေညာဖြစ်မယ်၊ မြင်သွားပြီဆိုတဲ့နောက်တော့ ငါတို့ဟာ တမင်သက်သက် ဖောက်ပြန်ဖို့ကို ဝါသနာပါလို့ ဖောက်ပြန်ကြတဲ့သူမျိုးတွေ မဟုတ်ဘူး၊ အတိတ်က ဒီလို ဒီလို ဖြစ်ရပ်တွေရှိခဲ့လို့ ခုလို ကြံဖန်ဖြစ်လာခဲ့ရပါတယ် ဆိုတာကို ကလေးတွေကို ရှင်းပြဖို့လိုအပ်လာတယ် မဟုတ်လား ရွှန်းအိတင် ...

ဒီအချိန်ဟာ မင်းကိုပါ တစ်ခါတည်း ဖွင့်ပြောပြီး ကိုယ့်လမ်းကိုယ် လျှောက်ကြစို့လို့ ပြောဖို့ အကောင်းဆုံးအချိန်ပဲဆိုပြီး ဒါတွေ မင်းကိုပြောပြခဲ့တယ်၊ ဒါပေမဲ့မင်း



www.burmeseclassic.com

www.burmeseclassic.com



က ခုလိုဆေးရုံအိပ်ရာပေါ် ဗုန်းဗုန်းလဲသွားပြန်တော့ ငါတို့ကပဲတစ်ခါ လူယုတ်မာတွေ ထပ်ဖြစ်ရပြန်တော့မယ်လေ ...

အမှန်အတိုင်း ပြောရရင် မင်း အခုအတက်ကျပြီး ဆေးရုံတင်လိုက်ရတာကို ပထမ ခင်ထားတွေးက ယုံတောင်မယုံဘူး၊ ကျောင်းတုန်းက ထုံးစံအတိုင်း မင်း မူးလဲကျတာ၊ သတိလစ်ပြခဲ့တာတွေ၊ ပြီးတော့ ငါ့ကို အကြီးအကျယ်လှည့်စားပြီး အရယူသွားတာတွေကို အတွေ့အကြုံရှိခဲ့တော့ မင်းရဲ့ Trick တွေ လှည့်ကွက်တွေပဲ ထင်နေသေးတာ ...

ဒါပေမဲ့ ခုတစ်ခါကတော့ တကယ်ဖြစ်နေတာဆိုတာ ငါရှင်းပြလို့ ခင်ထားတွေး သိသွားပါပြီ၊ ခုလောလောဆယ်မှာ ငါတို့ရှေ့တိုးဖို့ တစ်ခုခုပြောင်းလဲဖို့ ဘာအစီအစဉ်မှ မရှိသေးဘူး ဆိုတာ မင်း နားလည်ထားစေချင်တယ်၊ ဒါကြောင့် မင်းစိတ်ကို အေးအေးချမ်းချမ်းထားဖို့ ငါပြောနေတာ၊ ဘယ်သူသေသေ ငတေမာပြီးရောသဘောနဲ့ ငါတို့လုပ်ချင်တာတစ်ခုကိုပဲ မျက်ကန်းတောတိုး လုပ်ရမယ့်အရွယ်လည်း ငါတို့မဟုတ်တော့ဘူး ...

ပြီးတော့ အဓိက,က သမီးသက်လယ်"

သက်လယ်ရင်ထဲ နွေးသွားကာ ရင်တထိတ်ထိတ်နှင့် နားစွင့်မိသည်။





"သမီးက ငါ့ကို စကားတောင် မပြောချင်လောက်အောင် မခေါ်မပြော နာကြည်းမုန်းတီးနေတာကို ခံစားရတော့ ငါ သမီးကို အစစအရာရာ တစ်လုံးမကျန် ဖွင့်ပြောသင့်ရဲ့လားလို့လည်း စဉ်းစားလာမိတယ်"

ဦးကောင်းမြတ် အသံက တိုးတိတ်တိမ်ဝင်နေသည်။

"သမီးကို ထည့်မတွက်ပဲ ငါ လုပ်လို့မဖြစ်ဘူး၊ ငါသမီးကို သိပ်ချစ်သလို သမီးမုန်းမှာကိုလည်း ငါမခံစားနိုင်ဘူး ရွှန်းအိတင်"

သက်လယ်ထံမှ ရှိုက်သံလေးတစ်ချက် လွတ်ထွက်သွားပါသည်။ ထို့နောက်တော့ သက်လယ်သည် နံရံအကွယ်မှာ မှီရပ်နေရာက ရှေ့ကိုတိုးသွားမိပါသည်။ သူ့ကို အံ့အားတသင့်လှည့်ကြည့်လိုက်တဲ့ ဖေဖေထိုင်နေရာ နှစ်ယောက်ထိုင်ဆိုဖာဆီ လျှောက်သွားပြီး ဖေဖေ့နံဘေး ဝင်ထိုင်ချလိုက်ပါသည်။ ဖေဖေ့ ပေါင်းကို လက်နှစ်ဖက်နှင့် သိုင်းဖက်ကာ ကိုယ်ခန္ဓာကိုလိမ်၍ ဖေဖေ့ရင်ဘတ်ဆီ မျက်နှာအပ်မှီထားရင်း ဝမ်းပန်းတနည်းငိုကြွေးမိလေသည်။

ဖေဖေက သက်လယ်ပခုံးကို ပြန်လည်ဖက်ပိုက်ကာ တင်းတင်းကျပ်ကျပ် ဆုပ်ညှစ်ထွေးပိုက်ထားပါသည်။ အဲဒီတစ်ခဏမှာ ကိုယ့်ဘာဝကိုယ် စိတ်ရဲ့လှုံ့ဆော်ခြင်းအရသာဟာ ဘာနဲ့မှလဲလို့မရအောင် သက်လယ် ရင်ထဲ နွေးထွေးသိုင်းခြုံနေသည်။



www.burmeseclassic.com

ဖေဖေနဲ့မေမေ ပြောနေကြတဲ့ စကားတွေရဲ့နောက် ကွယ်မှာ အဓိပ္ပာယ်တစ်ခုခု တိမ်မြုပ်နေသလားလို့ သက်လယ် ထင်မိသည်။ အဲဒါဟာဘာလဲဆိုတာ မတွေးတတ်ပေမယ့် ဖေဖေ သူ့ကိုချစ်သည်၊ ဖေဖေ သူ့အပေါ် ပစ်ပစ်ခါခါ ဆက်ဆံမှာ ပစ် စလက်ခတ် ဆုံးဖြတ်မှာ မဟုတ်ဘူးဆိုတဲ့ အတွေးက လောင်မြိုက် နေတဲ့ နှလုံးသားတွေကို အေးမြစေသည်။





## ၁၅

"အခုလက်ရှိ လုပ်ကိုင်လည်ပတ်နေသမျှ လုပ်ငန်းကိုင်ငန်း အားလုံး ကုမ္ပဏီနဲ့ပတ်သက်တဲ့ ပိုင်ဆိုင်မှု အထောက် အထား စာရွက်စာတမ်းအားလုံး စာချုပ်စာတမ်းတွေအား လုံး ငါကြည့်ချင်တယ်"

မေမေ့ရဲ့ထိုစကားကြောင့် ဖေဖေ့ကို သက်လယ်ပင် အားနာခဲ့ရပါသည်။ ဖေဖေကတော့ ခုချိန်မှာ ဓာတ်စမျိုးကပ်နေ ပုံရတဲ့ မေမေ့ကြောင့် အစစအရာရာကို ကြိုခွင့်လွှတ်ထားပြီးသလို ရှိကာ ဘယ်လိုမှမနေ။

"ဆရာဝန်ကြီးက သူ့အလာကို စောင့်နိုင်းထားတယ်၊ ဆယ်နာရီခွဲ ဆယ့်တစ်နာရီရောက်ရင် ငါ့ကိုတွေ့ချင်တယ် ပြောထားတာ၊ ငါကမရှိလို့ သူက ပြန်စောင့်နေရရင် အားနာဖို့ ကောင်းတယ် ရှန်းအိတင်၊ ညနေတစ်ခေါက် လာမှ ငါ ယူလာပြမယ်"

www.burmeseclassic.com



"ဟင့်အင်း ... အခုပဲကြည့်မှာ"

မေမေ့အခြေအနေက ညှိုးရော်ဆုတ်နစ်လာတာနှင့် အမျှ မေမေဟာ ကလေးတစ်ယောက် ခေါင်းမာသလို ဖွတ်တရွတ် ပြုမှုမျိုး၊ ပေကတ်ကတ် ဆက်ဆံမှုမျိုးတွေ ရှိလာ၍ သက်လယ် ပင် အံ့အားသင့်ရသည်။ မေမေ့အနား အချိန်တော်တော်များများ ရှိနေပေးသော ဖေဖေကတော့ ...

"ခုမှ ရွှန်းအိတင် အစစ်ပုံစံ ပေါ်လာတာ"တဲ့။

"နင် အဲဒါတွေ ဘယ်မှာထားလဲ"

"ရုံးက ဆေ့ဖ်ထဲမှာ"

"အေး ... အိမ်ကဆေ့ဖ်ထဲ မထားတာကိုက ငါ့ကို အခု ကြည့်ချင်အောင် လုပ်နေတာ"

"ရွှန်းအိတင် ... တစ်ခုလိုရင် မင်းဆီကသော့တောင်းရ ဖွင့်ယူရ သော့ပြန်ပေးရ၊ နောက်တစ်ခုလိုရင် သော့ပြန် တောင်းရ သော့ပြန်ပေးရ ရှုပ်ယှက်ခတ်နေလို့ ရုံးမှာပဲထား တာ ဘယ်လောက်ကြာပြီလဲ၊ ပြဿနာမရှာစမ်းပါနဲ့ မိရွှန်း ရာ"

"ငါ အခုပဲ ကြည့်ချင်လာပြီ၊ အခုပဲကြည့်မယ်၊ ညနေဆို ရင် နင် လုပ်ချင်တာလုပ်ဖို့ အချိန်ရနေဦးမယ်"

"ကျွတ် ... မင်းဟာ လူမမာဖြစ်နေတာတောင် လူတစ်ဖက် သားကို ပုတ်ခတ်နိုင်တုန်းပဲ၊ ခင်ထားတွေး ဘယ်လိုမိန်းမ ဆိုတာ မင်း ခုထိမသိဘူးလား၊ ဒီလိုကိစ္စတွေနဲ့ပတ်သက် ပြီး နင် သံသယထားနေရင် နင့်ဆေဒနာပဲ ..."





ဒေါ်ရွှန်းအိတင်က ဦးကောင်းမြတ် စကားမဆုံးခင် ဖြတ်၍ ...

"သက်လယ်ကို နင် သော့ပေးပြီး အခု ရုံးကသွားယူခိုင်း လိုက်၊ သက်လယ် ... ညည်းအဖေ ရုံးခန်းထဲက ဆေ့ဖ်မှာ ရှိသမျှ စာချုပ်စာတမ်းအားလုံး သွားယူခဲ့ ... သွား"

သက်လယ်က ဖေဖေ့ကို မျက်နှာပူ အားနာနေပေ မယ့် ဖေဖေက စိတ်ပျက်လက်ပျက်ပုံစံနှင့် ဘောင်းဘီအိတ်မှ သော့တစ်တွဲနှိုက်ကာ ...

"ရော့ ... ရော့ ... သမီး၊ သူ စိတ်ချမ်းသာသလို လုပ်ပ စေ"

ဖေဖေက သော့လှမ်းပေးရင်း ဂဏန်းတွဲတစ်ခု သက်လယ်ကို ရေရွတ်ပြပါသည်။

သက်လယ်က သော့ကိုယူ၍ ဖေဖေ့ရုံးချုပ်ရှိရာကို ထွက်လာခဲ့ရပါသည်။ မေမေ့ပုံစံဟာ တချို့တလေ အချိန်တွေမှာ သတိမှန်ရဲ့လားတောင် ထင်ရအောင် ဖောက်ပြန်နေသည်။ တစ်သက် လုံး မြင်ခဲ့တဲ့ နူးညံ့သိမ်မွေ့ပုံတွေဟာ အံ့သြဖွယ်ပျောက်ကွယ်လို့။

ရုံးအဆောက်အအုံထဲ ဝင်လာပြီး သက်လယ်က အပေါ်ထပ်ကိုအတက် အပေါ်ထပ်လှေကားမှ ကောင်းစစ်သွေးက အဆင်း။ ကောင်းက အံ့အားတသင့်နှင့် ...

"သက်လယ် ... အန် ... အန်ကယ်မရှိဘူး"

သက်လယ်သည် ကောင်းအပေါ် အရင်လောက် အာဃာတမပြင်းထန်မိပဲ ...



www.burmeseclassic.com

www.burmeseclassic.com



“ငါသိတယ်၊ ဖေဖေလွှတ်လို့ လာတာ”

အပေါ်ထပ်ကို ဆက်တက်သွားသော သက်လယ်ကို ငေးမောကြည့်ကာ ကောင်းစစ်သွေး ကျန်ရစ်ရပါသည်။ သက်လယ်နှင့် စကားတွေပြောချင်လှပေမယ့် နောက်ကလိုက်သွားရကောင်းနိုး မကောင်းနိုး မဝေခွဲနိုင်၍ အောက်ကိုပဲ သက်ဆင်းလာပါသည်။

အောက်ထပ်က တစ်နေရာမှာ ခါးထောက်ရပ်ရင်း လုပ်စရာအလုပ်ကို ဆက်မလုပ်နိုင်သေးပဲ ရင်တွေက လှိုက်မောခုန်ပေါက်နေသည်။ ချစ်သူကို လှမ်းဆွတ်လုပြီ။ သူ့လက်ဖဝါးလေးကိုကိုင်ကာ ပါးပြင်မှာ ကပ်ထားလိုက်ချင်တဲ့ ဆန္ဒမျိုးနှင့် ရင်ခုန်သံတွေ တဒိတ်ဒိတ် မြည်နေပါသည်။

“တု တု ... တု တု”

ဖုန်းမြည်လာ၍ ကောင်းက ကြည့်လိုက်လျှင် ဦးကောင်းမြတ်ထံက ခေါ်နေတာမို့ ...

“ဟယ်လို”

“သက်လယ်လာလား ကောင်း”

“ဟုတ်ကဲ့ ... အပေါ်ထပ် တက်သွားပါပြီ”

“ကျွတ် ... သူ့ ဆေ့ဖ်ထဲက စာရွက်စာတမ်း စာချုပ်တချို့ လာယူတာ၊ အဲဒီထဲမှာ အောက်ဆုံးက စက္ကူအိတ်ညိုနဲ့ ထည့်ထားတဲ့စာချုပ်က မင်းအမေနဲ့ ငါ လက်မှတ်ထိုး လက်ထပ်ထားတဲ့ စာချုပ်ပဲ၊ ဖြစ်နိုင်ရင် မီရင် အဲဒါကို သက်လယ် မမြင်စေချင်ဘူး ကောင်း၊ ယူထားလိုက်ချင်တယ် ...





အင်းလေ ... ဒီစာချုပ်တစ်ခုကို မပြပဲ ယူထားလိုက်ပြန်လည်း သို့လော သို့လော ထင်စရာ ဖြစ်နေပါဦးမယ်၊ မမီရင်လည်း ထားလိုက်ပါတော့ ကောင်းရာ”

“ဟုတ်ကဲ့ ... ကျွန်တော် မီနိုင်ရင်တော့ ထုတ်ယူထားလိုက်ပါ့မယ်”

“အေး”

ကောင်းစစ်သွေးသည် ဖုန်းပိတ်ပြီးတာနှင့် အပေါ်ထပ်ကို တရကြမ်း ပြေးတက်လာခဲ့ပါသည်။ ဦးကောင်းမြတ်အခန်းတံခါးက ပိတ်လျက်သား။ ကောင်းစစ်သွေးက အခန်းဆီပြေး၍ အခန်းတံခါးကို ဝတ္တရားကျေရုံ “ခေါက် ... ခေါက်”နှင့် နှစ်ချက်တော့ ခေါက်လိုက်ကာ ခေါက်ပြီးတာနှင့် လက်ကိုင်ဘုကို လှည့်ဖွင့်လိုက်ပါသည်။ သက်လယ်က မီးခံသေတ္တာတံခါးကို ဖွင့်ထားပြီးလေပြီ။ ဖိုင်လ်တချို့ကို ထုတ်ယူ၍ မီးခံသေတ္တာရဲ့ခေါင်မိုးပေါ်တင်ထားကာ တစ်ခုကိုတော့ ဖွင့်ကြည့်နေလျက်သား။ ဖျတ်ခနဲ တံခါးပွင့်ကာ ဝင်လာတဲ့ ကောင်းကို အလန့်တကြားလှည့်ကြည့်ရင်း ...

“ဘာလဲ ကောင်း”

“သြော် ... ဟိုဟာပါ”

“ဘယ်ဟာလဲ”

“အဲဒီထဲက အောက်ဆုံးမှာထားတဲ့ စာအိတ်ညိုကြီးလေ”

www.burmeseclassic.com

www.burmeseclassic.com



သက်လယ်က မျက်မှောင်ကုတ်လေးနှင့် မီးခဲသေတ္တာထဲ ပြန်ကြည့်လိုက်ပါသည်။ အပေါ်တစ်အံက ငွေသားအထပ်တချို့။ အောက်အံအကျယ်က စာရွက်စာတမ်းချည်းသာ။ သက်လယ် ထုတ်မယူရသေးတဲ့ ဖိုင်တွေလည်း ရှိသေးသည်။

ကောင်းစကားကြောင့် သက်လယ်က ဖိုင်တွေရဲ့ အောက်ဆုံးကို ကောက်လှန်ကြည့်လိုက်ပါသည်။ ဟောင်းမြင်းနေတဲ့အညိုရောင်စာအိတ် ခပ်ကြီးကြီးကို တွေ့ပါသည်။ ဖိုင်တွေ အရွယ်အစားလောက်ပင်ရှိသော စာအိတ်ညိုကြီးကို သက်လယ်က ကိုင်ရင်းက ကောင်းစစ်သွေးဘက်လှည့်ကာ ...

"အဲဒါ ဘာဖြစ်လို့လဲ"

"အဲဒါ ... ဟို ... ငါ့ကိုပေးပါ"

သက်လယ်က မျက်ခုံးလေးကို တွန့်လိုက်ရင်း ...

"ဘာအတွက် ပေးရမှာလဲ"

"အဲဒါက နင်တို့ နင့်အမေတို့နဲ့ မဆိုင်ဘူး သက်လယ်"

"ဘာ"

သက်လယ်က တင်းခနဲ ဖြစ်သွားရင်း ...

"ဘယ်သူနဲ့ဆိုင်လို့လဲ"

"ဟို ... တခြားကိစ္စပါ။ အဲဒီစာအိတ် ငါ့ကိုပေး"

"နင်နဲ့ ဆိုင်တယ်ပေါ့"

သက်လယ်က သံသယတွေ တဖွားဖွားဝင်လာကာ လက်ထဲက ကြည့်လက်စဖိုင်ကိုချ၍ စာအိတ်ညိုကို ဆွဲထုတ်လိုက်ပါသည်။





"ဘာတွေမို့လို့လဲ၊ နင်နဲ့ ဖေဖေ့ကြားမှာ ဘာအချုပ်အနှောင်တွေရှိလို့လဲ ကောင်း"

ကောင်းစစ်သွေးက သက်ပြင်းချလိုက်ပါသည်။

ဘယ်လိုမှ ယူဖို့မဖြစ်နိုင်တော့မှန်းလည်းသိကာ ဒါကို သက်လယ် မကြည့်ပဲနေတော့မှာ မဟုတ်မှန်းလည်း သိလိုက်ပါသည်။ အင်းလေ ... မထူးပါဘူး။ ဖိုင်လ်တွေကို တစ်ခုချင်း အကြမ်းဖတ်နေတဲ့ သက်လယ်ဟာ သူ ရောက်မလာလည်း ဒီစာအိတ်ညိုထဲက စာချုပ်ကို ထုတ်ပြီးကြည့်ဖြစ်မှာပါပဲ။

"ငါနဲ့လည်း မဆိုင်ပါဘူး သက်လယ်၊ ငါ့အမေနဲ့ပတ်သက်တဲ့ စာရွက်မို့ပါ"

"ဘာ ... ဖေဖေနဲ့ မေမေရဲ့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း စာရွက်တွေကြားထဲမှာ နင့်အမေနဲ့ပတ်သက်တာက ဘယ်လိုလုပ်ပြီး ကြားညှပ်ပါနေတာလဲ၊ ယုတ္တိမရှိဘူး၊ တကယ်ရှိနေတယ် ဆိုရင်တော့ ဒါဟာ ထူးခြားတဲ့ဖြစ်စဉ်တစ်ခုပဲ၊ ငါသိဖို့ လိုအပ်တယ်"

"သက်လယ်"

"ဘာလဲ"

"နင့်ကို ငါသိပ်ချစ်တယ်"

"ဘာတွေ သွေးရူးသွေးတန်း လျှောက်ပြောနေတာလဲ ကောင်း၊ ဆောရီးပဲနော်၊ ငါ ဒီစာအိတ်ကို နင် သဘောတူတူ မတူတူ ဖွင့်ကြည့်ရလိမ့်မယ်၊ ဒါ ... ငါ့အမေ့ဖေ့ဆိုဖ်



www.burmeseclassic.com

www.burmeseclassic.com



ထဲရောက်နေတဲ့ စာအိတ်ပဲလေ၊ ငါ ကြည့်ခွင့်ရှိပါတယ်နော်"

သက်လယ်က စာအိတ်ညိုကြီးကို အပေါ်ဘက်ဟကာ အထဲက ကတ်ပြားလို အရာတစ်ခုကို ဆွဲထုတ်လိုက်ပါသည်။

"ထိမ်းမြားမင်္ဂလာသစ္စာပြုလွှာ"

"ဟင်"

အပေါ်ဆုံး ခေါင်းစည်းကိုမြင်ကာ သက်လယ်မျက်လုံးတွေက ဝိုင်းစက်သွားရပြီး အောက်ဘက်က စာသားတွေကို ကမန်းကတန်း ဖတ်လိုက်ပါသည်။ မောင်ကောင်းမြတ်၊ မခင်ထားထွေး။ နှစ်ဆယ့်ခုနစ်ရက် ဧပြီလ၊ ထောင့်ကိုးရာရှစ်ဆယ့်သုံး။ ဗုဒ္ဓဟူးနေ့။ မြန်မာသက္ကရာဇ် ထောင်သုံးရာလေးဆယ့်ငါးတန်ခူးလပြည့်။

"ဟင်"

သက်လယ်သည် အရှိုက်ထိုးခံလိုက်ရသလို ဟိုက်ခနဲ အံ့သြတကြီး ဖြစ်သွားရပါသည်။ ဖေဖေနဲ့ မေမေရဲ့ မင်္ဂလာနှစ်ပတ်လည်နေ့ဟာ ဇွန်လ(၁)ရက်လို့ သက်လယ် သိထားပါသည်။ ဖေဖေတို့ရဲ့ မင်္ဂလာဧည့်ခံပွဲနေ့က ၁၉၈၃-ခု ဇွန်လ(၁)ရက်။ ဖိတ်စာကတ်ပြားလေးကို မင်္ဂလာဆောင် အယ်လ်ဘမ်မ်ရဲ့ရှေ့ဆုံးမှာ သက်လယ်မြင်ဖူးသားပဲ။ ဘာဖြစ်လို့ ဒေါ်ခင်ထားထွေးနဲ့ ဖေဖေ့မှာ လက်ထပ်စာချုပ်တစ်စောင် ရှိနေခဲ့ရပြီး အဲဒီနေ့ရွှဲဟာ ဘာကြောင့် ရှေ့တိုးနေခဲ့တာလဲ။





"ကောင်း"

"သက်လယ်"

သက်လယ်သည် အံ့သြမှု တုန်လှုပ်မှုအရှိန်နှင့် ပင်ပန်းထားသမျှတွေ ရောပေါင်းပြီး မိုက်ခနဲဖြစ်သွားရကာ လက်ထဲရှိတာတွေ ပြုတ်လွှင့်ကျပြီး လူက ခွေခွေကလေး လဲပြိုကျသွားရပါသည်။

"သက်လယ် ... သက်လယ်"

ကောင်းစစ်သွေးသည် ကမန်းကတန်း သက်လယ်ကိုပြေး၍ ကျုံးပွေ့လိုက်ကာ ပါးကလေးကို ညှပ်ကိုင်လှုပ်ရင်း စိုးရိမ်တကြီး အော်နေမိလေသည်။

"မူး ... မူးတယ် ကောင်း"

"သက်လယ် ငါဆရာဝန်ဆီ ပို့ပေးမယ်နော်၊ ဆေးခန်းသွားလိုက်မယ်နော်"

ကောင်းက ဖိုင်တွေ စာရွက်စာတမ်း စာချုပ်တွေကို စုပြုံရောထပ်ပြီး မီးခံသေတ္တာထဲ ပြန်ထိုးထည့်။ မီးခံသေတ္တာကို ပိတ်။ သက်လယ်ကို ချီပွေ့ အခန်းပြင်ထွက်ကာ အခန်းတံခါးကို ပါ သော့ပြန်ခတ်ပိတ်ပြီး သက်လယ်ကို သူ့ကားပေါ်ပဲ ပွေ့တင်၍ ထွက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြတ်ကို တစ်ဖက်သတ် အချစ်ကြီးချစ်ခဲ့တဲ့ ရွှန်းအိတင်ဟာ ခင်ထားထွေးနှင့် ကောင်းမြတ် ချစ်သူတွေဖြစ်နေတာသိသိနှင့်လည်း မျှော်လင့်ချက်ကို မလျှော့ပါ။ ကောင်းမြတ်သူ့ထံ စိတ်လည်လာရေး လှုပ်ခတ်နှိုးဆွ လှုံ့ဆော်မှုတွေထဲမှာ လက်ဆောင်ပစ္စည်းတွေနှင့်ပေါက်၍ ကိုယ့်ဘက်ပါအောင် ဆွယ်တာကအစ၊ ကောင်းမြတ်ရဲ့ အကြင်နာကိုရဖို့ မကြာခဏ မူးရ လဲရ သတိလစ်ရ မေ့မြောရ၊ ကျန်းမာရေးမကောင်းရှာတဲ့ သူကလေးအဖြစ် သရုပ်ဆောင်ရတာမျိုးကအလယ်၊ သဝန်တိုလာအောင် စိတ်ကိုဆွရတာကအဆုံး အမျိုးမျိုး အဖုံဖုံ ကြိုးပမ်းခဲ့ရတာတွေထဲ "မင်းခေါင်"နှင့် တွဲပြခဲ့တာကလည်း နည်းလမ်းတစ်မျိုးအဖြစ် ပါဝင်ခဲ့ပါသည်။

မင်းခေါင်က ကောင်းမြတ် သူငယ်ချင်းတစ်ယောက် ဖြစ်ပါသည်။ ရွှန်းအိတင်ကို နှစ်နှစ်ကာကာ ချစ်ရှာခဲ့သူပင်။ မင်းခေါင်နှင့် ဘယ်လိုပဲတွဲပြပြ ရွှန်းအိတင်ကို သူငယ်ချင်းလိုထက်





ပို၍ ဆန်းဆန်းကြယ်ကြယ် စိတ်မကစားတဲ့ ကောင်းမြတ်က ခင်ထားထွေးကိုသာ ချစ်သူအဖြစ် ရွေးချယ်ခဲ့ပါသည်။ ခင်ထားထွေးနှင့် ရွှန်းအိတင်ကလည်း သူငယ်ချင်း အရင်းအချာတွေပဲဖြစ်ရာ တစ်ယောက်အတွင်းရေး တစ်ယောက်ကို တိုင်ပင်ကာ သိရှိနေကြမြဲသာပင်။

ယောကျ်ားတစ်ယောက်က သဝန်တိုစိတ်ပေါက်ကာ ကိုယ့်ထံစိတ်လည်အောင် နောက်တစ်ယောက်နှင့် တရင်းတနှီးတွဲပြမိခြင်းရဲ့ အကျိုးရလဒ်ကတော့ ရွှန်းလဲ့တင် တစ်ယောက် မင်းခေါင်ရဲ့လက်မှာ ယုန်ဦးကြွေခဲ့ရခြင်းတည်း။

နှစ်ဦးသား ချစ်စိတ်မွှန်ကာ ဟိတ်တိတ်လေး လက်မှတ်ခိုးထိုးထားတဲ့ ကောင်းမြတ်နှင့် ခင်ထားထွေး အကြားမှာလည်း ရင်းနှီးမှု အတိုင်းအတာက ချစ်သူတွေအဆင့်မဟေ ကျော်လွန်ခဲ့လေရာ ခင်ထားထွေးမှာလည်း မမျှော်လင့်ဘဲ ဝန်ထုပ်ဝန်ပိုးရှိခဲ့တဲ့အချိန်။ ခင်ထားထွေးနှင့် ရွှန်းအိတင် သူငယ်ချင်းအရင်းအချာနှစ်ယောက်ဟာ သူ့အဖြစ် ကိုယ့်အဖြစ်ကို အချင်းချင်း အသီးသီးသိကြကာ နှစ်ယောက်သား တိုင်ပင်ကြံရာမရတဲ့ အခြေအနေမှာ။

ရွှန်းအိတင် အိမ်မှာလုပ်တဲ့ ညဘက်ပါတီပွဲတစ်ခုမှာ ကောင်းမြတ် တစ်ယောက် သောက်ဖြစ်တာကနည်းနည်း ဘယ်လိုမှ ထူမရအောင် မူးသွားတာကများများ။ နောက်နေ့မနက် မိုးမလင်းမီ ရွှန်းအိတင်တို့အိမ် အောက်ထပ်အခန်းပိုတစ်ခုမှာ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မြတ်နှင့် ရွှန်းအိတင်တို့ကို လူကြီးသူမများက တွေ့ရှိနိုးယူကြရပြီးသကာလ ...။

ကောင်းမြတ်သည် ရွှန်းအိတင်ကို ရွှန်းအိတင်ရဲ့ အုပ်ထိန်းသူလူကြီးများ၊ ရပ်ကွက်လူကြီးများ ရှေ့မှောက်၌ နောက်တစ်နေ့မနက်၌ပင် လက်မှတ်ထိုး လက်ထပ်ယူခဲ့ရပါသည်။ ခြိမ့်ခြိမ့်သဲ မင်္ဂလာပွဲကတော့ တစ်လလောက် နောက်ဆုတ်ပြီးမှ ကျင်းပခဲ့ရတာပါ။

အဲဒီကာလအကြားမှာ ခင်ထားထွေးက သူ့နေအိမ်မှ ထွက်ပြေးပျောက်ဆုံးသွားခဲ့တာ ဖြစ်ပါသည်။

ခင်ထားထွေးနှင့် ကောင်းမြတ်ရဲ့ ချစ်ဇာတ်လမ်းကိုလည်းကောင်း၊ တိတ်တဆိတ် လက်မှတ်ထိုးထားခဲ့ကြတဲ့အဖြစ်ကိုလည်းကောင်း၊ မတော်တဆ စည်းကျော်ကာ ဝန်ထုပ်ဝန်ပိုးရှိခဲ့တာကိုလည်းကောင်း အစအဆုံး သိပါလျက် ရွှန်းအိတင်က တမင်တကာ ဉာဏ်ဆင်ကာ အကွက်ဖန်ကာ ကောင်းမြတ်နှင့် မဖြစ်မနေ လက်မှတ်ထိုး လက်ထပ်ဖြစ်အောင် လုလည်ကျခဲ့တယ်ဆိုတာ ကောင်းမြတ်က "သက်လယ်"လေး အတော်ကြီးမှပြန်သိခဲ့ပါသည်။ သိတဲ့အချိန်မှာ "ခင်ထားထွေး"ဆိုတာကလည်း စုတ်စမြုပ်စပျောက် သတင်းမကြားတော့တဲ့အပြင် သက်လယ်ကိုလည်း သမီးရင်းအမှတ်နှင့် ကောင်းမြတ် ကိုယ်တိုင်ချစ်ခင်မြတ်နိုးလှတာတစ်ကြောင်း၊ ယစ်ထုပ်ကြီး ဖြစ်သွားခဲ့ရှာသော မင်းခေါင်





ကလည်း ကားအက်ဆစ်ဒဲန့်ထိနှင့် ကွယ်လွန်ပြီဖြစ်တာတစ်ကြောင်း၊ သူ့ခြေသလုံးကို ဖက်ကာ ငိုကာ တောင်းပန်ခဲ့တဲ့ ရွှန်းအိတင်ရဲ့ "ခင်ထားထွေးကို တွေ့တာနှင့် သူ့ကိုစွန့်ခွာနိုင်ပြီး အသာတကြည် ကွာရှင်းပေးပါမည်"ဆိုတဲ့ ကတိစကားကြောင့်တစ်ကြောင်း ရွှန်းအိတင်ကို စိတ်အပျက်ကြီးပျက်၊ အမျက်ကြီးမျက်ကာ အခန်းတွေဘာတွေ ခွဲလိုက်တာကလွဲပြီး ဒီထက်ပြတ်သားပြင်းထန်သော အရေးယူ တုံ့ပြန်မှုမျိုး ကောင်းမြတ်က မပြုခဲ့။

ခင်ထားထွေးမှာ သူနှင့်သက်ဆိုင်သော ကိုယ်ဝန်ပါသွားခဲ့တာ ကောင်းမြတ် ကိုယ်တိုင် သိပါသော်လည်း ခင်ထားထွေး အိမ်ထောင်ကျသွားတယ်လို့လည်း သတင်းကြားခဲ့ရတာကြောင့် တကူးတက တမင်တကာ လိုက်မရှာမိခဲ့ရာက သူ ဆေးရုံတက်ရတုန်း အမှတ်မထင် တိုက်ဆိုင်စွာ နှစ်ယောက်သား ပြန်ဆုံခဲ့ကြပါသည်။

အားလုံး ဇာတ်ရည်ပြန်လည်ပြီးခဲ့ချိန်မှာ ကောင်းမြတ်နှင့် ခင်ထားထွေးတို့ အကြားက သံယောဇဉ်က အညွန့်အခက်ပြန်လည်ရှင်သန် စည်ပင်ခဲ့ရကာ တိတ်တခိုး ဆက်ဆံရေး ပေါက်ဖွားနေခဲ့ရတာ ဖြစ်ပါသည်။ အဲဒီကြားထဲကမှ ကောင်းမြတ်နှင့် ခင်ထားထွေးရဲ့ သွေးရင်းဖြစ်သော ကောင်းစစ်သွေးနှင့် ရွှန်းအိတင်နှင့် ဖခင်အမည်ခံ ကောင်းမြတ်တို့ရဲ့သမီး သက်လယ်တို့က တိုက်တိုက်ဆိုင်ဆိုင် ချစ်ကျွမ်းဝင်ခဲ့ကြလေတဲ့အခါ ...။



www.burmeseclassic.com

www.burmeseclassic.com



ငါးဦးသော ဤလူသားတို့ရဲ့ နှလုံးသားအစုံစုံကို ပူလောင်ပြင်းပြရလေအောင် လောင်တိုက်သွင်းမည့် မီးညွန့်မီးလျှံက မျိုးခဲ့လေသည်တည်း။



တစ်သက်လုံး ကိုယ်ကသာ တစ်ဖက်သတ်ချစ်ခဲ့ရသော ခင်ပွန်းသည်ကိုလည်း ဆုံးရှုံးမခံလိုတဲ့ဇော။ တစ်ဦးတည်းသော သမီးလေးကိုလည်း မိမိလို ချစ်ကံမခေစေလိုပဲ ချစ်သောသူနှင့် ပေါင်းသင်းခွင့် ရစေလိုတဲ့ဇော။ ခင်ထားထွေး အပေါ်လည်းကောင်း မင်းခေါင်အပေါ်လည်းကောင်း၊ သွန်ချင်တိုင်းသွန် မှောက်ချင်တိုင်းမှောက်၊ မွေခဲ့နှောက်ခဲ့မိသမျှ ဝဋ်ကြွေးတို့ အတုံ့တင်မှာကို ပူပန်ကြောက်ရွံ့ရတဲ့ဇော။

ဤဇောမျိုးစုံတို့က ရွှန်းအိတင်ကို စိတ်နှလန်မထူနိုင်အောင် တရိရိ ဖွဲ့ခြွေတိုက်စားခဲ့ပါသည်။ ရောဂါမယ်မယ်ရရ တပ်မရနိုင်သော လုံးပါးပါးခြင်းမျိုးနှင့် ပြန်လည်ထူထောင်မလာသော ရွှန်းအိတင်အပေါ် နောက်ဆုံးအချိန်တွေမှာ ဦးကောင်းမြတ်က ကြင်ကြင်နာနာ ဂရုစိုက်ပေးခဲ့ပါသည်။

သက်လယ်က ဒေါ်ခင်ထားထွေးထံ 'သွားရောက်တွေ့ဆုံခဲ့ကာ ...





www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ... မေမေ့ကို ခွင့်လွှတ်တဲ့စကားလေးတစ်ခွန်းလောက် လာပြောပေးပါနော်"

ရွှန်းအိတင် ထံသို့ ခင်ထားထွေး ရောက်ခဲ့ရပါသည်။

"မိထား ... သက်လယ်ကို ကောင်းစစ်သွေးနဲ့ သဘောတူပါနော်"

"နဂိုတည်းက သဘောတူပြီးသားပါ မိရွှန်းရယ်၊ စိတ်ချပါ၊ ငါကိုယ်တိုင် ခမ်းခမ်းနားနား လက်ထပ်ပေးစားပါ့မယ်"

"ငါ့ကိုလည်း ခွင့်လွှတ်ပေးပါ မိထား"

ဆို့နစ်တိမ်ဝင်နေတဲ့ စကားသံမှာ နှလုံးသားအားလုံး အရည်ပျော်ခဲ့ကြရပါလေသည်။

လမင်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com